
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ကလျာ (ဝိဇ္ဇာ–သိပ္ပံ)

၏

# ဝိညာဉ်စံအိမ်

ပထမအကြိမ် .......... ၁၉၇၃ ခု၊ မေလ
ဒုတိယအကြိမ် .......... ၂၀၀၉ ခု၊ ဖေဖော်ဝါရီလ

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

[redacted] ဒို့အရေး
[redacted]ညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
[redacted]တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- [redacted] ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ်
၅၀၀၈၅၃၀၅၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၃၉၆၁၀၀၈
**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ
**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်
**ထုတ်ဝေခြင်း**
ဒုတိယအကြိမ် ၂၀၀၉ခုနှစ်၊ ဖေဖော်ဝါရီလ
အုပ်ရေ ၁၀၀၀၊တန်ဖိုး ၁၀၀ကျပ်
**မျက်နှာဖုံးပန်းချီ**
မြင့်မောင်ကျော်
TWO CATS PUBLICATION
**မောင်မျိုး**
(ကြောင်နှစ်ကောင်စာပေ)
စီစဉ်သည်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၁ ။

"အလို-ဘုရား-မနေ့က-အထုပ်ပေးသွားတာ··· ဒီလူတွေပါလား"

ယနေ့ထုတ် သတင်းစာ၏ အလယ်စာမျက်နှာတွင်··· သတ်ထိပ်ခတ်လျက် ရပ်နေကြသော လူဆိုးနှစ်ဦး၏ရုပ်သွင်ကို မြင်ရ၍ ရင်း၌ လှုပ်ရှားကာ အာမေဋိတ်သံပင် ပြုလိုက်မိပါသည်။ ယခု သတ်ထိပ်တွဲလျက်ခတ်ထားသော လူနှစ်ယောက်မှာ ယင်းအဝတ်အစားအတိုင်းနှင့်ပင် ယမန်နေ့ ညနေစောင်းက ကျွန်ုပ်ထံ ရောက်လာကြပေသည်။ သူတို့ကို လိုင်စင်မဲ့ သေနတ်နှင့်အတူ တွေ့ရှိရသဖြင့်သာ ဆီးထားခြင်းဖြစ်သော်လည်း တစ်စုံတရာသော ရာဇဝတ်မှုကို ကျူးလွန်ခဲ့ပြီးခြင်း မရှိကြသေးကြောင်း သတင်း၌ ဖော်ပြထားပါသည်။

သူတို့ရုပ်သွင်က မြင်နေကျလူဆိုးသူခိုးတို့ပုံစံမျိုးလို··· အသင် ယောင်းယောင်း···နူတ်ခမ်းမွေး ဗလပျစ်နှင့် ပိန်ပိန် လည်တိုင်

www.burmeseclassic.com



ရှည်ရှည်... မသပ်မယပ်သော အဝတ်အစားများနှင့် မဟုတ်ကြပါ...၊ နှစ်ဦးလုံး ဘရိုင်ရှပ်နှင့် တက်ထရပ်(စ)ဘောင်းဘီနှင့်ပင်... လည်ပင်း၌ ရွှေဆွဲကြိုး၊ လက်ပတ်နာရီ၊ လက်စွပ် စသည့် ယောကျ်ားတို့ ဝတ်ဆင်နိုင်စရာ ရတနာအားလုံးကို သပ်ယပ်စွာ ဝတ်ဆင်ထားကြသူများဖြစ်ပါသည်။ ကျွန်မနှင့် တွေ့ဆုံချိန် များများစားစားမရလိုက်ပါသော်လည်း တွေ့ဆုံခိုက်တွင် ပြောကြားသွားသော စကားများက မရိုင်းစိုင်းကြပါ... လက်နက်ကိုင်ဆောင်လာတတ်သူတို့၏ မာန်မှိုးမဝင် ပကာတိ ရိုးသားစွာပင်...

"ဒီမှာ... ဆရာမ... ခင်ချစ်ခန့် ဆိုတာ မဟုတ်လားဟင်"

"ကျွန်မ...မဟုတ်ပါဘူး"

"ခင်ဗျား ဒေါ်စိမ်းညိုကိုတော့...သိမှာပေါ့ စခမ်းကြီးကလေ"

"ဟင့်အင်း...ကျွန်မ မသိဘူး"

"အင်း အဘွားကြီးကလည်း... ခင်ဗျားဟာ သူတို့ပေါ်မှာ စိတ်နာကောင်း နာနေမှာမို့ ဒီလိုပဲ ငြင်းချင်ငြင်းလိမ့်မယ်လို့ မှာလိုက်တာပဲ"

"ရှင်"

"ကျွန်တော်တို့မှာ အချိန်သိပ်မရပါဘူးခင်ဗျာ၊ လိပ်စာက မတိကျတော့ မနည်းရှာလာရတာပါ... ခုမှ လူကိုယ်တိုင် ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရတော့တယ်၊ ဒီဓာတ်ပုံကိုပဲကြည့်ပါဦး... ဒါ ခင်ဗျား ပုံပဲမှုတ်လား... ပုံထဲကအရွယ်နဲ့ ခုအရွယ်နဲ့ ကွာခြားနေတာကလွဲရင်





အားလုံးတူပါတယ်၊ နဖူးကြားက မှည့်ကြီးက သက်သေခံနေပြီပဲဗျာ"

"အို...ရှင်တို့မှားနေပြီ"

"ကဲဗျာ... ရော့... အဲဒီအထုပ်ရယ်... အဲဒီစာရယ်... ဟောဒီဓာတ်ပုံရယ်သာ လက်ခံထားလိုက်ပါတော့... ပြီးမှ ခင်ဗျားဟာ ခင်ဗျားရှင်းပါ... ကျွန်တော်တို့က ခရီးကြုံလို့ ကူညီရတာပါ၊ ဒေါ်စိမ်းညိုကြီးအတွက် ဒီ့ထက်ပိုပြီး အချိန်မပေးနိုင်လို့ ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

ကျွန်မလက်တွင်းသို့ အတင်းအပ်သွားသော အထုပ်ကိုပိုက်ရင်း ကျွန်မမှာ ငေးကြောင်ကာ သူတို့ကို လှမ်းကြည့်နေမိပါသည်။ သူတို့မျက်စေ့အောက်က ပျောက်သွားမှ ကျွန်မသတိရကာ အထုပ်ကို ပိုက်လျက် ဟန်မပျက် လှေကားမှ တက်ခဲ့ရပါသည်။

ကျွန်မနေထိုင်ရာ တိုက်ခန်းတွင် အပျိုကြီးသားအဖတို့သာ ရှိပါ၏။ မိဘများသေဆုံးကာ နယ်မှ သည်မြို့တော်သို့ လာရောက်အလုပ်လုပ်ကိုင်နေရသော ကျွန်မမှာ ဆွေနီးမျိုးစပ်တော်သူ၏ အိမ်တွင် ခိုနေခဲ့ရပါသည်။ ကျွန်မ အပေါ်တက်လာပြီး ကျွန်မအတွက် ညှိသည့်နှစ်ယောက်က အဆင်သင့် စောင့်နေပါ၍ ကျွန်မလက်မှ အထုပ်နှင့်စာကို ဘီရိုတွင်းထည့်ကာ စကားပြောနေမိပါသည်။ ညဦးပိုင်းတွင်းလည်း အပြင်ထွက်ရသောအလုပ်ကိစ္စနှင့် ကြုံကြိုက်ပါ၍ ထိုညအထုပ်ကို ဖွင့်မကြည့်မိပါ။ အပြန်တွင်လည်း သတိမရတော့ပါ၍ အောစီးစွာပင် အိပ်လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယနေ့မနက်တွင်မှ သတင်းစာကိုကြည့်မိရာ သူတို့ပုံများ ပါလာပါ၍ ကျွန်မနှတ်မှ အသံထွက်လောက်အောင်ပင် တအံ့တသြ ရွတ်ဆိုမိပါသည်။ ကျွန်မလက်ဝယ်တွင် ရှိနေသော ပစ္စည်းများအပေါ် တွင်လည်း ကြီးစွာသောသံသယဖြင့် ယခုမှ အလျင်အမြန်ထုတ်၍ ကြီးမြေနေစဉ် အသိတစ်ခုဝင်ကာ ကျွန်မနားနားသို့ အထုပ်ကိုကပ်၍ နားထောင်မိပါသည်။ အထုပ်ကိုလည်း သေချာစွာ နမ်းရှုကြည့်ရ ပါသေးသည်။ ကျွန်မစိတ်တွင် အန္တရာယ်ပေးနိုင်မည့်အကြောင်း တစ်စုံတရာ တွေ့မလာသည့်အခါမှ ဖြည်းလေးစွာ အထုပ်ကို စတင် ဖြေပါသည်။ စက္ကူသုံးထပ် စက္ကူအိပ်နှစ်ထပ်တို့ ပွင့်ပြယ်သွားသည့် အခါ အလယ်တွင် ဖွေးအိဖြူနေပါသော သိုးမွေးပုံတစ်ပုံ ထွက်လာ ပါတော့သည်။

ကျွန်မက သိုးမွေးပေါ်မှနေ၍ လက်နှင့်ဖိစမ်းကြည့်သည့်အခါ လက်ချောင်းများ နစ်မြုပ်ဝင်သွားအောင် အိစက်နူးညံ့သော အတွေ့မှလွဲ၍ မာသောအခုအခံတို့လို မသင်္ကာစရာ ဘာမှမတွေ့ရပါ၍ သိုးမွေးကို ဖြန့်ဖြေကြည့်လိုက်မိရာ အပေါ်ဝတ် အနွေးထည်တစ်ထည် ဖြစ်နေကြောင်း မြင်တွေ့လိုက်ရပါသည်။

“အင်္ကျီပုံစံကတော့ ဥရောပသူတွေ ဝတ်လေ့ရှိတဲ့ အနွေးထည် ပုံစံပါပဲလား”

“သိုးမွေးကလည်း တကယ့်သိုးမွေးစစ်စစ် အရှည်ကြီးတွေနဲ့ ချုပ်ထားတာပဲ၊ အတွင်းခံက ကတ္တီပါနုနုလေးနဲ့ ခံထားတာပဲ၊





ဒါဒီခေတ်မှာ မတွေ့နိုင်၊ ဝယ်မရနိုင်တဲ့ တကယ့်အဖိုးတန် ပစ္စည်းတစ်ခု ပါပဲလေ”

လှပသည်ဟု မပြောသာသော်လည်း ခန့်ငြားထယ်ဝါသည့် ကောင်းစားအဖိုးတန်ပစ္စည်းတစ်ခုဖြစ်ပါ၍ ကြည်နူးစွာ အသေအချာ ကြည့်ပြီး နှစ်သက်မက်မောသည့် စိတ်တို့ ဝင်လာကာ တစ်ယောက် တည်း တွေးတောနေပြီးမှ…

“အို…ဒါ ငါနဲ့ဘာဆိုင်လို့လဲ… ဆရာမ ခင်ချစ်ခန့်ဆိုတာရဲ့ ပစ္စည်းပဲ၊ သူ့ပစ္စည်း သူ့သာရထိုက်ပါတယ်လေ။ သူ့ကိုတွေ့အောင် ရှာပြီးပေးမှပဲ၊ ငါ့မှာ တာဝန်ရှိပါတယ်၊ သူ့ကို ဘယ်မှာရှာရပါလိမ့်”

အင်္ကျီကြီးကို လက်ကကိုင်ရင်း စာအိပ်ပြာလေးကို မြင်မှ ကျွန်မ သတိရကာ ဖွင့်ကြည့်လိုပါသော်လည်း ဖောက်ရမည်ကို ဝန်လေးနေ မိပါသည်။ ကိုယ်နှင့်မသက်ဆိုင်မှန်း သိသော်လည်း သည်စာပါ အကြောင်းအရာကို မသိရသရွေ့ ခင်ချစ်ခန့်ကို ရှာဖွေတွေ့နိုင်မည် မဟုတ်ပါပေ။ ယင်းအထုပ်နှင့် စာမှာလည်း လက်နက်ကိုင် လူဆိုးများ ဆီက်မှလာသော ပစ္စည်းများဖြစ်နေပါ၍ ကျွန်မအသေအချာ စူးစမ်း ရလာသင့်ပါ၏။ ပိုင်နိုင်စွာဆုံးဖြတ်ပြီး စာအိပ်ထိပ်ကို ဖောက်ချ လိုက်ပါသည်။

စာကို မဖတ်ဖြစ်သေးဘဲ စာရွက်ကို အသေအချာကြည့်လိုက် မိရာ စာရေးစက္ကူ အထူစား ခန့်ငြားကြီးမားသော စာရွက်ပြာကြီး တစ်ရွက် ဖြစ်နေပြီး စာအိပ်ထိပ် လက်ျာဘက်ထောင့်တွင်လည်း



www.burmeseclassic.com

www.burmeseclassic.com



လိပ်စာတံဆိပ် ခပ်နှိပ်ထားပါ၍ ထိုစာကို ရေးသားပေးပို့သူမှာ ပစ္စည်းရှင်အထက်တန်းစားဖြစ်၍ ဂုဏ်ဒြပ်ကို မြတ်နိုးစွာ ထိန်းသိမ်းထားသော သူတစ်ဦးသာဖြစ်ရပါမည်။ လက်ရေးကလည်း ဒီဇိုင်းရေးသည့် "ဂရာဖို"နှစ်ပြားကြီးဖြင့် ဖိနှိပ်ခါ ရေးသားထားပြီး ကြီးမားဝိုင်းစက်သော လက်ရေးကို ဖိဆွဲထားပါ၍ စာရေးသူမှာ တိကျပြတ်သားသူ မာန်ကြီးသူဟု ကျွန်မတစ်ယောက်တည်းတွေးကာ စာကိုဖတ်မိပါပြီ…၊ စာ၏လက်ျာဘက်ထောင့်နေရာတွင် လွှန်ခဲ့သည့် ခုနှစ်ရက်ခန့်က ရက်စွဲတပ်ထားပြီး၍…

"မြတ်မဟာတည်းခိုရိပ်သာ"

"စခမ်းကြီးမြို့"

ဟု ပါရှိပြီး စာပါအကြောင်းအရာများကို အသေးစိတ်ဖတ်ကြည့်မိသည့်အခါ…

**တူမငယ် ခင်ချစ်ခန့်**

သည်စာကို ရေးသင့်ပြီဖြစ်၍ ရေးလိုက်ရပေသည်။ မစိမ်းနွဲ့ ဆုံးကြောင်း ကြားသိရစဉ်က ငွေသုံးထောင် မောင်မြအောင်နှင့် ပို့ပေးလိုက်သော်လည်း အကြောင်းတစ်စုံတရာ ပြန်ကြားစာမရခဲ့ပါ။ ကြီးကြီးစိမ်း၏ ဝတ္တရားကား ကြေပါသည်…

တူမငယ် သိပြီးဖြစ်သည့်အတိုင်း တူမငယ်၏အသက် အစိပ်မပြည့်မီ မြတ်မဟာသို့ လာရပေမည်။ ယခုအသက်





နှစ်ဆယ့်လေးနှစ်ပြည့်ပြီဖြစ်သည့်ပြင် မိဘညီအစ်ကိုမောင်နှမလည်း မရှိသဖြင့် ကြီးကြီးစိမ်း၏ မြတ်မဟာတွင် လာရောက်ခိုလှုံသင့်ပေသည်။

သား မောင်မြတ်နှောင်းနှင့်လည်း…လက်မထပ်မီ ရင်းရင်းနှီးနှီး ရှိနေစေလိုပါ၏… မြတ်မဟာ၏ မျိုးရိုးစဉ်ဆက်မှ နှစ်ယောက်တည်းသာကျန်သော မောင်မြတ်နှောင်းနှင့် ခင်ချစ်ခန့်တို့ မောင်နှမဝမ်းကွဲနှစ်ယောက်သည် မလွဲမသွေလက်ထပ်ရပေတော့မည်၊ တူမ၏ ဘိုးအေတို့များဖခင် ချမှတ်သည့်လမ်းစဉ် ဖြစ်နေပါ၍ ယခုစာရေးပြီးလျှင်ပင် လက်ရှိလုပ်ငန်းစဉ်များ ရှိနေပါလျှင် ပြီးပြတ်အောင် ဆောင်ရွက်ခဲ့ပြီး တစ်လအတွင်း ကြီးကြီးစိမ်း၏ မြတ်မဟာသို့ အရောက်လာခဲ့ပါရန်၊

တူမငယ် ရှစ်နှစ်သမီးခန့်က တစ်ကြိမ်တစ်ခါသာ မြင်တွေ့လိုက်ရပြီး ဆယ့်ခြောက်နှစ်သမီးခန့်က ညီမငယ် မစိမ်းနွဲ့ပို့လိုက်သော ဓာတ်ပုံကိုပါ ယခုလာသူကိုပါ ပြသ၍ ရှာရန် ပေးပို့လိုက်ရပေသည်။ သည့်အတွက် တူမငယ်သာလျှင် [illegible]မငယ်၏ အဘိုးကိုယ်တိုင် နိုင်ငံခြားမှ မစိမ်းနွဲ့အတွက် ဝယ်ပေးခဲ့သောအင်္ကျီကို ပေးလိုက်သည်။ မစိမ်းနွဲ့ မြတ်မဟာမှ ထွက်ခွာသွားစဉ်က ကျန်ရစ်ခဲ့သော အင်္ကျီဖြစ်၍ အမှတ်တရ ဖြစ်စေလိုသော သဘောနှင့် ပေးပို့လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်မဟာ၏ ခံစားခွင့် စည်းစိမ်အားလုံး ဆက်ခံရမည့်သူဖြစ်ပါ၍ မလိုအပ်သောသူများ မရောက်လာနိုင်စေရန် သည်အကျီကိုဝတ်လျက် မြရင်ထိုးကို လက်ျာဘက်တွင် ထိုးပြီး မြတ်မဟာသို့ ယခုလမကုန်မီအတွင်း အရောက်လာခဲ့ရပေမည်…

ကျန်းမာပါစေ…

ဒေါ်စိမ်းညို
မြတ်မဟာတည်းခိုရိပ်သာ
စခန်းကြီးမြို့။

စာမှာ သည်မျှသာဖြစ်သော်လည်း ကြီးကြီးစိမ်း ဆိုသူ၏ အတွင်းရေးကို ခေ့ငုံမိပါပြီ၊ မိန်းကလေးတစ်ယောက်၏ ဘဝတစ်ခုကို ပြောင်းပစ်ရမည့်အထိ အရေးကြီးလှပါသော သည်စာမှာ ခင်ချစ်ခန့် ဆိုသော ဆရာမ၏လက်တွင်းသို့ ရောက်သင့်လှပါသည်။ သူ့ဘဝနှင့် ချီကာ အရေးပါသော စာမှာ ကျွန်မလက်တွင် ခိုအောင်းမနေသင့်ပါ၊ စည်းစိမ်ချမ်းသာ အလုံးစုံနှင့် မောင်နှမဝမ်းကွဲချင်း လက်ဆက်ရမည့် အတွက် ခင်ချစ်ခန့်အနေနှင့် လိုလိုလားလား သွားချင်ကောင်း သွားချင် ပါလိမ့်မည်။ ကျွန်မအနေနှင့် သည်စာကို ခင်ချစ်ခန့်ထံ အရောက် ပို့ရန် တာဝန်ရှိလာပြီဟု ယူဆမိပါသည်။ ကျွန်မ အထုပ်လာပို့သူများ မှာလည်း လက်နက်ကိုင်လူဆိုးများအဖြစ်နှင့် ဖမ်းမိပြီးဖြစ်နေပါ၍





ကျွန်မ၏ ဆရာသမားများနှင့် တိုင်ပင်ကာ လူဆိုးများကို ပြန်လည် တွေ့ဆုံခွင့်ရရန် ကြိုးပမ်းဆောင်ရွက်သင့်က ဆောင်ရွက်ပါမည်၊ သက်ဆိုင်ရာ ပညာမင်းကြီးရုံးလို ပညာရေးဌာနလို နေရာများက တစ်ဆင့် ဆရာမ ခင်ချစ်ခန့်ဆိုသူကို စုံစမ်းတန်က စုံစမ်းရပါမည်။

"သည်ကိစ္စကို ကျွန်မ ပြီးမြောက်အောင် ဆောင်ရွက်ပေးမည်"

သည်ဆန္ဒကို ချမှတ်ပြီး အကျီကို ပြန်ခေါက်လိုက်သည့် အခါတွင် လက်ျာဘက် ရင်ညွန့်ထိပ်မှ ဝင်းလက်လာသောအရာလေး ကို သတိထားလိုက်မိပါသည်။ ရှည်လျားပွယောင်းနေသော သိုးမွေး များကို ဖွင့်ခွဲကြည့်လိုက်မိသည့်အခါ ဒေါ်စိမ်းညို ဆိုသူ၏ စာတွင် ပါသော ရင်ထိုးလေးအကြောင်းကို သတိရသဖြင့် ကျွန်မ ဖြတ်ကြည့် မိရာ ရွှေငါးမူးသားခန့်ကို အောက်မှ မျှားငယ်တစ်စင်း၏ ပုံသဏ္ဌာန် ထုလုပ်၍ အလယ်တွင် အရည်လဲ့နေသော မြငယ်တစ်လုံးကို မြင်တွေ့ရ ပါသည်။ အနုအဆာမဲ့ စိမ်းလဲ့နေသော မြရင်ထိုး၏တန်ဖိုးက သားမည်မထင် အတိအကျ မမှန်းဆတတ်သော်လည်း ထောင်ဂဏန်း နှင့် ချီမည်ဟုသာ အကြမ်းဖျင်း ကောက်ချက်ချရပါသည်။

အကျီကို တရိုတသေ ပြန်ခေါက်ပြီး စာအိတ်အောက်မှ ဓာတ်ပုံကိုယူကာ ကျွန်မ အသေအချာကြည့်မိပါသည်။ ဓာတ်ပုံမှာ ရိုက်ခဲ့သည့် ခုနစ်နှစ် ရှစ်နှစ်ခန့်က ရိုက်ကူးထားဟန်ရှိပါသည်။ နှမ်းထပ်ဇာပွင့်ကြီးကို လည်ပင်းတစ်ပိုက် ကော်လံပါသော အကျီဝတ်



www.burmeseclassic.com

www.burmeseclassic.com



လျက် ကိုယ်တစ်ပိုင်းပုံဖြင့် ရိုက်ထားသော အသက် ဆယ့်ခြောက်နှစ် ဆယ့်ခုနစ်နှစ်ရွယ် အမျိုးသမီးငယ်၏ ကိုယ်တစ်ပိုင်းပုံ ဖြစ်ပေသည်။ ရုတ်တရက်ကြည့်လျှင် ကျွန်မနှင့် ခပ်ဆင်ဆင် တူဟန်ရှိသော်လည်း မျက်နှာကျပုံနှင့် မျက်ဝန်းအနေအထားချင်းက မတူညီပါ၊ စေ့စေ့ကြည့်သူ၊ သိပြီးသူတို့အနေနှင့် ခွဲခွဲခြားခြား သိနိုင်ပါလိမ့်မည် ဖြစ်သော်လည်း မနေ့က ပေးသွားသူများမှာ လေကားအတက်တွင် အလျှင်အမြန် ပေးလိုက်ရခြင်းဖြစ်ပါ၍ သူတို့အနေနှင့် စေ့စပ်သေချာစွာ လေ့လာရန် လုံလောက်သော အချိန်မရခဲ့ပါပေ၊ သည့်အတွက်သာ ကိစ္စငြိမ်းပြီးရော အနေနှင့် ထိုးပေးသွားခြင်းဖြစ်ပါမည်။

သည်သို့ စဉ်းစားရင်း ဓာတ်ပုံကို ပြန်ကြည့်မိသည့်အခါ ကျွန်မ၏ မျက်ခုံးနှစ်ခုကြား နှာရင်းထိပ်နားတွင်ဟု ဆိုသော်လည်း အသေအချာ ဒီဂရီဖြင့် တိုင်းကြည့်ပါလျှင် လက်ဝဲဘက် အနည်းငယ် ကျသည့်နေရာတွင် အညိုရောင် မှည့်ကြီးတစ်လုံးရှိသလို ဓာတ်ပုံတွင်းမှ ခင်ချစ်ခန့်တွင်လည်း ထိုမှည့်မျိုး ပါရှိနေပါ၏၊ ကျွန်မ၏ မျက်နှာတွင် ထင်းထင်းရင်းရင်း ပါရှိနေသလို သူ့မျက်နှာတွင်လည်း ပေါ်လွင်နေပါ၏၊ သည်မှည့်ကို အကြောင်းပြု၍ပင် သူတို့ အထင် မှားသွားကြောင်း သေချာပါသည်၊ ဓာတ်ပုံတွင်းမှ လှပသော ခင်ချစ်ခန့်မှာ သည်မှည့်ကြောင့် အလှပိုကြွနေသလို မြင်ရပါ၏၊ ကျွန်မ ၏ အပေါင်းအသင်းများကလည်း ကျွန်မအလှကို သည်မှည့်က ပိုမိုအထောက်အကူပြုပါသည်ဟု ထောပနာပြုကြလေ့ရှိပါ၏။





နောက်တစ်ချက် ကျွန်မ မရှင်းသည်က.... ဒေါ်စိမ်းညို၏ ဘမှာ အကြောင်းကြားစာထက် အမိန့်ပေးစာလို... ပိုင်ပိုင်နိုင်နိုင် ရေးသားထားပါသော်လည်း သည်စာကို ကျွန်မလက် အပ်စဉ်က ကျွန်မ ငြင်းပယ်မိသဖြင့် သူတို့၏စကားများက...

"အင်း အဘွားကြီးကလည်း ခင်ဗျား ဒီလိုပဲ ငြင်းချင်ငြင်းလိမ့် မယ်လို့ မှာလိုက်တာပဲ"

ဟူသော စကားစုတို့ကို စာပါအကြောင်းအရာနှင့် ဆက်စပ်၍ တွေးတတ်အောင် ဖြစ်နေရပါသည်၊ ဘာပဲဖြစ်ဖြစ် ကျွန်မလက် သာအပ်သော ယခုအဖမ်းခံနေရသူများနှင့် တွေ့ဆုံဆွေးနွေး၍ သည်းကောင်း၊ ခင်ချစ်ခန့်ကို ရှာဖွေတွေ့နိုင်လျှင်သော် လည်းကောင်း ဒေါ်စိမ်းညိုထံ... ပြန်၍ တိုက်ရိုက်ဆက်ဆံလျှင်သော်လည်းကောင်း အကြောင်းအရာ စေ့စုံစွာ ဆက်စပ်မိနိုင်ပါလိမ့်မည်။

သည်အတွေးအတိုင်း ဆောင်ရွက်သင့်သည်များကို ဆောင်ရွက် ၍... ကျွန်မ၏ တိုင်ပင်သင့်သူ အကြီးအကဲများထံ တင်ပြရပါလိမ့်ဦး မည်သာ...။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



ကားက အမိုးဖွင့်စီးရသော စန်းဘီး(န်)အမျိုးအစား ဖြစ်ပါ၍ လေ၏ဒဏ်ကို အလူးအလဲ ခံရပါသော်လည်း ဝန်းကျင်အားလုံးကို မြင်သာပါသည်။

မြင့်မားမတ်စောက်သော ယော... ...ပင်ခေ... ...င်ထွဋ်များကို အနိမ့်အလျှော အမြင့်အမောက် အဝှမ်းအချိုင့် ... ...ဖွဲ့ ...ကာ မြေပြန့်လွင်ပြင်ဆို၍ တဆံချည်မျှင်တစ်... ...မှ မရှိ... ...တောင်ချိုင့်ဝှမ်းများကို ဖြတ်သန်းဖောက်လုပ်ထားသော ကတ္တရာလမ်းကို သတိထား၍ မောင်းလာရသော ကားပေါ်တွင် ကျွန်မ လိုက်ပါလာခဲ့ရပါ၏။

မှိုင်းပျပျမှုန်ဝေနေသော တောင်ခိုးတို့သည် အငွေ့ပင် ဖြစ်လင့်ကစား များပြားစွာ စုစည်းမိနေပါ၍ တိမ်ဆိုင်တိမ်ခဲသဖွယ် အတွယ်အတာမဲ့ အုပ်ဖွဲ့လျက် တည်ရှိနေကြပေသည်။ ကြောက်မက်ဖွယ်ရာ မြည်ဟီးလာသော ရေတံခွန်ကျသံများကို တခါတရံ ကြားရသလို သောဆို ညည်းသံတမျှ နှညက်လှပါသော စမ်းရေစီးသံကိုလည်း သမ်းတလျှောက် ကြားခဲ့ရပါသည်၊ ငှက်ပေါင်းစုံတို့၏ သီကျူးရင့်သံ...လည်း ကားသွားရာသို့ လိုက်ပါလာသည့်နှယ် ပျံ့လွင့်လာပါသည်။

တောင်ခြေတွင် ပြန့်ပြောသော မြေကွက်နှင့် ဆင်ခြေလျှောမြေမီများတွင် စိုက်ပျိုးပင်နှင့် လေ့ကားထစ် စိုက်ပျိုးခင်းများသို့ ...မြင်လာရခြင်းအားဖြင့် လူသူနေသော ရွာနီးချုပ်စပ်များသို့ ရောက်ရှိလာနိုင်ပြီဖြစ်ကြောင်း ရင်အေးဖွယ်ရာ တွေ့မြင်ရပါပြီ။



## အခန်း ။ ၂ ။

တောင်ခြေမှ ကွေ့ပတ်တက်လာစဉ်ကပင်... အအေးဓာတ်က လှမ်း၍ လွှမ်းခြုံထွေးပွေ့သည်... တောင်လယ်ကို ကွေ့ကာပတ်ခါ တက်လာစဉ်... ချမ်းအေးခြင်းက ပိုမိုရစ်ပတ်နှောင်ဖွဲ့လာတော့သည်၊ မြေပြန့်ရာသီနှင့် တောင်ပေါ်ဥတုတို့၏ မတူညီသော ခံစားမှုကို... နာရီပိုင်းအတွင်း ကျွန်မမှာ လက်တွေ့ခံစားလာရပါသည်။

လေထု၏ မညီမျှမှုကြောင့် ပင်လယ်ရေမျက်နှာပြင်မှ အထက်မြင့်လေ၊ အအေးဓာတ်က လွှမ်းကဲလေပင်၊ အချိန်မှာလည်း ညနေစောင်းလာပြီဖြစ်ပါသဖြင့် နေ၏နွေးထွေးမှုကို မရယူနိုင်တော့ပါ... လေကလည်းထန် ကားအရှိန်ကလည်း မြန်လှသဖြင့် ကိုယ်ခန္ဓာကို ဖြတ်သန်းကာ တိုက်ခတ်သွားပါသော လေ၏ဒဏ်ကို ကြံ့ကြံ့ခံနိုင်ရန် ကြိုးစား၍ တောင့်ထားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ဖြတ်သန်းခဲ့ရသော ခရီးလမ်းက ငြိမ်းချမ်းလုံခြုံမှု မရှိလှဟု သိရပါသည်။ သူပုန်ရန် ဓားပြရန်နှင့် တောကောင်ရန်တို့ကြောင့် အစဉ်လို ငြိမ်းအေးမနေတတ်ပါပေ၊ မကြာခဏဆိုသလို သတင်းဆိုးများက ကြားရတတ်သည်ဟု သိရပါသည်၊ သည့်အတွက် ကားကို တစ်နာရီမိုင်လေးဆယ်နှုန်းထက် မလျှော့စေဘဲ ကြီးစွာသော သတိနှင့် မောင်းလာခဲ့ရဟန်ရှိပါသည်။ ကားပိုင်ရှင် ဦးတင်မောင်ကိုယ်တိုင် ကားကို ကျွမ်းကျင်စွာမောင်းနှင်လာနိုင်ခဲ့၍သာ နေမဝင်မီ ရောက်နိုင်ပါလိမ့်မည်။

''စခမ်းကြီးရောက်ဖို့ မိုင်နှစ်ဆယ်လောက်ပဲ လိုတော့တယ် တင်တင်မြတ်ရေ''

''ဒါဖြင့်...အင်္ကျီလဲဝတ်ထားတော့မှ ထင်တယ်...ဆရာ''

''အင်း...ကောင်းတယ်... ရင်ထိုးလည်း ပါတယ်နော်''

''ဟုတ်ကဲ့... ပါပါတယ်ဆရာ''

ကျွန်မ၏ သားရေအိတ်ဇစ်ကို ဖွင့်ကာ တရိုတသေထုပ်ပိုး သိမ်းဆည်းထားသော ဒေါ်စိမ်းညို၏ သိုးမွေးဖြူအင်္ကျီကြီးကို ထုတ်ယူ လိုက်ရပါသည်၊ ကျွန်မ၏ကိုယ်ပေါ်မှ နိုင်လွန်စွယ်တာအနက်ကိုချွတ်ပြီး သေသပ်စွာ ခေါက်သိမ်းကာ သေတ္တာထဲတွင်း ပြန်ထည့်ပြီးမှ သိုးမွေးဖြူ အင်္ကျီကို ဝတ်ဆင်လိုက်ရပါသည်၊ အင်္ကျီက ကျွန်မနှင့် အတော်ပင် ကျယ်ဝန်းသော်လည်း ပခုံးကျပုံလက်အရှည် အတိုတို့က အံဝင်ခွင်ကျ ရှိလှပါသည်၊ အင်္ကျီထပ်ဝတ်ပြီး ရင်ထိုးကို စမ်းသပ်ကာ အား...





...ရာတကျ ရှိသည့်အခါ ကျွန်မကို ညွှန်ကြားစေခိုင်းသူ ဦးထွန်းမြင့် က...

''မြတ်မဟာရောက်ရင်... အားလုံးအဆင်ပြေအောင် ကြိုးစား ပါ တင်တင်မြတ်၊ အခု တင်တင်မြတ်ဆိုတဲ့ ဘဝကို လုံးလုံး မေ့လိုက်ပြီး ကိုယ့်ကိုယ်ကို ခင်ချစ်ခန့်အဖြစ် ခံယူပါ၊ အသေးစိပ်လည်း သိထားပြီပဲ၊ ဘာမှ ကြောက်စရာမလိုပါဘူး၊ အရေးကြီးတာက ... မပျက်ဖို့ပဲ၊ တို့များလိမ်ညာပြီး အစားဝင်လာတယ်ဆိုတာ ဒေါ်စိမ်းညို မရိပ်မိဖို့ဘဲ အရေးကြီးတယ်''

''စိတ်ချပါဆရာ... ကျွန်မ အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်''

''အေးလေ...ဒီကိစ္စအောင်မြင်ရင် တင်တင်မြတ်ကို မှီပြီး ...များအားလုံး အကျိုးရှိမယ့်ကိစ္စမို့ နိုင်းရတာပါ''

''ကျွန်မ ကိုယ်ရေးကိုယ်တာ အကျိုးရှိဖို့အတွက်ထက် ဆရာ ...တဲ့တာဝန်ကို ကြေပြွန်အောင် ထမ်းဆောင်ပေးရမယ့်သူပါလေ၊ ...မ ကြိုးစားမယ်ဆရာ''

''ကောင်းပြီ တင်တင်မြတ်... သြော်... ဦးတင်မောင် ...တော်မြို့အဝင်မှာ ဆင်းနေခဲ့တော့မယ်... ဟိုအရင် သူဌေး ဦးစိုင်း ...အိမ်စီးမှုနဲ့ပတ်သက်ပြီး ကျွန်တော်တို့ကို ဒီမြို့မှာ မျက်နှာသိ ...လေးများသွားတယ်၊ ကျွန်တော် မြို့စွန်ယူကလစ်တုန်း ...ည်အိမ်က စောင့်နေမယ်နော်၊ သူပို့ပြီးရင် ကားတစ်နေရာရာမှာ



www.burmeseclassic.com

www.burmeseclassic.com



အပ်ခဲ့ပြီး အခြေအနေ ကျွန်တော့်ပြန်ပြောဦးပေါ့၊ ပြီးမှ မနက်စောစော ပြန်ထွက်ကြမယ်''

''ကောင်းပါပြီ ကျွန်တော်ပြန်လာခဲ့ပါ့မယ်''

''သြော်… ကားလေးဘာလေးလည်း နှိုက်ထားဦးမို့ လမ်းမှာ ပု ်နေရင် အစီအစဉ်တွေ အကုန်လွဲချော်နေဦးမယ်''

''စိတ်ချစမ်းပါ၊ ဒါကြောင့် ကျွန်တော်ပိုင်ကား တမင်ယူလာ တာပေါ့'' အားလုံးပြောဆိုစီစဉ်ပြီး၍ မကြာခင် သစ်သား ဆိုင်းဘုတ်ကြီးတစ်ခုက ကားလမ်းအပေါ်တွင် ဆီး၍ ထောင်ထား သဖြင့် ကျွန်မလှမ်း၍ ဖတ်ကြည့်လိုက်ရပါသည်။

**''စခမ်းကြီးမြို့မှ လှိုက်လှဲစွာ ကြိုဆိုပါ၏''**

''ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေပေါင်း ၄၇၆၂''

သည် စာတမ်းဖတ်မိလျှင်ပင် ရင်၌ လေးလံသလို ခံစားမှု တစ်ခုက ကြီးစိုးလာပါ၏။ ယခုအလုပ်သည် ကျွန်မအတွက် အခက်ခဲဆုံး အန္တရာယ်အများဆုံး အလုပ်တစ်ခုဖြစ်ကြောင်း ကျွ ကြိုတင်သိမြင်နေမိပါ၏၊ ဘာပဲဖြစ်ဖြစ် ဘယ်သူတွေ ဘယ်လိုမ နစ်နာ ကျွန်မ၏တာဝန် ကျေပြွန်စေရန်နှင့် ဆရာ့ဩဝါဒကို ခံယူ တသွေမတိမ်း လိုက်နာဆောင်ရွက်ပေးရန် ကျွန်မ၏ ကိုယ်အားရှိ ဉာဏ်အားရှိသမျှ အသုံးချ၍ ဆောင်ရွက်ရပေတော့မည်။





''ကဲ… တင်တင်မြတ် ရှေ့ကဟာ မြတ်မဟာတည်းခိုရိပ်သာ ဘူ ခြေမပျက်စေနဲ့ကွယ် အားလုံး အသေးစိတ်လည်း သိထားပြီးပြီပဲ''

ကျွန်မ ခေါင်းတစ်ချက်သာ ဆတ်ပြလိုက်မိပါသည်၊ စိတ်ချပါ သော သဘောမျိုး သက်ဝင်ပါကြောင်းလည်း သူနားလည်တန် ကောင်းပါသည်။

''မြတ်မဟာ တည်းခိုရိပ်သာ''

ကြီးမားသော နီယွန်မီးဆိုင်းဘုတ်ကြီးက မြတ်မဟာကို ပိုမို ွားစေပါသည်၊ လှုပ်ရှားနေသော နီယွန်ဆိုင်းဘုတ်ကြောင့် ဟာမှာ ပိုမိုစိတ်ဝင်စားစရာ ကောင်းလှပါ၏၊ မြတ်မဟာရှေ့သို့ ဆိုက်ချိန်မှာ လုံးဝမှောင်ခဲ့ပါပြီ။

ကျွန်မတို့၏ ပြည်မ,မြို့တော်စည်ပင်သာနှင့် ပြည်နယ်များသို့ ာရန် မော်တော်ကားလမ်းတစ်လမ်းသာ ရှိပါ၏၊ ပြည်မမှ ်လာလျှင် လည်းကောင်း၊ ပြည်နယ်မှ ထွက်လာလျှင် ကောင်း သည်စခမ်းကြီးသို့ ညနေ သို့မဟုတ် ညဦးပိုင်းတွင် ်ရပါသည်။ ပြည်နယ်နှင့် ပြည်မ၏ အလယ်ဗဟို စခမ်းမြို့ လမ်းတွင် လုံခြုံမှုမရှိသော စခမ်းလေးများသာ ရှိပါ၍ ပြည်နယ် သွားသန်းရသော ခရီးသည်အားလုံး စခမ်းကြီးမြို့သို့ လာရောက် ကြရလေသည်။ စခမ်းကြီးလိုမြို့တွင် တည်းခိုခန်း ဖွင့်ထား

www.burmeseclassic.com

www.burmeseclassic.com



သော ဒေါ်စိမ်းညိုဆိုသူ၏ စီးပွားရေးလာဘ်မြင်မှုမှာ ချီးကျူးစရာကောင်းလှပါပေသည်။

မြတ်မဟာမှာ အောက်ထပ်တွင် အုတ်ခံကာ အပေါ်နှစ်ထပ်ကသစ်သားများနှင့် ဆောက်လုပ်ထားပေသည်။ ကျွန်မတို့ မြင်နေကျအဆောက်အဦများလို မျက်နှာစာတည့်တည့် ညီညာသော ပြန့်ပျော့သော ပုံစံမျိုးမဟုတ်ပါပေ၊ စက်ဝိုင်းတစ်ခုကို ရှေ့တည့်တည့်မှနေကြည့်ရသလိုပင် အဆောက်အဦးဖွဲ့စည်းပုံက ကွေးညွတ်သွားပေသည်။ အခန်းပေါင်းစုံကို သုံးဘက်မြင်နေရသလိုပါပင်။ သုံးထပ်လုံး မီးများလင်းလက်နေပြီး ခြံဝင်းတစ်ခုလုံးပါ ထိန်ထိန်လင်းနေပါ၏။

ခမ်းနားထယ်ဝါလွန်းပါသော မြတ်မဟာကိုကြည့်ကာ ရင်၌စိုးရိမ်မှုများ ဖြစ်ပေါ်လာမိပါသည်။ ကျွန်မရောက်လာပြီဖြစ်ကြောင်းသွားရောက် အကြောင်းကြားနေသော ဦးတင်မောင် ပြန်လည်ရောက်ရှိမလာသေးပါ၍ ကားတွင်းမှထိုင်ရင်း အတွင်းသို့ မျှော်ငေးကြည့်နေမိပါ၏။

မျက်နှာစာပေါက်၏ ရှေ့တူရူတွင် အလယ်ခန်းမကြီးဖြစ်ဟန်တူပါသည်။ လေးယောက်ထိုင် စားပွဲအစုံပေါင်းများစွာတွင် လူတစ်ဝက်ကျော်မျှ ပြည့်နေပြီး အစားအသောက်နှင့် အရက်များကိုပါတွဲဖက်စားသောက်နေကြောင်း မြင်တွေ့နေရပါ၏၊ ကျွန်မကား၏ဘေးပတ်လည်တွင်လည်း ကားအတော်များများ ဆိုက်ထားပါ၏၊ ကားတွင်း၌ ထိုင်နေဆဲလူများ၊ တည်းခိုခန်းတွင်းမှ လူများက ကျွန်မကို



...စောတစောင်း အကဲခတ်နေကြောင်း မမြင်တွေ့ရပါ၊ သည်အတွက်...မအားလုံးကို အသေအချာ လေ့လာနိုင်ခွင့်ရပါ၏။

"ကဲ...ခင်ချစ်ခန့်ရေ... ပစ္စည်းတွေသာယူပြီး အဲဒီလှေကားအတိုင်းသာ တက်သွား၊ ဟိုမှာ လူတစ်ယောက် ဆရာမကို အပေါ်...ပေးဖို့ စောင့်နေလိမ့်မယ်၊ ကျွန်တော်ပြန်တော့မယ်နော်"

"ဟုတ်ကဲ့ရှင့် ခုလို အရောက်ပို့ပေးတာ ကျေးဇူးတင်လှပါတယ်"

ဦးတင်မောင်က အပြုံးနှင့် တုံ့ပြန်ပါသည်၊ သူ့အသွင်ပြင်က...ကြီးရင့်သောဣန္ဒြေကို ဆောင်ထားပါ၍ ကျွန်မဘာမှ ဆက်မပြောတော့ပါ၊ ကျွန်မကို ဦးတင်မောင်က ခင်ချစ်ခန့် ဆရာမဟူသော...အခေါ်အဝေါ်ထူးကို သုံးနှုန်းလိုက်သဖြင့် စိတ်၌ တစ်မျိုးဆန်းကျယ်သွားရပါသေးသည်၊ ကားပေါ်မှမဆင်းခင် သက်ပြင်းတစ်ချက်ကို ရှိုက်ထုတ်လိုက်ရင်း ကျွန်မစိတ်ကို တင်းလိုက်ရပါသည်။ ကျရောက်လာမည့်ပြဿနာကို ရဲဝံ့ပြတ်သားစွာပင် ရင်ဆိုင်ပါတော့မည်ဟူသော ဆုံးဖြတ်ချက်ဖြင့် ကားပေါ်မှဆင်း၍ မတ်မတ်ရပ်လိုက်ပြီးမှ သားရေအိတ်...ဘက် လက်ဆွဲအိတ်တဘက်ကို ဆွဲလိုက်ပြီး...

"ကဲ...သွားတော့မယ်နော်၊ လိုက်ပို့တာ ကျေးဇူးပါပဲ"

"ကောင်းပါပြီ ခင်ချစ်ခန့်"

ကျွန်မ ကားကို ကျောခိုင်းလိုက်ကာ မြတ်မဟာသို့ တင်းတင်း...တော်မတ် ဝင်ရောက်လာခဲ့ပါပြီ။ ကျွန်မမျက်စေ့တွင် ...လာသော

www.burmeseclassic.com

www.burmeseclassic.com



မြေပုံအတိုင်း ခန်းမကြီး၏ လက်ဝဲဘက်သို့ ချိုးကွေ့လိုက်လျှင်ပင် လှေကားထိပ်တွင်ရပ်နေသော အသက်သုံးဆယ်အရွယ် အမျိုးသား တစ်ဦးက…

"ကျွန်တော့်ကို လက်ဆွဲအိတ်ပေးပါခင်ဗျာ"

သူက ကိုယ်ကို ကိုင်းညွတ်ကာ လေးစားဟန်နှင့် ကျွန်မကို ကြိုပါသည်။ ကျွန်မလက်မှ လေးလံသော သားရေအိတ်တစ်လုံးကို ပေးလိုက်ရင်း…

"ကြီးကြီးစိမ်း နေကောင်းရဲ့လားဟင်…၊ သူရှိမယ့်အခန်းကိုပဲ ကျွန်မကို ပို့ပေးပါ"

"ကျွန်တော် အထက်ထပ်ကို တက်ခွင့်မရှိပါဘူးခင်ဗျာ၊ အလယ်ထပ်မှာ မနုဿွေး ရှိပါတယ်။ သူလိုက်ပို့တန်ကောင်းပါရဲ့"

သူ့စကားက ပိုင်နိုင်ခြင်းတစ်ခုမျှ မရှိပါပေ။ ကိုယ့်တူမအရင်း၊ သူ့သားနှင့် လက်ဆက်မည့် ချွေးမတစ်ယောက်လုံး မြွတ်မဟာသို့ ဆိုက်ရောက်လာပြီဖြစ်သော်လည်း ကြိုဆိုခြင်းမပြုသော ဒေါ်စိမ်းညိုကို ကျွန်မစိတ်တွင် မနှစ်သက်နိုင်တော့ပါ။ မာန်ဝင့်လွန်းသည်ဟု အထင်ရှိသွားမိပါသည်။

ပြောင်လက်နေသော ကျွန်းသားလှေကားအတိုင်း တက်လာကြပြီး လှေကား၏ ထိပ်တည့်တည့်ကို မျက်နှာစာပေးထားသော စားပွဲတစ်လုံးတွင် အသက်လေးဆယ်ကျော်အရွယ် အမျိုးသားတစ်ဦး ထိုင်၍ စာရေးနေပေသည်။ တုတ်ခိုင်သောခန္ဓာနှင့် တိကျပြတ်သား





ညို့ မျက်နှာထားပိုင်ရှင်ပါပေ၏၊ သူ၏ စားပွဲပေါ်တွင် သစ်သား သုံးမြှောင်တိုးဖြင့် 'မန်နေဂျာ' ဟူသော စာတမ်းလေး တင်ထားပေ သည်။ သူ့ရှေ့ကြမ်းပြင်ပေါ်သို့ တမင် အသံမြည်စေရန် ကျွန်မ၏ လက်ဆွဲအိတ်လေးကို လွှတ်ချလိုက်လျှင်ပင် သူက မော့ကြည့် လာပြီး…

"ဪ… ခင်ချစ်ခန့် ဆိုတာထင်တယ်"

"ဟုတ်ပါတယ်ရှင်"

"လာမယ်ဆို အကြောင်းကြားလိုက်ဖို့ကောင်းတယ်"

သူ့စကားက ကျွန်မကို အပြစ်တင်သလိုဆိုပါ၍…

"ဟုတ်ကဲ့ရှင်…၊ ကျွန်မလည်း အကြောင်းကြားသင့်မှန်း သိပါတယ်။ ကိစ္စလေးတွေက မပြီးပြတ်သေးလို့ ဘယ်ရက် ထွက်လာ နိုင်မယ်ဆိုတာကို ကျွန်မတောင် ကြိုပြီးမသိခဲ့နိုင်ပါဘူး၊ မနေ့ကမှ ရှိပြီးပါတယ်။ ပြီးတယ်ဆိုတာနဲ့ ထွက်လာရလို့ အကြောင်းမကြား ဖြစ်တာပါ"

"ဒီကအတွက်တော့ ကိစ္စမရှိပါဘူး၊ ခင်ဗျားကို ကြိုဖို့ မှတ်ကွက်ရတာကို ပြောတာပါ။ ဟောဟိုကုလားထိုင်မှာ ထိုင်ပါ ဦးနော်…။ ကျွန်တော် ဒေါ်စိမ်းညိုကို ဖုန်းနဲ့ လှမ်းမေးလိုက်ပါရ စေဦး"

အိမ်တွင်းသုံး အင်တာနယ်(လ်)ဖုံးအထောင်ဖြင့် စကားကို တိုးတိတ်စွာ ပြောကြားနေပါ၍ ကျွန်မထိုင်နေရာ နေရာမှ မကြား



www.burmeseclassic.com

www.burmeseclassic.com



သာပါ။ ကျွန်မတို့ထိုင်နေရာ နေရာသည် တည်းခိုရိပ်သာ၏ မျက်နှာစာ ပိုင်းဖြစ်၍ ကျယ်ပြန့်လွန်းသော ဧည့်ခန်းမကြီးဖြစ်ပေသည်။ အတွင်းပိုင်း၌ နံပါတ်တပ်ထားသော အိပ်ခန်းပေါင်းများစွာ ဖွဲ့စည်းထားပါ၏။ သည်အထပ်တွင် တစ်ယောက်အိပ်ခန်း နှစ်ယောက်အိပ်ခန်း စသည်တို့ ပြင်ဆင်ပြီး အခန်းတွင်းဝယ် စားပွဲကုလားထိုင် ချသာသည့်နေရာလေး ရှိပြီး ဧည့်ခန်းငယ်အဖြစ် သီးခြားပေးထားသည်။ အိပ်ရာကုတင်နှင့် ထိုဧည့်ခန်းငယ်ကို ကတ္တီပါကန့်လန့်ကာများဖြင့် ပိတ်ဆည်းထားကြောင်း ကျွန်မ သိရှိပြီးခဲ့လေပြီ။ အိမ်သာရေချိုးခန်းများကမူ အများသုံးရန် နောက်အဆောင်တွင် ရှိနေပေသည်။ စိတ်တွင် သိမှတ်လာသော အနေအထားနှင့် လက်တွေ့အဆောက်အဦတို့နှင့် တိုက်ဆိုင်ပါသည်။ ကျွန်မထိုင်နေရာမှ မြင်သာသည့် ဝန်းကျင်အားလုံး လှည့်လည်ကြည့်ရှုနေမိပါသည်။ ဧည့်ခန်းမတွင် လူပေါင်း ဆယ့်လေးငါးယောက်ခန့်ကို စားသောက်ခါ ဝိုင်းဖွဲ့စကားဆိုနေပေသည်။ ကျွန်မနှင့် မျက်နှာချင်းဆိုင်မိသူတို့က ကျွန်မကို အမှတ်မထင် လှမ်း၍ အကဲခတ်ကြည့်နေကြပေသည်။ အသေအချာ စူးစမ်းလေ့လာလိုသော သဘောမျိုး မဟုတ်ကြပါ။ မျက်နှာစိမ်းဧည့်သည်တစ်ယောက်ဖြစ်၍ သိလိုသည့် အသွင်မျိုးလောက်သာ ရှိကြပါသည်။

ကျွန်မ၏ ဘေးဘီတစ်ဝိုက်ပါ လှည့်လည် ကြည့်မိသည့်အခါ ကျွန်မမှာ ထိတ်သလို ဖြစ်သွားရပါသည်။ အသက်နှစ်ဆယ်ပြည့်မှုံ မရသေးသည့် မိန်းကလေးတစ်ယောက်က ကျွန်မကို စူးစူးစိုက်စိုက်





ဖြင့် ကြည့်နေခြင်းကြောင့်ပါပင် သူ့အကြည့်က မိန်းမသားချင်း သာမန်ငေးမောလေ့ရှိသည့်အကြည့်မျိုး မဟုတ်ပါ။ သူ၏မျက်နှာထားတွင် ကျွန်မကို မလိုလားသောအသွင်များ ရှိနေရမည်ဟု ထင်ပါသည်။ ကျွန်မနှင့် အကြည့်ချင်းဆုံသော်လည်း သူက လွှဲမသွားပါဘဲ ရဲတင်းစွာပင် ငေးမောကြည့်နေပါ၍ ကျွန်မကလည်း လွှဲဖယ်မပစ်သည့်အတွက် နှစ်ယောက်သား အကြည့်ချင်းဆုံနေမိစဉ်...

"ဒီမှာ... မခင်ချစ်ခန့်ခင်ဗျား...၊ ကျွန်တော် မန်နေဂျာ လွန်းတင်ပါ..."

"ဪ...ဟုတ်ကဲ့"

"ခုပဲ ဒေါ်စိမ်းညိုက ပြောတယ်...၊ သူအအေးမိပြီး နေမကောင်းနေလို့ အောက်ထပ် အရောက်လာမကြိုနိုင်တာ ခွင့်လွှတ်ပါတဲ့...၊ အပေါ်ဆုံးထပ် သူရှိမယ့်အခန်းအရောက် ပို့ပေးပါလို့ မှာကြားလိုက်ပါတယ်၊ နုထွေးလိုက်ပို့ပါလိမ့်မယ်"

"ကောင်းပါပြီ ဦးလွန်းတင်...ကျေးဇူးတင်ပါတယ်... ကျွန်မကို လိုက်ပို့မယ့် မနုထွေးဆိုတာ ဘယ်မှာပါလဲရှင်"

"သမီးရေ၊ ဟေး... နုထွေး... လိုက်ပို့လိုက်လေ"

ဦးလွန်းတင်က သူ့တာဝန် ပြီးဆုံးသွားသလို... သူ့စာရင်းစာအုပ်ထူကြီးဆီသို့ ပြန်လည် အာရုံစိုက်ကာ ငုံ့ရေးနေတော့သည်။ ခုနက ကျွန်မကို စူးစူးစိုက်စိုက်ဖြင့် ရပ်ကြည့်နေသူမှာ... နုထွေး ဆိုသူပါတကား...၊ မမြတ်မဟာ၏ အရေးပါ အရာရောက်သော



www.burmeseclassic.com

www.burmeseclassic.com



သူများစာရင်တွင် တစ်ယောက်အပါအဝင်ဖြစ်သော မိန်းကလေး တစ်ယောက်ပါပင်…။ သည့်အတွက် သူ့အကြည့်ကို မနှစ်မြို့ခြင်းကြောင့် တင်းထားမိသော ကျွန်မ၏မျက်နှာထားကို ဖြေလျော့ကာ… ပြုံးပြလိုက်ရပါသည်။ …သူက ကျွန်မရှေ့မှ ချထားသော သားရေသေတ္တာကြီးကို… ကုန်းယူလိုက်သဖြင့် ကျွန်မက… သူ့လက်ကလေးကို ဖမ်းဆွဲထားလိုက်ရင်း…

"နေပါစေ…ညီမလေး…သေတ္တာကြီးက လေးပါတယ်…မမ ယူခဲ့ပါ့မယ်"

"ရပါတယ်"

"အို မဟုတ်တာကွယ်…ရော့ရော့ ဒီလက်ဆွဲအိတ်လေးသာ ယူသွားပါ၊ မမနောက်က လိုက်ခဲ့ပါ့မယ်…မနုထွေး"

မနုထွေးက ကျွန်မကမ်းပေးသော လက်ဆွဲအိတ်ကို ယူ၍ ကျွန်မရှေ့မှ ခေါင်းကလေးငုံ့ကာ လှေကားဆီသို့ တက်သွားပါသဖြင့် ကျွန်မ သူ့နောက်မှ လိုက်တက်ခဲ့ရပါသည်။ မနုထွေးမှာ မျက်လုံး၊ မျက်ခုံး၊ နှာခေါင်းတည်ပုံ ပါးစပ်အနေအထားတို့မှာ ပန်းပုရုပ်လေးတစ်ရုပ်ကို စိတ်တိုင်းကျ ထုထားသည်သို့ပင် မျက်နှာလေးမှာ ချစ်စရာကောင်းလှပါသည်…။ ကိုယ်နေဟန်ထားကမူ တိတိကျကျ အချိုးမကျလှပါ… အရပ်အနည်းငယ် ပုသဖြင့် သူ့အရပ်နှင့်စာလျှင် ကိုယ်ခန္ဓာက ပိုမို၀ဖြိုးနေသလိုပင်… ကိုယ်ကပြားပြီး… ခါးလည်းကြီးပေသည်။ ကိုယ်ကာယ အချိုးမကျရုံမှလွဲ၍… ကြည့်မကောင်း





လှပါဟု မပြောသာပါ… မျက်နှာလှလှ ဖြူဖြူ၀၀လေးဖြစ်ပါ၍ တစ်မျိုးချစ်စရာ ကောင်းသူလေးဖြစ်ပါသည်။

ကျွန်မရောက်လာခြင်းကို သူ့အနေနှင့် လိုလားလက်ခံချင်ပုံ မရပါပေ၊ ကျွန်မရောက်လာသည့်အတွက် မနှစ်သက်သောအသွင်ဆောင်နေသဖြင့် ကျွန်မက သူ့ကို ပိုမိုရင်းနှီးနားလည်နိုင်ရန် ကြိုးစားရပါလိမ့်မည်။

တတိယထပ် အရောက်တွင်… ကျယ်ဝန်းသော အခန်းများသာ ဖွဲ့စည်းထားပြီး… ဒုတိယထပ်လို… ခန်းမကျယ် မရှိပေ။ မနုထွေးက ကျွန်မကို တစ်ချက်မျှ လှည့်မကြည့်ပါဘဲ တစ်ဖက်တစ်ချက်အခန်းများ ဖွဲ့စည်းထားသည့် ခန်းမငယ်သဖွယ် ကြားလမ်းမှနေ၍ အတွင်းဘက်သို့ သွားပါသဖြင့် ကျွန်မ သူ့နောက်မှ အမီလိုက်ရပါ၍… တတိယထပ်ကိုပင် အသေအချာ လေ့လာခွင့်မရပါ။

ခန်းမများ အဆုံး…နောက်ဖေးဆောင်ရောက်ပြီး လက်ဝဲဘက်သို့ ချိုးကွေ့လိုက်ရသည့်အခါ… တံခါးတစ်ချပ်က ကာဆီးနေပေသည်…မနုထွေးက ယေး(လ်)သော့အိမ် တပ်ထားသော တံခါးကို သော့နှင့်ဖွင့်လိုက်ပါသည်။ အပေါ်ထပ်မှ ဆင်းလျှင်လည်းကောင်း၊ အောက်ထပ်မှ တက်လျှင် လည်းကောင်း၊ တံခါးကပ် ယေး(လ်)သော့ဖြင့် အတွင်းအပြင်ဖွင့်ပြီးမှ ဝင်ထွက်ကြဟန်ရှိပါသည်။ သော့မရှိသော သူစိမ်းတို့ အဝင်အထွက်မလုပ်နိုင်ရန် ကန့်ထားခြင်းဖြစ်ပေမည်။



www.burmeseclassic.com

www.burmeseclassic.com

မီးခလုတ်ဖွင့်လိုက်မှ လှေကားတစ်ခုလုံး ထိန်ထိန်လင်းသွားပေတော့သည်၊ ပထမနှစ်ကြိမ် တက်ရသော လှေကားနှစ်ဆင့်လောက် မမြင့်ပါပေ…၊ အပေါ်ထပ်မှာ တစ်ထပ်လုံး အပြည့်ဆောက်ထားခြင်း မဟုတ်ပါဘဲ နောက်ပိုင်းတစ်ဝက်မျှသာပယူကာ လှူနေသက်သက် ဖန်တီးထားပေသည်။ မြတ်မဟာ၏ ရှေ့တည့်တည့်မှ ကြည့်လျှင် သုံးထပ်သာမြင်ရပေသည်၊ နောက်ဆုတ် ဆောက်ထားသော အထပ်ဝက်ကို မမြင်သာနိုင်ပါ၊ သည်အဆောက်အဦဖွဲ့စည်းထားသည့် မြေပုံကို အလွတ်ကျက်ထားမိသော ကျွန်မမှာ မမြင်ခင်ကပင် မှန်းမိနေပါ၏။

အပေါ်ထပ်ရောက်လျှင် အရှေ့ဘက်သို့ ထွက်သွားသည့် မနုဿွေးနောက်မှ ကျွန်မ လိုက်လာရပါ၏၊ ရှေ့မျက်နှာစာတွင် ပြန့်ဖြောသောနေရာ၌ ပန်းဥယျာဉ်သဖွယ် စိုက်ပျိုးထားသော ပန်းပင်များကို မီးရောင်လဲ့လဲ့ဖြင့် မြင်သာနိုင်ပါ၏။ လက်ဝဲလက်ျာတွင် အဆောင်များသတ်သတ် ထုတ်ထားကြောင်းလည်း မြင်တွေ့ရပါ၏။ ရှေ့ဆုံးအခန်းတစ်နေရာတွင် မနုဿွေးက ရပ်ပြီး တံခါးခေါက်လိုက်သဖြင့် ကျွန်မ၏ ခရီးဆုံးရောက်ပြီဟူသော အသိဖြင့် ဒေါ်စိမ်းညိုနှင့် ရင်ဆိုင်ရန် စိတ်ကို အတတ်နိုင်ဆုံးတင်းပြီး အကျီကို သပ်ယပ်စေရန် ပြင်လိုက်ရပါသည်။ ဖွာရရာကျနေသော ဆံစနွယ်များကို သပ်တင်လိုက်ရပါသေး၏။ သည်အချိန်တွင် အတွင်းမှ…

"နုဿွေးလား"

"ဟုတ်ပါတယ်… ကြီးကြီးစိမ်း၊ မမပါလာပါပြီ"

"ကောင်းပြီ…လွှတ်လိုက်ပါ၊ နုဿွေး ပြန်နိုင်ပြီ"

မနုဿွေးကို နှုတ်ဆက်ရန်ပင် အချိန်မရလိုက်တော့ပါ… ဒေါ်စိမ်းညို၏ အသံဆုံးလျှင်ပင် ကျွန်မ၏ လက်ကိုင်အိတ်လေးကို လှတ်ချကာ ကျွန်မကိုတစ်ချက်မှ ရင်ဆိုင်မကြည့်တော့ပါဘဲ လျှင်မြန်စွာပင် ကျွန်မရှေ့မှ ပျောက်ကွယ်သွားပါတော့သည်။

တံခါးကို အသာအယာတွန်းကာ လက်ဆွဲအိတ်နှစ်ခုကို ဆွဲ၍ အခန်းတွင်းသို့ တစ်လှမ်းချင်း ဝင်သွားမိပါသည်။ အခန်းမှာ လူများသည့်မိသားတစ်စုလုံး နေထိုင်နိုင်လောက်အောင်ပင် ကျယ်ဝန်းပါ၏၊ အခန်း၏အပြင်အဆင်က မသပ်ယပ်လှပါဘဲ အမျိုးသမီးကြီးတို့၏ အသုံးအဆောင်ပစ္စည်းနှင့် အဝတ်အစားများကို မြင်တွေ့ရပါ၍ ဒေါ်စိမ်းညို၏အခန်းဖြစ်ကြောင်း သေချာပါပြီ၊ ဘေးဘီသို့ တစ်ချက်မျှသာ ဝေ့ကြည့်ပြီး မျက်နှာကို နိမ့်ချကိုးနွံဟန်ပြုကာ ဒေါ်စိမ်းညို၏ ရှေ့သို့ အရောက်လာရင်း သူ့ကိုသာ ငေးကြည့်နေမိစဉ်…

"အဲဒီ ကုလားထိုင်မှာထိုင် ခင်ချစ်ခနဲ့ အတော်ခရီးပန်းလာတယ်ထင်တယ်"

ဒေါ်စိမ်းညို၏ ဩဇာတိက္ကမရှိလှန်းသောအသံနှင့်… ထယ်ဝါလှန်းသော အဆောင်အယောင်များကြောင့်… ကျွန်မမှာ… စိုးရွံ့စိတ်ဖြင့် အလိုလို သိမ်ငယ်သွားရသလို ဖြစ်နေပါ၍… သူ့စကားကို ဘာပြန်ပြောကြားရမှန်း မသိတတ်နိုင်အောင် ဖြစ်နေရသော ကျွန်မက







www.burmeseclassic.com

www.burmeseclassic.com

ပြုံး၍ ခေါင်းတစ်ချက်သာ ညိတ်ပြကာ သူညွှန်ပြရာ ကုလားထိုင်တွင် ဝင်၍ထိုင်လိုက်ရပါသည်၊... ဒေါ်စိမ်းညိုက နိုင်ငံခြားမှလာသည့် ပက်လက်ကုလားထိုင်ရှည်ကြီးပေါ်တွင် ခြေဆန့် လက်ဆန့် ထိုင်ရင်း ကျွန်မရှေ့တည့်တည့်မှ အသေအချာကြည့်ကာ လေ့လာနေပြီး...

"အလုပ်အကိုင်နဲ့ လူမှုရေးကိစ္စတွေရော ပြီးပြတ်ခဲ့ပြီလား"

"အားလုံးပြတ်ခဲ့ပါပြီ ကြီးကြီးစိမ်း... အလုပ်လည်း ထွက်ခဲ့ပါတယ်"

"အေးလေ...ကြီးကြီးစိမ်း သြဝါဒအတိုင်း ခုလိုလာခဲ့တာကို ကြီးကြီးစိမ်း ဝမ်းသာတယ်"

"ဟုတ်ကဲ့"

"ငါ့တူမ ကြည့်ရတာ...မစိမ်းနွဲ့လောက်တော့ မာန်မာန ရှိပုံမရပါဘူးလေ"

"ဟုတ်ကဲ့...မိဘမဲ့ အားကိုးရာမဲ့ဖြစ်နေတဲ့အချိန်မှာ ကြီးကြီးစိမ်း စာရလို့... ဝမ်းသာအားရနဲ့... အားကိုးတကြီး လာခဲ့တာပါပဲ ကြီးကြီးစိမ်း"

"ကောင်းပြီလေ...ဒါနဲ့ ခင်ချစ်ခန့်ရုပ်က ငယ်ငယ်ကနဲ့ တခြားစီပဲနော်"

သူ့စကားကြောင့်... ရင်တွင် တစ်ချက် ဒိတ်ခနဲဖြစ်သွားရပါသော်လည်း မျက်နှာကလေးမပျက်စေရ သတိနှင့် သူ့ကိုသာ ပြုံး၍ ကြည့်နေမိပါသဖြင့်...





"ငယ်ရုပ်တုန်းက ဒီလောက်လှလာလိမ့်မယ်လို့ မထင်ဘူး၊ ခုတော့ ကိုယ်ဟန်ကလည်း ဖွံ့သား အချိုးကျတယ်... မျက်နှာ အနေအထားရော အသားအရေပါ အပြစ်ဆိုစရာမရှိအောင်ကို လှနေပါလား...ဒါနဲ့ ကြီးကြီးစိမ်းကိုရော မှတ်မိလား"

"ကြီးကြီးစိမ်းကိုတော့ သိပ်မမှတ်မိလှပါဘူး... ကျွန်မ ဒီမြတ်မဟာကိုလာရတုန်းက ရှစ်နှစ်သမီးလောက်ပဲ ရှိသေးတာကိုး... ဒါပေမယ့် မျက်စေ့ထဲမှာ ဘိုးဘိုး 'ဦးမြတ်ဘော်'ကိုတော့ ကောင်းကောင်းကြီး မှတ်မိနေပါတယ်... သူ့ရဲ့ ထူထဲတဲ့ နှုတ်ခမ်းမွေးနဲ့ မြင့်မားတဲ့အရပ်... ချွန်မြလွန်းတဲ့ နှာတံတွေကို ကျွန်မ မျက်စေ့ထဲမှာ မြင်နေဆဲပါ ကြီးကြီးစိမ်း"

"အင်း-အင်း ဖေဖေကလည်း... ဆုံးခါနီးအချိန်အထိ ခင်ချစ်ခန့် အကြောင်းကို ပြောသွားဆဲပါပဲ... ခုလည်း ဖေဖေ့ဆန္ဒအရ ခေါ်ယူရတာပါလေ... သားသမီးအချစ်မြေးအနှစ်ဆိုသမှုတ်လား"

"ဟုတ်ကဲ့"

"အေး ဒါကြောင့် ငါ့တူမ အနေနဲ့က... မြတ်မဟာရဲ့ အမွေ ဆက်ခံထိုက်သူဖြစ်အောင်နဲ့ တို့များရဲ့ ကြီးမြတ်တဲ့ မျိုးရိုးဂုဏ်သိမ် ညှိုးနွမ်းရလေအောင် အတတ်နိုင်ဆုံး ထိန်းပေးပါလို့ ကြီးကြီးစိမ်း မှာချင်တယ်"

"ဟုတ်ကဲ့...ကြီးကြီးစိမ်း၊ ကျွန်မ ကြိုးစားပါ့မယ်။ ကြိုးစား ရမယ်ဆိုရာမှာလည်း ကျွန်မဟာ မြတ်မဟာနဲ့ အလှမ်းကွာလွန်းခဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပါတယ် ကြီးကြီးစိမ်း၊ ဒါကြောင့် မြတ်မဟာရဲ့ စည်းမျဉ်း လိုက်နာသင့်တာ ရှောင်ကြဉ်သင့်တာတွေကို စေ့စုံစွာ မသိနိုင်သေး ပါဘူးရှင်၊ ဒီအတွက် အမှားရှိရင် ခွင့်လွှတ်ဖို့နဲ့ လိုအပ်တာကို ပြုပြင် ပေးဖို့ ကြီးကြီးစိမ်းကို ကျွန်မတောင်းပန်ပါတယ်"

"ကောင်းပြီ ခင်ချစ်ခန့်၊ အရာရာမှာ ကြီးကြီးစိမ်း မလိုက် နိုင်တောင်မှ ခင်ချစ်ခန့်အတွက် ပြုပြင် လမ်းပြပေးသွားတဲ့ ဒေါ်အိုစာ ရှိနေမှာပါ၊ ပြီးတော့…မောင်မြတ်နှောင်းတစ်ယောက်လုံးလည်း ရှိနေမှာပါပဲ"

"ဟုတ်ကဲ့ ကြီးကြီးစိမ်း"

"ခင်ချစ်ခန့် ပြောသလို မြတ်မဟာနဲ့ အလှမ်းကွာနေလို့ မသိ မှားမိတဲ့ အမှားမျိုးဆိုရင် ကြီးကြီးစိမ်းက ဘာမဆို ခွင့်လွှတ်နိုင်စွမ်း ရှိပါတယ်။ ကုန်ကုန်ပြောလိုက်မယ်၊ ခင်ချစ်ခန့်ကြောင့် သောင်းချိုး ပျက်စီးသွားစေကာမူ စေတနာနဲ့မှားရင် ကြီးကြီးစိမ်း ခွင့်လွှတ်ပါ့မယ်"

"ကောင်းပါပြီ၊ ဝမ်းသာပါတယ် ကြီးကြီးစိမ်းရယ်"

"အေး… ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ မှားပြီးသားအမှား ကို နောက်တစ်ခါ ထပ်မှားတာမျိုး ကြီးကြီးစိမ်းတို့ အကျိုးပျက်စီးရာ ပျက်စီးကြောင်း ကြိုးပမ်းဆောင်ရွက်တာမျိုးဆိုရင်တော့ နည်းနည်း ခွင့်မလွှတ်နိုင်ဘူးနော်… ခင်ချစ်ခန့်"

"စိတ်ချပါရှင်၊ ကျွန်မ အတတ်နိုင်ဆုံး ကြိုးစားပြီး နေပါ့မယ် ကြီးကြီးစိမ်းတို့ ပျက်စီးရာ ပျက်စီးကြောင်း ဆောင်ရွက်နိုင်လောက်အော





ယုတ်မာတဲ့စိတ်ထား ကျွန်မမှာ မရှိပါဘူး"

ကျွန်မစကားကို သူ နှစ်သက်သွားပုံရသော်လည်း ကျွန်မမှာမူ ကျွန်မ၏ လိမ်ညာမှုများအတွက် ရင်၌ လေးလံသွားမိရပါသည်။ အကယ်တန်း ကျွန်မရောက်လာခြင်းမှာ ကြီးကြီးစိမ်း ပျက်စီးဖို့ မပျက်စီး ဖို့ထက် ကျွန်မကိုစေလွှတ်လိုက်သော ကျွန်မဆရာများအဖွဲ့၏ ဆန္ဒ အတိုင်း တာဝန်ကျေပြွန်ရန်သာ ဆောင်ရွက်ရပါလိမ့်မည်။

"မစိမ်းနွဲ့ဆုံးတုန်းက ကြီးကြီးစိမ်းကို ဘာလို့ အကြောင်း ကြားသလဲ ခင်ချစ်ခန့်"

"စိတ်တော့ ကူးမိပါတယ် ကြီးကြီးစိမ်း၊ ဒါပေမယ့် ဖေဖေနဲ့ ကြီးကြီးစိမ်းတို့ မြလက်ကောက်ပျောက်တဲ့ကိစ္စ စကားများကြပြီး ကတည်းက ဖေဖေဟာ မြတ်မဟာကို စိတ်နာနေသူမို့ ကြီးကြီးစိမ်း ဘက်ကလည်း ဒီလိုပဲများ ရှိနေမလားလို့ အကြောင်းမကြားရဲခဲ့တာပါ၊ ကြီးကြီးစိမ်းပို့တဲ့ငွေရမှ နောင်တရနေမိပါတယ်၊ အကြောင်းမပြန်ကြား မိတာတော့ ကျွန်မရဲ့ ချို့ယွင်းချက်ပါ ကြီးကြီးစိမ်း၊ တွယ်ရာမဲ့အဖြစ် နဲ့ စိတ်လည်း သိပ်ပြီးဆင်းရဲနေမိလို့ လုပ်သင့်တဲ့ ကိစ္စလေးတွေလည်း ထင်ဟင်းသွားခဲ့ရပါတယ်၊ ကြီးကြီးစိမ်းရဲ့ စေတနာကိုလည်း ယုံကြည် လို့ ခုလို ရောက်လာခြင်းပါ ကြီးကြီးစိမ်း"

"ကောင်းပြီ ခင်ချစ်ခန့်၊ နောင်များမှ နောင်ရေးဆွေးနွေးကြ သေးတာပေါ့၊ မင်းလည်း ခရီးပန်းလာတယ်၊ ကြီးကြီးစိမ်းလည်း အခန်းရှိခွဲမှာ ဧည့်သည်တစ်ယောက်နဲ့ ချိန်းထားတာရှိတယ်၊ ခင်ချစ်ခန့်

www.burmeseclassic.com

www.burmeseclassic.com



အတွက် စာရေးပြီးတည်းက အခန်းတစ်ခု ပြင်ထားတယ်၊ စာရေးပြီး တစ်လပြည့်တဲ့နေ့မှ မရောက်လာရင် သိမ်းလိုက်ရတော့မှာပဲ၊ ခုတော့ နှစ်ဆယ့်ခြောက်ရက်မြောက်တဲ့နေ့မှာ ရောက်လာနိုင်ခဲ့လို့ အတော်ပါပဲ ကွယ်၊ ကဲ...ကဲ...သွားနားဦး၊ သည်အိမ်ရဲ့ စည်းကမ်းတွေတော့ ဒေါ်အိုဇာ ပြောပြပါလိမ့်မယ်"

ဒေါ်စိမ်းညိုက သူ့စားပွဲဘေးမှ ဘဲ(လ်)ကိုနှိပ်လိုက်ပြီး ခဏ အတွင်း၌ပင် အသက်ဆယ့်ရှစ်နှစ်ခန့်အရွယ် မိန်းကလေးတစ်ယောက် ဝင်လာ၍ ဘာစကားမှမဆိုပါဘဲ ကျွန်မအိတ်ကိုဆွဲ၍ ကိုယ်ကိုကုန်း၍ ကိုင်းညွှတ်စွာ ထွက်သွားပါသဖြင့် ကျွန်မလည်း သူ့နောက်မှ လိုက်လာ ခဲ့ရပါတော့သည်။ ဒေါ်စိမ်းညို၏အခန်းနှင့် အခြားဘက်၌ဖြစ်သော အဆောင်တစ်ခုတွင်းသို့ဝင်ကာ တံခါးပေါက်ကို သော့ဖြင့်ဖွင့်နေသော အိမ်ဖော်မိန်းကလေးအား ကျွမ်းဝင်စေလိုသောသဘောဖြင့်-

"ဒါ မမနေရမယ့် အခန်းလားကွယ်"

"ဟုတ်ကဲ့..."

"ဟိုဘက် ဒီဘက် အခန်းနှစ်ခုကရော ဘယ်သူတွေ နေသလဲ ဟင်..."

"ဒီဘက်က အခန်းကျဉ်းလေးက ဒေါ်အိုဇာရဲ့အခန်းပါ၊ ဟိုဘက်ကတော့ လူမရှိပါဘူး"

"ဪ... ဪ... ဒါနဲ့ ညီမတို့ကတော့ ဘယ်မှာနေ သလဲဟင်..."





"အနောက်ဘက်ဆောင်မှာ"

"ဒီအပေါ်ထပ်မှာ ညီမလို အလုပ်သမား ဘယ်လောက် များများ ရှိသလဲကွယ်"

"အဲဒါ ကျွန်မ မသိပါဘူး"

ရိုးအပုံရသော ကလေးမလေးထံမှ သည့်ထက်ပို၍ သိမြင်နိုင် ရာအကြောင်း မမြင်မိပါ၍ စကားစကိုရပ်ကာ အခန်းတွင်းသို့ ကျွန်မ ဝင်ခဲ့ရပါသည်၊ အခန်းမှာ ဆယ်ပေ ပေလေးဆယ်ခန့် ရှည်လျား၍ သည်အခန်းတွင်း၌ပင် ရေချိုးခန်း အိမ်သာ ဧည့်ခန်း၊ ဘုရားခန်း သာဆောင်တို့ကို အကွက်ဝင်အောင် စနစ်တကျ ဖွဲ့စည်းထားပါ၏။

ကျွန်မကို လာပို့သော မိန်းကလေးက သူ့တာဝန်ပြီးဆုံးသွား သလို သားရေသေတ္တာနှစ်ခုချပြီးလျှင်ပင် လှည့်ထွက်သွားပါတော့ သည်။ သူ့အထွက်တွင်...ယေး(လ်)သော့တံခါး ကျအောင် ပြန်ပိတ် သွားပါသဖြင့် အခန်းတွင်း၌ အထီးကျန်နေသော ကျွန်မမှာ အားငယ် စိတ်ပင် ဝင်လာမိပါသော်လည်း သည်စိတ်လောက်ကို ဖျောက်ဖျက် နိုင်စွမ်းရှိပါ၏၊ ဒေါ်စိမ်းညိုနှင့်ပတ်သက်၍ ရှေ့ဆက်ရမည့် ခရီးကိုသာ ရင်မှာ စိုးထင့်နေမိပါသည်။

ကျွန်မ၏ကိုယ်တွင် ဝတ်ဆင်ထားသော သိုးမွေးဖြူ အင်္ကျီကြီး ကိုချွတ်ကာ မှန်တင်ခုံရှေ့ရှိ အင်္ကျီချိတ်ရန် ချိတ်တွင် စနစ်တကျ ချိတ်ထားလိုက်ပြီး မြသားရင်ထိုးလေးကိုမူ ဖြုတ်ယူ၍ ကျွန်မ၏ လက်ကိုင်အိတ်တွင်း ထည့်ထားလိုက်ရပါသည်။ သည်အင်္ကျီ၏ အကျီး



www.burmeseclassic.com

www.burmeseclassic.com



ကျေးရူးကြောင့် မြတ်မဟာအတွင်း အိမ်သားတစ်ယောက်သဖွယ် ကျွန်မ ချယ်လှယ်နိုင်ရန် ဝင်ရောက်ခွင့်ရခဲ့ပါပြီ၊ တောင်ပေါ်မြို့၏ ရာသီဥတု သဘာဝအတိုင်း ညဥ့်နက်လေ အေးစိမ့်လေ ဖြစ်တတ်ပါ၍ ညဝတ် အင်္ကျီလက်ရှည်နှင့် ချည်လုံချီကို ကျွန်မ သေတ္တာတွင်းမှ ထုတ်နုတ်၍ လဲလှယ်လိုက်ပြီး အသင့်ပြင်ထားသော ကုတင်ထက်တွင် ပက်လက် လှန် လှဲချလိုက်မိပါတော့သည်။ တစ်နေကုန် ကားစီးလာရသော ဒဏ်ကြောင့် ပြန့်ပြူးစန့်ရန့်စွာ လှဲရပါ၍ များစွာ အပမ်းပြေကာ ကိုယ်ခန္ဓာသက်သာမှုကို ရယူခဲ့နိုင်ပါပြီ။

ကုတင်ပေါ်တွင် လှဲရင်း ဒေါ်စိမ်းညို၏ သွင်ပြင်လက္ခဏာ ဟန်မူရာတို့ကို အသေးစိတ် ပြန်လည်စဉ်းစားနေမိပါသည်။ ဒေါ်စိမ်းညိုမှာ ဒေါ်စိမ်းနွဲ့ထက် ငါးနှစ်ကြီးကြောင်း သိထားပါ၍ ဒေါ်စိမ်းနွဲ့ ကွယ်လွန်စဉ်က အသက် လေးဆယ့်ခုနစ်နှစ်ဟုဆိုပါသည်။ ဒေါ်စိမ်းညိုမှာ ငါးဆယ့်နှစ်နှစ် ဖြစ်ရပါမည်။ သည်အသက်အရွယ် မျိုးမှာ ကျန်းမာသန်စွမ်းသူတစ်ယောက်အဖို့ များစွာ အလုပ်လုပ်နိုင် လှုပ်ရှားနိုင်စွမ်းသေးသည့်အရွယ်မျိုးပါပင်…။

ထိုင်နေသဖြင့် အတိအကျ မမှန်းဆနိုင်သော်လည်း ဒေါ်စိမ်းညို ၏အရပ်မှာ ငါးပေလောက်သာ ရှိမည်ထင်ပါသည်၊ အရပ်နှင့်စာလျှင် ကိုယ်ခန္ဓာမှာ အနည်းငယ် ဝနေပါသည်၊ ကျွန်မတို့ မြန်မာအမျိုးသမီး များ အသက်ကြီးလာလျှင် ဖြစ်လေ့ဖြစ်ထရှိသည့် အတိုင်း ဒေါ်စိမ်းညို မှာ ဗိုက်ပူနေပေသည်။ ခြေအနေအထား လက်အနေအထားတို့မှာ





သွယ်နူးညံ့လှပါသည်။

ဒေါ်စိမ်းညိုမှာ နက်မှောင်သန်မာသော ဆံပင်ပိုင်ရှင်ဖြစ်၍ အဝိုင်း နက်မှောင်အပြားကြီး၊ မျက်ခုံးထူကြီးက သူ၏မျက်နှာကို ထင်းရင်းစေပါသည်။ ဒေါ်စိမ်းညို၏ နှာခေါင်းမှာ မျက်ဝန်းနားတွင် သယောင်ဖြစ်ပြီး နှာခေါင်းထိပ်ဖျားတွင် အတန်ငယ်ကြီးမား ယောင်းနေပါ၏၊ နှုတ်ခမ်းနှင့် သွားအနေအထားတို့က တိကျလှပပါ သော်လည်း သူနှင့်နေရစဉ် အချိန်အတွင်း သူ့အပြုံးကို တစ်ချက်မျှ မြင်ဘူးခဲ့ရပါ၊ နှုတ်ခမ်းအောက်တည့်တည့်တွင် မေးစေ့ကလေးက တက်နေ၍ ပြောင်လက်ခါ ခုံးငယ်လေးသဖွယ် ဖြစ်နေပါသည်။ ကျ်နှာမှာ မျက်နှာဝိုင်းပုံစံမျိုးဖြစ်ပြီး တည်ငြိမ်သော မျက်ဝန်းများ ပေသည်၊ အသားမှာ ဖြူဆွတ်နေသူဖြစ်ပါ၏၊

သူ၏သွင်ဟန်မှာ ဆုံးဖြတ်ပြီးလျှင် မပြင်တော့သည့် ပုံစံမျိုး အခွဲအလန်းကြီးလွန်းသည့် ဟန်မျိုးဟု ကျွန်မ တွေးထင်မိပါသည်။ အင်္ဂါရုပ်လက္ခဏာမှာ သာမာန်အမျိုးသမီးကြီးတစ်ယောက်၏ ပြင်ဟန်မူယာမျိုး ဖြစ်သော်လည်း အထူးခြားဆုံးက သူ့အသံပါပင်၊ အသံမှာ ကြည်လွင်၍ စည်နေပေသည်၊ တစ်ခါကြားဖူးလျှင် မှတ်မိ နိုင်သည့်အသံမျိုးထဲက ဖြစ်ပါ၏။ သည်အိမ်တွင် အရေးအကြီး ဖြစ်သည့် ဒေါ်စိမ်းညို သဘောထားကို အသေအချာ ကျွန်မ မ်းလေ့လာရပါဦးမည်။

ကျွန်မ၏ အတွေးကို တံခါးဆီမှ အသံက ချေဖျက်ပြစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com

ပါသည်… သော့ကို လှည့်ဖွင့်သံ အသေအချာ ကြားရပြီး… တံခါး လက်ကိုင် နီကယ်ရီးလေး လည်သွားပါ၍… လှဲနေရာမှ ကျွန်မ ထထိုင်ကာ… ကျွန်မ၏ ပေါင်အတွင်းဘက်ဆီသို့ လက်ဖြင့် ဖျတ်ခနဲ အုပ်စမ်းလိုက်မိပါသည်။ လွှမ်းခြုံထားသော စောင်ကို လက် တစ်ဖက်ဖြင့် မ,ကာရင်း… ရန်သူကို ရင်ဆိုင်ရန် အသင့်ရှိနေပါပြီ… ကျွန်မ၏ ပေါင်လည်တွင် သားရေအိတ်ကွင်းဖြင့် စီးနှောင်ထားပါ သော အမျိုးသမီးကိုင် ဒသမသုံးနှစ်အော်တိုမစ်တစ် ပစ္စတိုသေနတ် တစ်လက်က အဆင်သင့်ရှိနေပါ၏။ တံခါးဆီသို့ စူးစိုက်သောအာရုံ ဖြင့် ကြည့်နေမိစဉ်… တံခါးက ဖြည်းညှင်း ညင်သာစွာ ပွင့်လာ သံဖြင့်… ကျွန်မ အထူးသတိထားကာ အာရုံစိုက်၍ ကြည့်နေမိစဉ်မှာ ပင်… အခန်းတွင်းဝင်လာသူက အဘွားအိုတစ်ယောက် ဖြစ်နေပြီး…

"ခင်ချစ်ခန့် အဒေါ်ကြီးကို မှတ်မိလား"

"ရှင်"

"အိုဇာလေ"

ကျွန်မတို့ ငယ်စဉ် ပုံပြင်တွင်းမှ စုန်းမကြီး ဒေါ်အိုဇာဆိုသူကို ယခုအရွယ်ကျကာမှ မျက်ဝါးထင်ထင် မြင်နေရပေသည်ဟု ရုတ်ချည်း တွေးလိုက်မိပါသည်…၊ ကျွန်မ မြင်ဖူးသမျှ မိန်းမထဲတွင် သည် ဒေါ်အိုဇာလောက် အရုပ်ဆိုးသူကို တစ်ခါဘူးမှ မတွေ့ရသေးပါချေ…၊ သူက ရင်းနှီးဟန်ဖြင့်ပြုလာ၍ သည်အိမ်၏ အရေးပါအရာရောက်သူ တစ်ဦးဖြစ်ကြောင်း ဒေါ်စိမ်းညိုက ကျွန်မကို ပြောပြခဲ့သော စကားများ





အွင် ပါဝင်ပါသည်။ သည်အတွက် ကျွန်မက ရောချရန်… ကြည်ကြည်လွင်လွင် ပြုံးရင်း…

"မေမေကတော့ အမြဲပြောပြနေတာပါ… ဒါပေမယ့် ကျွန်မ ဒီအိမ်နဲ့ ခွဲခွာတာ ကြာခဲ့တာကတစ်ကြောင်း၊ ကလေးဘဝအရွယ်က မြင်တွေ့ဖူးခဲ့တာ တစ်ကြောင်းကြောင့်၊ ဖြန်းခနဲတော့ ဒေါ်ကြီးကို မှတ်မိတာ ခွင့်လွှတ်ပါနော်"

"ကိစ္စမရှိပါဘူး… ဒေါ်ကြီးက မစိမ်းနွဲ့ကို သိပ်ချစ်တာ… ဒါကြောင့် သူ့သမီးဖြစ်တဲ့ ခင်ချစ်ခန့်ကိုလည်း ဒေါ်ကြီးက… ချစ်ရမှာပဲပေါ့… ဘာမဆိုလိုတာဒေါ်ကြီးကိုပြော ဒေါ်ကြီးက ဒီအိမ် မှာ ဘဏ္ဍာစိုးပဲ"

"ဟုတ်ကဲ့… ဒေါ်ကြီးရယ် စမ်းသာလိုက်တာ… ကျွန်မမှာ သည်း မေမေဆုံးပြီးတည်းက အားငယ်နေရတာပါ"

"မငယ်နဲ့ မငယ်နဲ့ တစ်နေ့ ဒီစည်းစိမ်တွေဟာ ညီးတို့ နှစ်ယောက်ပဲ ရရမှာပဲမှတ်လား"

သူ့စကားကို ကျွန်မ လိုက်လံထောက်ခံပါလျှင် တပ်မက်ရာ ကျမှာစိုးပါ၍ ပြုံး၍သာနေလိုက်ရပါသည်။ ဒေါ်အိုဇာမှာ ပုလွှန်းသော အရုပ်နှင့် အသားအရည်မှာ ရိုတွဲကာ တစ်ကိုယ်လုံးအနှံ့ မှည့်ခြောက် များက တွဲရွဲရှိနေပါ၍ မသဲဒီစရာကောင်းလှပါသည်။ ပုရှသည့်အသွင် သက်ပြင်ကကိုင်းနေပါ၍ ကျွန်မ၏ ဂျိုင်းအောက်လောက်သာ အရပ်ကရှိပေမည်၊ သူ့မျက်နှာမှာ အကဲခတ်နိုင်စရာပင် မရှိပါ၍



www.burmeseclassic.com

www.burmeseclassic.com

သူ့အသက်အရွယ်ကို မမှန်းဆဟတ်ပါ ဒေါ်စိမ်းညိုတို့ထက် ကြီးကောင်းကြီးလိမ့်မည်ဖြစ်ကြောင်းသာ သိမှတ်ရပါသည်။

သူ့အသက်အရွယ်နှင့် သူ့လှုပ်ရှားပုံက မလိုက်လောက်အောင်ပင် ဒေါ်အိုဇာက သွက်လက်လှပါသည်။ သူက သည်အိမ်၏ စည်းကမ်းဇယားများကို ကျွန်မအား ပြသပြီး မကြာမီမှာပင် ကျွန်မကို သည်အခန်းသို့လိုက်ပို့သော အိမ်ဖော်မိန်းကလေးက ညစာစားပွဲကို ပြင်ဆင်ယူလာပြီး ထမင်းစား စားပွဲတွင် ပြင်ဆင်ပေးနေပါသည်။ စိုးကြောက်ရွံ့ ထိတ်ရသောစိတ်ကြောင့် ညနေစာ မစားရသေးကြောင်း ကျွန်မ ယခုမှ သတိရပါတော့သည်။

"မအေးမိ ဟင်းချိုရေပူရဲ့လား ရာသီကအေးလာပြီ"

"ဟုတ်ကဲ့ နွေးထားပါတယ် ဒေါ်ကြီး"

ဒေါ်အိုဇာကို အရွယ်အစားအားလုံးက ဒေါ်ကြီးဟု သုံးနှုန်းကြဟန်ရှိပါသည်။ မအေးမိက ပြန်ထွက်သွားပြီး တံခါးကို စေ့သွားမှ ကျွန်မ တံခါးအကြောင်း စဉ်းစားမိလာသည်နှင့်⋯

"ဒီအခန်းသော့က ဒေါ်ကြီးဆီမှာ အမြဲရှိနေမှာလား ကျွန်မ ဝင်ချင် ထွက်ချင်တော့ ဘယ့်နဲ့လုပ်ပါ့မလဲ၊ ဟင်"

"အပြင်လည်း အချိန်နဲ့ပဲ လည်ရမှာပဲ၊ တခြားအချိန်တွေမှာတော့ ဒီအခန်းထဲမှာ အပြည့်အစုံရှိနေသားပဲ ဘယ်ထွက်ဖို့ လိုမှာလဲ"

"ဒီစည်းကမ်းချက်မှာပါတဲ့ ညနေလေးနာရီက ခြောက်နာရီအထိ ကျွန်မသွားလိုရာ သွားလာလည်ပတ်နိုင်တယ်ဆိုတာက လွဲရင် ဒီအခန်းထဲမှာပဲ အမြဲနေရမယ့်လို့ ဆိုလိုတာလားဟင် ဒေါ်ကြီး"

"ဒီလောက်ကြီး အမိန့်သဘောမျိုး ထုတ်ထားတာမှုတ်ပါဘူး အောက်ထပ်က ဟိုတယ်ဆိုတော့ လူသိပ်ရှုပ်တယ်မှုတ်လား၊ ဒေါ်ကြီးတို့လို အဘွားကြီးတောင် တစ်လနေလို့ တစ်ခါမဆင်းမိဘူး၊ မိန်းကလေးတို့အရွယ်ဆိုတော့ ဆင်ခြင်သင့်တယ်ပေါ့ ဒါလောက်ပါ၊ အပေါ်ထပ်မှာ ပန်းခြံလည်းရှိတာပဲ၊ ဒီလေးထပ်ပေါ်မှာတော့ လွတ်လွတ်လပ်လပ် နေနိုင်သွားနိုင်ပါတယ် ခင်ချစ်ခန့်"

"ဒါနဲ့ သော့ကိစ္စ ပြောပါဦး"

"ဟောဒီမှာ ခင်ချစ်ခန့်အတွက် သော့တစ်ချောင်း ကျန့်တစ်ချောင်းကတော့ မစိမ်းညို လက်ထဲမှာပဲ ရှိနေမယ်⋯ သဘောက ဒီအခန်းကို မစိမ်းညိုအပြင် ဘယ်သူမှ ဝင်လို့မရဘူးဆိုပါတော့"

သည်စည်းကမ်းကိုမူ ကျွန်မမှာ ဘဝင်မကျနိုင်အောင် ရှိရပါသည်။ ကျွန်မ၏အခန်းတွင်းသို့ ဒေါ်စိမ်းညို အချိန်မရွေး ဝင်နိုင်ထွက်နိုင်မည် ဆိုခြင်းအတွက် ကျွန်မမှာ မလွတ်လပ်လှပါ⋯၊ ကျွန်မ၏ အစီအစဉ်တွင် နှောင့်ယှက်နိုင်စရာ အကြောင်းရှိနိုင်ပါသည်။ သို့သော်လည်း ကျွန်မအနေနှင့် စောဒကတက်သင့်သော အချိန်မျိုး မဟုတ်သေးပ ၍ အသာသာ ငြိမ်နေလိုက်ရပါသည်။

ဒေါ်အိုဇာက⋯ ကျွန်မကို ရင်းနှီးလိုဟန်ဖြင့် ပြောကြားသော စကားများကို⋯ ကျွန်မမှာ အလိုက်အထိုက်သာ ပြန်ဖြေနေရပါသည်။ ဒေါ်အိုဇာမှာ ကျွန်မအတွက်⋯ ဆိုးကျိုးကို ပေးစွမ်းနိုင်မည့်သူလား







www.burmeseclassic.com

www.burmeseclassic.com

ကောင်းကျိုးကို ပေးစွမ်းနိုင်မည့်သူလား ဆိုသည်များကို ကျွန်မအနေနှင့် တိကျစွာ မသိနိုင်ခဲ့သေးပါချေ။

ဒေါ်အိုဇာ ကျွန်မအခန်းမှ ထွက်သွားချိန်မှာ ညရှစ်နာရီ ကျော်ပေပြီ။ ပေးသွားသော စည်းကမ်းချက် စာရွက်မှာ... ကျွန်မ အတွက် သီးသန့်ရေးထားဟန် ရှိပါသည်။ အမျိုးသားတစ်ဦး၏ လက်ရေးပါပင်...။ နံနက် ၆ နာရီတွင် လက်ဖက်ရည်ပွဲလာပို့ရန် တံခါးအသင့်ဖွင့်ထားရမည်... နံနက် ၁၁ နာရီကို ထမင်းလာပို့ပါ မည်... နေ့လည်စာကို ၂ နာရီတွင် ပို့ပေးမည်ဖြစ်ပြီး နံနက် ၆ နာရီ မှ ညနေ ၄ နာရီအတွင်း အိမ်အပေါ်ထပ်၌ပင် ကြိုက်သလို သွားလာ လှုပ်ရှားနိုင်သည်...စာကြည့်ခန်း၊ တူရိယာခန်း၊ အားကစားခန်းတို့၌... ကြိုက်သလို အသုံးပြုနိုင်ပြီး... ညနေ ၆ နာရီတိတိတွင် ထမင်းစား ခန်းမ၌ မိသားစု လက်ဆုံစားမည်။ ထမင်းပွဲအမီ အရောက်လာရ ပေမည်၊ အိပ်ချိန်တွင် တစ်စုံတစ်ရာအနှောင့်အယှက် ပေးတော့မည် မဟုတ်ပါဟူသော စာတမ်းရှည်ကြီးကို ကျွန်မဖတ်ပြီး နံရံတွင်ပင် ချိတ်ဆွဲထားလိုက်ရပါတော့သည်။

ပြတင်းတံခါးအနှံ့ အသေအချာ၊ ဂျက်ချပိတ်ပြီး... တံခါးမကြီး ကို အပြင်မှ မဖွင့်နိုင်ရန် အကြံညာဏ် ထုတ်ရပါသည်။ ယေး(လ်)သော့ အိမ်အထွက်တွင် အတွင်းမှ သော့ခတ်နိုင်ရန် မျောက်လက်ကွင်း ရှိနေပါသော်လည်း သော့ခလောက်မရှိပါ၊ ကြံရာမရသည့်အဆုံး... ပြတင်းတစ်ခုမှ ကန့်လန့်ကာသွင်းထားသော တုတ်ကိုဖြုတ်ယူကာ





သော့ပေါက်မှကလန့်ပြီး သွင်းထားလိုက်ရပါတော့သည်...၊ အပြင်မှ ဖွင့်ပါလျှင် အလွယ်တကူ မဖွင့်နိုင်သည့်အပြင်၊ ကျွန်မ ကြားသာရန် တီးထားလိုက်ရပါသည်။ ဖုံးရာဘာ မွေ့ယာပေါ်တွင် ခရီးပန်းသည့် အော်ဖြင့် ကုလားသေကုလားမော အိပ်ပျော်မသွားရန် သတိနှင့်ယှဉ်ကာ အနားယူ အိပ်စက်လိုက်ရပါတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

အခန်း ။ ၃ ။

စိမ်းညိုသော တောင်တန်းတို့က စခမ်းကြီးမြို့ ဝန်းကျင်တွင် နေရာအနှံ့ တည်ရှိနေပါ၏။ လူနေအိမ်ခြေများကလည်း… တညီတည်း တပြေးတည်း ရှိမနေကြပါပဲ… မြေ၏အနေအထားအလိုက် တည် ဆောက်ထားရခြင်းဖြစ်ပါ၍ ချိုင့်ဝှမ်းတောင်ထွဋ် တောင်စောင်းနှင့် ဆင်ခြေလျှော-မြေပြန့်များတွင် အဆင်ပြေသလို ဆောက်လုပ်ထားရ ပါ၏… သစ်ပင်အုပ်လေးများကြားမှ မီးခိုးခေါင်းတိုင်ပါသော အိမ်လေးများကို ဟိုတစ်ခု၊ သည်တစ်ခု မြင်တွေ့နေရပါသည်… တစ်မြို့လုံးကို ပန်းနှင့် ဖုံးလွှမ်းထားမတတ်ပင်၊ နှင်းဆီ၊ ဒေလီယာ-ဂန္ဓမာ-သစ်ခွမျိုးစုံ စသည့် ပန်းတို့က နေရာအနှံ့ လန်းဆန်းနေကြ ပါသည်။

နေအိမ်ဝန်းကျင်ကို လှပသပ်ယပ်စွာ ဖန်တီးထားကြပါသော စခမ်းကြီးမြို့သူ မြို့သားတိုင်းကပင်… မြတ်မဟာကို ချီးမွမ်း ထောပဏာ ပြုကြရလေသည်။ သည်မြို့တွင် မြတ်မဟာစံအိမ် တည်ရှိ





နေခဲ့ခြင်းအတွက် သူတို့ဂုဏ်ယူ ဝင့်ကြွားကြဟန် ရှိပေသည်။ ယခု မြတ်မဟာကို တည်းခိုရိပ်သာအဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ခြင်းကြောင့် ခေမ်းကြီးမြို့မှာ ပိုမိုစည်ကားလာရပေသည်ဟု အားလုံးက လက်ခံ ယုံကြည်ကြပေသည်…။ သည်စခမ်းကြီးမြို့၏ တန်ခိုးကြီး ဘုရားပုထိုး ပြတိုက်များနှင့်အတူ… စခမ်းကြီးမြို့၏ အံ့ချီးဘွယ်ရာ တစ်ပါးအပါ အဝင်ဖြစ်သော မြတ်မဟာ၏ ခြံဝင်းကိုက တစ်မိုင်ပတ်လည်မျှ ကျယ်ဝန်းပေသည်။ နောက်ပိုင်းတွင်… ထင်းရှူးပင်… လိမ္မော်ပင်… တို့ကိုသာ ခြံရှင်း၍ စိုက်ထားပြီး…မြတ်မဟာ၏ ပေတစ်ရာတစ်ဝိုက် လောက်တွင် လှပသော ပန်းမျိုးစုံတို့စီရရီ ဖူးပွင့်နေကြပေသည်။ ဒေလီယာပန်းအဖြူနှင့် နှင်းဆီပန်းနှရောင်ကို နီးကပ်စွာ တွဲဖက်စိုက်ပျိုး ထား၍လည်းကောင်း၊ ပိုမိုပေါ်လွင်စွာ လှပနေကြပါသည်။

မတူညီသော အရောင်အသွေးတို့ ရှောတွေးစိုက်ပျိုးထားခြင်း ဖြင့် မြင်ရသူတို့ စိတ်ဝင်စားအောင် ဖန်တီးထားခြင်းနှင့်တူနေပါသည်။ မြတ်မဟာ၏ ဝန်းကျင်သည် ဆီဆေးရောင်စုံတို့ ဖြန့်ပက်ကျဲထားသည့် ပန်းချီကားတစ်ချပ်နှယ်သာ…။

"မြတ်မဟာမှာ လာရောက်တည်းခိုနေတဲ့ ဧည့်သည်တော့ မဟုတ်ဘူးထင်ပါတယ်နော်… အနောက်ဘက်က ဆင်းလာတာ မြင်လို့"

"သြော် ဟုတ်ကဲ့… ကြီးကြီးစိမ်းတို့ရဲ့ ဧည့်သည်ပဲဆိုပါ တော့လေ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို စကားစလာသောသူကို အသံထွက်လာမှ မြင်မိပါသည်။ သူက စာအုပ်ကို ကိုင်ထားသော လက်တဘက်ကို နောက်ပစ်လိုက်ပြီး ကိုယ်ကို ကိုင်းညွှတ်ကာ လေးစားဟန်ဖြင့် မိတ်ဖွဲ့ရှာပါသည်။ သူ့ပုံက… ဖြူဖြူသွယ်သွယ်နှင့်…ဖြောင့်မတ်ရှည်လျားသော အရပ်တို့ဖြင့် ဖွဲ့စည်းထားပါသည်။ ချွန်မြသော နှာတံပေါ်ပြား၍ ခပ်လျားလျား နှုတ်ခမ်းနှင့် မျက်ခုံးကောင်းကောင်း နဖူးကျဉ်းသော်လည်း မဟာနဖူးနှစ်ဘက်က တက်နေပေသည်။ သူ့မျက်ဝန်းက ဝိုင်းစက်နေပါသော်လည်း မကြည်လင်သလိုပင် မှုန်မှေး၍ အတွေးတို့ဝင်နေကြောင်း မြင်သာပါသည်။ သွယ်လျသော သူ့လက်ချောင်းလေးများကြောင့်လည်း သူသည်… အတတ်ပညာရှင်နှင့် အစိုးရအရာရှိပိုင်တို့က ဖြစ်ဟန်မတူပါ…၊ အနုပညာသမား လေလားပင်။

"ဒီမြတ်မဟာမှာ ကြာဦးမှာလားခင်ဗျာ"

"ကြာဦးမှာပါ…"

"ဪ… ကျွန်တော်လည်း ဒီမှာ အတော်ကြာပါလိမ့်ဦးမယ်၊ ပြည်မက လာသူလို့ထင်လို့ ကျွန်တော်မိတ်ဖွဲ့မိတာ မနှစ်သက်ရင် ခွင့်လွှတ်ပါခင်ဗျာ၊ ကျွန်တော့်အနေနဲ့က ဒီမြို့မှာ မိတ်ဆွေတစ်ယောက်တလေမှ မရှိပါဘူး"

ရိုးသားပွင့်လင်းစွာ ကမ်းလှမ်းလာသောသူ၏ မိတ်ဆက်စကားကို ကျွန်မများစွာ နှစ်မြို့က်သွားမိပါသည် ကျွန်မကိုယ်တိုင်ကလည်း မိတ်ဆွေမဲ့၊ စကားပြောဖော်မဲ့ဖြင့် စက်ရုပ်လို လှုပ်ရှားနေရခြင်းကို





စိတ်ပျက်နေသည့်အချိန် ဖြစ်နေပါသည်။ ကျွန်မလာရင်းကိစ္စကလည်း တစ်ကိုယ်တည်းနေခြင်းထက် များများလှေ့လာနိုင်ပါမှ မြတ်မဟာ၏ သတင်းစုံကို နှိုက်ယူနိုင်လိမ့်မည်ဖြစ်ပါ၍ ကျွန်မထိုင်နေသော ခုံတန်းရှည်လေးတစ်ဖက်စွန်းသို့ တိုးထိုင်လိုက်ရင်း…

"ထိုင်ပါ… ကျွန်မကလည်း ဒီကလိုပါပဲလေ… စခမ်းကြီးမှာ မိတ်ဆွေတစ်ယောက်တလေမှ မရှိပါဘူး၊ ကျွန်မတို့ချင်း ရင်းနှီးကြရင်လည်း ယိုင်းပင်းနိုင်ကြတာပေါ့၊ ကျွန်မနာမည် ခင်ချစ်ခန့်ပါ"

"ဟာ အင်မတန် မှတ်မိနိုင်စရာကောင်းတဲ့ နာမည်ပါပဲ ခင်ဗျာ၊ ကျွန်တော်ကတော့ မြင့်နွယ်ပါ"

"ဒါဆို လက်ထဲမှာ ကိုင်ထားတဲ့ စာအုပ်ကိုပြုစုတဲ့ စာရေးဆရာပဲ ထင်ပါတယ်နော်"

"အကွက်ဖမ်းပုံတော်လိုက်တာ မခင်ချစ်ခန့်ရယ်၊ ဒီစာအုပ်ကို ကျွန်တော် မှောက်ထားတာပဲ၊ ချက်ချင်းကြီး မသိစေချင်တဲ့ သဘောပါ"

"ခုကိုင်ထားတဲ့ ရမ္မက်ဇောဆိုတဲ့ စာအုပ်ကို ကျွန်မဖတ်ပြီးပါပြီလေ၊ ဒါကြောင့် နောက်ကျောက ကြော်ငြာကို မြင်တာနဲ့ သိတာပေါ့… ဒီစာအုပ်ကို ကျွန်မကြိုက်ပါတယ်၊ ရေးဟန်ရေးဇာတ်ကွက်များပုံပါ ပီပြင်ပါပေတယ်၊ ကိုမြင့်နွယ်လို နိုင်ငံကျော်စာရေးဆရာတစ်ယောက်နဲ့ သိကျွမ်းခွင့်ရတာ ကျွန်မ ဂုဏ်ယူပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မခင်ချစ်ခန့် ပြောသလို နိုင်ငံကျော်စာရေးဆရာဆိုတဲ့ ဘွဲ့ထူးကို ရယူနိုင်ဖို့ ကျွန်တော် အများကြီး ကြိုးစားရဦးမှာပါ ခင်ဗျာ၊ အချိန်လည်း အတော်ပဲ ယူရဦးမှာပါ၊ ကျွန်တော် ကြိုးစားနေဆဲပါ မခင်ချစ်ခန့်၊ ကိုယ့်စာပေကို လေ့လာဖူးသူ နှစ်သက်လက်ခံဖူးသူ တစ်ယောက်ရဲ့ ချီးမွမ်းမှုကို ခံယူရရှိတဲ့အချိန်မျိုးဟာ စာရေးဆရာ တစ်ယောက်ရဲ့ အားသစ်လောင်းချိန်ပါ"

"ဟုတ်မှာပေါ့လေ… စာပေလေ့လာသူနဲ့ ပြုစုသူဟာ လက်ချင်းတွဲဆက်နေကြသူချင်းကိုး…ဒါနဲ့ ကိုမြင့်နွယ် ဒီမြတ်မဟာ ရောက်တာ ကြာပလား"

"တစ်ပတ်ပဲ ရှိပါသေးတယ်၊ ကျွန်တော် အနည်းဆုံး တစ်လလောက်တော့ နေမယ်လို့ စိတ်ကူးထားပါတယ်၊ ကျွန်တော့်ရဲ့ စာတစ်အုပ် ပြုစုပြီးတဲ့အချိန်အထိဆိုတော့ ခန့်မှန်းလို့ မရနိုင်ဘူးပေါ့လေ ဒါနဲ့ မခင်ချစ်ခန့်ကရော ဘယ်လောက်များ ကြာဦးမှာလဲဟင်"

"ကြာဆို ကျွန်မအသက်နဲ့အမျှ ဖြစ်ချင်ဖြစ်သွားမှာပါရှင် အဖမဲ့တဲ့ ကျွန်မဟာ မကြာခင်ကပဲ မေမေသေဆုံးသွားခဲ့ပါပြီ၊ ဆွေမျိုး ဉာတိ တစ်ယောက်တလေမှမရှိတဲ့ ကျွန်မအဖို့ ကျွန်မရဲ့ ကြီးတော် အရင်းဖြစ်တဲ့ ကြီးကြီးစိမ်းဆီမှာ ခိုလှုံနေထိုင်ဖို့ လာခဲ့ရတာပါ"

"အစတုန်းက ဘယ်မှာနေလဲဟင် ကျောင်းရော ပြီးပြီလား အလုပ်ဝင်နေတာလား"

"စည်ပင်သာကပါ၊ ကျွန်မ ဆရာမလုပ်ပါတယ် ကိုမြင့်နွယ် ကျွန်မ ဝိဇ္ဇာတန်း အောင်ပြီးခဲ့ပါပြီ၊ ခုတော့ တစ်ယောက်တည်းနေလို့ ကောင့်တယ်တာနဲ့ အလုပ်လည်း အပြီးထွက်လာခဲ့တာပါ"

"ကျွန်တော်လည်း စည်ပင်သာကပါပဲ ဒါပေမယ့် ကျယ်ဝန်းလွန်းတဲ့ မြို့တော်ဆိုတော့ တစ်ယောက်နဲ့တစ်ယောက် မသိနိုင်ခဲ့ကြဘူးပေါ့လေ၊ ကောင်းပါတယ်၊ ဒီမှာလာနေတာ မခင်ချစ်ခန့်အတွက် ဦး အဆင်ပြေမှာပါ၊ ဒေါ်စိမ်းညိုကလည်း သိပ်ပြီး ချမ်းသာတာပဲနော်။ ဒီခမ်းကြီးတစ်မြို့လုံး သူ့အချမ်းသာဆုံးပဲ"

"သူ့ရဲ့ စည်းစိမ်ဥစ္စာကို ရယူပိုင်ဆိုင်နိုင်ဖို့ မျှော်ကိုးပြီး လာနေတာ မဟုတ်ရပါဘူး ကိုမြင့်နွယ်ရယ်"

"ဟာ… ကျွန်တော် ဒီလိုမရည်ရွယ်ပါဘူးခင်ဗျာ၊ ကျွန်တော့်စကားက ဒီသဘောမျိုး သက်ရောက်သွားတယ်ဆိုရင် ခွင့်လွှတ်စေချင်ပါတယ်"

"ကိစ္စမရှိပါဘူး ကိုမြင့်နွယ်၊ ကျွန်မစကားကို အကျကောက်ပြီး စိတ်မဆိုးတတ်ပါဘူး ဒါနဲ့ ကိုမြင့်နွယ်အလုပ်က စာရေးတာသက်သက်ပဲလား"

"ဟုတ်ပါတယ်ခင်ဗျာ ဒါကို ဝါသနာဝါလွန်းလို့ ဒီအလုပ်ပဲ ဆက်ချလုပ်မယ်လို့ ရည်ရွယ်ထားပါတယ်၊ အခုလည်း အင်မတန် ကျော်ကြားတဲ့ မြတ်မဟာအကြောင်းကို အသေအချာ လေ့လာရင်း အေးအေးဆေးဆေး အနားယူပြီး စာရေးမလို့ပါ။ မခင်ချစ်ခန့်ဟာ မြတ်မဟာရဲ့ အနွယ်ဝင်မို့ ဒီရာဇဝင်ကိုတော့ ပြောပြနိုင်တန်ကောင်းပါ







www.burmeseclassic.com

www.burmeseclassic.com

ရဲ့နော်၊ ကြည့်ပါဦးဗျာ ဆောက်ထားလိုက်တာ တခမ်းတနားပဲ ဒါ ဘယ်နှနှစ် လောက်တောင် ရှိနေပြီလဲဟင်''

''ဒီလိုပါ ကိုမြင့်နွယ် ကျွန်မအနေနဲ့က မြတ်မဟာအနွယ်ဝင် တကဲ့သွေးသားရင်းတစ်ယောက် ဖြစ်နေပေမယ့် ကျွန်မဟာ မြတ်မဟာနဲ့ အလှမ်းကွာနေခဲ့ရပါတယ်၊ မြတ်မဟာကို ရှစ်နှစ်သမီးလောက်က တစ်ခေါက်ရောက်ဖူးပြီး နောက်တစ်ခေါက် အခုရောက်ရတာပါပဲ ကျွန်မ ဒီရောက်တာလည်း သုံးရက်ပဲရှိပါသေးတယ် ကိုမြင့်နွယ် ကျွန်မဘဝမှာ ခုလိုမိတ်ဆွေမဲ့ တစ်ယောက်တည်းအဖြစ်နဲ့ တစ်ခါမှ မနေခဲ့ဖူးတော့ နေရတာ ပျင်းလိုက်တာရှင် ပြန်ပြေးချင်စိတ်တောင် ပေါက်မိပါတယ်''

''ဒီလိုဆို ကျွန်တော့်ကို မိတ်ဆွေရင်းတစ်ယောက်အဖြစ် အသိ အမှတ်ပြုပါလို့ ဖိတ်ခေါ်ပါရစေ၊ ဒီညနေခင်းမှာ ကျွန်တော်ကိုယ်တိုင် လည်း ကြည်နူးမိပါတယ်၊ မခင်ချစ်ခန့် လိုအပ်တာလည်း ကျွန်တော် ကူညီပါရစေလား''

''ကျေးဇူးတင်ပါတယ် ကိုမြင့်နွယ်... ကျွန်မဘက်ကလည်း ဒီလိုပဲ ပြောပါရစေလား၊ ကျွန်မလည်း ကိုမြင့်နွယ်နဲ့ တွေ့ရတာ တကယ့် ဝမ်းသာပါတယ်၊ ကျွန်မဘက်က လိုအပ်တာရှိရင်လည်း ပြောပါ၊ တတ်နိုင်တာမျိုးဆိုရင် ကူညီပါ့မယ်''

''အားမနာတမ်းပြောရမယ်ဆိုရင်တော့ မြတ်မဟာအကြောင်း ကို သိချင်နေတာ ကြာခဲ့ပါပြီ... ကျွန်တော် မေးဖြစ်သလောက်





ဘယ်သူမှ တိတိကျကျ မသိကြပါဘူး၊ ကျွန်တော်ကလည်း စိတ်ဝင် စားမိရင် မသိရမချင်း မကျေနပ် တတ်တဲ့ ဝါသနာရှိနေလို့ပါ''

''ဒီလိုပါကိုမြင့်နွယ်... ဒီမြတ်မဟာဟာ ကြီးကျယ်ခမ်းနား ခန့်လို့သာ ကျော်ကြားနေတာပါ၊ မှတ်တမ်းတင်လောက်အောင်တော့ အဆန်းတကျယ် ရှိမနေပါဘူး''

''ဟုတ်ပါပြီလေ... ဒါကို ဘယ်သူကစ, ပိုင်ဆိုင်တယ်ဆိုတာ နဲ့ ဘယ်ပုံဘယ်နည်း တည်ဆောက်ခဲ့ရတယ်ဆိုတာမျိုးတွေလောက် အကြမ်းဖျင်းတော့ သိမှာပေါ့နော်''

''ဒီမြတ်မဟာဟာ ကျွန်မရဲ့အဘိုး ဦးမြတ်ဘော် ပိုင်ဆိုင်ခဲ့ ပါတယ်... ကျွန်မရဲ့ အဘိုးဟာ ချမ်းသာတဲ့ ဆွေစဉ်မျိုးဆက်က ဆင်းသက်လာသူ မဟုတ်ပါဘူး... သူကိုယ်တိုင် တစ်ဆင့်ချင်း ကြိုးစားယူလို့ အမြင့်ကို ရောက်လာသူပါ... ဒီနယ်တစ်ဝိုက်မှာ မြေတွေ ယာ စိုက်ပျိုးခင်းတွေလုပ်စေပြီး သပျစ်၊ ပန်းသီး၊ လိုင်ကျိူ၊ သစ်တော်၊ လကာကအစ အောင်အောင်မြင်မြင် ဖြစ်ထွန်းလာတော့ စက်ရုံ တည်ဆောက် စည်သွပ်ဘူးတွေအထိ ထုတ်လုပ်ပြီး နိုင်ငံခြားနဲ့ ဆက်သွယ်နိုင်ခဲ့ပါတယ်။ တဘက်ကလည်း မွေးမြူရေးလုပ်ပြီး နို့ဆီ၊ ထောပတ်ကအစ နွားမွေးမြူရေးကိုလုပ်ပါတယ်။ ပြီးတော့ စခမ်းကြီး နှင့်ချုပ်စပ်က တောင်ခြေတွေမှာ မြေတွေဝယ်ပြီး ကျောက်တူးတဲ့ လုပ်ငန်းတွေလုပ်ရင်း စနစ်တကျနဲ့ ကြိုးစားလုပ်ကိုင်နိုင်တာကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ဒီပြည်နယ်တစ်ခုလုံး အချမ်းသာဆုံး သူဌေးဦးမြတ်ဘော်အဖြစ် ကျော်ကြားလာခဲ့တာပါပဲ''

''ဒီအကြောင်းအရာတွေဟာ ကျွန်တော်တို့ မမွေးခင်က အဖြစ်အပျက်တွေပေါ့နော်… မခင်ချစ်ခန့်''

''ဟုတ်ပါတယ် ကိုမြင့်နွယ် ဦးမြတ်ဘော်ဟာ သူရဲ့ ကုန်သွယ်ရေးလုပ်ငန်းကြောင့် ကမ္ဘာအရပ်ရပ်ကို လှည့်လည်ခဲ့ရင်းက အတော်သစ်ကလွဲရင် တံခါးဂျက်ကအစ နိုင်ငံခြားကမှာယူပြီး ဒီမြတ်မဟာကိုတည်ဆောက်ခဲ့တာပါ၊ ကျွန်မရဲ့အဘိုးဟာ အိမ်ကို အင်မတန်ခင်တယ်လို့ ဆိုပါတယ်။ အစားအသောက်ကအစ လမ်းမှာ ဝယ်စားလေ့မရှိဘူး အလုပ်ချိန်ကလွဲရင် အိမ်မှာပဲ နေလေ့ရှိပြီး သူ့ဇနီး ဒေါ်မြနု့ကိုလည်း သိပ်ြ်ုး ခင်တွယ်မြတ်နိုးရှာတာပဲတဲ့''

''ဒါ ကျွန်တော်တို့ယောကျ်ားတွေရဲ့ အကြီးမားဆုံးအရည်အချင်းပါ မခင်ချစ်ခန့်၊ တော်ရုံတန်ရုံလူဟာ ချမ်းသာခြင်းဒဏ်ကို မခံနိုင်ကြဘူး… ပျက်စီးကြစမြဲပါ''

''ဟင်း… ဟင်း ဒါတော့ ကျွန်မ မသိဘူးရှင်၊ ဒီလိုနဲ့ နိုင်ငံခြားက ပစ္စည်းတွေရောက်ပြီး ပြည့်စုံမှ ဆောက်တာတောင် သုံးနှစ်လေးလကြာတယ်တဲ့… ဘိုးဘိုးတို့ မိသားစုက အလယ်ထပ်မှာနေပြီး အပေါ်ထပ်ကို ဧည့်ဆောင်အတွက် အောက်ထပ်ကို ကျွေးမွေးဧည့်ခံဖို့အတွက် သတ်မှတ်ပြီး နေလာခဲ့ကြတယ်တဲ့''

''ဦးမြတ်ဘော်တို့ မိသားစုက အတော်များသလားဟင်''





''ဟင့်အင်း… သမီးနှစ်ယောက်တည်းပါ၊ အားလုံး မိသားစုလေးယောက်တည်းရှိပါတယ်၊ ဒါပေမယ့် သမီးနှစ်ယောက်က ညီအစ်မချင်းက သိပ်မတည့်ကြဘဲ ငယ်ငယ်တည်းက တကျက်ကျက်ပါဘဲတဲ့လေ၊ ဒီလိုနေလာကြရင်း… တောင်ပြင်မြို့က ဒိတ်ဒိတ်ကျဲသူဌေးသားတစ်ယောက်နဲ့သမီးကြီး ခုကြီးကြီးစိမ်းကို အိမ်ထောင်ချပေးတယ်တဲ့၊ ကြီးကြီးစိမ်းရဲ့သားကြီး ကိုမြတ်ဦးဆိုတာ မွေးဖွားပြီးစမှာပဲဘွားဘွားဒေါ်မြနု သေဆုံးသွားတယ်လို့ သိရတယ်။ ဒေါ်စိမ်းနွဲ့ဆိုတဲ့ကျွန်မရဲ့မေမေဟာ ခေတ်ပညာ ခုနစ်တန်းသာအောင်ပြီး ရိုးသားတဲ့ဒွဲ့ခံ ဘိုးဘိုးရဲ့ခြံက စာရေးတစ်ယောက်နဲ့ လိုက်ပြေးသွားလို့ ဘိုးဘိုးက သိပ်စိတ်နာပြီး_မခေါ်တော့ဘဲ နေလာခဲ့တယ်''

''ဒီလိုဆို ခင်ချစ်ခန့်မေမေဟာ သနားစရာပါလားနော်''

''ဘွားဘွားရှိရင် ဒီလိုမဖြစ်ဘူးပေါ့၊ ဒါပေမယ့် ဘိုးဘိုးဟာ သနားစိတ်ဝင်လာတယ်ထင်ပါရဲ့ ကျွန်မကိုယ်ဝန်ရတဲ့အချိန်မှာ ပြန်ခေါ်ထားတယ်လို့ ဆိုပါတယ်။ ဒီလိုနေရင်း ကြီးကြီးစိမ်းရဲ့ ပျောက်ဆုံးနေတဲ့မြလက်ကောက်ဟာ ကျွန်မဖေဖေရဲ့ အိတ်ထဲမှာ တွေ့ရတဲ့ကိစ္စနဲ့စတ်သက်ပြီး ပဋိပက္ခအကြီးအကျယ် ဖြစ်ခဲ့ကြတယ်။ ကြီးကြီးစိမ်းတို့လင်မယားက ဖေဖေကို သူခိုးစွပ်စွဲတယ်၊ ဖေဖေက တမင်လုပ်ထားကြောင်း အကျောက်အကန်ငြင်းဆန်ခဲ့တယ်။ ဖေဖေ့အကျင့်သိက္ခာကိုသိပြီးဖြစ်တဲ့ မေမေဟာ လင်ဘက်ကလိုက်ပြီး အိမ်ပေါ်က အပြီးတိုင်ဆင်းခဲ့တယ်တဲ့၊ ဒါပေမယ့် ကျွန်မရှစ်နှစ်သမီးအရွယ်မှာ ဘိုးဘိုးသိပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

မကျန်းမာနေကြောင်းကြားတော့ ကျွန်မနဲ့မေမေ ဟောဒီမြတ်မဟာစံအိမ်ကြီးကို ရောက်ခဲ့ကြသေးတယ်၊ ဒီမှာ သုံးရက်သာနေပြီး ဘိုးဘိုးပေးတဲ့ ငွေတစ်ပြားတစ်ချပ်ကိုမှ မယူဘဲ မြတ်မဟာက အပြီးတိုင် ထွက်ခွာခဲ့ပါတယ်။ နောက်တော့ ဘိုးဘိုးဆုံးကြောင်း သိရပေမယ့် အိမ်ကသာ ငိုတယ်။ မသွားတော့တာ မေမေသေတဲ့နေ့အထိပါပဲ ကျွန်မ တက္ကသိုလ်ရောက်တဲ့နှစ်မှာ ဖေဖေဆုံးခဲ့ပါတယ်။ မေမေကတော့ ဆုံးတာ ငါးလလောက်ပဲရှိပါသေးတယ် ကိုမြင့်နွယ်''

''တကယ်တော့ ဦးမြတ်ဘော် ဘာမှသေတမ်းစာ ရေးမထားခဲ့ဘူးဆိုရင် ဒေါ်စိမ်းနွဲ့အနေနဲ့ အမွေတစ်ဝက် ဆိုင်ထိုက်တာပေါ့ဗျာ''

''ဒါပေမယ့် ဘိုးဘိုးမသေခင်က အမွေပြတ်စွန့်လွှတ်ခဲ့ပြီးပြီပဲရှင်၊ ခုလို ကျွန်မကို ပြန်ခေါ်တာပဲ ကျေးဇူးတင်ရပါဦးမယ်''

''ဟုတ်တာပေါ့လေ… ဒီဟိုတယ်မှာ တည်းခိုတဲ့ လူတွေဟာ ဒေါ်စိမ်းညိုကို မမြင်ဘူးတဲ့လူ အတော်များကြပါတယ်၊ သူဟာ သူ့သားကြီး အသတ်ခံရပြီးမှ ဘယ်မှမသွားမလာတော့ဘူးလို့လည်း သိရပါတယ်။ လင်ယောကျ်ားကလည်း သေဆုံးသွားပြီးပြီမို့… သားငယ်တစ်ယောက်နဲ့ သူသာ ကျန်နေရာမှာ သွေးရင်းဖြစ်တဲ့ မခင်ချစ်ခန့်ကို ခေါ်ယူတာ သဘာဝကျလှပါတယ်ဗျာ''

''မှန်ပါတယ် ကိုမြင့်နွယ်… မာနကြီးတယ်လို့ သတင်းကြီးနေတဲ့ ကြီးကြီးစိမ်းဟာ သူ့သားကြီးဆုံးပြီးမှ နောင်တတွေရနေဟန်ရှိပါတယ်''





''ဒါနဲ့ ဒီမြတ်မဟာစံအိမ်ကို တည်းခိုရိပ်သာအဖြစ် ပြောင်းလဲ ာ ကြာပြီလားမသိဘူး''

''ရှစ်နှစ်ကျော်ပဲ ရှိပါသေးတယ်။ ဒီအိမ် သက်တမ်းက အနှစ် ုံးဆယ်ကျော် ရှိနေပေမယ့် အားလုံး အခိုင်အခန့်အတိုင်းပဲ နေသေးတာပဲ… လုပ်ငန်းအချို့ကို ပြည်သူ့ပိုင်အသိမ်းခံရတဲ့ ကြီးကြီးစိမ်းဟာ အကြံရပြီး မြတ်မဟာကို အခန်းတွေဖွဲ့စည်း၊ ုံးထပ်ပေါ်မှာ အထပ်တစ်ဝက် ထပ်တင်ပြီး သူတို့နေဖို့ ဖန်တီး ားပါတယ်… ကျန်သုံးထပ်လုံး စီးပွားရေးအတွက် အသုံးပြုထားလို့ ွားလည်း သိပ်ဖြစ်ထွန်းဟန်ရှိပါတယ်''

''အေးဗျာ… ညအိပ်နားရမယ့် စခမ်းကြီးမြို့ မှာ တည်းခို ိပ်သာဖွင့်တာ သိပ်ပြီး အဆင်ပြေသွားတာပေါ့ သိပ်လှတဲ့ မြို့မို့ ာပြီး အပန်းဖြေတဲ့သူတွေလည်း ကြာရှည်နေနိုင်တာပေါ့လေ… ာ ကျွန်တော်တို့လိုပေါ့''

ကိုမြင့်နွယ်နှင့် ရှည်လျား ကြာညောင်းစွာ စကားတဝကြီး ပြီးမှ ကျွန်မသတိရသလို နာရီကိုကြည့်လိုက်မိရာ ခြောက်နာရီ ်ရန် ဆယ်မိနစ်သာလိုပါတော့၍…

''ကျွန်မ အပေါ် ပြန်တက်တော့မယ်နော်၊ ကိုမြင့်နွယ် ာင်းစားချိန် နီးနေပြီ''

''ကောင်းပါပြီ မခင်ချစ်ခန့်ရယ်၊ ဒီနေ့ဟာ ကျွန်တော်အဖို့ ခမ်းကြီးမြို့ရဲ့ အသာယာဆုံးနေ့ပါပဲ… နောက်နေ့တွေလည်း



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် တွေ့ခွင့်ရပါရစေလားနော်… တချိန်ချိန်မှာလည်း ကျွန်တော် နဲ့ ထမင်းအတူစားဖို့ တစ်ခါတည်း ဖိတ်လိုက်ပါရစေ… မခင်ချစ်ခန့် ခွင့်ပေးနိုင်မယ့် နေ့တစ်နေ့ပေါ့လေ''

''တစ်အိမ်တည်းလို နေနေကြတာပဲ… တွေ့နိုင်ကြဦးမှာပါ ကိုမြင့်နွယ်၊ ထမင်းအတူစားဖို့ဆိုတာတော့ လက်မခံပါရစေနဲ့လား ကျွန်မက အိမ်ရှင်လို့ သတ်မှတ်ရင်လည်း ရနေလို့ပါ၊ ကဲ… ကျွန်မ ကို ခွင့်ပြုပါဦးနော် ကိုမြင့်နွယ်''

ကျွန်မတစ်သက်တွင် ယောကျာ်းတစ်ယောက်နှင့် သည်မျှ ရှည်လျားစွာ စကားပြောနေမိခြင်းမှာ ယခုအကြိမ် ပထမဆုံးဖြစ်ပါ သည်။ သည်ရောက်ပြီး သုံးရက်လုံးလုံး စကားပြောဖော်မရှိခဲ့သမျှ အတိုးချပြောလိုက်ရသည်ပမာပင်၊ အချိန်အတိအကျ လုပ်လေ့လုပ်ထ ရှိသူကိုမှ အထင်ကြီးသည်ဟုပြောသော ဒေါ်စိမ်းညို၏ ထမင်းစား သို့ ဝင်နိုင်ရန် ကျွန်မအခန်းသို့ပြန်ရန် အချိန်မရတော့ပေ။

သည်နေ့သည် ပိုမိုအရေးကြီးသောနေ့ ဖြစ်နေပါကြောင်း ကျွန် ယခုမှ သတိရလာပါတော့သည်။ ကျွန်မရောက်သည်မှ ယခုအချိန်ထိ ကျွန်မ၏ အစ်ကိုဝမ်းကွဲ တစ်နည်းအားဖြင့် ခင်ပွန်းလောင်း ''ကိုဖြေ နှောင်း''နှင့် ယနေ့တွင်မှ ဆုံဆည်းရပါမည်၊ ကျွန်မရောက်သည့်ရက် က သူခရီးထွက်နေပြီး ယနေ့နံနက်မှ ပြန်ရောက်လာပြီဖြစ်ကြောင်း ညနေစာ ထမင်းဝိုင်းတွင် ကျွန်မနှင့် ဆုံကြမည်ဖြစ်ကြောင်း ဒေါ်အို ပြောကြားထားသောစကားများကို လှေကားမှ တက်လာရင်း ကျွန်





ပြန်သတိရလာမိပါတော့သည်။ ဦးလွန်းတင်ထံ၌ သော့တောင်း၍ နေတော့ပါဘဲ နောက်ဖေး ကြောင်လိမ်လှေကားမှ အပြေးတစ်ဝက် ဖြင့် တက်လာပြီး နောက်ဖေးတံခါးကို ခေါက်လိုက်ရပါသည်။ ဆားပြတင်းမှ မအေးမိက လှမ်းကြည့်လိုက်ပြီး ကျွန်မမှန်းသိမှ တံခါးကို ဖွင့်ပေးပါတော့သည်။

ကျွန်မမှာ အရာရာတွင် နှေးကွေးမှုကို မကြိုက်ပါ၊ အစဉ် လျှင်မြန်ဖျတ်လတ်စွာ လှုပ်ရှားနေရသည်ကို နှစ်သက်ပါသည်၊ ကိုစွ တစ်ခုကို ဒွိဟစိတ်ဖြင့် သံသယဝင်ခဲ့ပါသည်။ မြန်မြန်ဆန်ဆန် စဉ်းစား ဆုံးဖြတ်ကာ အမြန်ပင် လုပ်ဆောင်တတ်ခဲ့ပါသည်။ ဝေခွဲမရနိုင်ဘဲ ကြန့်ကြာစွာ စဉ်းစားနေတတ်သည့်စိတ်ကို မုန်းပါသည်။

ကျွန်မဉာဉ်အတိုင်း လျှင်မြန်ဖျတ်လတ်စွာ တက်လာပြီးကာမှ ဧည့်ခန်းအရောက်တွင် နှန်းလျှော့လိုက်ပါသည်။ ဆရာမပီပီ ခင်ချစ်ခန့် က သိမ်မွေ့စွာ လှုပ်ရှားတတ်ကြောင်း သတိထားမိကာမှ ဆတ်ကော့ သတ်ကော့ မဝင်မိရန် ကိုယ်ရှိန်သပ်၍ မျက်နှာသေလေးနှင့်ပင် ထမင်းစားခန်းသို့ တန်းဝင်သွားရပါသည်။

ထမင်း ခန်းတွင် ကြီးကြီးစိမ်းက စားပွဲထိပ်မှထိုင်နေရင်း ကျွန်မဝင်သည်ကိုမြင်လျှင်ပင် သူ၏ လက်ျာဘက်နံရံတွင် ချိပ်ဆွဲထား သော လျှပ်စစ်နာရီကို တစ်ချက်မော့ကြည့်လိုက်ရသဖြင့် ကျွန်မပါ မော၍ ကြည့်လိုက်မိရာ ကံအားလျော်စွာပင် ၆ နာရီတိုက်ဖြစ်နေပါ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ကြီးကြီးစိမ်းက ကြေနပ်သောအသွင်ဖြင့် တစ်ချက်ခေါင်းညိတ်ပြကာ သူ၏လက်ဝဲဘက်ရှိ ကုလားထိုင်ဆီသို့ လက်ကိုဆန့်တန်းပြပါသည်။ ကျွန်မကို ကြေနပ်သည့်သဘော နေရာထိုင်ခင်းပေးသည့်သဘောပါပင်။

ကြီးကြီးစိမ်းက သူ့မျက်နှာမူရာ အခန်းထိပ်ဝဆီသို့ လှမ်းကြည့်ရင်း နှုတ်ခမ်းထောင့်စွန်းလေး တွန့်သွားရုံသာ ပြုံးလိုက်ပါသဖြင့် ကျွန်မပါ အခန်းဝဘက်သို့ ချက်ချင်း လှည့်ကြည့်လိုက်မိသည့်အခါ…

"ကြီးကြီးစိမ်းရဲ့သား ကိုမြတ်နှောင်းဆိုတာ သူပါပဲလား"

ဟူသော အတွေးဖြင့် ကျွန်မသူ့ကို အသေအချာ ရဲတင်းစွာပင် အကဲခတ်ကြည့်လိုက်မိပါသည်။ မြန်မာအမျိုးသားတို့၏ သာမာန်အရပ်မျိုးဖြစ်သည့် ငါးပေကျော်ကျော်မျှသော အရပ်နှင့် ကိုယ်ခန္ဓာကတောင့်တင်းတည့်မတ်လှပါသည်။ နဖူးကျဉ်း၍ ဆံပင်ကောင်းသည်။ နက်မှောင်သော မျက်ခုံးမွေးတို့ကို ကွေးညွှတ်မနေပါဘဲ အရင်းတုတ်၍ အဖျားရှူးကာ ဖြောင့်တန်းစွာ တည်ရှိနေပြီး ရှည်လျားသောမျက်ဝန်းများနှင့် မျဉ်းပြိုင်လို သွယ်တန်းနေပေသည်။ နှာတံကအထူးပေါ်လွင်လှပြီး နှုတ်ခမ်းထူထူ မေးရိုးကားကားနှင့် အသားကညိုပေသည်။ သူ့မိခင်လိုပင် ပြုံးရန်ဝန်လေးသော မျက်နှာတည်မျိုးဖြစ်ဟန်တူပါသည်။ သူ့အတွင်း စိတ်ရင်းကို မှန်းဆနိုင်စွမ်း မရှိသေးသော်လည်း… သူ့မျက်နှာထားမျိုးက… အပေါင်းအသင်း လန့်စေနိုင်





ပါသည်… မျက်နှာမြင် ချစ်ခင်ပါစေဆိုသောဆုမျိုး တောင်းခဲ့ဟန်မတူပါ။

"ကိုမြတ်နှောင်း…ဒါ ခင်ချစ်ခန့်ပဲ"

ကြီးကြီးစိမ်းက ကျွန်မဘက် မေးငေါ့ပြရင်း သူ့သားကို "ကို"တပ်၍ ခေါ်လိုက်ပါသည်။ ကိုမြတ်နှောင်းက… ကျွန်မ၏မျက်နှာ ကိုယ်နေဟန်ထားမှစပြီး အသေးစိတ်လေ့လာသလို အကဲခတ်ပြီး…

"ငယ်ရုပ်နဲ့တော့ မတူဘူးနော်၊ ဓာတ်ပုံထဲကနဲ့ ဘာမှမဆိုင်ဘူး၊ ခု သိပ်လှနေပါလား"

သူ့စကားကြောင့် ရင်၌ပင် ထိတ်ပြာမိရပါပြီ၊ ကျွန်မကို အကဲများ ခတ်မိလေပြီလားဟူသော အတွေးဖြင့် ရင်မှာ ပူလာရပါပြီ၊ လို စောစီးစွာ သူ့ကို သိရှိသွားပါလျှင် ကျွန်မတို့၏ မဟာအစီအစဉ်ကြီး ပျက်ရပါတော့မည်။ မျှော်လင့်ခြင်းကြီးစွာ လွှတ်လိုက်ရှာသော ကျွန်မဆရာများ၏ မျက်နှာကို ပြေး၍မြင်လိုက်မိပါသည်။

မတိုင်းတာနိုင်လောက်အောင် လျှင်မြန်လွန်းပါသော စိတ်၏ နှုန်းအတိုင်း တခဏချင်း ကျွန်မတွေးတောလိုက်မိစဉ်…

"ကလေးဘဝတော့ ထည့်မပြောပါနဲ့ ဓာတ်ပုံထဲတုန်းကတော့ (န)အိပ်(ချ)မို့ မျက်နှာက သိပ်ပြည့်နေတာပါ၊ ဒါပေမယ့် ခန့်ရဲ့ မျက်ခုံးပေါ်က မှည့်ကြီးကတော့ ငယ်ငယ်ကအတိုင်း နေတာပဲကွဲ"



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်စိမ်းညို၏စကားကြောင့် သူတို့မသိနိုင်အောင် သက်ပြင်း တစ်ခုကို တိတ်တခိုး ချလိုက်ရပါသည်။ ခင်ချစ်ခန့်နှင့် တိုက်ဆိုင် အောင် မှည့်ကြီးတစ်လုံးပါလာခြင်းအတွက် သည်မှည့်ကို ရွေး ထားချင်လောက်အောင်မင် ကျွန်မ ကျေးဇူးတင်ရပါပြီ။ ခင်ချစ်ခန့် အမှတ်နှင့် အထုပ်လာပေးသူများကလည်း သည်မှည့်ကိုကြည့်၍ ကျွန်မကို ခင်ချစ်ခန့်အဖြစ် အလွယ်တကူ ကောက်ချက်ချသွားကြ ပုံရ၏။

''အေးလေ··· ဘာပဲဖြစ်ဖြစ် မြတ်မဟာရဲ့ အနွယ်ဝင် သုံးယောက်သာ ကျန်တော့တဲ့အချိန်မှာ ခုလို စည်းလုံးမိတာ အကောင်း ဆုံးပါပဲ''

''ဟုတ်ကဲ့···အစ်ကို''

မောင်နှမ တစ်ဝမ်းကွဲဆိုသော အသိတို့ ရင်၌ရှိနေပါကြောင်း ဖော်ပြလိုပါ၍ ကျွန်မကစ၍ အစ်ကိုဟု ခေါ်လိုက်ရပါသည်။ ကိုမြတ်နောင်သည်လည်း ကျွန်မထက် လေးနှစ်ခန့်ကြီးသူ ဖြစ်ပါ၍ ကျွန်မနှင့် သွေးတစ်စက်မျှ မစပ်ပါသော်လည်း မြန်မာတို့၏ ဂါရဝအတိုင်း အစ်ကိုဟု ခေါ်လိုက်ပါ၏။ ကျွန်မ၏စကား ကိုမြတ်နောင်းက ကြည်နူးသွားမိသည်ထင်သည်။

''အေး···ခုလိုရောက်လာတာ အစ်ကို တကယ်ပဲ ဝမ်းသာ ပါတယ်ညီမ၊ မေမေ့အတွက်လည်း အဖော်ရတာပေါ့လေ မြတ်မဟာ





ရဲ့ အမွေ ဒုက္ခကိုလည်း ညီမအနေနဲ့ မျှဝေခံစားပါ၊ အစ်ကိုတို့မိသားစု အတွက် ညီမလာခြင်းဟာ ကောင်းသောလာခြင်း ဖြစ်စေချင်တာ တစ်ခုပါပဲ''

ကျွန်မ၏ မကောင်းသောလာခြင်းကြောင့် ကိုမြတ်နောင်း၏ စကားကို မကြားလိုပါ၊ မကြားရက်မိပါ၊ သို့သော်လည်း ဖြစ်လာမှ အောင်ပြေစေရန် ဖန်တီးရတော့မည် ဖြစ်ပါ၍···

''စိတ်ချပါအစ်ကို··· ကျွန်မကြိုးစားပါ့မယ်''

ထမင်းစားပွဲစ,ပါလေပြီ ဒေါ်အိုဇာနှင့် မအေးမိတို့က ထမင်းဝိုင်း အနား အသင့်ရပ်ပြီး လိုအပ်သည်များကို ဖြည့်တင်းရန် စောင့်ဆိုင်း နေကြပေသည်။ သူတို့ရပ်စောင့်နေရခြင်းကို ကျွန်မစိတ်၌ အားနာ သလိုလိုပါပင်။

''ဟင်းတွေ ထည့်စားလေ ခင်ချစ်ခန့် မင်းအနေနဲ့ ကြိုက်တဲ့ ဟင်းမကြိုက်တဲ့ဟင်းတွေရှိရင် ဒေါ်အိုဇာကို ပြောနိုင်တယ်''

''ဟုတ်ကဲ့ကြီးကြီးစိမ်း···၊ ကျွန်မ ဘာမဆို စားနိုင်ပါတယ်''

''ကြီးကြီးစိမ်းက ကိစ္စတစ်ခုလုပ်ဖို့ ရည်ရွယ်ထားရင် ပြီးပြတ်မှ စိတ်အေးတတ်တယ်ကွဲ့··· ဒီတော့ မင်းတို့မောင်နှမချင်းလည်း ရင်းနှီးကြပါ၊ ဆန္ဒရှိတာတွေလည်း ငါ့ပြောကြပေါ့''

''ဘာကိုလဲမေမေ''

''မင်းတို့လက်ထပ်ဖို့ကိစ္စလေ''

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ခေါင်းငုံ့ပစ်လိုက်ရပါသည်။ တယူသန် ကြီးကြီးစိမ်း[illegible] မြန်မာဆန်ဆန် အစီအစဉ်လုပ်လိုက်ပါလျှင် ခက်ရပေရော့မည်[illegible] ကျွန်မအနေနှင့် ဝင်မပြောသင့်၍သာ ငြိမ်နေရပါသော်လည်း…

"ဒါတော့… မလေးနဲ့မေမေ… သူလည်း ဒီမှာအမြဲနေ[illegible] ပြောင်းတောင်လာပြီပဲ… ကျွန်တော့်ကိစ္စ ကျွန်တော့်ပြဿနာ[illegible] လည်း မပြီးပြတ်သေးဘူး၊ ကျွန်တော် အချိန်ယူချင်သေးတယ်"

ကိုမြတ်နှောင်း၏ စကားကြောင့် ကျွန်မ တအားတက်ခါ[illegible]

"ကျွန်မအနေနဲ့လည်း ဒီလိုပဲ ရှိပါတယ်ကြီးကြီးစိမ်း၊ မေ[illegible] ဆုံးတာ မကြာသေးတော့ စိတ်ကလည်း မကောင်းလှသေးဘူး[illegible] ဒါကြောင့် ဒီကိစ္စကို ခဏမေ့ထားပါရစေလား ကြီးကြီးစိမ်းရယ် ကျွ[illegible] ကြီးကြီးစိမ်းရဲ့ အုပ်ချုပ်မှုအောက်မှာပဲ အမြဲရှိနေရမှာပါ"

"ကောင်းပြီလေ ဒါတော့ ဖြည်းဖြည်းစဉ်းစားကြသေးတာ[illegible] ငါကတော့ ဖေဖေ့စကားအတိုင်း ဆောင်ရွက်ပေးဖို့ ဝတ္တရားရှိလို့[illegible] ပြောရတာပါ"

စကားစ,က ရပ်သွားကာ ထမင်းကိုသာ ငုံ့စားနေကြပါသ[illegible] ခါတိုင်းနေ့ထက် ဟင်းလျာက ပိုမိုစုံလင်လှပါသည်။ အသားချ[illegible] သုံးမျိုး… ငါးနှင့် အသီးအရွက် ဟင်းတို့ကလည်း ပါသေးသ[illegible] သည်ဝိုင်းစ,ကာစကာလက… မပြေမလည်ဖြစ်ရတော့မလို၊ အ[illegible] အနေ တင်းမာတော့မလိုနှင့်- ပြီးပြတ်ပြေလည်သွားခြင်းအတ[illegible]





[illegible]ယ်များစွာ အနေချောင်သွားမိပါသည်။ ထမင်းလည်း စားမြိန်[illegible]

ဒေါ်စိမ်းညိုသည်… ကြက်သားအသဲအမြစ်နှင့် မှို၊ ကြာခံ[illegible]ပန်း စသည်တို့ကို ဘယ်လိုရောစပ်၍ ချက်ထားသည် မသိ[illegible]ရှိလှသော ဟင်းရည် သောက်လိုက်ရင်း… ဒေါ်အိုဇာကို [illegible]ကြည့်ကာ-

"ဒီဟင်း- ဟိုပွဲရုံထဲမှာ ပါရဲ့လား ဒေါ်အိုဇာ"

"ပါ ပါတယ် မစိမ်းညို"

သူတို့ စကားက သည်မျှနှင့် ရပ်တန့်သွားပါတော့သည်။ [illegible]ကြီးစိမ်းတို့ မပြီးမီပင် ကျွန်မ ထမင်းကို လက်စသပ်လိုက်[illegible]သည်။ ကျွန်မထမင်းစားလည်း မြန်လှပါသည်။ စားမပြီးသေး[illegible] သူတို့နှင့် ခဏသာ ရောနှော စကားပြောပြီး… သူတို့ထံ[illegible]၍ ကျွန်မအခန်းသို့ ပြန်ခဲ့ပါတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၄

ကျွန်မထံ ညဦးစာ စားစရာပစ္စည်းများ လာမို့အ
ကိုးနာရီခန့်တွင် ကျွန်မ အခန်းရှေ့မှ ဖြတ်လျှောက်သွားသေ
ညင်သာသည့် ခြေသံကို အချိန်မှန် ကြားနေရပါသည်။ ပထမတွ
အမှတ်မထင် နေလာခဲ့မိပါသော်လည်း ယနေ့ညတွင်မူ သိချင်စိ
စူးစမ်းလိုစိတ်ဖြင့် ဘယ်သူတွေ ဘယ်ဆီသို့သွားသည်ကို ကျွ
ချောင်းကြည့်ရန် အပေါက်ရှာပါသော်လည်း တစ်နေရာမှ လစ်
သည်ကို မတွေ့ရပါ၊ သွားသူတို့ မပြန်လာမီ ကျွန်မ အထူးကြိုး
ရှာဖွေရာ နောက်ဆုံးအခန်း၏ အပေါ်ထိပ်တွင်လေဝင်ရန် မှန်တံ
အရှင်တပ်ထားသည်ကို တွေ့လိုက်ရပါ၍ အပေါ်နေရာရောက်
ထရံ၏ဆင့်များမှ ခက်ခဲစွာ တွယ်တက်ပြီး မှန်တံခါး၏အလယ်
သံချောင်းကို မြဲမြဲစွာဆုပ်ကိုင်ရင်း စောင့်ဆိုင်းနေရပါသည်။





လက်အံသေလုမတတ် တန်းလန်းတွယ်ရပ်ထားရပါ၍
လျှာရန့်ပင် ကြံလိုက်သည့်အခါမှ ခပ်ဝေးဝေးဆီမှ အသံသဲ့သဲ့ကို
ကြားလာရပါသည်။ ကျွန်မ အားတက်ကာ အသေအချာ မှန်ကြားမှ
ကာ်၍ ကြည့်နေမိပါသည်။ ကျွန်မအခန်းတွင်း မီးပိတ်ပြီး ဖြစ်ပါ၍
ကျွန်မကို မမြင်သာပါ၊ ဝေးဝေးဆီမှ လျှောက်လာသော ဖိနပ်သံသဲ့သဲ့
သည် တဖြည်းဖြည်း နီးလာပါချေပြီ။

သူတို့လာသော စင်္ကြံလမ်းကို ကျွန်မ အစက သတိမထား
မိပါ၊ ကျွန်မ၏ ပျော့ကွက်ပါပင်၊ သည်လမ်းတလျှောက် အပေါ်နေရာ
ထားနေရာတို့မှ မီးများထွန်းထားခြင်းမရှိပါ၍ ဘာကိုမှ သဲကွဲစွာ
မြင်ရပါချေ၊ ၆ ပေ ၇ ပေ ကြားလောက်တွင်သာ အောက်ခြေပိုင်း
ဆောင့်နေရာလေးများတွင် မှန်အိမ်လေးအတွင်းမှ မီးသီးနီလေးများက
ထင်းလက်နေကြောင်း ကျွန်မ ယခုမှ သတိထားမိပါတော့သည်၊
သည်လမ်းသို့ သွားလာသူတို့ ခြေချသည့်နေရာလောက်သာ မြင်နိုင်ရန်
စီစဉ်ထားခြင်းဖြစ်ပါ၏။

ကျွန်မနားသို့ မရောက်ခင် အောက်ခြေပိုင်းကို မြင်ရစဉ်ကပင်
အမျိုးသမီးနှစ်ဦးဖြစ်ကြောင်း ထဘီနားများကို မြင်ရ၍ သိသာပါသည်။
ညင်သာ၍မှန်ကန်သော ခြေလှမ်းများဖြင့် ကျွန်မရှေ့မှ ဖြတ်သန်း
သွားကြပါသည်။ နှစ်ယောက်လုံး ကျွန်မအခန်းအလွန် အသယ်
အကွေ့တွင် ပျောက်ကွယ်သွားကြပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့လွန်သွားလျှင်ပင် အောက်ခြေပိုင်းမှ မီးသီးလေးများလည်း ငြိမ်းသွားကာ အမှောင်ဖြင့်သာ အားလုံးကို လွှမ်းခြုံသွားပါတော့သည်။ ကျွန်မအခန်း၌လည်း မီးမရှိပါ၍ အထူးသတိထားကာ ဆင်းလာခဲ့ရပါတော့သည်။ လက်တွင် ပေရေနေသော ဖုံများကို သုတ်ခါ၍ အကြောင်းရင်းကို စဉ်းစားရပါသည်။

သည်အိမ်တွင် မအေးမိနှင့် ဒေါ်အိုဇာသာ ညအိပ်အလုပ်သမားများ ရှိကြပါသည်။ ကျန်သောအိမ်ဖော် ကလေးမလေးနှစ်ယောက်မှာ နံနက် ၆ နာရီမှ ည ၆ နာရီသာ အလုပ်ဆင်းကြရပေသည်။ သည့်အတွက် အပေါ်ထပ်တွင် မိန်းမသားလေးယောက်နှင့် ကိုမြတ်နှောင်းတစ်ယောက်သာ ရှိပေသည်။ ခုန ကျွန်မတွေ့ရသော မိန်းမသားနှစ်ယောက်မှာ ဒေါ်အိုဇာနှင့် မအေးမိတို့သာ ဖြစ်နိုင်စရာရှိပါသည်။ သူတို့ ညစဉ် အချိန်မှန် သွားကြသည်ကို ကျွန်မ သိလိုလှပါ၏။ သိရန်လည်း စုံစမ်းရပါဦးမည်။

တဘက်ခန်းဆီမှ အသံသဲ့သဲ့လေး ကြားလိုက်ရပါသဖြင့် ကျွန်မအမြန်ထ၍ ထရံနှင့်နားကို ကပ်ထားပြီး နားထောင်မိရာ ညင်သာစွာတံခါးပိတ်သံ၊ ကန့်လန့်ထိုးသံတို့ကို ကြားရပြီး ဘာသံမျှ ထပ်မကြားရတော့အောင်… ငြိမ်သက်တိတ်ဆိတ်သွားပါသဖြင့် ကျွန်မ အိပ်ရာသို့ပြန်ကာ စဉ်းစားရပါသည်။ ကျွန်မအခန်းရှေ့မှ ဖြတ်လျှောက်သွားသော မိန်းမနှစ်ယောက်အနက် တစ်ယောက်မှာ ဒေါ်အိုဇာဖြစ်ကြောင်း





သေချာပါပြီ။ သည်အကြောင်းကို ပထမဆုံးပေါ်ရန် စုံစမ်းပါဦးမည်။ ကျွန်မ၏အတွေးအမြင်များကို ဖြတ်ကာ… တံခါးများကို အသေအချာပိတ်ပြီးမှ သတိနှင့် ကျွန်မ အိပ်လိုက်မိပါတော့သည်။

❖ ❖ ❖

"ဒါ…ကိုကို့နှမပဲ- နုထွေး၊ ခင်ချစ်ခန့်တဲ့"

"နုထွေး သိပြီးပါပြီ ကိုကိုနှောင်း"

"ကျွန်မရောက်တဲ့နေ့ကပဲ အပေါ်ထပ်ထိ သူလိုက်ပို့ရှာတာပါ အခန်းကို၊ တကယ်လှတဲ့ မျက်နှာလေးပါပဲကွယ်၊ မမခန့် မြင်မြင်ချင်းခင်မိပါတယ်"

ကျွန်မ၏စကားကို သဘောတွေ့သွားပါကြောင်း မနုထွေးမျက်ဝန်းများက ဖော်ပြနေသော်လည်း အပြုံးဖြင့် မတုန့်ပြန်ပါချေ။ ကိုမြတ်နှောင်းရှေ့တွင် သူ့အလှကို ချီးမွမ်းခြင်းခံရသဖြင့် ဂုဏ်ယူမိပုံရပါသည်။ ချီးမွမ်းသော ကျွန်မကို မကြည့်ဘဲ အစ်ကိုမြတ်နှောင်းအားလှုန်းစားစား စိုက်ကြည့်နေပါသော မနုထွေး၏ မျက်ဝန်းမှ အောက်တွင်း၌ နှလုံးသားဆီသို့တိုင် မြင်နိုင်စွမ်း ရှိခဲ့ပါပြီ…



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုနှောင်း ဒီတစ်ပတ် ပြန်လာနိုင်မယ် မှတ်လားဟင်"

"အခြေအနေအရပဲ နုထွေး၊ ကိုကို့ အမိဋ္ဌာန်ပြည့်ခါနီးပါပြီ"

"ကိုကို့ရဲ့ သမထအလုပ်ကလည်း ပြီးတော့မယ်၊ ပြီးတော့မယ် ဆိုတာပဲ ကြာလှပြီ၊ နုထွေးတို့ကတော့ မပြောသာတဲ့လူပါလေ၊ ကိုကိုတို့ရဲ့ အလုပ်သမားပါ၊ ကိုကိုနှောင်းတို့ဆန္ဒအတိုင်း လုပ်ဆောင်ပေးရမယ့်သူပါရှင်"

"တော်စမ်း နုထွေးရာ၊ ငါသွားစရာ ရှိသေးတယ်၊ အဲဒီက တို့ညီမနဲ့ စကားပြော နေရစ်ပါဦး။ သူသွားလိုရာရှိရင်လည်း ဒီပတ်ဝန်းကျင်တစ်ဝိုက် နုထွေးပဲ လိုက်ပို့ပေးလိုက်ပါ၊ ကဲ··· ကိုကို သွားမယ်"

ခြံဝင်း၏ လက်ျာဘက် မြတ်မဟာ၏ ခေါင်းရင်းပိုင် ကားဂိုထောင်ရှိရာ ပန်းခြံလေးအတွင်း ကျွန်မတို့သုံးယောက် ဆုံမိခြင်း ဖြစ်ပါသည်။ ဆုံသည် ဆိုရာ၌လည်း ကိုမြတ်နှောင်း ဆင်းကာ တွင် ကျွန်မ ပျင်းလှပါ၍ မိန်းမဖော် အသိတစ်ယောက်ယောက်နှင့် မိတ်ဆက်ပေးပါရန် ခွင့်ပန်၍ သူနှင့်အတူ အောက်ထပ်သို့ ဆင်းလာ နိုင်ခွင့် ရခဲ့ပါသည်။ ကျွန်မစကားက အမှတ်မထင် ပြောမိခြင်းမဟုတ် ပါ၊ တမင်အကွက်ဆင်ခြင်းသာ ဖြစ်ပါသည်။ ညနေစောင်းစက ကားဂိုထောင်အနီးရှိ ပန်းခြံတွင် မနုထွေး မယောင်မလည်ရပ်ရင်း အထက်သို့ အခါခါ မျှော်ကြည့်နေပါကြောင်း ကျွန်မ စကြံ လမ်းမှ လှမ်းကြည့်၍ မြင်ရပြီးပါလေပြီ။ ကျွန်မကို လိုလားဟန်မပြသော





နုထွေးကို ကျွန်မ ပူးပေါင်းလိုပါသည်။ သူ ကျွန်မကို မလိုလားရခြင်း အကြောင်းရင်းကို ကျွန်မ သေချာယနစွာ သိလိုလှပါသည်။

ယခုမူ မနုထွေး ကျွန်မကို မလိုလားရခြင်းအကြောင်းရင်းကို တွေ့မိပါပြီ··· ကျွန်မမှာ ကိုမြတ်နှောင်းနှင့် လက်ထပ်ရန် ရောက်လာသူဖြစ်နေသောကြောင့်ပါပင်၊ မနုထွေးသည် ကိုမြတ်နှောင်းကို ချစ်ခင်စွဲလန်း တမ်းတမျှော်မှန်းနေသော မိန်းကလေးပင်တကား။

"ကိုမြတ်နှောင်းကတောင် မနုထွေးအကြောင်း စောစောက ပြောနေသေးတယ်"

"ဟုတ်လား··· ဘာပြောလဲဟင်"

ကျွန်မ မုသားသုံးလိုက်ရပါပြီ၊ သူ စိတ်ဝင်စားမည့်စကားကို ပေးပါမှ ကျွန်မစကားကို သူလက်ခံလိမ့်မည်။ ကျွန်မထင်သည့် အတိုင်း အကွက်ဝင်လာခဲ့ပါပြီ၊ မနုထွေးက ကျွန်မဘက်လှည့်ကာ စိတ်ဝင်စားခြင်းကြီးစွာဖြင့် မေးရာချေသည်။ မနုထွေးသည် ငယ်ရွယ် နုပျိုပြီ··· စွဲမိစွဲရာ စွဲတတ်သည့်အပြင် အဆင်ခြင်တရားလည်း နည်းဟန်ရှိပါ၏၊ ကျွန်မက အတတ်နိုင်ဆုံး ပြုံးကာ···

"အကြောင်းထူးတော့ မဟုတ်လှပါဘူး ညီမရယ်၊ မနုထွေး က ရုပ်လှသလောက် သဘောကောင်းတယ် ခင်မင်တတ်တယ် ··· နဲ့ ရင်းရင်းနှီးနှီးရှိနေစေချင်တဲ့သဘောနဲ့ မိတ်ဆက်ပေးမယ်ဆိုပြီး ··· တော်ကိုခေါ်လာခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းစက်သော မျက်နှာလေးနှင့် ကျွန်မကို ငေးကြည့်နေရှာ
သည်။ မနုထွေးသည် ကျွန်မနှင့် ကြာရှည်စွာ စကားပြောလိုဟ
မရှိသော်လည်း… ကျွန်မ စကားကြောင့် သူလှည့်ပြန်ရန် ခက်နေဟ
ရှိပါသည်။ ကျွန်မနှင့် ခင်မင်စွာ ဆက်ဆံစေလိုသည်ဟူသော
ကိုမြတ်နှောင်း၏ ဆန္ဒကိုလည်း မဆန့်ကျင်လိုကြောင်း ပေါ်လွင်
ပါသည်။ ကျွန်မကပင် စတင်၍…

"မနုထွေးတို့က မိစုံဖစုံဆိုတော့ ကံကောင်းတယ်
မမခန့်ကတော့ မိဘမဲ့မို့ အရာရာမှာ သိမ်ငယ်နေရတယ်ကွယ်"

"သူဌေးတွေကများ… မညည်းပါနဲ့ရှင်… နုထွေးလည်း
မအေမရှိပါဘူး"

"သြော်… ဖြစ်ရလေကွယ်… ဆုံးတာကြာပြီလား"

"မနှစ်ကပါ… အသတ်ခံရတာပါ၊ ဟော…ဒီမြတ်မဟာ
အပြန်လမ်းမှာပေါ့၊ ဓားနဲ့ ထိုးခံရတာပါ"

"အို ကျွတ်-ကျွတ် ဖြစ်မှဖြစ်ရလေ… ဘယ်သူတွေ
ထိုးတာလဲ"

"မသိပါဘူး၊ ခုထိလည်း မမိပါဘူး၊ ဒီမြတ်မဟာမှာ ဒီ
လူသတ်မှုတွေ ခဏခဏဖြစ်တာပဲ…ဒါတွေ မဆန်းပါဘူး… ဒီ
အဖွဲ့ကလည်း အလကားပါ"

မနုထွေး၏ စကားများက… လူသတ်မှုများကို စိတ်ဝင်စား
မရပါ၊ နာကျည်းနေဟန် ရှိပါ၏၊ တရားဥပဒေနှင့် အုပ်ချုပ်ရေး





ကိုလည်း အထင်ကြီးဟန်မတူတော့ပါ… ကျွန်မ စိတ်ဝင်စားသော
စကားကို မနုထွေးက စိတ်ဝင်စားခြင်း မရှိပါ၍ စကားလမ်းကြောင်း
ပြောင်းလိုက်ရပါတော့သည်။

"ခုန ညီမလေးပြောလိုက်တဲ့ သူဌေးတွေကများ ညည်းနေရ
သေးလား ဆိုတဲ့စကားကို ပြန်ရှင်းရဦးမယ်၊ ကြီးကြီးစိမ်းတို့ဟာ…
သူဌေးတွေပါ မနုထွေး၊ မမခန့်ကတော့ ငွေပါကွယ်… ကြီးကြီးစိမ်းတို့
အရိပ်ကို ခိုလှုံရအောင် လာခဲ့ရတာပါ… မမမှာ အဖိုးတန်ပစ္စည်းဆို
လို့တစ်ခုမှ ပါမလာခဲ့ပါဘူး… ဒီမြတ်မဟာရဲ့ စည်းစိမ်ချမ်းသာက
လည်း မမနဲ့မသက်ဆိုင်ပါဘူးလေ… သြော်… ဒါနဲ့ ပြောရဦးမယ်"

"ပြောပါ မမခန့်"

"ကြီးကြီးစိမ်းကကွယ် သူ့ကိုယ်သူ သာကီဝင်မင်းမျိုးများ
မှတ်နေသလား မသိဘူး…မမခန့်နဲ့ အစ်ကိုမြတ်နှောင်းကို နေရာ
များချင်လို့တဲ့…အမလေး ဘုရားတောင် တ,မိတယ်…မိုးကြိုးပစ်ချ
င် ခုက္ခ"

"ကြီးကြီးစိမ်းက သူဆုံးဖြတ်ပြီးရင် ပြင်မှာမှုတ်ဘူး မမခန့်
ရယ်"

"ဒီပြင်ကိစ္စတော့ ဟုတ်ပေမပေါ့ ညီမလေးရဲ့…ခုကိစ္စက
ဘဝတစ်ယောက်တည်းဆန္ဒနဲ့ ပြီးရရောတဲ့လား…ဘဲ့နဲ့ကွယ်…
ကောင်နှမတစ်ဝမ်းတည်းကွဲတာများ သူ့မို့ စီစဉ်ရဲတယ်… ဘယ်ရလိမ့်
မဲ့ အစ်ကိုမြတ်နှောင်းရော… မမခန့်ပါ အဘွားကြီးကို ငိုင်းပြောကြ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ တခြားဘာမဆို နိုင်းချင်ရာနိုင်း လုပ်မယ်၊ ဒီတစ်ခုကလွဲရင် သူစိမ်းတာ နာခံပါမယ်လို့ပြောတော့ ကြီးကြီးစိမ်းလည်း မငြင်းသာတော့ဘူးပေါ့''

''ဟင်း...ဒါဖြင့် ဒီအစီအစဉ် မလုပ်တော့ဘူးလား...ဟင်... မမခန့်''

''ဘယ်လုပ်တော့မလဲ... ဘယ်တော့မှ မဖြစ်တော့ဘူး... ဒီကိစ္စမျိုးဆိုတာ မမခန့်တို့လို အရွယ်မျိုးမှာ ကိုယ်တိုင်ဆုံးဖြတ်နိုင်ခွင့်ရှိရပြီပေါ့၊ အစ်ကိုကလည်း... မမခန့်ကို နှမလေးအဖြစ်ကလွဲရင် တခြားနည်းနဲ့ ဘယ်လိုပြောင်းချစ်နိုင်ပါ့မလဲ...မနုထွေးပဲ တွေးကြည့်ပေါ့... အစ်ကိုမြတ်နှောင်းဟာ အသက်အစိပ်ကျော် သုံးဆယ်တွင်းရှိနေမှာပဲ ချစ်သူတွေဘာတွေ ရှိနေရောပေါ့''

ကျွန်မ၏စကားသည် ဆယ်ကျော်သက်ရွယ်... မနုထွေး၏ များစွာ ပြောင်းလွဲသွားစေနိုင်ခဲ့ပါပြီ... ကျွန်မ၏စကားကို အကြွင်းမဲ့ယုံကြည်သွားပြီးဖြစ်ပါ၍ မှေးမှိန်နေသော မနုထွေး၏ မျက်ဝန်းကလေးမှာ ရွှန်းလက်လာပါသည်။ သူတို့အခြေအနေကို ကြည့်ရသည်မှာ ကိုမြတ်နှောင်းအနေနှင့် မနုထွေးပေါ်တွင် ချစ်ခြင်းမေတ္တာနှင့် ပတ်သက်ပြီး စိတ်ဝင်စားခြင်း မရှိပါကြောင်း သိသာလှပါသည်။ ငယ်ရွယ်သူလေး မနုထွေးကသာ... မျှော်လင့်ခြင်းကြီးစွာဖြင့် ကိုမြတ်နှောင်း၏ မေတ္တာကို တမ်းတနေပါကြောင်း ကျွန်မသိနိုင်ပါ





ခဲ့ပါပြီ။

''ဩော်... မနုထွေးကို ပြောထားရဦးမယ် ဒီအကြောင်းတွေကို ကိုမြတ်နှောင်းကို သွားမမေးနဲ့ဦးနော် မမတို့ချင်း ဆွေးနွေးထားတဲ့ အကြောင်းရေးကို ညီမလေးမို့သာ ခင်လွန်းလို့ ဖွင့်ပြောရတာပါ''

''စိတ်ချပါ မမခန့်ရဲ့ နုထွေးလည်း မမေးရဲပါဘူး၊ မမတို့ မင်္ဂလာပွဲ မကျင်းပ ဖြစ်တာတော့ သေချာတယ်နော်''

''ဒါတော့ စိတ်ချ မနုထွေး မမနဲ့ ကိုမြတ်နှောင်းတို့ မင်္ဂလာပွဲ ဘယ်တော့မှ မဖြစ်စေရဘူး''

ကိုယ့်ရင်မှ ဆန္ဒကို ထိန်းသိမ်းနိုင်စွမ်း မရှိရှာပါသော မနုထွေးအား စိတ်ချပါဟူသော စကားကို သုံးလိုက်ရပါသည်။ ကျွန်မ မနုထွေးကို ပြောခဲ့သလိုပင် ကျွန်မတို့ မင်္ဂလာပွဲ မဖြစ်မြောက်စေရန် မည်သည့် ကျွန်မကိုယ်တိုင် ကြိုးစားရဦးမည်သာ၊ ကျွန်မ၏ အစီအစဉ်အားမြောက်ခင် မင်္ဂလာပွဲ မစီစဉ်ဖြစ်အောင် ရှောင်ရပါလေသည်။

''မမခန့်လည်း အနေက မကျသေးတော့ နေရတာ သိပ်ပျင်းတယ်ကွယ်... မနုထွေး အပြင်လေးဘာလေး သွားရင် ခေါ်ပါအုံးကောင်''

''နုထွေးက အားချိန်သိပ်မရဘူး မမရဲ့၊ မြောက်ဦးဘက်မှာ ပွဲ ဖြစ်တာတောင် ပွဲဈေးတန်း မလျှောက်ဖြစ်ဘူး အလုပ်ထဲ တစ်ချိန်လုံးရှိနေရတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"မနုထွေး အလုပ်က ဘာတွေလုပ်ရတာလဲဟင်"

"စာရင်း မှတ်ရတာပါ မမခန့်၊ ညှိသည် အဝင်အထွက် စာရင်းကိုင်ရတာပါ၊ မှတ်တမ်း တင်ထားရတာပါ၊ ငွေရှင်းငွေထုတ် ကိစ္စက တကဲ့ကွာ၊ အစားအသောက် အဝယ်အခြမ်းကိစ္စက တကကွာ ချက်ပြုတ်ကျွေးမွေးရေးက တကကွာရှိပါတယ်၊ အားလုံး အလုပ်သမား ငါးဆယ်ကျော်ရှိပါတယ်၊ ဒါတွေအားလုံးကို ချုပ်ကိုင်ပြီး ငွေကိုင် စာရင်းကိုင်ရတာက ဖေဖေပါ ဒီမြွတ်မဟာရဲ့ မန်နေဂျာ ဦးလွန်းတင်ဟာ နုထွေးဖေဖေပါ"

"ဒါနဲ့ ဆက်မေးပါရစေဦး မနုထွေးရယ်၊ မနုထွေးမေမေဟာ ဘယ်မှာသေတာလဲဟင် ဘယ်ပုံဘယ်နည်း ဖြစ်ရတာလဲကွယ်"

"မေမေ ဒေါ်တင်မေသိန်းက သိပ်လှတာ မမခန့်ရဲ့၊ နုထွေးနဲ့ ညီအစ်မလားမှတ်ရတယ်၊ လွန်ခဲ့တဲ့ ဆောင်းဦးပေါက်ကပေါ့ နှင်း ကလည်း သိပ်ဝေနေတယ်၊ နုထွေးတို့ သားအဖကလည်း ... သိပ်ကျပြီး အလုပ်များတာနဲ့ မပြန်နိုင်လို့ မေမေက ထမင်းလာ... အပြန်မှာဖြစ်ရတာပါ"

"ဒီတည်းခိုရိပ်သာဟာ စားသောက်ဆိုင် ပါရှိနေတာပဲ... မနုထွေးတို့ မစားကြဘူးလား"

"နေ့တိုင်း ဘယ်ဝယ်စားနိုင်ပါ့မလဲ မမခန့်ရယ်၊ ဈေးက... ဒီဟိုတယ်ရဲ့ အကျန်တွေ လာဝယ်တဲ့ ထမင်းဆိုင်တွေရှိတယ်၊ ရောင်း...





...မကောင်းတာဆိုရင် သွန်ပစ်ရပါတယ်၊ အလုပ်သမားတွေ စားခွင့် ...ပါဘူး"

"အို တစ်မျိုးပါပဲလား ကဲ ဆက်ပါဦး မနုထွေး မေမေ့ ...ကြောင်း"

"မေမေဟာ ကျွန်မတို့ဆီကအပြန် ဟောဟို ခြံစွန်းထောင့်မှာ ...ဏ်ရာနဲ့ သေနေတာ မနက်မှ တွေ့ကြရပါတယ်... အဲဒီနေ့က ...နဲ့မေမေ စကားများကြတာ ဒီဟိုတယ်က လူတချို့ကတောင် ...လို့ ဒေါ်သကြီးတတ်တဲ့ ဖေဖေများ လိုက်သတ်သလားဆိုပြီး ...ကြေးပေးကြလို့ ရဲကတောင် လာစစ်သေးတယ်"

"စကားများကြတာ ဘာအကြောင်းလဲဟင်၊ မနုထွေး ...ကိုက်သလား"

"ဖေဖေက...မေမေနဲ့လို အပြင်တွေဘာတွေ ထွက်တာ ...သည်းမှ မကြိုက်ဘူး။ ပြီးတော့ နုထွေးတို့ ခြံချင်းကပ်ရက်က ...လုံးသမားတစ်ယောက်နဲ့လည်း ဖေဖေက စွပ်စွဲပြီး အမြဲလို ...နေကြတယ်... နုထွေးကိုယ်တိုင်တောင် ပထမထင်သေးတာ... ...တော့လည်း ကိုယ့်အဖေပဲ၊ ဟုတ်တောင် ထောင်ကျမှာစိုးတာနဲ့ ...လိုက်တယ်... မေမေပြန်သွားပြီး ဖေဖေ မတွေ့တော့ဘူး။ ...မ်းနဲ့ တက်စကားပြောနေတယ်လို့ သိရတယ်၊ ကြီးကြီးမိမ်း ...ည်း သူနဲ့အတူရှိနေတယ်လို့ ဝန်ခံပါတယ်၊ နုထွေးလိုမှုလည်း-



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲ တွေးမလားပဲ၊ ခုတော့ နုထွေးကို ဖေဖေက သိပ်ဂရုစိုက်တ
ဖေဖေ့ကိုလည်း သနားပါတယ်''

''တခြား လူသတ်မှုလည်း ဖြစ်သေးတယ်ဆို''

''အဲဒါက သိပ်မကြာသေးဘူး၊ သနားပါတယ် မမရ
ဟန်နီးမွန်းထွက်လာတဲ့ လင်မယားနှစ်ယောက် ကောင်လေးအပြ
ထွက်နေတုန်း သူတို့အခန်းထဲမှာပဲ ဓားနဲ့ထိုးပြီး သတ်ထားတာ
သွေးတွေမှ တစ်ခန်းလုံး ရဲနေတာပဲ ကြောက်လိုက်တာ၊ ဖေဖေ
မကြည့်နဲ့ဆိုလို့ မကြည့်ရဘူး''

''အဲဒီတရားခံရော မမိဘူးလား''

''နုထွေးတောင် ဓားပြလုပ်ပြီး လူသတ်ချင်သေးတယ်
ဘယ်တော့မှ မမိဘူးမှတ်''

ရိုးသားပွင့်လင်းလွန်းပြီး စကားကုန် ဖွင့်ပြောတတ်လေသေ
မနုထွေးကိုကြည့်ကာ ကျွန်မ ပြုံးလိုက်မိပါသည်။ သည်ကလေးမ
နှင့် သိကျွမ်းခွင့်ရသည်မှာ ကျွန်မအတွက် ကြီးစွာသော ဆုလာ
တစ်ခုကို ရသလိုပင်… ကျွန်မ ဝမ်းမြောက်မိပါသည်။

''ကဲ… မနုထွေးလည်း အလုပ်ရှိဦးမှာပေါ့… အပေါ်သွား
ကြစို့နော်''

သူ့အလုပ်ကို ကျွန်မသတိပေးမှ သတိရသွားဟန်ဖြင့် နေ
ထကာ ခပ်သွက်သွက်ပင် မြတ်မဟာရှေ့မှ ဝင်လာခဲ့ကြပါသည်
ကျွန်မနှင့် မနုထွေးတို့ ဝင်လာသည်ကို စားသောက်ခန်းမမှ လူအ





ဝိုင်းဝန်းအံ့ကြည့်နေကြပါ၍ လှေကားကွယ်သို့ ရောက်မှ
ပြေးအလွှားပင် ခိုဝင်လိုက်ရပါသည်။ ထင်ချင်ရာထင်ကြစေရော့…
ကျွန်မကိုသိသူ တစ်ယောက်တလေ ပါလာလျှင် ခက်ရချေတော့
ည်… ကျွန်မ မြတ်မဟာသို့ ရောက်နေကြောင်း လူများများမသိစေ
ပါ။ ကျွန်မတို့နှစ်ယောက် လှေကားအတိုင်း တက်ပြီး အလယ်ထပ်
ရောက်တွင် ပြုံးရွှင်စွာ စကားပြောလာကြပါသော ကျွန်မတို့
ယောက်ကို ဦးလွန်းတင်က မမှိတ်မသုန် စိုက်ကြည့်နေပါသည်။

ဦးလွန်းတင်၏အကြည့်က ကျွန်မတို့ချင်း တွဲလာသည်ကို
သက်လက်ခံချင်ပုံမရပါ၊ သူသည်မီးကိုလည်း အမျက်သိုသောအကြည့်
ဖြင့် တစ်ချက်လှမ်းကြည့်လိုက်ပါသည်။ မိန်းမသားနှစ်ယောက် တွဲလာ
ကြသည်ကို… သည်မျှမဖြစ်သင့်ဟု ကျွန်မထင်မိပါသည်။ အကယ်
၍… ကျွန်မနှင့် တွဲလာသည်ကို မနှစ်ခြိုက်ဟုဆိုပါလျှင် သူ့တွင်
ခင်ရှိရပါမည်… မြတ်မဟာနှင့်ပတ်သက်လာသော ကျွန်မကို
မုန်းထား၍ပင် ဖြစ်ရမည်ဟု တွေးယူလိုက်မိပါသည်၊ ဦးလွန်းတင်
၏ အကြည့်ကို ကျွန်မ မနှစ်ခြိုက်မိပါပေ''

သူတို့ထဲမှ သော့မတောင်းတော့ပါဘဲ… နောက်ဖေး
ကြောင်လိမ်လှေကားမှပင် ကွေ့ပတ် တက်လာခဲ့ပြီး တံခါးခေါက်
ကာ မအေးမိက တစ်ချက် ချောင်းကြည့်လိုက်ပြီး ဖွင့်ပေးလိုက်ပါ
သည်။ စားပွဲပေါ်တွင် မြေပဲကြော်ပန်းကန်နှင့် ဘေးက ဆေးလေး
ပြီး အခွံကျွတ်များလည်း တွေ့ရပါ၍ သူစားနေဆဲဖြစ်ဟန်တူပါ



www.burmeseclassic.com

www.burmeseclassic.com



၍ ကျွန်မက ရင်းနှီးသည့်သဘောမျိုး ဖြစ်စေရန် ပဲကြော်များကို နှိုက်စားရင်း…

"ဒါနဲ့ ညက မအေးမိ… မမအခန်းက ဖြတ်ပြီး တောင်ဘက်တို… ဒေါ်အိုဇာနဲ့ ဘာသွားလုပ်ကြတာလဲဟင်"

"ဟင်…ရှင်"

"ဩော်- မမတွေ့လိုက်လို့ မမတောင်ခေါ်ပြီး စကားပြောဦးမလို့ ပျင်းတာနဲ့ပဲ နောက်တော့မှ နေပစေလေ သူလည်းအိပ်ချင်နေရှာမှာပဲဆိုပြီး မခေါ်တော့တာ"

"ကျွန်မကို တွေ့တယ်ဟုတ်လား… ညတုန်းကလား"

"အင်းလေ"

"မဟုတ်တာ မမရယ် ၇ နာရီခွဲရင် ကျွန်မတာဝန်ပြီးပြီ ကျွန်မအခန်းတံခါးလည်း ပိတ်အိပ်တယ်၊ သူတို့ကလည်း အတွင်းဝင်တဲ့ တံခါးသော့ ခတ်လိုက်တာပဲ"

မအေးမိက စကားသံလေး ဝဲဝဲဖြင့် တကယ့်ကို ရိုးသားဖြူစင်သောဟန်ဖြင့် မျက်လုံးလေးအဝိုင်းသားနှင့် ကျွန်မကို ပြန်လည်ပြောကြားနေပါ၍ သူ့စကားကို ကျွန်မယုံကြည်မိပါပြီ။ မအေးမိမှာ ကြောင်လိမ်လှေကား တံခါးထိပ်နှင့် မီးဖိုခန်းကြား ထမင်းစားခန်းအထောင့်နားတွင် သပ်ယပ်သော အခန်းလေးတစ်ခုနှင့် နေထိုင်ရသူဖြစ်ပေသည်။ မအေးမိသည် ရှမ်းကပြားမလေးဖြစ်ပြီး မိမဲ့ ဖမဲ့ဖြင့် ဦးလေးလုပ်သူက ငွေနှင့် ရောင်းသွားသည်၊ ဒေါ်စိမ်းညို၏ ငွေဝယ်ကျွန်





လေးဟု ဒေါ်အိုဇာက ဆိုပါသည်။ အလုပ်လက်မလည်အောင် လုပ်ရသော်လည်း ရိုက်ပုတ်ညှင်းဆဲခြင်းမရှိသဖြင့် တစ်နည်း တော်သေးသည်။ ကျွန်မကို အကဲခတ်သလို ကြည့်နေပါ၍…

"မမခန့်လည်း ပျင်းလို့ စကားပြောဖော် ရှာနေမိလို့ပါကွာ၊ အရေးကြီးတာ မှုတ်ပါဘူး၊ မအေးမိ မဟုတ်ရင် ကြီးကြီးစိမ်းနဲ့ ဒေါ်အိုဇာတို့ ဖြစ်မှာပေါ့၊ သူတို့ကိစ္စရှိလို့ သူတို့သွားကြတာနေမှာပေါ့နော်"

"ဩော်- သိပြီသိပြီ ညဘက်ဆို ဟိုသွားတာပဲဖြစ်မယ်"

"ဘယ်ကိုလဲ"

"ဝိညာဉ်စံအိမ်ကို"

"ဘာ…ဘယ်လို…"

"ဝိညာဉ်…စံအိမ်…ကို"

"တယ် ဆန်းပါလား…တစ်ခါမှ မကြားဖူးပါဘူး၊ ဘာလဲဟင်… ဝိညာဉ်စံအိမ်ဆိုတာ"

"သွားမပြောနဲ့နော် မမကြီး၊ ကြီးကြီးစိမ်းက အရူးကြီး"

"ဟဲ့ ဘုရား… ဘာစကားတွေလဲ မအေးမိရယ်.."

"တကယ် မမရဲ့ မနှစ်ကတည်းက သူ့သားက သေသွားပြီ၊ ဒါ သူတို့နတ်က ဝင်ပူးပြီး မကျွတ်ဘူးလို့ပြောတာနဲ့ တောင်ဘက်က



www.burmeseclassic.com

www.burmeseclassic.com

အုတ်တိုက်ကလေးမှာ သူ့သားနေဖို့ဆိုပြီး အိပ်ရာခမ်းနား အစား အသောက်တွေပါ ပူဇော်ပသ,ထားတယ်၊ အဲဒါကို ဝိဉာဉ်စံအိမ် တဲ့…"

"အဲဒီကို မအေးမိ ရောက်ဖူးလား…"

"အမလေး… ကြောက်လိုက်တာ…၊ မသွားရဲပါဘူး… ဒီအကြောင်းတွေးရင် ညတောင် မအိပ်ရဲဘူး…"

"နေပါဦး၊ ဒီလိုအဖြစ်မျိုး မကြားမိသေးပါဘူးကွယ်"

"ဒါကြောင့် ကြီးကြီးစိမ်းကို အရူးကြီးလို့ ပြောတာပေါ့"

မအေးမိစကားကြောင့် အတွေးတစ်ခု ဝင်လာမိပါသဖြင့်…

"နေပါဦး၊ သူ့သားက တခြားမှာသေတာမှတ်လားဟင်"

"မမခန့်ကလည်း အမျိုးဆိုပြီး မသိဘူးလား၊ သူ့ဟန်အသတ်ခံ လို့လေ၊ အလောင်းဆေးရုံရောက်မှ သိကြတာ…၊ အဘွားကြီးဆိုတာ ရူးမတတ်ပဲ၊ သူ့သား မသာချတုန်းက စည်လိုက်တာ ဝက်ဝက်ကွဲ တာပဲ၊ ကျွန်မတို့တော့ ပျော်တောင် ပျော်မိသေးတယ်… ဟဲဟဲ…အစ်ကိုကြီးကို မသနားလို့ မဟုတ်ပါဘူး၊ ဘင်ခရာတီးဝိုင်းတွေ ဘာတွေနဲ့ မသာချတာ ပျော်လို့ပါ"

ကျွန်မမှာ ကိုမြတ်ဦး သေဆုံးနှင့်ပြီးကြောင်းသာ သိသည်။ ခုလို သူ့အသုဘကို တခမ်းတနား စည်ကားသိုက်မြိုက်စွာ ပို့ဆောင် ကြကြောင်း ကျွန်မ မကြားသိခဲ့မိပါ။ သည်အကြောင်းအရာကလည်း ကျွန်မနှင့် အကြုံးဝင်မည် မဟုတ်ပါ၍၊ ဆရာက ပြောမပြလိုက်ခြင်း





သည်း ဖြစ်တန်ကောင်းပါသည်။ ယင်းကိစ္စသည် မအေးမိ တိတိပပ သိနိုင်မည် မထင်ပါ။ ဒေါ်အိုဇာထံမှာသာ သိနိုင်ပါလိမ့်မည်။

"ဩော်… မမကိုပြောမလို့ မေ့နေလိုက်တာ"

"ဘာများလဲ မအေးမိ"

"ကြီးကြီးစိမ်းက ခုန မမကိုခေါ်ခိုင်းတယ်၊ အခန်းတံခါး ဖွင့်ထားတယ်လို့ သွားပြန်ပြောလိုက်ရတယ်"

"ဒီတော့ ဘာပြောလဲ"

"ဘာမှမပြောဘူး၊ ဒီတိုင်းပဲနေတယ်"

"အေး လေ…မမသွားတွေ့လိုက်ပါ့မယ်"

မအေးမိထံမှ ထွက်လာပြီး ကျွန်မအခန်းရှိရာသို့ ကွေ့ဝင်မည် ပြုပြီးကာမှ ကြီးကြီးစိမ်းထံ တစ်ခါတည်းသွားတွေ့ရန် ဆုံးဖြတ်ပြီး ခြေလှည့်လိုက်ရပါတော့သည်။ ကြီးကြီးစိမ်း အခန်းတံခါးက ဖွင့်ထားပါသဖြင့် ခေါက်သင့်,မခေါက်သင့် စဉ်းစားရင်း တံခါးကို တို့လိုက်မိရာ တံခါးက အလိုလို ပွင့်သွားသဖြင့် ဟနေသောနေရာမှ ချောင်းကြည့်လိုက်မိရာ၊ အုန်း,ငှက်ပျောကန်တော့ပွဲ ငါးပွဲနှင့်အုန်းသီးများ အကြားတွင် ဖယောင်းများ ထွန်းညှိထားပြီး ကြီးကြီးစိမ်းက ကန်တော့ပွဲ များရှေ့မှ ရပ်လျက်၊ လက်ဝါးနှစ်ဘက်ကြားတွင် အမွှေးတိုင်များ ညှပ်ကာ လက်အုပ်ချီလျက် မတ်တတ်ရပ်ရင်း၊ ဆက်ကာဆက်ကာ ကန်တော့ပြီး ပါးစပ်မှ တတွတ်တွတ်ရွတ်ဆို ဆုတောင်းနေသည်ကို ဘုရားတိုက်အနေအထားနှင့် ကျွန်မ မြင်တွေ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်စိမ်းညိုတို့သည် ဝိဉာဉ်လောကကို ယုံကြည်သော ကိုးကွယ်သော ပုဂ္ဂိုလ်များဖြစ်ကြောင်း ကျွန်မ လက်တွေ့မြင်ရပါချေ ပြီ။ ဒေါ်စိမ်းညိုက အမွှေးတိုင်များကိုစိုက်ကာ ကတ္တီပါနီညိုရောင် ကန့်လန့်ကာကို ဆွဲကာလိုက်ပါသည်။ ကျွန်မသည် အိမ်သို့ရောက် ပထမနေ့က ဒေါ်စိမ်းညို၏ အခန်းတွင် အတန်ကြာ နေခဲ့ရပါသော် လည်း သည်ကန်တော့ပွဲများကို မမြင်တွေ့ရခြင်းမှာ သည်ကန့်လန့်က ကြောင့်ပင် ဖြစ်ပါမည်။

ဒေါ်စိမ်းညိုသည် ကန်တော့ပွဲကိုစွဲပြီးလျှင် တံခါးဟနေသော ကျွန်မ မြင်ကွင်းတွင်းရှိ အခန်းထောင့်မှ မီးခံသေတ္တာကြီးတစ်ခုဆီ သွား၍ ခါးကြားမှ များပြားလှသော သော့တွဲကို ဖြုတ်ယူလိုက်ပြီ သော့တစ်ချောင်းရှာယူကာ မီးခံသေတ္တာကို ဖွင့်လိုက်ပါသည် ကျွန်မရင်တို့ တဒိတ်ဒိတ်ခုန်ကာ ကျွန်မမျက်လုံးများ ပြူးသွားမည ထင်ပါသည်။ မီးခံသေတ္တာ ဖွင့်ပုံတို့ကို လည်းကောင်း၊ အတွင်း ပန္နည်းထားသိုပုံကိုလည်းကောင်း ကျွန်မ အသေအချာ လေ့လ မှတ်သား၍ ကြည့်မိသည့်အခါ၊ ကျွန်မထင်သလို စိန်ရွှေရတနာ ငွေများစွာတို့ အစုအပြုံလိုက် မတွေ့ရပါ။ အတွင်း၌ အကန့်အကန့် သေတ္တာငယ်လေးများသာ မြင်ရပါ၍ ကျွန်မအထင်နှင့်အမြင် လွဲသွ ရပါချေပြီ။ ဒေါ်စိမ်းညို၏ လှုပ်ရှားမှုကို အသေအချာ တံခါးပေါက် ချောင်းကြည့်နေမိစဉ် အေးစက်သော လက်တဘက်ဖြင့် ကျွန် လက်မောင်းကို လှမ်းဆွဲလိုက်ပါ၍ ကျွန်မနှလုံးသားတို့ ခုန်တက်သွ





ည်သို့ပင် ရင်၌ လန့်ဖြန့်ကာ လှည့်ကြည့်လိုက်မိရာ…

“ဟင် ဒေါ်အိုဇာ…”

သူက တုန်လှုပ်နေသော ကျွန်မကို အသေအချာကြည့်ရင်း တ်ခမ်းထူကြီးကိုစေ့၍ အေးစက်စွာ ပြုံးနေသဖြင့် တုန်လှုပ်စွာဖြင့် လုပ်၍ ပြုံးနေရသည့် ကျွန်မမျက်နှာကို တည်လိုက်ပြီး ကျွန်မကိုယ် မ ပြန်ထိန်းလိုက်ရပါသည်။ ချောင်းကြည့်နေသည်ကို ပက်ပင်း းရသဖြင့် ဟန်ကိုယ့်ဖို့ ဆိုသလို အမူအရာ ပြောင်းလိုက်ပါသဖြင့် အိုဇာက-

“ဘာလုပ်နေတာလဲ ခင်ချစ်ခန့်”

“ကြီးကြီးစိမ်းခေါ်တယ်လို့ မအေးမိက ပြောလို့ပါ ဒေါ်အိုဇာ၊ းအခန်းဝင်တယ်ဆိုတာ အား၊မအား ချင့်ချိန်ရသေးတယ် …”

“တံခါးဖွင့်ထားသားပဲ”

“အို… ဖွင့်ထားပေမယ့် စွပ်ဝင်သွားရင် ရိုင်းရာကျမှာပေါ့ရှင်၊ လဲ ကျွန်မဒီလိုကြည့်နေတာ အပြစ်ရှိလို့လား”

“မရှိပါဘူး ခင်ချစ်ခန့်”

ကျွန်မက ခပ်တည်တည်နှင့် ဟောက်သလိုလို ဆိုလိုက်မှ အိုဇာက မျက်နှာပြင်ကာ တံခါးကိုတွန်း၍ ဝင်လိုက်သဖြင့် ကျွန်မ က်မှ လိုက်ဝင်သွားရပါသည်။

“ကြီးကြီးစိမ်း ကျွန်မကို ခေါ်တယ်ဆိုလို့”

www.burmeseclassic.com

www.burmeseclassic.com



''အင်း… ထိုင် ခင်ချစ်ခန့်၊ ဒေါ်အိုဇာက ဘာကိစ္စလဲ''

''မောင်မြတ်နေဝင်း ပြန်ထွက်သွားပါပြီ၊ ညနေစာ သူလာ[…] နိုင်ဘူးလို့ ပြောပေးပါလို့ မှာခဲ့လို့ပါ မစိမ်းညို''

''အင်း… တယ်ခက်တာပဲ၊ ဒါပဲမှတ်လား ဒေါ်အိုဇာ''

''ဒါပါပဲ မစိမ်းညို၊ ကျွန်မသွားမယ်''

ဒေါ်အိုဇာ ထွက်သွားလျှင်ပင် ဒေါ်စိမ်းညိုက စကားစပါသည်။

''ခင်ချစ်ခန့်ကို စကားပြောချင်လို့ ခေါ်ခိုင်းလိုက်တာ[…] ကိုမြတ်နေဝင်းနဲ့ ပတ်သက်ပြီးတော့ပေါ့၊ သူက စိတ်ပညာကို လိုက်[…] ရင်း တဘက်စွန်း ရောက်လုနီးနေပြီလို့ ကြီးကြီးစိမ်း ထင်တ[…] ဒီခေတ်လူငယ်တွေ လက်ခံလေ့မရှိတဲ့ အလုပ်တစ်ခုကို သူလုပ်[…] တယ် ခင်ချစ်ခန့်၊ သမထဆရာ ဦးသော်ကောင်းရဲ့ စိတ်ပုတီးစိပ်သ[…] နည်းနဲ့ သူ့စိတ်သူနိုင်အောင် ကြိုးစားနေတယ်လို့ ဆိုတာပဲ သူ့စိတ်[…] သူနိုင်ရင် သူများစိတ်ကိုပါ လွှမ်းမိုးနိုင်မယ်လို့ သူ့ဆရာစကား[…] ယုံကြည်နေတယ်၊ သူဟာ တဘက်စွန်းကို ရောက်သွားမှာစိုးမိတ[…] ခင်ချစ်ခန့်''

''ဟုတ်ကဲ့… ပြောပါ ကြီးကြီးစိမ်း''

''ဒီတော့ ခင်ချစ်ခန့်အနေနဲ့ မောင်နှမလိုပဲဖြစ်ဖြစ်၊ ဘယ်လို[…] ဖြစ်ဖြစ် သူ့ကိုဆွဲယူစေချင်တယ်၊ သားမယား ရရင်လည်း တစ်[…] တစ်မည် ပြောင်းသွားနိုင်တာမို့ ကြီးကြီးစိမ်းက အမြန်နေ[…] ချထားချင်တယ် ခင်ချစ်ခန့်''



''ဟုတ်ကဲ့… သူ့ရဲ့ သဘောတူညီမှုကိုလည်း ညှိနှိုင်းပါဦး ကြီးကြီးစိမ်း''

''ခင်ချစ်ခန့်ကတော့ မငြင်းဘူးဆိုပါတော့''

ကျွန်မ ငြိမ်နေလိုက်မိပါသည်။

''ပြီးတော့ ခင်ချစ်ခန့် သုံးချင်တာသုံးရအောင် ငွေလည်း […]ပေးထားမလို့၊ ရော့… ငွေငါးရာ ယူထားပါ''

ကမ်းပေးရှာသော ငွေကို မငြင်းဆန်ဘဲယူပြီး ကျွန်မ ဒေါ်စိမ်းညိုကို နှုတ်ဆက်ကာ ပြန်ထွက်လာခဲ့ပါသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ။ ၅ ။

"ဘယ်ကိုသွားမလို့လဲ ဟင်...မခင်ချစ်ခန့်"

"သြော်...ကိုမြင့်နွယ်၊ မြို့ထဲဘက်ကိုပါ၊ လိုတဲ့ပစ္စည်းလေး သွားဝယ်မလို့ပါ"

"ဟုတ်လား၊ ကျွန်တော်လည်း ညဈေးတန်းဘက် လျှောက်မလားလို့၊ ကျွန်တော်ပါလိုက်ခဲ့ပါရစေလား မခင်ချစ်ခန့်"

"ရပါတယ် ကိုမြင့်နွယ်၊ ကျွန်မလည်း အဖော်ရတာပေါ့"

"တက္ကစီခေါ်လိုက်ရမလား"

"သိပ်မှ မဝေးဘဲ၊ ကျွန်မတို့ လမ်းလျှောက်သွားကြရအောင်လား..."

ကျွန်မစကားအတိုင်းပင် ကျွန်မတို့နှစ်ယောက် စကားပြောရင်း လမ်းလျှောက်လာခဲ့ကြပါသည်။ တောင်ပေါ်မြို့ ဖြစ်ပါ၍ လေတို့ လတ်ဆတ်သန့်ရှင်းလျက် အေးမြခြင်းအတိ ရှိလှပါတယ်။ အအေး ဓာတ်ကြောင့် သိပ်သည်းနေပါသဖြင့် ဖုံလုံးဝ မရှိသည်ကပင် မြင်မြ သမျှ သန့်ရှင်းသိပ်သည်းနေကြပါသည်။ ကျွန်မနှင့်ဈေးသို့ အတူ လိုက်ပါခွင့်ရပါသဖြင့် ကိုမြင့်နွယ် ကြည်နူးနေပုံရပါသည်။ ကိုမြင့်နွယ် နှင့် ကျွန်မမှာ အချိန်ကြာလေ ရင်းနှီးမှုက ပိုလေပါပင်။ ညနေတိုင်း ခြံတွင်းသို့ ကျွန်မဆင်းလာတတ်သည့်အချိန်တွင် သူ မျှော်လင့်စောင့်စား နေပါကြောင်း ကျွန်မနှင့်တွေ့တိုင်း ပြောလေ့ရှိပါသည်။ နေ့စဉ်မဟုတ် သော်လည်း တစ်ရက်ခြားတစ်ခါ၊ နှစ်ရက်ခြားတစ်ခါ တွေ့ဆုံရာတွင် ကြာမြင့်စွာပင် ကိုမြင့်နွယ်နှင့် စကားပြောဖြစ်ကြပါသည်။

ကိုမြင့်နွယ်မှာ စက်ရှင် တရားသူကြီး၏ တစ်ဦးတည်းသော သားဖြစ်၍ မိခင်ကွယ်လွန်ခဲ့ပြီး အတော်ကြာမှ ဖခင်က ကိုမြင့်နွယ် ထက် အသက်ငါးနှစ်ခန့်မျှသာကြီးသော အမျိုးသမီးတစ်ဦးနှင့် အိတ်ထပ်လိုက်သဖြင့် ငယ်ရွယ်သော မိထွေးနှင့် မနေချင်ဟုဆိုကာ မိတ်မဟာမရှိရာ စခမ်းကြီးမြို့သို့ လာရောက်တည်းခိုရင်း စာပေများ ရေးသားနေခြင်းဖြစ်ပေသည်။

အိမ်သို့ပြန်ရက် မရှိသေးဟုဆိုပါသည်။

ချမ်းသာသော မိခင်ပိုင်ပစ္စည်းများကို ကိုမြင့်နွယ်နာမည်နှင့် ပေးထားပြီးဖြစ်သဖြင့် ငွေကို နောက်ကြောင်းမငဲ့ရဘဲနှင့် သုံးနိုင်သူ ဖြစ်သော်လည်း ကိုမြင့်နွယ်မှာ ငွေကို ဟော့ဟော့ရမ်းရမ်းသုံးစွဲသည့် အမျိုးထဲက မဟုတ်ပါ။ ကိုမြင့်နွယ်မှာ လူချင်းရင်းနှီးပြီးမှ သူ့အရည် အချင်းက တစ်စချင်းပေါ်လာသည့် လူစားမျိုးဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်လျှင်မြင်ချင်း အထင်ကြီးခံရရန် ပြောသူတို့ရှိတတ်သည် ဘာမှမရှိပါဘဲနှင့် ပိုမိုကြွားဝါတတ်သော လူသားများလည်း ရှိပါသေး သည်။ သည်လူတန်းစားများတွင် ကိုမြင့်နွယ်မဖွဲ့ဝင်ပေ။ သူပင်ကိုယ် အရည်အချင်းကိုပင် အရှိကိုအရှိအတိုင်း တင်ပြတတ်သောသူ မဟုတ် ပါ၍ ကျွန်မ ကိုမြင့်နွယ်ပေါ်တွင် ကြာလေ လေးစားရလေပါ။

"ဘာတွေများ တွေးလာတာလဲဟင် ခင်ချစ်ခန့်"

"ကိုမြင့်နွယ် အကြောင်းပဲပေါ့"

"မဟုတ်နိုင်ပါဘူး မခင်ချစ်ခန့်ရယ်၊ ကျွန်တော် ယုံချ လိုက်တာ..."

"ဩော်... တကယ်ပါ၊ ကိုမြင့်နွယ်ရဲ့ အရည်အချင်းတွေ ဖုံးကွယ်တတ်တဲ့ အကျင့်လေးတွေကို လေးစားမိလို့ပါ"

"ကျွန်တော့်အဖြစ်က မပြောပလောက်ပါဘူးဗျာ။ မခင်ချစ် ကသာ မိန်းကလေးတစ်ယောက်အနေနဲ့ ဖျတ်လတ်တယ်၊ သွက်လ တယ်။ ပြီးတော့ အရည်အချင်းအပြည့် ရှိကြောင်းလည်း မြင်တွေ ပါတယ်။ ကျွန်တော်က စာရေးဆရာပဲဗျာ၊ လူတစ်ယောက် အင်္ဂါရုပ်ကိုဖော်ပြရင်း သူ့အတွင်းစိတ်ကိုပါ အကဲခတ်လာနိုင်ကြော ရေးလာတဲ့ကောင်ပါ။ ပြီးတော့ မခင်ချစ်ခန့် တို့က သိပ်လည် ချမ်းသာတာပဲနော်"

"နေပါဦး ကိုမြင့်နွယ်၊ ကျွန်မဟာ ဒေါ်စိမ်းညိုရဲ့ တ မဟုတ်ဘဲ တကယ်ချမ်းသာ ကြွယ်ဝတာ မဟုတ်ဘူးဆိုရင်ကော



"ခင်မင်မှုမှာ ဂုဏ်ပကာသနတွေ မလိုပါဘူး မခင်ချစ်ခန့် ရယ်။ မခင်ချစ်ခန့်ရဲ့ ဖြူစင်တဲ့ ခင်မှုကိုသာ ကျွန်တော် အမိကထားပြီး လေးစားပါတယ်"

"ကောင်းပါပြီ၊ တစ်ယောက်နဲ့တစ်ယောက်တော့ မြှောက်လို့ ပြီးကြပြီ။ လေဟာပြင်ရောက်ရင်သာ ဘယ်သူက အရင်မှန့်ကျွေးဖြစ် မယ် မသိဘူး"

ကျွန်မစကားကို ကိုမြင့်နွယ်က ရွှင်မြူးစွာ ရယ်မောပြီး၊ သူက ကျွန်မစားလိုရာ ဒါယိကာခံပါမည်ဟု ဆိုပေသည်။ ကိုယ့်အကြောင်း နှင့်ကိုယ် ရင်မှာ ပြဿနာပေါင်းစုံတို့ ခိုမှီးနေကြသော ကျွန်မတို့ နှစ်ယောက် တွေ့ကြသည့်အခါ နောက်ကြောင်းများ မေ့ပျောက် သွားတတ် ရွှင်ပျူကြရပါသည်။ စိတ်ထားညီသော မိတ်ဆွေချင်း ပေါင်းသင်းရသည်မှာ ရင်ချမ်းမြေ့စရာ ကောင်းလှပါသည်။

ကျွန်မတို့နှစ်ယောက် စကားပြောရင်း လျှောက်လာကြရာ မှော်ချောင်းလမ်းဝသို့ပင် ရောက်ခဲ့ပါပြီ။ ရှေ့လမ်းချိုးကွေ့လိုက်ပါလျှင် လေဟာပြင်သို့ ရောက်ပါတော့မည်။ သည်မြို့ကို ကျွန်မ တစ်ခု သဘောကျမိသည်မှာ မျက်နှာစိမ်းများ၊ တနယ်သူ၊ တစ်မြို့သားများ ကို မြင်တွေ့ရသော်ငြားလည်း မြို့ခံလူတို့က ကျွန်မတို့အရပ်လို အံ့ဩ ငေးမောင်းလိုသော သဘောဖြင့် လိုက်လံမကြည့်ရှုတတ်ကြပါပေ။ ကိုယ့်အလုပ် ကိုယ်လုပ်ကာ ကိုယ့်လမ်း ကိုယ်သွားကြမြဲပါပင်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်သားတို့၏ ရိုးသားယဉ်ကျေးသော ဓလေ့စရိုက်က နှစ်မြို
ဖွယ်ရာရှိလှပါသည်။

ကျွန်မမှာ တို့ဟူးကို ချဉ်စော်ကားနှင့် နယ်ထားသော အသုပ်
ကို ကြက်သွန်ဖြူ ငြုပ်သီးမှုန့် နိုင်နိုင်ထည့်ကာ ရှူးရှူးရှဲရှဲနှ
အားပါးတရ စားနေမိပါသည်။ ကိုမြင့်နွယ်က ကျွန်မနှစ်သက်စွာ
စားသုံးနေသည်ကို ကြည့်ရင်း အလိုက်အထိုက် လိုက်စားနေသော်
လည်း ကြိုက်ပုံမရပါ။ အမျိုးသားများမှာ ကျွန်မတို့လို မိန်းမသားများ
လို အချဉ်၊ အစပ်၊ အသုပ်တို့ကို ကြိုက်လေ့ကြိုက်ထရှိသူ နည်းကြ
သည်။ မြတ်မဟာတွင် စုံလင်လှသော အကောင်းစား စားစရာမျ
ရနိုင်ပါလျက် လမ်းဘေးမှအသုပ်ကို နှစ်သက်နေသော ကျွန်မကို
ကိုမြင့်နွယ်က တအံ့တသြ ဖြစ်နေပုံရပါသည်။ အပြစ်တင်ကဲ့ရဲ့လိုသော
အကြည့်မျိုးမဟုတ်ပါဘဲ ကျွန်မစားနေသည်ကို ဝမ်းသာကာ ချီးမွမ်
လိုပါသော အမြင်မျိုးရှိနေကြောင်း ကျွန်မသိပါသည်။ ကိုယ
ခင်မင်နှစ်သက်သူ၏ လုပ်ဆောင်ချက်မှာ အကောင်းဘက်ကချည်း
မြင်ကြမည်မှာ ဓမ္မတာပါ။

"ဘာစားဦးမလဲဟင်…မခင်ချစ်ခန့်"

"စပ်လို့ သစ်သီးဖျော်ရည်တစ်ခွက် သောက်ချင်တယ်"

တို့ဟူးဆိုင်နှင့် တစ်ဆိုင်ကျော်မှ သစ်သီးဖျော်ရည်ဆိုင်တွ
ဝင်၍ သောက်ကြပြီး ပြန်လှည့်အထွက်တွင်…

"သြော်…ကိုမြင့်နွယ်… ကျွန်မစားတာနဲ့ ကျွန်မ ချီးမွမ်း
စကားနဲ့ ကြေရဲ့လား"





"ဟား…ငွေတွေအရမ်းကုန်သွားလို့ ကျွန်တော်
သောက်ထိနေပြီပဲ ဘယ်ကြေပါ့မလဲ"

သူ့စကားကို ကျွန်မအသံထွက်အောင်ပင် ရယ်လိုက်မိပါသည်။
ကျွန်မအတွက် တို့ဟူးပြားလေးဆယ်နှင့် သစ်သီးဖျော်ရည်နှစ်ဆယ့်
ပြားသာ ကုန်ကျပါ၍ သူက နောက်လိုက်ခြင်းဖြစ်ပါသည်။
ဟူးရော သစ်သီးဖျော်ရည်ပါ ကျွန်မ အကုန်အစင် သောက်စားပစ်
လည်း ကိုမြင့်နွယ်မှာ တစ်ဝက်သာသာ ချည်းသာ ချန်ထားခဲ့ပါ၍
မက-

"ကိုမြင့်နွယ်လည်း စားချင်တာ စားဦးလေ၊ ကျွန်မစားတာ
သူမှမကြိုက်တာ"

"မကြိုက်တာမဟုတ်ပါဘူး မဝင်တာပါ၊ စားချင်စိတ်မရှိဘူး၊
ချင်တဲ့ စိတ်ပဲ ရှိနေပါတယ်ဗျာ၊ ကျွန်တော့်ရင်မှာ အစားအစာ
နေရာမရှိအောင် ကြည်နူးမှုတွေနဲ့ ပြည့်လျှမ်းနေရပါတယ်၊
ချစ်ခန့်ရယ်"

"ဟွန်း… ကိုမြင့်နွယ်ကလည်း ကဲ… ကျွန်မတို့ အထည်
ဘက် ရှောက်ကြည့်ကြရအောင်"

ကျိုတ်ကျိုတ်တိုး စည်ကားနေသော နိုင်ငံခြားဖြစ် အဝတ်
ထည် မှောင်ခိုဈေးတန်းသို့ တိုးဝင်လာခဲ့ကြပါသည်။ ကျွန်မကို
ခံရစေလိုသော သဘောဖြင့် ကိုမြင့်နွယ်က ကျွန်မနောက်မှ



www.burmeseclassic.com

www.burmeseclassic.com



ကပ်၍ လိုက်ပါလာခဲ့ပါသည်၊ ဘေးက တိုးပါလျှင် သူ့လက်နှစ်ဖက်ကို ဆန့်ထုတ်ကာ ကျွန်မဘေးမှ တစ်ခါတရံ ကာ၍ လိုက်လာခဲ့ပေးသေးသည်။ နီးကပ်လွန်းသော အနေအထားကြောင့် သူ့ရင်ငွေ့နွေးနွေးက ကျွန်မ၏နောက်ကျောသားပြင်ကို ရှိန်းမြနွေးထွေးစေပါသည်။

နောင်နှစ်များစွာ ကြာလျှင် ကမ္ဘာ၌ လူများ မတ်တပ်ရပ်စရာသာ နေရာရှိတော့မည်ဟု သုတေသီတို့ အဆိုပြုထားရလောက်အောင် အရှိန်အဟုန်ဖြင့် လူဦးရေတိုးတက်နေသော ဤကမ္ဘာတွင် လူလူချင်း ကွေ့ရှောင်နေ၍ မဖြစ်တော့ပေ၊ ကျွန်မတို့ မြန်မာအမျိုးသမီးများအဖို့ ဗိုင်းကောင်းကျောက်ပိတ္တီ ခြေတစ်လှမ်း ကုဋေတစ်သန်းတို့ ဆိုသော စကားပုံများကို ကျင့်သုံးနေထိုင်သောခေတ် မဟုတ်တော့ပါဟု ကျွန်မယူဆမိပါသည်။

လင်ယောကျ်ားနှင့်အတူ ရှေ့ကသွားအောင် မစွမ်းဆောင်နိုင်သော်မှ နောက်ကမလိုက်ဘဲ ဘေးတိုက်ယှဉ်၍ လက်တွဲကာ တိုးတက်အောင် ကြိုးဆောင်ရမည့်ခေတ်သို့ ရောက်လာပြီဟု ကျွန်မထင်မိသည်။ သည့်အတွက် လူကြောက်နေစရာမလိုတော့ပါ၊ မတော်တဆ ထိမိခိုက်မိလျှင် ခွင့်လွှတ်ရမည်သာ၊ တမင်လာ၍ အသားယူပါလျှင် တိုးတန်တိုး၊ တိုက်တန်တိုက်၊ တွက်တန်တွက်ကာ ချက်ကောင်းကိုချည်ဦးအောင်တွယ်ပစ်ခဲ့မိသည်ချည်းသာ၊ သူတို့လို အမျိုးသားများက သူတို့နှစ်သက်မြတ်နိုးသော ကိုယ့်အမျိုးသမီးများကို တခြားယောကျ်ားချင်းတ ထိလိုက်လျှင် ပဲ့ကျွေသွားတော့မလို အဖြစ်သဲကာ အထိ



ကျွမ်းကန် လုပ်တတ်ကြပေသည်။

တိုးရင်းဝှေ့ရင်းဖြင့် ကျွန်မလိုရာ စွယ်တာဆိုင်ရှေ့သို့ ရောက်ခဲ့ပြီ။ ကျွန်မတွင် အနွေးထည် တစ်ထည်သာ ပါလာပါသည်။ တစ်ထည်သာ ပါလာသည်ဆို၍ အိမ်တွင် ထားရစ်ခဲ့ခြင်းလည်းမဟုတ်ပါ၊ ပေါင်းမှ တစ်ထည်သာရှိပါကြောင်း ကြွားလိုပါသည်။ အနွေးထည်မချွတ်ရသောအရပ်တွင် တစ်ထည်တည်း ဝတ်နေရသည်ကို စိတ်မသန့်ပါ၊ ဒေါ်စိမ်းညို၏ သိုးမွေးဖြူအင်္ကျီကလည်း အရာရာတော်၍မကောင်းပါ၊ ကျွန်မတွင် ငွေကလည်း ဖြိုးနေသဖြင့် ဝယ်၍လိုက်ပါဦးမည်၊ ကြီးကြီးစိမ်းပေးပြီးမှ ဝယ်ဝတ်ခြင်းအားဖြင့် ပိုမိုသဘာဝလည်းကျပါလိမ့်မည်၊ စွယ်တာဆိုင်တွင် သစ်ခွဝါရောင်နုနုစွယ်တာတစ်ထည်ကို ကျွန်မရွေးဝတ်ကြည့်လိုက်ရာ တိုင်းချုပ်ထားသည်သို့ပင် အံဝင်နေသည့်ပြင်

"မခင်ချစ်ခန့် အသားက ဝါပြီး နှစ်နေအောင် ဖြူတော့ အင်္ကျီနဲ့ သိပ်လိုက်တာပဲ"

ဟူသော ထောက်ခံချက်ကြောင့် ကျွန်မပါ နှစ်သက်သွားမိသဖြင့်. . .၊

"ဘယ်လောက်လဲ"

"တစ်ရာ့ငါးဆယ်ပါ"

"တကယ်ဝယ်မှာနော့် လျှော့ဦး"

"အစ်မက ဘယ်လောက်ထားမလဲ"



www.burmeseclassic.com

www.burmeseclassic.com

"တစ်ရာ"

"ပိုပါဦး သုံးဆယ်နဲ့ယူ"

"တော်ပြီ တစ်ရာပဲ"

"နှစ်ဆယ်မရှော့ဘူး"

"ယူလိုက်ပါဗျာ ကျွန်တော်ပေး…"

"အသာနေ ကိုမြင့်နွယ်၊ ဆစ်ပြီးသား တိုးမပေးတော့ဘူး"

ကျွန်မတို့ ဆိုင်မှ လှည့်ထွက်ကာ ပြန်အခေါ် စောင့် သော်လည်း ဈေးသည်က ယတိပြတ် ဆုံးဖြတ်သည့်မျက်နှာနှင့် ကျွ တို့ကိုပင် မကြည့်တော့ဘဲ တခြားဝယ်သူနှင့်သာ စကားဆိုနေပါ ပြန်လှည့်ဝယ်ရ ကောင်းမလားဟူသော အတွေးဖြင့် တခဏ ရပ်လို ပြီးမှ မပြတ်သားရာကျမှာစိုးပါ၍ ဆန္ဒကိုထိန်းလိုက်ပြီး အပြင်ဘက် ထွက်လာခဲ့ကြရာတွင် ကိုမြင့်နွယ်က ကျွန်မနား တိုးကပ်ပြီး…

"ဒီမှာ မခင်ချစ်ခန့် ကျွန်တော်တို့နောက်ကို လူတစ်ယော လိုက်နေတယ် သတိထားမိလား"

"ဟင့်အင်း မထားမိဘူး၊ ဘယ်မလဲ ကိုမြင့်နွယ်"

"နောက်မှာ ကွတ်အင်္ကျီအစိမ်းနဲ့လူပဲ"

ကိုမြင့်နွယ် စကားဆုံးလျှင်ပင် လိုက်လာသူ တိမ်းရှောင် ခွင့်မရအောင် ကျွန်မနောက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်မိရာ အကြ ချင်း ဆုံလိုက်သဖြင့် ကျွန်မစိတ်မှ

"ကိုညိုကြီးပါလား"





ဟူသော အသိဖြင့် ကျွန်မက ကိုညိုကြီးကို မျက်စေ့တဘက် တ်၍ ခေါင်းညိတ်ပြလိုက်ရပါသည်။ ကိုမြင့်နွယ်ကို ကျောပေးအနေ အထားနှင့် ဖြစ်နေပါ၍ သူမမြင်သာပါ၊ ကိုညိုကြီးသည် ကျွန်မ ဘော၏ တပည့် ကျွန်မတို့အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးပါပင်၊ ကိုမြင့်နွယ်က နှုရာယ်များ ပေးလေမလားဟူသော စိုးရိမ်စိတ်ဖြင့် နောက်ယောင်ခံ ကြောင်း ကျွန်မသိပါသည်။ လူစည်သော နေရာများသို့ ကျွန်မ သွားလိုပါသော်လည်း စွယ်တာဝယ်လို၍ ထွက်လာမိခဲ့ပါသည်။ ညိုကြီးသည် ကျွန်မပြသော မျက်ရိပ် အဓိပ္ပာယ်ကို နားလည်ကာ ွန်မတို့နားမှ ရှောင်ကွင်းသွားပါတော့သည်။ ကိုညိုကြီးတစ်ယောက် ွန်မတို့ မျက်မှောက်မှ ပျောက်သွားမှ ကိုမြင့်နွယ်က စိတ်အေးသွား သို…

"သြော်…မခင်ချစ်ခန့် ဒီမှာ ခဏလေး ရပ်စောင့်ပေးပါလား ော်… ကျွန်တော် ဆေးလိပ်မေ့ကျန်ခဲ့လို့ သွားဝယ်ချင်လို့ပါ"

"သွားပါ…ကိုမြင့်နွယ်… ကျွန်မ စောင့်နေပါ့မယ်"

ကိုမြင့်နွယ် ဈေးတန်းအတွင်း ပြန်ဝင်သွားချိန်တွင် ကျွန်မ စောင့်ရင်း ဟိုဟိုသည်သည် လှမ်းမျှော်ကြည့်မိရာ ခပ်လှမ်းလှမ်းမှ ပြုတ်ဆိုင်တွင် ထိုင်နေသော ကိုညိုကြီး၏ နောက်ကျောပိုင်းကို ရပါ၍ ကျွန်မ အမြန် လျှောက်သွားရင်း ကျွန်မလက်ကိုင်အိတ် ၍ အတွင်းမှ စာရွက်တစ်ခေါက်ကိုယူပြီး ကိုညိုကြီး ကျောနောက်မှ ်၍ရပ်ရင်း ဝက်သားလိပ်ဘန်းဆီသို့ ကိုယ်ကို ကိုင်း၍ ညာလက်နှင့်



www.burmeseclassic.com

www.burmeseclassic.com

ဝက်သားလိပ်ကိုင် ဘယ်လက်က စာတစ်စောင်ကို ကိုညိုကြီး ကွတ်အကျီအိတ်တွင် ထည့်ကာ တစ်ချိန်တည်းမှာပင်...

"ဒါ ဘယ်လောက်လဲ"

"တစ်ကျပ်"

"ဟင်...ဈေးများလိုက်တာ"

ဝက်သားလိပ်ကို ပြန်ထား၍ လှည့်ထွက်လာခဲ့ မိပါသည်၊ ကိုညိုကြီးက တစ်ချက်မျှ ဏ္ဍန္ဓေပျက်ခြင်း မရှိ၍ ဘယ်သူမျှ သိနိုင်မည် မဟုတ်ပါ၊ ကျွန်မ နောက်ကျောဆီမှ ဘုကြည့် ကြည့်နေမည်ဖြစ်သော တရုတ်ကို ကျွန်မ မမြင်ရပါဘဲနှင့် သိပြီးဖြစ်ပါသည်။ လမ်းလျှော အလွန်မြန်သော ကျွန်မမှာ ကိုမြင့်နွယ်... မရောက်မီပင် ယခင်ရပ် သော နေရာသို့ ရောက်လာနိုင်ခဲ့ပါပြီ၊ ကျွန်မ ရောက်ပြီး မိနစ်ပိုင်း အတွင်းမှာပင် အထုပ်တစ်ထုပ်ကိုင်၍ ခပ်သုတ်သုတ် လျှောက်လာ သော ကိုမြင့်နွယ်ကို မြင်ရပါပြီ နှစ်ယောက်သား အပြုံးချင်းသ တုံ့လှယ်၍ ဘာစကားမှ မပြောဖြစ်ကြပါဘဲ လေဟာပြင်ဈေးတွင်း ထွက်လာခဲ့ကြပါ၏။

ရေပူချောင်းလမ်းဝမှအလွန် လမ်းမတော်ဘက်သို့ ချိုးကွေ့လိုက် လျှင်ပင် မှောင်စပြုံးကာ အလင်းရောင်မှဲ့လှဲ့လေးသာ ရှိပေတော့သည် နေ့တာရှည်သောလ ဖြစ်၍သာ ယခု ခုနစ်ရာရီမတ်တင်းအချိန်တွင် အလင်းရောင်လှဲ့လှဲ့ကို မြင်နိုင်ခြင်းဖြစ်ပါသည်။ သည်နေ့ လမ်းထွက်ချ ပါ၍ ဒေါ်စိမ်းညို၏ ခြောက်နှာရှိ ထမင်းပိုင်းကို ဆာယ်မိနစ်လောက်





ပြီးစားလာနိုင်ခဲ့၍သာ သည်မျှအချိန်ရခြင်းဖြစ်ပါသည်။

လမ်းတလျှောက် လူသူက ရှင်းနေပေသည်၊ ပြောင်လက်သော ကတ္တရာလမ်းက အမှောင်အတွင်းသို့ ပြေးဝင်သွားသလိုပင် ကျွန်မတို့ မျက်စေ့ရှေ့မှာ မြင်နေရပါသည်။ ဝေးဝေးဆီ၌ အမှောင်တို့ ကြီးစိုး နေပါပြီ၊ အလာတုန်းကလို လေက မညင်သာ၊ ခပ်သွက်သွက် လေး တိုက်လာပါ၍ ကျွန်မ၏ ဆံပင်နှင့် အကျီလုံချည်တို့က လေတွင် တဖျတ်ဖျတ် လွင့်နေပါသည်။ လေကြောင်းနှင့် မျက်နှာ ချင်းကာ လျှောက်နေရပါ၍ လေစိုင်လေခဲထဲ ဖွင့်ခွဲ၍ ဝင်နေရသည်သို့ပင် လျှောက်လှမ်းရသည်မှာ ခရီးမတွင်လှပါ၊ ငုဝါရောင် ဇာအကျီ ဘော်စကနှင့် တစ်ရောင်တည်း တက်ထရွန်ထမီတစ်ထပ်တည်းသာ အတွင်းခံဘောင်းဘီနှင့် ဝတ်လာမိပါ၍ အအေးဓာတ်တို့က လွှယ်ကူစွာ ကိုယ်ခန္ဓာတွင်းသို့ စိမ့်ဝင်လာနိုင်ခဲ့ပါသည်။ သည့်အရင်က အချမ်း ဒဏ် အတော်ပင် ခံနိုင်ပါသော်လည်း ယခု ကျွန်မ၏ ခြေဖျား လက်ဖျားမှအစ တစ်ကိုယ်လုံး အေးစက်လာခဲ့ပါပြီ၊ လက်ကိုပိုက်၍ လျှောက်လာမိသဖြင့်...

"ချမ်းနေလားဟင်... မခင်ချစ်ခန့်"

"အင်းနော်... အတော့်ကို အေးလာတယ်"

"ခဏလေး...ခဏလေး"

သူက လက်ဝါးကာပြသဖြင့် ကျွန်မ ခဏရပ်နေလိုက်မိရာ သူက စက္ကူအိတ်တွင်းမှ ပစ္စည်းကို ဆွဲထုတ်၍ စက္ကူအိတ်ကို

www.burmeseclassic.com



လွှင့်ပစ်လိုက်ပြီး လက်နှစ်ဘက်နှင့် ဖြန့်လိုက်ရာ၊ ကျွန်မ ခုန တာရာနှ ဆစ်ခဲ့သော သစ်ခွဝါရောင် စွယ်တာ ဖြစ်နေပါတော့သည်။ သူက ကျွန်မနောက်ကျောဘက်သို့ သူ့လက်ကို ရစ်သိုင်းလွှမ်းခြုံရင်း–

"ကျွန်တော့်ရဲ့လက်ဆောင်ပါ မခင်ချစ်ခန့် လက်ခံပါနော် မငြင်းလိုက်ပါနဲ့ဗျာ"

"အို…အားနာစရာကြီး ကိုမြင့်နွယ်ရယ်… ဒီလောက် အဖိုး တန်တာ မယူပါရစေနဲ့၊ ဒီလိုလုပ်ပါ… ကျွန်မဆစ်ခဲ့တာ တစ်ရာ တစ်ရာရရင် ဝယ်ဖြစ်မယ်မှတ်လား၊ ဒီတော့ ကျွန်မ တစ်ရာပေးပါရစေ လို့တာ့ ကိုမြင့်နွယ်ကစိုက်ပေါ့ မကောင်းဘူးလား"

"မကောင်းပါဘူး…မခင်ချစ်ရယ်… ကျွန်တော့်စေတနာ ငွေနဲ့ မတိုင်းတာပါရစေနဲ့လားဗျာ…နောက်ဝတ်ဖို့ကို မဆိုထားနဲ့ မခင်ချစ်ခန့် ချမ်းနေတဲ့အချိန်လေးမှာ ဒီစွယ်တာလေးနဲ့ နွေးထွေး ရတာပဲ ကျွန်တော် ဝမ်းသာမဆုံးနိုင်အောင် ရှိရပါတယ်၊ မိတ်ဆွေရင်း ရင်းနှီးတဲ့ အထိမ်းအမှတ်အဖြစ်နဲ့ ဒီစွယ်တာလေးကိုတော့ မငြင်းလိုက်ပါနဲ့ လက်ခံပါလို့ ကျွန်တော်ထပ်ပြီး တောင်းပန်ပါရစေ လားနော်… မခင်ချစ်ခန့်…"

"ကိုမြင့်နွယ်စကားက ယဉ်ကျေးသိမ်မွေ့လှပါသည်။ ငြင်းရာ စရာမရှိအောင်လည်း တောင်းတောင်းပန်ပန် ဆိုနေပါသဖြင့် ကျွန်မ ကိုမြင့်နွယ်ပေါ်တွင် အားနာစိတ်မှ သနားစိတ်သို့ ကူးပြောင်းသွား





ပါသည်။ သူ့လိုလူအနေနှင့် သည်ငွေကို မှုလောက်မည်မဟုတ်ပါး ၎င်းတွင် နစ်နာစရာမရှိပါ၍ ကျွန်မ လက်ခံလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်မိပါသည်။ နောင်တွင် အလျဉ်းသင့်သည့်အခါ သူ့ အတွက် လက်ဆောင်ပစ္စည်း တစ်ခုခု ပြန်ဝယ်ပေးတော့မည်ဟု ကျွန်မ တွေးကူးရင်း…

"ကောင်းပါပြီ ကိုမြင့်နွယ်ရဲ့ ဒီလက်ဆောင်လေးကို ကျွန်မ လက်ခံပါတော့မယ်… ကျွန်မကြိုက်တဲ့အင်္ကျီလေး ဖြစ်လို့လည်း… အလွန်နှစ်နှစ်သက်သက် ဝတ်ဆင်ပါ့မယ်ရှင်၊ ဒီအတွက်လည်း ကိုမြင့်နွယ်ကို ကျေးဇူးတွေ အနန္တပါပဲ"

"ဝမ်းသာပါတယ် မခင်ချစ်ခန့်ရယ်… ကျွန်တော့်အင်္ကျီ အိတ်လေတိုင်း မခင်ချစ်ခန့် ပိုနွေးမှာပါ၊ ဘာဖြစ်လို့လဲဆိုရင် ဒီအင်္ကျီမှာ ကျွန်တော့်မေတ္တာငွေ့တွေ ပါနေလို့ပါပဲ"

သူ့စကားကို ကျွန်မ ဘာတစ်လုံးမျှ မချေပဖြစ်တော့ပါဘဲ လွှက်သွက်သာ လျှောက်လာခဲ့ကြပါတော့သည်။ မကြာမီမှာပင် တောင်တွင်းမှ မီးရောင်များ ထိန်ထိန်လင်းလက်နေသော နတ်ဘုံ ဗိမာန်းပမာ မြတ်မဟာကို လှမ်းမြင်ရပါချေပြီ…။

ကိုမြင့်နွယ်ကို နှုတ်ဆက်ကာ မြတ်မဟာပေါ် တက်လာရင်း ရင်တွင်း၌ စိုးရွံ့စိတ် ဝင်မိပါသည်။ အပြင်ထွက်ချိန်ထက် ကျော်လွန်ပြီး သည်ပတ်မိသည့် အပြစ်နှင့် သူစိမ်းယောက်ျား တစ်ယောက်နှင့် အတူ ထွက်ခွာလာမိသည့် အပြစ်အပြင် ကိုညိုကြီးနှင့် ဆက်သွယ်မိသည်ကို

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိမ်းညိုတို့နှင့် ပတ်သက်သော သူတစ်ယောက် ယောက်ကမျှ တွေ့သွားလေသလား ဟူသော စိုးရိမ်စိတ်တို့ဖြင့် လှေကားမှ တက်လာခဲ့ရပါသည်။ တိုးတိတ်စွာ တံခါးခေါက်ရပါ၍ အချိန်ကြာမြင့်စွာ ရပ်စောင့်နေရပါသည်။ မအေးမိ နောက်ဖေးခန်းတွင် မရှိပါ၍ အချိန်မှာ ကြာမြင့်သင့်သည်ထက် ပိုမိုကြာမြင့်သွားရပါသည်။ ဆယ့်ငါးမိနစ်ခန့် ရပ်စောင့်ပြီးမှ မအေးမိက တံခါးဖွင့်ပေးလာပါသည်။

''မအေးမိ ကြီးကြီးစိမ်း သူ့အခန်းမှာပဲလားဟင်''

''မသိဘူး''

''ထမင်းစားပြီးတုန်းက သူ့အခန်းပြန်သွားတယ်မှုတ်လား''

''ကျွန်မ မသိဘူး''

မအေးမိ ဆက်ဆံပုံ ပြောင်းလွဲသွားသဖြင့် ကျွန်မ စိတ်ထင့်သွားမိပါသည်။ ကျွန်မကိစ္စ မအောင်မြင်ခင် သူတို့ အငြိုးအငြင် မခံချင်မိပါ၊ မအေးမိကိုမူ ပြေလည်အောင် ရှင်းစရာမလိုပါ၍ ကျွန်မ သူ့ကို ကျောခိုင်းကာ ထွက်လာခဲ့မိပါသည်။ အလယ်ခန်းမတလျှောက် တိတ်ဆိတ်ရှင်းလင်းနေသဖြင့် တော်ပေသေးသည်။ ဒေါ်စိမ်းညို တစ်ယောက် သူ့အခန်းတွင်းဝယ် သူ့ကန်တော့ပွဲများနှင့် အလုပ်ရှုပ်နေ လိမ့်မည် ထင်ပါသည်။ ကျွန်မအခန်းဘက်သို့ ချိုးကွေ့လျှောက် ဟန်မပျက် နေပါလျက် ဒေါ်စိမ်းညို မသိနိုင်ဟူသော အတွေးဖြင့် ကျွန်မအခန်းရှိရာ တောင်ဘက်ဆီသို့ ခန်းမမှနေ၍ ချိုးကွေ့လိုက်ရာ–

''ဟင်…ဒေါ်…ကြီး…ကြီး စိမ်း''





ဒေါ်စိမ်းညိုက အခန်းဝမှ ဆီးတားထားသလို ဘွားခနဲ တွေ့လိုက်ရပါ၍ ဒေါ်စိမ်းညိုဟု ခေါ်မလို့ပြုပြီးမှ သတိရကာ ကြီးကြီးစိမ်းဟု ခေါ်လိုက်ရပါသည်။ ကျွန်မအမူအရာ ပျက်မသွားစေရန် အနည်းဟန်ပြင်လိုက်ပြီးမှ ကိုယ့်အပြစ်ကိုယ်ကပင် စတင်ဖော်ကျူးမှုနှင့် စိတ်သက်သာရာ ရတာတ်စမြဲ ဖြစ်ပါ၍–

''ကျွန်မ အပြင်က ပြန်လာတာပါ၊ ကြီးကြီးစိမ်းကိုတောင် ပြောမသွားမိဘူး၊ ဟောဒီ စွယ်တာလေး သွားဝယ်တာပါ၊ ကျွန်မမှာ အနွေးထည် ပြည့်ပြည့်စုံစုံ ပါမလာလို့ ကြီးကြီးစိမ်းပေးတဲ့ငွေနဲ့ အနွေးထည်သွားဝယ်တာပါ ကြီးကြီးစိမ်း''

ကျွန်မ၏အဖြေက ယျထာဘူတကျသွားသည် ထင်ပါသည်။ ဒေါ်စိမ်းညို၏ တင်းမာနေသော မျက်နှာမှာ အနည်းငယ် ပြေလျော့သွားခဲ့ပါပြီ၊ သူက ဘာမှဆက်မပြောတော့ပါဘဲ ပြန်လှည့်ကာ ကျွန်မရှေ့မှ လျှောက်သွားပါ၍ ကျွန်မလည်း သူ့နောက်မှ လိုက်ခဲ့ရပါသည်။ ကျွန်မအခန်းဝတွင် ဒေါ်စိမ်းညိုက ရပ်နေပါသဖြင့် ကျွန်မက သော့ဖြင့် ကျွန်မ၏အခန်းတံခါးကို ဖွင့်လိုက်ရတော့ပါသည်။ ကျွန်မ ရှေ့မှ သူက အရင်ဝင်သွားပြီး ကုတင်ပေါ်တွင် တင်ပါးလွှဲထိုင်ရင်း…

''ခုခေတ်ကလည်း ရှုပ်သား ခင်ချစ်ခန့်ရယ်၊ သန်းခေါင်တာရင်း ဆီစာအုပ်တို့ လုပ်ရသေးတာ၊ ခင်ချစ်ခန့်ဆီမှာ တစ်နယ်က



www.burmeseclassic.com

www.burmeseclassic.com



တစ်နယ်ပြောင်းကြောင်း အထောက်အထားဖြစ်တဲ့ ပုံစံ(၁၀) ပါသလား''

''ကျွန်မလည်း စိတ်သောကတွေနဲ့ကြောင့် တောင်းမလာမိ ဘူး ကြီးကြီးစိမ်းရယ်''

''ဒါဖြင့် မှတ်ပုံတင်ရော''

''ဒါတော့ ပါပါတယ်''

''ကြီးကြီးစိမ်းကို ခဏပေးထားပါ၊ အိမ်သားစာရင်းသွင်း ရမရ မေးကြည့်ရအောင်ပေါ့''

''ဟုတ်ကဲ့... ဟုတ်ကဲ့ ကြီးကြီးစိမ်း၊ အဲဒီကိစ္စတွေပြီး လည်း ကြီးကြီးစိမ်းဆီမှာသာ သိမ်းထားပါ၊ ကျွန်မမှာ ဘာသုံးစ မှ မလိုပါဘူး''

ကျွန်မအတွက် ပေးထားသော ဘီရိုသော့ကိုဖွင့်၍ အတွင်း ကျွန်မ၏ သားရေအိတ်အတွင်းကနေ့မှ ကျွန်မ၏ မှတ်ပုံတင် ထုတ်ကာ ဒေါ်စိမ်းညိုလက် အပ်လိုက်ရပါသည်။ မှတ်ပုံတင် ဖြစ်သင့်သည်ထက် ပိုမိုသစ်နေပါသော်လည်း ဒေါ်စိမ်းညိုအနေ သံသယဝင်နိုင်မည် မဟုတ်ပါ။ အမည် ခင်ချစ်ခန့်၊ အဖအမည် ဦးအောင်တင့်၊ အမိအမည် ဒေါ်စိမ်းနွဲ့နှင့် ခင်ချစ်ခန့်၏ မွေးသက္ကရာဇ် နဖူးမှ ထင်ရှားသောအမှတ်အသားအဖြစ် မှည့်ကြီးတစ်လုံးပါရှိကြော နှင့် အမျိုးသားမှတ်ပုံတင်ဌာန၏ တံဆိပ်တုံးတု လက်မှတ်တုကို အ အချာ အကွက်ရိုက်ကာ စီစဉ်ခဲ့ပြီး ဖြစ်ပါ၍ အလျဉ်းသင့်လျှင် ဖြ





သော ကျွန်မမှာ ဟန်ကျသွားရပါသည်။ သည်မှတ်ပုံတင်ကို သည့်အခါ ဒေါ်စိမ်းညို၏ စိတ်တွင် သံသယရိပ်လေး ခိုဝင်နေ သည်တို့ကို လွင့်စင်အောင် တိုက်ဖျက်လိုက်သည့်နှယ် ဖြစ်သွားရ ကြောင်း ကျွန်မ သတိထားလိုက်မိပါသည်။

''ဒီမှာ ခင်ချစ်ခန့် ခင်ချစ်ခန့်ဟာ ကြီးကြီးစိမ်းရဲ့ ဘာကယ့် ရင်းသားရင်းပါကွယ်၊ ဘာမဆို ကြီးကြီးစိမ်းကို တိုက်ရိုက်မေးမြန်း ကွယ်ပါလို့ ပြောချင်တယ်၊ ပြီးတော့ အပြင်သွားချင်ရင် မမှောင်ခင် ချင်တယ်။ အမှောင်ဆိုတာ အန္တရာယ်ကို ညှော်ခံဖိတ်ခေါ်ပြီး အားမြှောက်လုပ်နေတာနဲ့ အတူတူပဲ၊ နှုတ်ထွေးအမေ တင်မေ လည်း အချိန်မတော် သွားမိလို့ သေရရှာတာပါ၊ ဒီတော့ သွားချင်စရာရှိရင် ကြီးကြီးစိမ်းကို အသိပေးပါ၊ ဝေးလံတဲ့ ရင် ဒရိုင်ဘာအရံသင့်ရှိတယ်၊ ကြီးကြီးစိမ်း မကန့်ကွက်ပါဘူး၊ သွားနိုင်တယ်''

''ဟုတ်ကဲ့ပါ ကြီးကြီးစိမ်း ကျေးဇူးတင်လှပါတယ်၊ ခုသွား ကြောင်းလည်း ဝန်ခံရင်း ကြီးကြီးစိမ်းကို တောင်းပန်လို ''

''ခွင့်လွှတ်ပါတယ်လေ ပြီးတော့ ခင်ချစ်ခန့် ဟိုနေ့က ကြီးကြီး ဝိဉာဉ်စံအိမ်အကြောင်း မအေးမိကိုမေးမြန်း စပ်စုနေတယ် ကြီးကြီးစိမ်းလည်း ဒီအကြောင်း ပြောပြချင်နေပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ခံစားနေရတာ ထုတ်ဖော်လိုက်ရရင် ရင်လည်း တစ်မျိုး ရှင်းသွားနိုင်တယ်''

''ဟုတ်တာပေါ့ ကျွန်မလည်း သိပ်သိချင်နေပါတယ်၊ မမေးဖို့ လို့သာ နေရတာပါရှင်''

''အင်း...ခင်ချစ်ခန့်တို့ကတော့ အပျိုမို့ မိခင်တစ်ယောက်ရဲ့ ခံစားမှုကို နားလည်ဦးမှာ မဟုတ်ပါဘူးလေ၊ ဒါပေမယ့် မိခင်ရဲ့ မေတ္တာဆိုတာ ဒီလောကမှာ နှိုင်းပြစရာ ဘာပမာဏမှ မရှိတဲ့အရာပါ ခင်ချစ်ခန့်၊ ဒီလိုမေတ္တာတွေနဲ့ ကြီးကြီးစိမ်းဟာ သားကြီးကို ချစ်ခဲ့တယ်''

''သြော်...အစ်ကိုမြတ်ဦးကို ပြောတာလားဟင်''

''ဟုတ်တယ်တူမ...သူဟာ တယူသန် အစွဲအလန်း သိပ်ကြီး တယ်၊ အပေါင်းအသင်းပေါ်မှာလည်း သိပ်ပြီး သံယောဇဉ်ကြီးတဲ့ သူငယ်ပဲ ဒီလိုနေရင်း သူငယ်ချင်း အပေါင်းသင်းတွေထဲက မိုက်ရူးရဲ လေးတွေကလည်းရှိတော့ တောခိုကြသတဲ့လေ၊ ကိုမြတ်ဦးဟာ တယူသန်သမားဆိုတော့ ကြီးကြီးစိမ်းဘယ်လိုပဲ ဖြောင်းဖျပြောဆိုပေ မယ့် ကြီးကြီးစိမ်းကို အသိပေးပြီး ဇွတ်တောခိုသွားခဲ့တယ်''

''ကြာပြီလား ကြီးကြီးစိမ်း''

''သူတောခိုတာတော့ လွန်ခဲ့တဲ့ သုံးနှစ်နဲ့ လေးလကပဲ၊ ဒီလို ဝါဒရေးကလည်း တဖြောင့်တည်းမနေ ခေါင်းဆောင်ပိုင်းကလည်း စည်းစိမ်ခံယူပြီး သားတို့လို လက်အောက်ငယ်သားတွေမှာ ဝေါ်ပြတ်





င်းရဲလာတာ ကြာတော့ သူ ဒဏ်မခံနိုင်တော့ဘူးလေ၊ အဲဒီအချိန်မှာ သူတို့တစ်ဖွဲ့တည်းနေရတဲ့ တောခိုရဲမေ မတင်အုံး ဆိုတာ ရှိတယ်တဲ့၊ သားက သူ့ကို စုံမက်နေရှာတယ် သူနဲ့လည်း ရင်းနှီးတော့ သားက ဒဏ်မခံနိုင်တော့လို့ သူတို့လက်က ထွက်ပြေးကြရအောင် ညှိနှိုင်းတဲ့ အခါမှာ အဲဒီ မိန်းကလေးကလည်း သဘောတူတယ်၊ သူတို့မြို့ ရောက်ရင် လက်ထပ်ကြမယ်လို့တောင် ကတိပေးထားတော့ သားက သိပ်ပြီး ဝမ်းသာရှာလွန်းလို့ ချက်ချင်း စီစဉ်ရှာတယ်တဲ့၊ နောက်ဆုံး တစ်ညမှာ ဒီမိန်းကလေးနဲ့အတူ ထွက်ပြေးကြရင်း သူတို့ ကင်းစခန်းနဲ့ တည့်တည့်တိုးပြီး ဝိုင်းအဖမ်းခံကြရတော့တာပါပဲ၊ သူတို့ဌာနချုပ် ရောက်ပြီး သားကို သစ္စာဖောက်အဖြစ် စွဲချက်တင်ကြတယ်တဲ့ကွယ်၊ သားပြောခဲ့တဲ့ စကားတွေအားလုံးလည်း ခေါင်းဆောင်ပိုင်းက သိပြီး ကြပြီတဲ့၊ သိကြမှာပေါ့လေ အဲဒီသားနဲ့အတူ ထွက်ပြေးဟန်ဆောင်တဲ့ မိန်းကလေးက သူတို့စခန်းဗိုလ်ရဲ့ အားအထားရဆုံး လူယုံတော် ရဲမေဆိုပဲ၊ သူက ပူးပေါင်းဟန်နဲ့ ဖမ်းပေးတာမို့ သားက သိပ်စိတ်နာ သွားရှာတယ်တဲ့၊ ဒါနဲ့ သားကို အမျိုးမျိုးညှဉ်းပမ်းပြီး နောက်ဆုံး သတ်ပစ်လိုက်ကြတော့တာပါပဲကွယ်၊ သားအလောင်းကို ကုန်းမြင့်သာ ရွှန် စိန်ပန်းပင်ကြီးအောက်မှာ လာယူပါ သစ္စာဖောက်မို့ ကွပ်မျက် လိုက်ပြီဆိုပြီး ကြီးကြီးစိမ်းဆီကို အကြောင်းကြားစာ လာတယ်''

''အို...ဖြစ်မှဖြစ်ရလေ... ရဲတင်းလိုက်တာနော်... ဒီက အုပ်ချုပ်ရေးပိုင်းက လိုက်မတိုက်ဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအချိန်က သူတို့က အင်အားသိပ်ကြီးပြီး နယ်တွေသိမ်း ထားနိုင်ခဲ့တာကိုး၊ ခုတော့ ဒီကထိုးစစ်ကြောင့် အားလုံး ပြိုကွဲပါပြီ မိသူ သေသူ လက်နက်ချသူတွေအဖြစ်နဲ့ ကွဲပြားကုန်ကြရတော့တာ ပေါ့"

"ဒါနဲ့ အလောင်းသွားယူရောလား"

"စာက ကြန့်ကြာနေသေးတာကို... အလောင်းတော် ပုတ် နေပါပြီ၊ ဆရာဝန် စစ်ချက်ထဲမှာ သေဆုံးပြီးတာ ကိုးရက်ခန့်ရှိပြီ ဆိုပါတယ်၊ သားကြီးအသုဘကို ကြီးကြီးစိမ်း အထူးအမွန်းတင်ပြီး သင်္ဂြိုဟ်ပေးလိုက်ပါတယ်"

ဒေါ်စိမ်းညိုက စကားပြောရင်း ဝေ့ဝဲလာသော မျက်ရည် ကြည်များကို တို့သုတ်နေပါ၏ ကျွန်မဘာမှ မမေးရဲသေးပါ။ အ အနေကိုသာ စောင့်ကြည့်နေရပါသည်။ ကျွန်မစိတ်က ဝိဉာဉ်စံအိ ဖြစ်ပေါ်လာပုံကိုသာ စိတ်စောနေမိပါသည်။ ကျွန်မ၏ ဆန္ဒ ဒေါ်စိမ်းညိုက သိဟန်တူပါသည်။ ဆက်လက်ပြီး-

"သားအသုဘကိစ္စပြီးကတည်းက အမြဲလို အိပ်မက် မက်တယ် ခင်ချစ်ခန့်ရယ်၊ အိပ်မက်ထဲမှာ သားနဲ့အမြဲတွေ့ရတ ကြီးကြီးစိမ်း၊ အနားမှာ သူအမြဲရှိနေတယ် စကားပြောခွင့်တော့ မရ တစ်ခါ သားငယ် ကိုမြတ်နှောင်းကလည်း အိပ်မက် မက်ပြန်တာ ဒီတော့ သားအမိနှစ်ယောက် ဒီအကြောင်း ပြောကြရင်း ကိုမြတ်နှော က သူ့ဆရာကိုပင့်ပြီး မေးမယ်လို့ ပြောပါတယ်၊ သူ့ဆရာ ဦးသေ





ကောင်း ဆိုတာက သမထပေါက်ပြီး အကြားအမြင်ရနေသူမို့ သားက ည့်ခံရင်း သိပ်ကြည်ညိုနေတာပဲ"

"ခုလည်း အစ်ကိုမြတ်နှောင်းက အဲဒီဆရာ့ဆီမှာပဲ သဓော နေတယ်ဆို ကြီးကြီးစိမ်း"

"ဟုတ်တယ် ခင်ချစ်ခန့် သူ့အကြောင်း တကဏ္ဍ ပြောပါဦးမယ်၊ ဆရာခေါ်ပြီး မေးရောဆိုပါတော့ကွယ်... ဆရာက အသေဆိုးနဲ့ ပြီး မိခင်ကို တမ်းတရင်း အသက်ထွက်သွားရှာတာမို့ သူ့အတွက် လေးတစ်ခု လုပ်ပေးပါလို့ ဆိုပါတယ်၊ ပထမတော့ မယုံရခက် ရခက်ပေါ့ကွယ်၊ တဖြည်းဖြည်းနဲ့ ဒီဆရာသိပ်စွမ်းကြောင်းတွေ တွေ တွေ့လာတော့တယ်၊ သားကြီးကိုလည်း အိပ်မက်မက်ဆဲပဲ၊ တော့ ဆရာက ခင်ဗျားသားကြီးကိုချစ်ရင် သူ့ဝိဉာဉ်တခြားမှာ နေတာ ခင်ဗျားကြည့်ရက်မလားလို့ ဆိုတယ်၊ ကြောက်သလားလို့ ည်း မေးသေးတယ်၊ ပြီးတော့ ကြီးကြီးစိမ်းကို လက်တန်းပြီး ကိုင်ခိုင်းထားတယ်၊ သူက မန်းမှုတ်တော့တာပါပဲ၊ ကြီးကြီးစိမ်း လိုထိန်းပေမယ့် မရတော့တဲ့ ကြီးကြီးစိမ်းလက်တွေ တဆတ်ဆတ် လာတော့တယ်၊ အဲဒီလို ထူးဆန်းတာတွေက အများကြီးတွေ့လာ တော့ ကြီးကြီးစိမ်းကိုယ်တိုင်ပါ ယုံပြီး ဆရာခိုင်းတဲ့အတိုင်း ပွဲပေး ရတယ်"

"ဒါနဲ့ အစ်ကိုကြီးဝိဉာဉ်ဆိုတာရော"

"ဆရာ့ကိုလည်းယုံ သားကြီးကို မကြောက်တဲ့အပြင် ထိတွေ့



www.burmeseclassic.com

www.burmeseclassic.com

ချင်နေတယ်၊ ဒါကြောင့် အရင်က စတိုခန်းလေး လုပ်ထားတဲ့ အခေ
လေးကို 'ဝိဉာဉ်စံအိမ်' အဖြစ် သတ်မှတ်လိုက်ရတော့တယ်၊ ဆရာ
လိပ်ပြာချုပ်ပေးတယ်ပေါ့ကွယ် ဒီမှာနေဖို့ အမိန့်ပြန်ထားတယ်
ကြီးကြီးစိမ်းတို့ တာဝန်က သူ့အသက်ထင်ရှား ရှိနေတဲ့အတိုင်
ပြုစုပေးရပါတယ် အိပ်ရာကုတင် ပြင်ပေးရတယ် အစာတစ်နေ့သုံး
ကျွေးရတယ်၊ သူ့အရိုးအိုးရှေ့မှာ ထားခဲ့ရတယ်၊ ဒီတော့ ကြီးကြီးစိမ်း
ရင်ကွဲမတတ် ပူဆွေးနေရတဲ့ ပရိဒေဝမီးညွန့်လေးဟာ ကျိုးသွားခဲ့
တယ် သားကြီးရှိနေသလို စိတ်မှာ ထင်မြင်လာတယ် စားခ
အကောင်းလေးကအစ သူ့ဆီကို ပို့နိုင်းလိုက်ရတယ် ဒီကိုလည်
ဒေါ်အိုဇာတစ်ယောက်သာ သွားဝံ့တယ် အေးမိတို့ဆို ဒီအခန်းနေ
လောက်တောင် မလာရဲဘူး''

''ကျွန်မကတော့ မကြောက်တတ်ပါဘူး ကြီးကြီးစိမ်း''

''ဒါဖြင့် ကြီးကြီးစိမ်းရဲ့ ဝိဉာဉ်စံအိမ်ကို လိုက်ကြည့်ပါလား
ကြီးကြီးစိမ်း ညတိုင်းအမြဲသွားတယ် သားကြီးကို သွားပြုစုတယ်''

''ဟုတ်ကဲ့ ကြီးကြီးစိမ်းခေါ်တဲ့အချိန် ကျွန်မလိုက်ဖို့ အသ
ပါပဲ''

''ဒီနေ့တော့ ညဦးတည်းက သွားလိုက်ပြီးပြီ၊ နက်ဖန်တော
ခေါ်မယ်လေ''

''ဟုတ်ကဲ့ ကောင်းပါပြီ ကြီးကြီးစိမ်း''

❖ ❖ ❖

## အခန်း ။ ၆ ။

နောင်တော်ကြီး၊ နောင်တော်လေး ဟူသော ဘုရားနှစ်ဆူ
ည်ထားကိုးကွယ်ရာ ရှုခင်းသာ တောင်ထိပ်ပေါ်သို့ ရောက်ရှိနေပါ
ည်။ လှပသော စခမ်းကြီးတစ်မြို့လုံးကို အပေါ်စီးမှနေ၍ အားလုံး
ကာ မြင်နေရပါသည်။ ဝေးဝေးဆီမှ ထီးမတ်မြင့်မားသော မြတ်မဟာ
တော်ဟု အများခေါ်ကြသည့် ကျွန်မနေထိုင်ရာ တည်းခိုရိပ်သာကို
ည်း လှမ်း၍ မြင်နေပါ၏။ ကျွန်မမှာ လူဦးရေ များပြားလွန်း၍
းလေရာ ရှုပ်ထွေးကာ အနေကြပ်လှပါသော မြို့တော်မှသည်
န်းကြီးလို တောင်ပေါ်မြို့ဆီသို့ ရောက်လာရသဖြင့် ထောင်မှ
တ်လာသူတစ်ယောက်ပမာ အနေချောင်လှပါသည်။ ရေမြေ
တောင်၏ သဘာဝကို လူတို့ထိတွေ့ ခံစားရခြင်းအားဖြင့် စိတ်
ည်နူးဆွတ်ပျံ့မှုကို ရာနှုန်းပြည့် ရယူနိုင်ပါကြောင်း ကျွန်မ လ တွေ့
ရပါလေပြီ။

www.burmeseclassic.com

www.burmeseclassic.com

"အရင်သွားတဲ့ ဇရပ်ဘက် သွားကြရအောင်လား
ကိုကိုနောင်း"

"အသာနေစမ်းပါဦး"

"ဒါဖြင့် ကိုကိုဦး ရှိတုန်းက သွားတဲ့ နတ်ရေကန်ဘ
သွားကြမယ်လေ"

"တိတ်စမ်း"

"ကိုကိုနောင်းကလည်းလေ ဘာပြောလို့မှကို မရဘူး၊ သူ
နွေးက အကုန်လိုက်လျှောရတာချည်းပဲ"

ကျွန်မ နောက်ကျောဘက်မှ ကိုမြတ်နောင်းနှင့် နွေး
စကားသံများကို ကြားနေရသော်လည်း ကျွန်မ လှည့်မကြ
ဝင်မပါမိပါ၊ မနွေးလေး၏ စကားသံက နူးညံ့ညင်သာလွန်း
လိုက်လျှောလွန်းဟန်ရှိပါသော်လည်း ခက်ထန်သောအသံဖြ
ကိုမြတ်နောင်းက တုန့်ပြန်ပါသည်။ သူတို့ချင်း ဘယ်သို့သေ
အတိတ်မျိုး ရှိလေသည် မသိပါ၊ မနွေးနှင့် ကိုမြတ်နောင်း
တွဲနေကြသည်။ ချစ်မေတ္တာ သက်ဝင်နေကြသူချင်း ဖြစ်နိုင်သည်
ကျွန်မ မြတ်မဟာ မလာမီက ဆရာတို့က ကောက်ချက်ချ
ကျွန်မကို အသိပေးလိုက်ကြပါသည်။ လက်တွေ့အမြင်တွင်
မနွေးလေးမှာ သနားစရာပါ။

"ကဲ နွေး စားစရာပြင်ကွာ၊ ဆာလာပြီ၊ ခင်ချစ်ခန့်လည်း
လာလေ"





ကိုမြတ်နောင်း ခေါ်သံကြောင့် ရှုခင်းသာ ကြည့်ကွင်းမှ
ဘယ်ကာ သူတို့ဘက်သို့လှည့်လာရပါသည်။ ပလတ်စတစ်စားပွဲခင်း
လေးကို ခင်းလိုက်ပြီး မနွေးက ချင်းအတွင်းမှ စားစရာများကို
တစ်ခုချင်း ထုတ်နေပါသည်။ ပလတ်စတစ်ကော်ဖီပန်းကန်သုံးစုံ
ကိုလည်း နေရာတကျ လိုက်ချပါသည်။ ဓာတ်ဗူးထဲမှ ကော်ဖီများကို
လိုက်ငှဲ့ပေးပြီး ငှက်ပျောသီးနှင့် အမှုန့်သင်ပြီးသား လိမ္မော်မွှာများ
နွေးကိုယ်တိုင် ကြော်လာသည်ဆိုသော အာလူးကတ်တလိပ်၊
ကြက်ဥပေါင်မုန့်ကြော်အပြင် နိုင်ငံခြားဖြစ် ချောကလက်နှင့် သကြားလုံး
များ ကွာစိများကိုပါ ပလတ်စတစ်ပန်းကန်ပြားလေးများတွင် ထည့်ကာ
နွေးက စနစ်တကျသပ်ယပ်လှပစွာ ပြင်ဆင်နေသည်ကို ကျွန်မ
ငြင်းမကူမိဘဲ ငေး၍သာကြည့်နေမိပါသည်။

နွေးကလည်း သူကိုယ်တိုင် အားလုံးကို စွမ်းဆောင်နိုင်
ကြောင်း ပြသ,လိုဟန်ရှိပါ၏။ ကိုယ့်ချစ်သူရှေ့တွင် ကိုယ့်ရဲ့ အရည်
အချင်းရှိသမျှ ထုတ်ဖော်ပြချင်သောစိတ်မျိုး မိန်းမသားတိုင်းတွင် ရှိကြ
ပါသည်။

"စားပါ မမခန့်ရဲ့ နွေး ကြော်လာတာလေးတွေ ကြိုက်ရဲ့
လား"

"စားမယ် ညီမလေး… မြင်တာနဲ့ စားချင်စရာ ကောင်းပါ
တယ်… ဒါနဲ့ ဒါက ဘာယိုလဲ ဟင်…"

www.burmeseclassic.com

www.burmeseclassic.com



''ကိုကိုနှောင်း ကြိုက်တတ်လို့ နုထွေးကိုယ်တိုင် ထိုးလာတဲ့ ခေါင်းလျှော်ယိုပါ မမခန့်''

''ငါ မစားချင်ပါဘူးနုထွေးရာ''

''အို…အစ်ကိုကလည်း စားစေချင်လို့ သူ့ခမြာ တပင်တပန်း ထိုးလာရှာတာ စေတနာစောင့်ရှောက်တဲ့ အနေနဲ့တော့ စားဦးမှပေါ့…''

''အေး…အေး… ခုဟာတော့ စားပါ့မယ်လေ၊ ဒါပေမယ့် သူများအတွက် အပင်ပန်းခံရတယ်ဆိုတာ အဓိပ္ပာယ်ကိုမရှိဘူး''

''အစ်ကို့စကားက အတ္တဆန်လွန်းမနေဘူးလား''

''အတ္တာဟိ အတ္တနော နာထော မိမိကိုယ်သာ ကိုးကွယ်ရာ လို့ ဘုရားတောင် ဟောခဲ့တာပဲကွဲ့''

''ဟာ ဒါတော့ အစ်ကို ကောက်ချက်ချ လွဲနေပါပြီ၊ လူတွေ ဖြစ်လေ့ရှိတဲ့ သဘောကိုသာ ဟောခဲ့တာပါ မိမိကိုယ်ကိုသာ ကိုးကွယ် နေရမယ်လို့ မဟောခဲ့ပါဘူး ဒါနပြုခြင်း သီလဆောက်တည်ခြင်းဆိုတဲ့ တရားတွေဟာ ကိုယ်ကျိုးထက် သူတစ်ပါးအတွက် ငဲ့ကွက်ရမယ့် သိက္ခာပုဒ်တွေပါ ပါတယ် အစ်ကိုရဲ့''

''အေး ဒါတွေက လောကုတ္တရာပိုင်းပဲ အစ်ကိုနားမလည်ဘူး အစ်ကိုနားလည်တာက ဒီတစ်ဘဝ ကောင်းစားရေးအတွက်ပဲ တမလွန် ဆိုတာကို အားကိုးမနေချင်ဘူး မမြင်နိုင်တဲ့ မရေရာတဲ့ တမလွန် ကောင်းစားရေးအတွက် ဒီဘဝမှာ အနစ်နာခံရတာမျိုးကို လက်မခံ ချင်ဘူး''





ကိုမြတ်နှောင်း၏ မျက်ဝန်းကိုသာ …ကြင်…သေးဘူးလား'' …သည်။ သူနှင့် အခြေတင် ငြင်းခုံမနေလိုတော့ပါ။ …ရှိနေသေးပဲ …ားများမှာ မှန်ကန်သည့်ဘက်က ရှိနေမည်ဖြစ်သော်လည်း သူလည်း …က်ခံလိုက်နိုင်မည်မဟုတ်ပါ၊ ကျွန်မအတွက်လည်း အကျိုးရှိလာမည် …ဟုတ်ပါ၍ ကျွန်မဘာမှ ပြန်လည်ဝေဖန်ခြင်း မပြုမိတော့ပါ။

ကိုမြတ်နှောင်းသည် အတ္တဆန်လွန်းသူတစ်ယောက် အဖြစ်နှင့် …သာ ကျွန်မစိတ်တွင် မှတ်ယူလိုက်မိပါသည်။ စကားဝိုင်းက ငြိမ်သက် …သွားကြပြီး အစားများကိုသာ စားသောက်နေကြပါသည်။ အိမ်က …မင်းစားပြီးမှ ထွက်လာကြသည် ဖြစ်သော်လည်း တောင်တက်လာရ …သဖြင့် စားလာသောထမင်းများ ကုန်ခဲ့ပြီထင်ပါသည်။ ဆာဆာနှင့် …လာသော အစာများ ကုန်လုအောင် စားဖြစ်ကြပါသည်။ အစားအစာ …သော ခြင်းကို ကိုမြတ်နှောင်းက ဆွဲလာပါသော်လည်း မိန်းမသား …စ်ယောက် ပါလာ,ပါလားဟူသော ကြင်နာစိတ်ဖြင့် လှည့်ကြည့် …အးမမည့်ဟန် မပြဘဲ သူ့ဟာသူသာ တက်လာခဲ့ပါသည်။ ကျွန်မအနေ …င့် အစဉ်လေ့ကျင့်ခန်းယူသူ ဖြစ်ပါ၍ အမောအပမ်းခံနိုင်ပါသော် …သည်း ကိုယ်ခန္ဓာ ဝဖြိုးသော မနုထွေးကို ဖေးမ ခေါ်ဆောင်သင့် …သည်ဟု မြင်မိပါသည်။ သူတို့ချင်းမှာ ချစ်သူအဆင့် အနေမျိုး ဟုတ် …ဟုတ် ကျွန်မ မဝေခွဲတတ်တော့ပါ။

သည်နေ့ လာကြသည့် ခရီးကို ကြီးကြီးစိမ်းက ဖန်တီးပေး လိုက်ခြင်းဖြစ်ပါသည်။ ကြီးကြီးစိမ်း စီစဉ် စဉ်က မနုထွေး မပါဝင်



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုနောင်း ကြိုးတစ်ဝိုက် လိုက်လံပို့ပေးရန် ကိုမြတ်နောင်း ခေါင်းလျှော်ယူပါ လိုက်ခြင်းဖြစ်ပါသည်။ ကျွန်မနှင့် ကိုမြတ်နောင်း ဦး ရင်းနှီးရောဝင်စေလိုသော ဆန္ဒ ဒေါ်စိမ်းညိုတွင် ရှိနေကြောင်း လည်း ကျွန်မ ရိပ်မိပါသည်။ ကျွန်မတို့ မင်္ဂလာကိစ္စကိုလည်း အမြန်ပြီးမြောက်စေလိုဟန် ရှိပါသော်လည်း ကိုမြတ်နောင်း ကိုယ်တိုင် က စိတ်ဝင်စားခြင်း မရှိပါ၍ ကျွန်မအနေချောင်လှပါသည်။

သည်နေ့ သွားလာရေးကိစ္စကို ကိုမြတ်နောင်းက မငြင်းပ သူ့အနေနှင့် ကျွန်မကို နှမတစ်ယောက်အသွင် အမှန်ပင် ထင်မြင်နေရှာ ပေသည်။ သည့်အတွက် သူကလည်း ကျွန်မနှင့် နှစ်ယောက်တည်း သွားချင်သော ဆန္ဒရှိဟန်မတူပါ မောင်နှမဆိုသော အသိစိတ်က ကာခြားထားပါသည်။ သို့ကြောင့်သာ သူရောကျွန်မပါ အဆင်ပြေစေရန် မနုထွေးကို ခေါ်လာခဲ့ခြင်းဖြစ်ပါသည်။ ကိုမြတ်နောင်းက ယင်းကိစ္စကို မကန့်ကွက်ခဲ့ပါ၍ မနုထွေးပါလာခြင်းဖြစ်ပါသည်။

မနုထွေးနှင့် ကိုမြတ်နောင်းတို့မှာ ကျွန်မနှင့် မတွေ့နိုင်ခင် ယခင်အခါက ချစ်မေတ္တာများ သွယ်ယှက်ဘူးကောင်း သွယ်ယှက် ဖူးမည်ဖြစ်သော်လည်း လက်ရှိ အခြေအနေတွင် ကိုမြတ်နောင်းဘက်က အလွန်တင်းမာနေကြောင်း ကျွန်မတွေ့ရပါသည်။ ကိုမြတ်နောင်းက သူ့လက်ဖြန်ကို ခေါင်းအုံးအသွင်ထားကာ ပက်လက်လှန်လှဲပြီး ခြေကိုချိပ်ရင်း စီးကရက်တစ်လိပ်ကိုသောက်ကာ အထက်သို့ ငေးမျှော် ကြည့်နေပြီး။





"နုထွေး နှင့် ဒေါ်လေးကွန့်အိမ်မပြောင်းသေးဘူးလား"

"ဖေဖေက မပြောင်းပါနဲ့တဲ့ ကြီးကြီးမ[illegible]လည်း ရှိနေသားပဲ တဲ့ ပြောလို့ပါ"

"အေးလေ ဒါတော့ နှင့်ကိုယ်[illegible]င် ဆုံးဖြတ်ပေါ့ တို့ကတော့ ကောင်းဘူးထင်လို့ အကြံပေးတာပဲ ဦးလွန်းတင်နဲ့ နုထွေး ကြာရှည် နေလို့ မသင့်တော်ဘူး"

နုထွေးက ဘာမှ ပြန်မပြောဘဲ သကြားလုံး စက္ကူစလေး ကိုးချေရင်း အဝေးသို့ ငေးနေရှာပေသည်။ မနုထွေး၏ စိတ်တွင် အတွေးအနန္တဖြင့် အတိတ်ကို မျှော်ငေးနေကြောင်း ကျွန်မ အကဲခတ် မိသည်။ ယင်းအတိတ်သည်လည်း ကောင်းသော နိမိတ်မဟုတ်ပါ ကြောင်း သူ့မျက်ဝန်းမှ မျက်ရည်ကြည်လဲ့လဲ့လေးများက သက်သေခံနေ သည်။ မနုထွေးနှင့် ဦးလွန်းတင်မှာ ပထွေးနှင့် မယားပါသမီး ဖြစ်ကြကြောင်း ကျွန်မ ယခုမှ သိခွင့်ရခဲ့ပါပြီ။

တောင်ပေါ်တစ်ဝိုက်တွင် လှည့်ပတ်ကြည့်ရှုကြရင်း နတ်ရေကန် ရေများကို မျက်နှာသစ်သောက်ကြပြီး ကန်ပိုင်ရှင် မြတ်လှကို လည်းကောင်း၊ တောင်ပိုင်ဘိုးဘိုးကြီးကိုလည်းကောင်း ကျွန်မတို့ ဦးချကန်တော့ကြပါသည်။ ယုံကြည်ကိုးကွယ်သည် မမည်သော်လည်း ရောက်ရာအရပ်တွင် သူ့ဓလေ့ကို မဆန့်ကျင်လိုပါ၍ ကျွန်မနှင့် မနုထွေးတို့က ရိုသေစွာ ကန်တော့ကြပါသော်လည်း ကိုမြတ်နောင်း ကမူ မတ်တတ်ရပ်ရင်းသာ စောင့်နေပါ၏ နေမစောင်းခင် ကျွန်မတို့

www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်မှပြန်ဆင်းလာခဲ့ကြပါသည်။

အလာလမ်းအတိုင်း မပြန်ပါဘဲ တောင်ခြေမှကွေ့ဝိုက်ကာ စခန်းကြီးမြို့ပတ်လမ်းမှ လှည့်ပြန်ခဲ့ကြပါသည်။ စခမ်းမြို့ကို နေရာအ ရောက်စေရန် ပို့ပေးနေခြင်းဖြစ်ပါသည်။ ယခုသွားရသောလမ်း မြို့လယ်လမ်းများလို ကတ္တရာလမ်း မဟုတ်ပါ၊ ခဲခင်းထားသေ မြေနီလမ်းဖြစ်ပါသော်လည်း လမ်းကြမ်းများကို မောင်း၍ ကောင်း ပါသော လဲ(န်)ရိုဗာကားကြောင့် အခက်အခဲမရှိလှပါ၊ ကား ကိုမြတ်နောင်းကမောင်းပြီး ကျွန်မတို့နှစ်ယောက်က အလာတုန်း အတိုင်းပင် နောက်မှ စီးကြရပါသည်။ မြတ်မဟာ၏ စားစရာ ရှိုးပြီထင်သည်။ ကိုမြတ်နောင်းက အပြင်တွင် စားလိုဟန်တူပါသည် ထမင်းဟင်း အဖျော်ယမကာနှင့် မုန့်မျိုးစုံရောင်းသည့် စားသောက် တစ်ဆိုင်ရှေ့သို့ ကားကို ထိုးရပ်လိုက်ပြီး။

"ကဲ တောင်ပေါ်က အစာတွေတောင် အောက်ရောက်တေ တစ်ခါကုန်ပြန်ရော တစ်ခုခု စားကြရအောင် ဆင်းကြဦး"

ကိုမြတ်နောင်းက ကားသော့ကိုကိုင်ရင်း ပြောပြောဆို ကားပေါ်မှ ဆင်းသွားပါ၍ ကျွန်မတို့ပါ နောက်မှ ကျော်ဆင်းလျ "စားတော်ဆက် စားသောက်ဆိုင်ကြီး"ဆိုသည့် ဆိုင်တွင်း ဝင်ခဲ့ရပါသည်။ ဆိုင်တွင်း၌ လူများများ စားစား မရှိလှပါ၊ အချိန် သုံးနာရီ သာသာခန့် ဖြစ်ပါ၍ လူအနည်းငယ် ရှင်းနေပေသည် ရှိသမျှသော လူတို့၏ မျက်နှာများကို တစ်ချိန်တည်းမှာပင် ကျိုးကာ





ဆောင်မှောက် ကျွန်မလျှောက်ကြည့်ရပါ၏။ ကျွန်မနှင့် မျက်နှာသိဟူ၍ အစ်ယောက်တလေမျှ မပါရှိကြောင်း တွေ့ရသည့်အခါတွင်မှ ကျွန်မ စိတ်လက်အေးချမ်းစွာ အတွင်းသို့ဝင်၍ စားပွဲတစ်လုံးတွင် ထိုင်လိုက် ရပါတော့သည်။

လက်ဖက်ရည်သုံးခွက် မှာကြားပြီး ငွေလက်ခံသည့် ကောင် တာနားတွင် မုန့်သေတ္တာလေးနှင့် မုန့်မျိုးစုံထည့်ထားသည့်နားသို့ ကိုမြတ်နောင်းက သွားရောက်ပြီး မုန့်များရွေးချယ်နေသည့်အချိန်လေးမှာ ကျွန်မအတွက် နတ်သကြားမလိုက်သော အချိန်လေးသာ ဖြစ်ပါတော့ သည်။

ကျွန်မနှင့် မျက်နှာချင်းဆိုင် လေးယောက်ထိုင် စားပွဲမှ လူနှစ်ယောက် စားသောက်ပြီး စားပွဲမှထလျက် ကျွန်မ်ဘက်သို့ မျက်နှာလှည့်လိုက်လျှင်ပင်

"ဟိုက်"

"ကိုလေးမြင့်ပါလား"ဟူသော အသိစိတ်ကြောင့် ရင်တစ်ခု သုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားရပြီး မရောင်နိုင်မတိမ်းနိုင်ခင်မှာပင်၊

"ဟော၊ တင်တင်မြတ်၊ ဘယ်တုန်းကရောက်နေလဲ ကျွန်တော် တောင် မနက်ဖန် ပြန်တော့မလို့ ဘာမှာလိုက်ဦးမလဲ"

ကျွန်မတို့ နေထိုင်ရာ ထနောင်းတန်းအရပ်မှ ကိုလေးမြင့် ဆိုသူပင် ဖြစ်ပါချေသည်။ သူသည် စာရင်းစစ်တစ်ယောက်ဖြစ်၍ နယ်လှည့်နေရသည်က များပါသည် သူနှင့်ကျွန်မသုံးလေးကြိမ် မျှသာ



www.burmeseclassic.com

www.burmeseclassic.com

တွေ့ဖူးကြပါသည်။ သူ့ဇနီး ခင်နှင်းဦးနှင့်မူ ရင်းနှီးကြပါသည်။ ကျွန်မ
အလုပ်ကိုက ဟန်လုပ်တတ်ရမည်ဖြစ်ပါ၍ ကျွန်မ၏ မျက်နှာထားကို
ချက်ချင်း ပြင်လိုက်ခါ၊

"ကျွန်မ··· စခမ်းကြီးသူပါရှင် မြတ်မဟာ စံအိမ်ကပါ···
ဒီက အစ်ကိုကြီး လူမှားနေပါပြီ"

"ဟာဗျာ သိပ်တူတာပဲ···ဆောရီးပါနော်"

"ကိစ္စမရှိပါဘူးရှင် ဒီလိုပေါ့ လူတူမရှား နာမည်တူမရှား
ဆိုတဲ့ စကားရှိသားပဲ"

ကျွန်မက···ဘာမှ မတုန်လှုပ်သလို ခပ်ပြုံးပြုံးဖြင့် ပြန်လည်
ဖြေကြားလိုက်ပါ၍ ကိုလေးမြင့်က တောင်းပန်ပြီး ထွက်ခွာသွားသော်
လည်း ကြေနပ်လက်ခံသွားသည့် အသွင်မျိုးမဟုတ်ပါ၊ သို့သော်
လည်း ကျွန်မ တင်တင်မြတ် အစစ်အမှန်ဖြစ်၍ သူ့ကို အကြောင်
ရိုက်လွှတ်လိုက်သော်လည်း သူ့အနေနှင့် စိတ်ဝင်စားစရာ အကြောင်း
မရှိနိုင်ပါ၊ သူနှင့်ကျွန်မမှာ ပတ်သက်ဆက်သွယ်ဖူးခဲ့သူများ မဟုတ်
ပါ၍ ကျွန်မကို သူအလွယ်တကူ မေ့ပျောက်နိုင်စွမ်း ရှိသွားပါ
လိမ့်မည်ဟု ယုံကြည်မိပါသည်။

ကိုလေးမြင့်၊ ထွက်သွားရာသို့ လှမ်းကြည့်နေမိရာမှ ကျွန်မ
မြင်ကွင်းတွင်းသို့···ကိုမြတ်နော်င်း ပါဝင်လာပါသည်။ မုန့်ရွှေးရင်း
ဆိုင်ရှင် အမျိုးသမီးကြီးနှင့် စကားပြောနေသော ကိုမြတ်နော်င်းကို
လက်ဖက်ရည်ဆိုင်မှ အလုပ်သမားလေးယောက်က လက်တို့လိုက်





ရှင်း··· စကားပြောကာ ဆိုင်ပြင်သို့ လက်ညှိုးညွှန်ပြလိုက်ပါသည်။
ညွှန်ပြရာသို့ ကျွန်မကပါ လိုက်ကြည့်လိုက်မိသည့်အခါ ဆိုင်၏တဘက်
သလက်ဖော်င်းရှိ စိန်ပန်းပင်ကြီးအောက်တွင် ရပ်နေသော အမျိုးသမီး
တစ်ယောက်ကို တွေ့လိုက်ရပါသည်။ ကိုမြတ်နော်င်းက မရှင်းသလို
ဆိုင်အမှုထမ်းလေးကို ထပ်မေးနေသည့်သဏ္ဌာန် မြင်ရပါသော်လည်း
ပြောစကားများကို မကြားရပါ။ ကိုမြတ်နော်င်းက···အံ့ဩသလို
အပြင်ဘက်သို့ တစ်ချက်လှည့်ကြည့်ပြီးမှ ဆိုင်တွင်းမှ ထွက်သွား
ပါတော့သည်။

ရပ်နေသော အမျိုးသမီးက··· ကိုမြတ်နော်င်းကို ခရီးဦးကြို
ပြုရင်း သူချည်း စကားများစွာပြောနေပါသည်။ သူ့ကိုယ်သူလည်း
မိတ်ဆက်နေဟန်ရှိပါသည်။ ကိုမြတ်နော်င်းအနေနှင့် တစ်ခွန်းစ
နှစ်ခွန်းစလောက်သာ ဝတ်ကျေတန်းကျေ ပြောနေပုံရပါသဖြင့်···
ကျွန်မစားပွဲမှထကာ အနီးဆုံးတံခါး ဗုဏ္ဏားကွယ်မှ ခပ်ကွယ်ကွယ်
နေရင်း အမျိုးသမီးကို သေချာစွာလေ့လာကြည့်ရပါသည်။

အမျိုးသမီးမှာ အသက်အစိပ်ထက် ငယ်ပုံမရပါပေ၊ သူ့အပြင်
အဆင်က အမျိုးသမီးမဆန် ယောကျ်ားဟန် ပါနေပေသည်။ သနပ်ခါး
ဒေါင်ဒါ စသည်တို့ လူးမထားပါ၊ ဆံပင်ကိုမူ ပြောင်ရှင်းစွာဖြင့်
နောက်ပတ်လှို့ဆံထုံး ထုံးဖွဲ့ထားပါ၏။ အင်္ကျီအထူစားနှင့် လုံချည်
ညိုရောင် ဖြောင်ကို ဝတ်ဆင်ထားပါသည်။ မျက်နှာက မချောမွေ့လှ
သော်လည်း ကျက်သရေရှိခြင်း တည်ကြည်ခြင်းသဘောကိုဆောင်ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ နက်မှောင်ထူထဲသော မျက်ခုံးများက သူ့မျက်နှာကို ပိုး
ခန့်ထယ်စေပါသည်။ အမျိုးသမီးအသွင်က တောင်းပန်တိုးလျှိုးသည်
သဘော ရှင်းပြသည့်အသွင်မျိုး ဖြစ်ပါသော်လည်း ကိုမြတ်နောင်းက
လက်ခံချင်ပုံမရပါ၊ သူတို့စကားများ မကြားရသည့်အတူတူ လူ
အကဲခတ်ပြီးလျှင်ပင် ကြေနပ်ပြီဖြစ်ပါ၍ ကျွန်မလည်းပြန်ကာ စားပွဲသို့
ပြန်ထိုင်သည်အထိ မနုဓွေးက သတိထားမိဟန် မတူပါ၊ စားပွဲပေါ်
သတင်းစာ၏ ကြော်ငြာများကိုသာ စိတ်ဝင်စားစွာ ကြည့်နေ
ရှိပါသည်။ ကျွန်မတို့ဖြစ်ပျက်နေသည့် ကိစ္စများကို သူ့အနေနှင့် စိုးစိ
ရိပ်မိဟန်မရှိပါ၊ အကင်းမပါးသော ထုအသူများအဖို့ တစ်နည်းလည်
ငြိမ်းအေးလှပါသည်။

လက်ဖက်ရည်နှင့် ကိုမြတ်နောင်းမှာခဲ့သော မုန့်ပွဲများ စားပွဲပေါ်
သို့ အသင့်ရောက်လာပြီးလျှင်ပင် ကိုမြတ်နောင်း ပြန်လည်ရောက်
ခဲ့ပါပြီ၊ သူ့တွင် ကြေနပ်နှစ်သိမ့်သည့် အသွင်မျိုး မတွေ့ရပါ၊ ပြုံးရေ
ခဲယဉ်းလွန်းသော မျက်နှာက ပိုမို၍ တင်းမာလာသည်ဟု ကျွန်
သတိထားမိပါသည်။ ထိုအမျိုးသမီးနှင့် ပြေလည်ခြင်းရှိခဲ့ဟန်မတူ
စကားမပြီးပြတ်မီ ထွက်ခွာလာခဲ့ခြင်းသာ ဖြစ်ရပါသည်ဟု ကျွန်
တွေးယူမိပါ၏။

ကိုမြတ်နောင်း ကိုယ်တိုင် မှာကြားခဲ့သော ဝက်သားနှင်
လုပ်သည့် မုန့်များကို သူကိုယ်တိုင်ပင် မစားနိုင်ဘဲ ရှိနေပါသည်
ကျွန်မနှင့် မနုဓွေးသာ မုန့်တစ်ခုစီစားပြီး လက်ဖက်ရည် ကုန်သည်နှ





ဆိုင်မှ ပြန်လည်ထွက်လာခဲ့ကြပါသည်။ စိန်ပန်းပင်အောက်တွင်မူ၊
အမျိုးသမီးကို မတွေ့ရတော့ပါချေ။

❖ ❖ ❖

အချိန်က ည ၉ နာရီကျော်ပေပြီ၊ ဒေါ်စိမ်းညို၊ ဒေါ်အိုဇာတို့နှင့်
အတူ စကြီလမ်းမှ ကျွန်မစိတ်အားထက်သန်စွာ လျှောက်လာမိ
ပါသည်။ စကြီလမ်းမှ လက်ဝဲဘက်သို့ ချိုးကွေ့ကာ လှေကား
ငါးထစ်မျှ ဆင်းမိပြီးသည့်အခါ မြတ်မဟာ တစ်ခုလုံး သုံးစွဲရန်
ကြီးမားသော ရေတိုင်ကီကြီးကို မြင်တွေ့ရပါသည်။ ရေတိုင်ကီ၏
နောက်ဘက်သို့ သွားသည့်အခါ အုပ်တိုက်ငယ်တစ်ခုကို မြင်တွေ့ရပါပြီ၊
ကျွန်မတို့နေရာ မြတ်မဟာ၏ လေးထပ်မှ ဘေးတိုက်၊ အပေါ်စီးတို့မှ
ကြည့်လျှင်လည်း သည်အုတ်တိုက်ငယ်ကို မမြင်ရပါ၊ စကြီလမ်းမှ
အောက်ဆင်းလာသည်အထိလည်း မတွေ့နိုင်သေးပါ၊ ရေတိုင်ကီကြီး
ကို ကွေ့ပိုက်၍ သွားသည့်အခါတွင်မှ ထိုအုတ်တိုက်ငယ်ကို မြင်တွေ့
နိုင်ပါမည်။

ရေတိုင်ကီတစ်ဝိုက်တွင်မူ အမိုးအကာ မရှိပါ၍ ကြယ်ရောင်
လရောင် လှဲ့လှဲ့ဖြင့် အနီမ့်ပိုင်းအတွင်း ဝိုးတဝါး မြင်ကွင်းဖြင့်သာ
လှမ်း၍လာကြရင်း အုတ်တိုက်ငယ်၏ လှေကားကို ခြေဦးတိုက်မိ
သည့်အခါတွင်မှ ဒေါ်အိုဇာက အရင်သွားနှင့်ကာ မီးခလုတ်ကို
စမ်း၍ဖွင့်လိုက်ပါသည်။ အုတ်တိုက်ငယ်၏ တံစက်မြိတ်မှ ပွင့်လာ


www.burmeseclassic.com

www.burmeseclassic.com



သော မီးအားကြောင့် ဝန်းကျင်တစ်ခုလုံး ထိန်ထိန်လင်းသွားပါတော့သည်။ အုတ်တိုက်လေးမှာ ပေနှစ်ဆယ် ပတ်လည်လောက် ကျယ်ဝန်းပြီး အလယ်လေကာနှင့် တည့်တည့်တွင် အပေါက်တစ်ခုသာ ရှိပါသည်။ ကျွန်မတို့ ရပ်နေရာ နေရာမှာ ပြန့်ဖြစ်ပါ တစ်ခုတည်းတည်းတည်ဆောက်ထားသော အုတ်တိုက်ငယ်လေးမှာ ကျွန်မမျက်စေ့တွင်ဘုန်းကြီးများ ကုဋီနှင့်တူလှပါသည်။

ဒေါ်အိုစာက လှေကားသုံးထစ်ကိုတက်ခါ သံတံခါးသော့ကိုဖွင့်လိုက်ပါသည်။ တံခါးပွင့်သွားလျှင်ပင် ဒေါ်အိုစာက အုတ်တိုက်၏ မီနပ်ချွတ်နေရာမှ ခလုတ်ကိုဖွင့်လိုက်ပါသည်။ စေ့ထားသော တံခါးနှစ်ချပ်၏အထက် နဖူးစီးတွင် စစ်စေးရောင် နက်မှောင်နေသော ပျဉ်ချပ်ပြားလေးပေါ်တွင် ဝိုင်းစက်ညီညာသော ဆေးသားဖြူ စာလုံးဖြင့်…

## ဝိညာဉ်စံအိမ်

မအေးမိ ပြောကြားဖူး၍ သိနှင့်ပြီး ဖြစ်သော်လည်း ကျွန်မအဖို့သည်အုတ်တိုက်ငယ်နှင့် သည်စာတမ်းက အံ့သြဖွယ် စိတ်ဝင်စားဖွယ်ရာ ဖြစ်လှပါသည်။

“ဒီနာမည် ဘယ်သူပေးထားတာလဲဟင် ကြီးကြီးစိမ်း”

“ကြီးကြီးစိမ်းပေးထားတာပါ၊ သားကြီးရဲ့ဝိညာဉ်ဟာ ဒီနေရာ စံစားနေတယ်မှတ်လား တူမ၊ အသက်ထင်ရှားမရှိတော့တဲ့ သားကြီး





အတွက် စံအိမ်လေးတစ်ခု ဆောက်ထားပေးရလို့ ဒီနေရာကို ဝိညာဉ်စံအိမ်လို့ ကြီးကြီးစိမ်းကိုယ်တိုင် မှည့်ခေါ်ထားတာပါ”

“သိပ်ပြီး စိတ်ကူးကောင်းတဲ့ ကြီးကြီးစိမ်းပါပဲ”

ဒေါ်အိုစာက နှစ်ပေမီးချောင်း ဖွင့်လိုက်သဖြင့် တစ်ခန်းလုံး ထိန်ထိန်လင်းသွားပါတော့သည်။ ပြတင်းတံခါးများ ပိတ်ထားသည်မှာ ကြာပြီထင်သည်။ အခန်းတွင်း၌ ချဉ်စုတ်ညှီစို့သော အနံ့မျိုးကို ရှူရှိုက်နေရပါသည်။ အခန်းတွင်း၌ သန့်ရှင်းသော အောက်စီဂျင်ပါသည့်လေ ရှိပါ၍ အသက်ရှူမဝသလိုပါပင်။

အခန်း၏ ခေါင်းရင်းအလယ်ထောင့်တွင် ၁၂ လက်မ ဓာတ်ပုံတစ်ခု ထောင်ထားပါသည်။ ဆေးရောင်စုံခြယ်ထားပြီး ကိုယ်တစ်ပိုင်းရိုက်ထားသည့် အမျိုးသားတစ်ဦး၏ပုံဖြစ်ပါသည်။ ဒေါ်စိမ်းညိုနှင့်သည်းကောင်း၊ ကိုမြတ်နှောင်းနှင့်လည်းကောင်း များစွာဆင်တူပါ၍ ဆင်းဓာတ်ပုံပိုင်ရှင်မှာ “ကိုမြတ်ဦး” ဖြစ်ကြောင်း ဒေါ်စိမ်းညို ပြောပြစရာပင် မလိုပါ…။

အနီးကပ်၍ သွားကြည့်သည့်အခါ ဓာတ်ပုံအောက်ခြေတွင် ဒေါ်စိမ်းညို၏လက်ရေးဖြင့်-

“သားကြီးကိုမြတ်ဦး (အသက် ၃၁ နှစ်)

၁၆-၆-၇၁ ခုနှစ်တွင် ကွယ်လွန်သည်”

ဟု ရေးသားထားပေသည်။ ဖြူလွှသော ကြွေစက္ကူပေါ်တွင် ကာဖိုနစ်ဖြင့် ရေးသားထားခြင်းဖြစ်ပါ၍ ဒေါ်စိမ်းညို၏ကိုကို ပြေး၍



www.burmeseclassic.com

www.burmeseclassic.com

သတိရမိလိုက်ပါသည်။ ကွယ်လွန်နှစ်ကို ရေးသားထားသော်လည်း ကပ်ထားသော စာရွက်မှာ ထိုရက်စွဲအချိန်လောက်က ရေးသားထားခြင်း မဟုတ်ပါ၊ စက္ကူမှာ သစ်လွင်နေဆဲဖြစ်ပါသည်။

ထိုစာတမ်းပါ ဓာတ်ပုံအောက်တွင် ခုံနိမ့်တစ်လုံးဖြင့် မြေအိုး တစ်လုံး တင်ထားပြီး ပိတ်ဖြူဖြင့်ပိတ်ကာ အိုး၏လည်ပင်းမှ စီးနှောင် ထားပေသည်။ သည်စားပွဲ၏ရှေ့တွင် ဖယောင်းတိုင်သုံးတိုင်က အသင့်စိုက်ထူထားပေသည်။ ဖယောင်းတိုင်၏ဘေးနှစ်ဘက် လှပသော ကြွေသားပန်းအိုးပြာလေးနှစ်လုံးဖြင့် လတ်ဆတ်သော ပန်းများ စိုက်ထိုးထားပေသည်။ ဒေါ်စိမ်းညိုက မီးခြစ်ခြစ်လိုက်ပြီး အသင့် ရှိနေသော ဖယောင်းတိုင်များကို ထွန်းညှိလိုက်ရင်း···

"သားကြီး လိုရာသုံးဖို့ မေမေမီးပူဇော်တယ်"

ဟူသော စကားကြောင့် ကျွန်မအံ့သြစွာ ဒေါ်စိမ်းညိုကို ငေးကြည့်နေမိပါသည်။ ကိုယ့်သားသမီးကို ဝိဉာဉ်နတ်တစ်ပါးအဖြစ် တင်စားကိုးကွယ်နေသော ဒေါ်စိမ်းညို၏စိတ်သည် မူမှန်မှ ဟုတ်ပါ လေစ၊ ရာနှုန်းမှ ပြည့်ပါလေစ၊ စိတ်ချို့ယွင်းနေသူများလား ဟူသော အတွေးဖြင့် တစ်ခါက မအေးမိပြောသော-

"သွားမပြောနဲ့နော် ကြီးကြီးစိမ်းက အရူးကြီး" ဆိုသော စကား ကို နား၌ ရုတ်တရက် ပြန်ကြားလာမိပါ၍ ကျွန်မကျောစိမ့်လာ အောင်ပင် ကြောက်စိတ်ဝင်သွားမိပါသည်။ ကိုမြတ်ဦး၏ ဓာတ်





အောက်ခြေမှ အရိုးအိုးကြီးကိုလည်း ကျွန်မ မကြည့်လိုတော့ပါ၊ သူတို့ လှုပ်ရှားမှုများကို အလစ်မပေးဘဲ သတိထားနေမိရင်းက ကျွန်မ၏ လက်ကိုင်အိတ်ဖွင့်ရာ ကြေးဘုလေးကို အုပ်ကိုင်ထားလိုက်သည်။ အရေးကြုံလျှင် သက်လုံကောင်းရပါမည်။ ကျွန်မ၏အိတ်တွင်း၌ ယမ်းတင်ပြီးသား သေနတ်တစ်လက်က အသင့်ယူဆောင်လာခဲ့ပြီး ပါပြီ။

ဒေါ်အိုဇာကလည်း အောက်ဆုံးခုံမှ သံဇကာအုပ်ဆောင်းကို ဖွင့်၍ ဘေးသို့ချလိုက်ပြီး-

"အမလေး ပုစွန်ဆိတ်တွေကလည်း သောင်းကျန်း လိုက်တာ"

သူက ပန်းကန်များကို ခေါက်ခက်နေမှ ကျွန်မကြည့်လိုက်မိရာ ဟင်းပွဲလေးပွဲ၊ ထမင်းက ပန်းကန်ပြားကြီးတစ်ချပ်နှင့် အပြည့်၊ ငှက်ပျောသီး၊ လက်ဆေးရည်၊ သောက်ရည်၊ လက်သုတ်ပဝါ သည်တို့အစုံပါသော လင်ပန်းကြီးတစ်ချပ်ကို မြင်တွေ့လိုက်ရပါ သည်။ ကျွန်မနှင့် ကိုမြတ်နှောင်းတို့ ပထမဆုံး ဆုံမိသော ညနေစာ စားဝိုင်းတွင် ဒေါ်စိမ်းညိုက ကြာဇံ၊ မှိုခြောက်၊ ကြက်သားတို့နှင့် ချက်ထားသော ဟင်းရည်ကိုသောက်ရင်း-

"ဒီဟင်း ဟိုပွဲရုံထဲမှာ ပါရဲ့လား ဒေါ်အိုဇာ"

ဟု မေးမြန်းဖူးသည်ကို ကျွန်မ သတိထားခဲ့မိပါသည်။ ဟိုစဉ်က ဟိုပွဲရုံဟု ပြောခဲ့သည်မှာ ယခု သည်ပွဲရုံမျိုးကို ရည်ညွှန်း ကြောင်း ကျွန်မသိရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ဦးသော်ကောင်းက ပြောတယ်၊ ခင်ဗျားသားကြီး မမြင်တွေ့ရပေမယ့်... ဟောဒီ ဝိညာဉ်စံအိမ်မှာ အမှန်ရှိတယ် ပြောထားတဲ့စကားကို ကြီးကြီးစိမ်း လက်ခံတယ်"

တစ္ဆေသူရဲမကြောက်တတ်ပါဟု ဆိုသော်လည်း ဒေါ်စိမ်းညို စကားကြောင့် ကျွန်မပင် တွန့်သွားမိပါသည်။ သူ့စကား အရိုးအိုးကြီးကြောင့် သတ္တိနည်းသူသာ ဖြစ်ပါမူ ထွက်ပြေးရန် ရှိပါတော့သည်။ ကျွန်မစိတ်ကို ကျွန်မတင်းကာ ဟန်မပျက် သတိနှင့်နေရင်း ဒေါ်စိမ်းညိုက ဆက်လက်ပြီး...

"ဒါကြောင့် ဆရာ့စကားအတိုင်း သားကြီးအသက်ထင် ရှိသလိုကို ပြုစုနေရတာပေါ့ကွယ်၊ အစားအစာမှ အဝတ်အဝတ် အငယ်တစ်ထည်ဆို သူ့အတွက် တစ်ထည်ပဲ၊ အစားဆိုလည်း သူ့မကျွေးရဘဲ ဘာမှ ကြီးကြီးစိမ်း မစားဘူး၊ သားကြီး အားလုံးအတွက် သေနေပေမယ့်... ကြီးကြီးစိမ်း အတွက် အသက်ရှင်နေဆဲပါပဲ ခင်ချစ်ခန့်ရယ်"

ဒေါ်စိမ်းညို၏စကားကို ကျွန်မပါ ရင်နင့်ရပါပြီ... သားသ ခေါ်ကြီးလွန်းသော မိခင်တစ်ယောက်၏ ကြီးမားသော မေတ္တာတရား ဆန်းပြားမှုကို ကျွန်မ အံ့သြမဆုံးနိုင်အောင် ရှိရပါပြီ...

"ဟောဒီမှာကြည့်စမ်း ခင်ချစ်ခန့် အဝတ်တွေဟာအပြည့်ပဲ"

အခန်း၏ ချေရင်းဘက်ထောင့်တွင် ကြီးမားသော နံရံက ဘီရိုကြီးကို ဖွင့်ပြရင်း ဒေါ်စိမ်းညိုက ဆိုပါသည်... အက





ကန့်လုံး အဝတ်အစားများရှိနေပါ၏... နှစ်ဆင့် အထက်ရှိ လေးများကို ဆွဲကြည့်သည့်အခါ စက်သွားနေသော လက်ပတ်နာရီ နေစက္ကူဖောင်တိန်တို့ကို တွေ့ရပေသည်။ ဘီရိုတံခါးကို ပြန်ပိတ် လျှင်–

"ဟောဒီတစ်ယောက်အိပ် ကုတင်လေးမှာတော့ သန့်ရှင်းတဲ့ ယာလေး ပြင်ပေးထားရတယ်... တစ်ပါတ်တစ်ခါ ခေါင်းအုံးစွပ် ရာခင်းတို့ လဲပေးထားတယ်"

ဒေါ်စိမ်းညို၏ စကားအတိုင်းပင် အိပ်ယာဖုံးကို ကျွန်မ ဖွင့်ကြည့်သည့်အခါ သစ်လွင်ဖြူဖွေးနေသော အိပ်ရာကို မြင်တွေ့ ပါသည်... ပေနှစ်ဆယ်ပတ်လည်လောက်အတွင်း ကုတင် အောက်ခြေမှစ၍ ရှင်းထားသည်မှာ... ကြွက်တစ်ကောင် နိုကပ်နေ ှင့်ပင် မြင်နိုင်လောက်ပါသည်။

"ဒီတံခါးကဘာလဲ ဟင်... ကြီးကြီးစိမ်း"

"သြော်... ဒါ အရင်တုန်းက စတိုခန်းမှာ ပစ္စည်းလာရှင်းရင်း ဝိုတပါးသွားချင်သွားရအောင် အိမ်သာနဲ့ရေချိုးခန်းတွဲပြီး အခန်း လေး ဆောက်ထားတာပါ။ မအိုဇာ ဖွင့်ပြလိုက်ပါဦး"

ဒေါ်အိုဇာက တံခါးရောမီးပါ ဖွင့်လိုက်သဖြင့်...ကြွေအိုးတပ် ယာနှင့် ကျဉ်းမြောင်းသော ရေချိုးခန်းလေးကို မြင်တွေ့ရပါသည်။ လုံး ခြောက်သွေ့နေပါသော်လည်း... ဖုပင်မတင် ပြောင်လက် င်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အိုဇာက တံခါးပြန်ပိတ်ပြီး… ကျွန်မပါ လှည့်ပြန်ထွ
လာသည့်အခါ ဒေါ်စိမ်းညိုက အိပ်ရာဖုံးကို သိမ်းခေါက်ခါ
ခြေရင်းတွင်ထားပြီး အိပ်ရာခင်းကို စန့်ရန့်ရန် ပြင်ဆင် ခေါင်းအုံ
တစ်ချက် နှစ်ချက် ပုတ်လိုက်ပြီး ပြောင်းပြန်လှန်ထားလိုက်ပါသည်
စောင်ကိုဖြန့်ပြီးမှ အရှည်လိုက်လေး… ပြန်လုံးခါ အိပ်ရာဘေးတွ
တန်းထားပေးသည်။ သူ့သားအိပ်သည့်အခါ အလွယ်တ
ခြုံအိပ်နိုင်ရန် ပြင်ဆင်နေခြင်းဖြစ်ပါသည်…

"ကဲ ငါတူမ စိတ်ဝင်စားနေတာကြာပြီ… ကဲ ဒီဝိညာ
စံအိမ်အကြောင်း ဘာမေးဦးမလဲ…"

"ဘာမှမေးစရာမရှိတော့ပါဘူး ကြီးကြီးစိမ်း ဒီအခန်းလေး
အားလုံးမြင်နေရပြီပဲ"

"ကောင်းပြီလေ… ဒါဖြင့် ပြန်ကြတာပေါ့… ကြီးကြီးစိမ်
ဝိညာဉ်စံအိမ်အကြောင်းတော့ မပေါက်ကြားပါစေနဲ့ကွယ်…ကြီးကြီး
စိမ်းရဲ့ခံစားမှုကို ကြီးကြီးစိမ်းသာ အသိဆုံးပါ… တခြားလူကြားရင်
အရူးမကြီးလို့ သမုတ်ကြလိမ့်မယ်… ကြီးကြီးစိမ်းရဲ့… ရင်ကွဲ
ဝေဒနာကို ခင်ချစ်ခန့်… စာနာပါ…ငဲ့ညှာပါကွယ်"

"စိတ်ချပါ ကြီးကြီးစိမ်း ဒီဝိညာဉ်စံအိမ်ဟာ ကြီးကြီးစိမ်
ပရိဒေဝ ဝေဒနာစိတ်ကို ရေးပေးနိုင်တဲ့ စံအိမ်လေးပါဆိုတာ ကျွ
သဘောပေါက်ပါပြီ… လက်ခံပါပြီ ကြီးကြီးစိမ်း ကျွန်မကိုယ
လွှဲပြီး ဘယ်သူမှ မသိစေရဘူးဆိုတာ ကြီးကြီးစိမ်းကို ကျွန်မကတိ
ပါတယ်ရှင်"





ကျွန်မ၏ ပခုံးကို ကြီးကြီးစိမ်းက ဖက်ပွေ့ရင်း သုံးလေးချက် ပုတ်လိုက်ပါသည်… ဒေါ်အိုဇာက ထမင်းများ ခြောက်လှိန်နေပြီး သိုးနံ့ထွက်နေသော ဟင်းများပါသည့် လင်ပန်းကို ပြန်ယူ၍ မီးများ ပိတ်ပါသည်။ ဒေါ်စိမ်းညိုက…အဝင်တံခါးနှင့် သံတံခါးကို သော့များ ခတ်ပြီး…မီးအားလုံးပိတ်ကာ… ဝိညာဉ်စံအိမ်မှ ကျွန်မတို့ သုံးယောက် ပြန်ထွက်လာခဲ့ကြပါတော့သည်…

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၇

ဆရာများ ခိုင်းစေသည့် တာဝန်ပိုင်းကို ကျေပြွန်နိုင်စေရ
လှုပ်ရှားရွက်ဆောင်နေသည် ဆိုသော်လည်း ကျွန်မ၏ ကိုယ်ခန္
စွမ်းဆောင်မှု ဉာဏ်ပိုင်း ကြိုးစားမှုလောက်သာ ပေးဆပ်နိုင်ပါသည်
ကျွန်မ၏ နှလုံးသားကမူ ကျွန်မ၏ ကိုယ်ပိုင်ခံစားမှုအတွက် လှုပ်ရှ
ရပါလိမ့်မည်…။

ကိုမြင့်နွယ်နှင့် ဆုံတွေ့လာသည့်အခါတွင်မှ နှလုံးသားသ
တစ်ခုနှင့် လဲလှယ်ယူလိုက်ရသည့်အသွင် ရင်၌ ခံစားမှုသစ်တို့ ဝင်လ
ပါပြီ…

စွယ်တာဝါလေး လက်ဆောင်ပေးပြီးသည့်နောက် ၇ ကြ
မြောက် တွေ့ဆုံသည့်အခါဝယ်… ကိုမြင့်နွယ်က စာရေးဆရာ
အစချီသည့်စကား ဦးတည်သည့်စကားများကို ကျွန်မ ပြန်လ
ကြားယောင်လာမိပါသည်…

"လူတစ်ယောက်ရဲ့ နှလုံးသားဟာ သူ့ရဲ့ဘဝပါပဲ





ခင်ချစ်ခန့်… နှလုံးသားက တောင်းခံလိုတဲ့ ဆန္ဒအတိုင်း လှုပ်ရှား
ကြရစမြဲ မဟုတ်လား"

"ဒါတော့ ကိုမြင့်နွယ် မှားနေပါပြီလေ… နှလုံးသားဆန္ဒ
အတိုင်းသာ လိုက်နာဆောင်ရွက်နေမယ်ဆိုရင်… လူ့ဘဝဟာ ဘယ်မှာ
ိုးတက်နိုင်တော့မလဲရှင်… ကိစ္စတစ်ခုကို နှလုံးသားနဲ့ ဆုံးဖြတ်တာ
ထက် ဦးနှောက်ရဲ့ ဆုံးဖြတ်ချက်နဲ့သာ အတည်ပြုသင့်ပါတယ်…
ိုလိုတာက လုပ်ချင်တာကို မလုပ်ရဘူး လုပ်သင့်တာကို လုပ်ရမယ်
ိုတဲ့ သဘောပါပဲ ကိုမြင့်နွယ်"

"ဒါတော့ ကိုယ့်ခံယူချက်နဲ့ကိုယ်ပါ မခင်ချစ်ခန့်၊ ကျွန်တော်
တော့ နှလုံးသားဆန္ဒကို ဘာနဲ့မှ ပြောင်းလဲအစားထိုးနိုင်စွမ်းမရှိဘူး"

"ကိုမြင့်နွယ်ရဲ့ နှလုံးသားဆန္ဒဆိုတာက…"

ကျွန်မ၏ မပြီးပြတ်သေးသော အမေးကို ကိုမြင့်နွယ်က မဖြေ
သေးဘဲ ကျွန်မ၏မျက်နှာကိုသာ ရွှန်းရွှန်းစားစား ကြည့်နေပါသည်။
ကျွန်မ၏မျက်ဝန်းသို့ စိုက်ကြည့်နေသည်မှာ အသက်ရှူမှားစရာပါ။
ကျွန်မ အမေးမှားသွားပြီဖြစ်ကြောင်း ချက်ချင်းသိလိုက်ရပါပြီ။

"ကျွန်တော့်နှလုံးသားဆန္ဒဆိုတာ… မြတ်နိုးလိုခြင်းဆန္ဒပါ
ခင်ချစ်ခန့်၊ ကျွန်တော် မိန်းကလေးတစ်ယောက်ကို… မြတ်နိုးလွန်းလို့
ပွယ်ချင်မိတယ်… ချစ်ရလွန်းလို့ ခွဲခွာရမှာကို စိုးရိမ်မိပါတယ်
ကလေးရဲ့အမုန်းကို ကျွန်တော် သေဒဏ်ခံရမှာလောက် စိုးကြောက်
ပါတယ်…"

www.burmeseclassic.com



"ကိုမြင့်နွယ်ရယ် မလွန်ဘူးလား"

"မလွန်ပါဘူး မခင်ချစ်ခန့်…မလွန်ပါဘူး… ကျွန်တော့် ရင်ထဲက မိန်းကလေးဟာ အပြစ်မဲ့လွန်းအောင်လှတဲ့ ဟောဒီက မခင်ချစ်ခန့်မို့ပါပဲ…

ကိုမြင့်နွယ် ပြောကြားခဲ့သော စကားများကို ပြန်လည် ကြားယောင်ရင်း မှန်တင်ခုံတွင်ထိုင်ကာ ချယ်သနေမိပါသည်… အရာရာတွင် ပြတ်သားမှုကို နှစ်သက်၍ လိုက်နာကျင့်သုံးခဲ့ပါသော ကျွန်မမှာ သည်နေရာတွင် မပြတ်သားနိုင်တော့ပါ။ ယခုနောက်ဆုံး အချိန်အထိ ချီတုံချတုံ ဖြစ်မိနေဆဲပါပင်။ ကိုမြင့်နွယ်ပေးထားသော ဗွပ်တာဝါလေးကို လက်ကကိုင်၍ ဝတ်မည်ဟန်ပြင်ပြီးခါမှ ဝတ်ရဲ… ဝန်လေးနေသလိုပါ… ကျွန်မအထပ်ထပ်အခါခါတွေးရင်း ကိုမြင့်နွယ် နှင့် နောက်ဆုံးတွေ့ရစဉ်က ပြောကြားလိုက်သော စကားများကို ပြန်လည်ကြားယောင်လာမိပါတော့သည်။

"ကျွန်တော်ဟာ ငယ်စဉ်ကပဲ မိခင်မေတ္တာကို ဆုံးပါးခဲ့ ပါတယ်၊ ဖခင်နဲ့ နှစ်ယောက်တည်း နေလာကြရင်းက ကျွန်တော့် ထားရှိရတဲ့ ဖေဖေရဲ့မေတ္တာကိုလည်း မျှဝေခွဲယူလိုက်ရပြန်ပါတယ်… မိထွေးလုပ်သူက ဖေဖေ့ကို လွှမ်းမိုးသိမ်းသွင်းလာခဲ့တော့ ကျွန်တော့် အဖို့မှာ တစ်ယောက်တည်း ရပ်တည်နေရသလိုပါ၊ ကျွန်တော်ဟာ မေတ္တာငတ်မွတ်ခဲ့ရတဲ့ လူသားတစ်ယောက်ပါ မခင်ချစ်ခန့်"

"ဒါကတော့ ကိုမြင့်နွယ်က ကြံဖန်အားငယ်တတ်တာကို

ညာကလည်း ဝိဇ္ဇာတန်းအောင်ပြီးပြီရှင်… ကိုမြင့်နွယ်အတွက် ည်း တိုက်နှစ်လုံးကားတစ်စီးနဲ့ အတွင်းပစ္စည်းတွေ အမွေခွဲဝေ ပြီးပြီဆို"

"ဟုတ်ပါတယ် မခင်ချစ်ခန့်… ဒီလိုပညာဂုဏ်ရှိန်နဲ့ ငွေကြေး ည်းစိမ်တို့ဆိုတဲ့ အရှိန်ဟာ အပူရှိန်တွေပါဗျာ၊ ဒီအရှိန်ကြောင့် ကျက်ရောက်ရတဲ့ လူတစ်ယောက်အဖို့ဟာ အပူတွေသာ ဝန်းရံနေ ပါ၊ ဝင့်ထယ်မြင့်ကြွားလေ သောကဆိုတဲ့ အပူများရလေပါ…"

"ဒါတော့ ကိုမြင့်နွယ် မခံစားရဲဘူးသေးလို့ ပြောတာပါရှင်… အသက်ရှင်နေတဲ့ လူတိုင်းဟာ ငွေလိုကြတယ် စည်းစိမ်ကို က်မောကြပါတယ်"

"ဒါမှားပါတယ် မခင်ချစ်ခန့်… တကယ်တန်း လူ ယောက်ရဲ့ဘဝမှာ လိုအပ်တာ ငြိမ်းအေးသာယာ၊ စိတ်ချမ်းသာ ာ အဓိကပါ၊ ဒီလို ငြိမ်းအေးမှုကို ရယူနိုင်ဖို့ရာ "မေတ္တာတရား" ပဓာနပါ မခင်ချစ်ခန့်ရယ်… ကျွန်တော့်ဘဝမှာ မေတ္တာခံယူ င့် မရှိခဲ့ပါဘူး… ကျွန်တော့်ဘက်ကလည်း ပြန်ပြီး ကြီးမားတဲ့ ွှာစွမ်းအား ပေးရမယ့်သူ မရှိခဲ့ဖူးသေးပါဘူးဆိုတဲ့ ကျွန်တော့်ရဲ့ ကိုတော့ အကြွင်းမဲ့ယုံပါဗျာ… ကျွန်တော် အကြိမ်ကြိမ် စဉ်းစား တ်ပြီးမှ ဖွင့်ပြောဝံ့တာပါ မခင်ချစ်ခန့်… ကျွန်တော့်ရင်ထဲမှာ အခဲသာရှိနေမယ်ဆိုရင် ဖွင့်ခွဲပြလိုက်ချင်ပါရဲ့ ကျွန်တော် ချစ်ခန့်ကို သိပ်ချစ်တာပဲ…"

www.burmeseclassic.com



အတော်ကြာသည့်တိုင် စကားမပြောဖြစ်ကြသေးပါ၊ ကျွန်မရင်မှ နှလုံးသားတို့ကလည်း အရှိန်အဟုန်ပြင်းစွာ လှုပ်ရှားနေကြပါသည်… ခြေလက်များ အေးစက်၍ ခံစားမှုအထွဋ်ထိပ်သို့ ရောက်နေကြောင်း ကျွန်မကိုကျွန်မ သိပါသည်။ ကိုမြင့်နွယ်စကားများကြောင့် နှုတ်ဆွံ့အသွားသည့်ပမာ ကျွန်မမှာဘာစကားမှ ဆက်မပြောရဲပါ၊ သူကသာ ဆက်လက်ပြီး…

"ကျွန်တော့်ရင်ထဲမှာ မခင်ချစ်ခန့်ကို ချစ်တဲ့စိတ် ကြင်နာတဲ့စိတ်၊ မြတ်နိုးတဲ့စိတ်တွေကလွဲလို့ တခြားဘာမှကို မရှိတော့ပါဘူး… ကျွန်တော့်ရဲ့မေတ္တာမျိုး မြတ်နိုးမှုမျိုးတွေ မခင်ချစ်ခန့်ဆီက တုန့်ပြန်လာပါစေတော့ဆိုတဲ့ ကြီးစွာသော ဆန္ဒတွေနဲ့ မျှော်လင့်နေပါတယ် ကျွန်တော် ရင်မောလှပါပြီ… မခင်ချစ်ခန့်ဘက်က အမှန်အတိုင်း တုန့်ပြန်လာမှာကို ကျွန်တော် သေဒဏ်ခံရမှာလောက် ကြောက်ပါတယ်လို့ ထပ်ပြောပါရစေ။ ဒီတော့…ကျွန်တော် ဒီလိုပဲ တစ်အုံနွေးနွေးနဲ့ မနေပါရစေနဲ့တော့လား… မခင်ချစ်ခန့်အနေနဲ့ ကျွန်တော့်ဘဝအတွက် တစ်ခုခုသာ ဆုံးဖြတ်ချက်ပေးလိုက်ပါတော့နော်… ကျွန်တော့်ကို ဆုံးဖြတ်ပေးမယ်မှတ်လားဟင်"

"ဘယ်လိုပေးရမှာလဲ ကိုမြင့်နွယ်ရယ်"

"တစ်ပတ်အချိန်ယူ စဉ်းစားပေးပါ မခင်ချစ်ခန့်… နောက်လာမယ့်…တနင်္ဂနွေ…ည… ခုနစ်နာရီထိုးလို့မှ မခင်ချစ်ခန့်ဆီက အကြောင်းတစ်စုံတစ်ရာ ပြန်ကြားမလာရင် ကျွန်တော် ဒီမြတ်မဟာက





အပြီးတိုင် ခွဲခွာသွားပါတော့မယ်… နောင် ဘယ်တော့မှလည်း အနှောင့်အယှက်မပေးဘူးဆိုတာ ယုံပါ… ကျွန်တော့်အိမ်လည်း ပြန်ဘူး၊ ကျွန်တော်ပြောခဲ့သလိုပေါ့၊ ကျွန်တော့် နှလုံးသားဆန္ဒအတိုင်း ကျွန်တော့်ဘဝ ဘယ်ကိုလွင့်ဖြစ်မယ်ဆိုတာ ကျွန်တော့်ကိုယ်ကျွန်တော် အောင် မဆုံးဖြတ်ရသေးပါဘူး… ထားပါလေ ဒါက ကျွန်တော့်ပြဿနာပါ…"

ကိုမြင့်နွယ်က… စကားစကို ရပ်ပစ်လိုက်ပါသည်။ ပြောရင်း ပြောရင်း အသံလှိုင်းက မညီညာတော့ပါ။ သူ့အသံက နှလုံးသားဆီမှ တိုက်ရိုက်လာရသလို မောဟိုက်ရှမ်းနယ်နေဟန် ရှိပါသည်။ တိုးတိတ်သော်လည်း လှိုက်လှဲပါသည်။ ရင်ထဲမှာ ခံစားမှုကို သူ့အသံနှုန်းက အိုင်းတာပြနေသလိုပါပင်… ကူးစက်တတ်သော ရောဂါပမာ… သူ့နှလုံးသားမှ ဝေဒနာတို့သည် ကျွန်မရင်သို့ ကူးစက်ပါလေပြီ…

"ဒီတော့… ဒီတစ်ပါတ်အတွင်း ဒီနေရာမှာပဲဖြစ်ဖြစ် ကျွန်တော်မြင်သာတဲ့နေရာ တစ်နေရာရာကနေပြီး ကျွန်တော် အကျ်ဆောင်ပေးခဲ့ဖူးတဲ့ စွယ်တာဝါလေးဝတ်ပြပါ ဒါဆိုရင် ကျွန်တော့်ရင်မှာ လမင်းတစ်ရာသာသလို အေးမြရမှာပါကွယ်… တကယ်လို့ ရက်ပြည့်လို့မှ မခင်ချစ်ခန့်ကို ကျွန်တော်ပြောတဲ့အသွင်နဲ့ မမြင်ရရင် ကျွန်တော့်ဘဝရဲ့ နေမင်းတစ်ရာရဲ့ ကြီးစိုးမှုကို ခံယူပြီး ကျွန်တော် မြတ်မဟာက အပြီးထွက်သွားရတော့မှာ… ကြိုက်သလိုသာ ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com

ပါ၊ ကြိုက်သလိုသာ ဆုံးဖြတ်ပေးပါတော့ အချစ်ရယ်… ကိုယ်သွားတော့မယ်…”

ကျွန်မပခုံးစွန်းနှစ်ဘက်ကို အားပါးတရ ဆုပ်ကိုင်ဖျစ်ညှစ်ကာ အားမလိုအားမရ လှုပ်ရမ်းရင်း ရှေ့မှ လှည့်ထွက်သွားပါတော့သည်…။

ထိုနေ့က အကြောင်းအရာများကို စဉ်းစားရင်း သနားကြင်နာခြင်းစိတ် အလျှင်တို့သာ ရင်မှာ လျှံနေပါသည်…။

ကျွန်မ ကိုမြင့်နွယ်၏မေတ္တာကို လက်မခံသင့်သေးကြောင်း ကျွန်မ ဦးနှောက်အသိဉာဏ်က သိမြင်နေသော်လည်း သူ့ပေါ်တွင် ကြင်နာမြတ်နိုးရခြင်း စသည့် နှလုံးသားခံစားမှုက ကျော်လွှားနိုင်ခဲ့ပါပြီ…။

ယနေ့ တနင်္ဂနွေနေ့ ဖြစ်ပါသည်။

သူချိန်းသည့်ချိန်… ပြည့်ရန် လေးဆယ့်ငါးမိနစ်သာ လိုပါတော့သည်။ ကျွန်မ စွယ်တာလေးကို မဝတ်ဖြစ်တော့ပါဘဲ လက်ကကိုင်၍ အလယ်ထပ်သို့ ဆင်းလာမိပါသည်။ မန်နေဂျာ ဦးလွန်းတင် သူ့စားပွဲတွင် ရှိမနေပါ၊ တည်းခိုခန်း စာရင်းစာအုပ်ကို ကျွန်မ အပြေးအလွှား လှန်ကြည့်မိသည့်အခါ ဦးမြင့်နွယ် စာရေးဆရာ အခန်းအမှတ်(၇) ဟူသော စာသားပေါ်တွင်မှ မင်နီနှင့်တားပြီးနေပါပြီ၊ သူများထွက်သွားလေပြီလားဟူသော စိုးရိမ်စိတ်ဖြင့် ကျွန်မ ပြန်လှည့်၍ အခန်း(၇)ကို ကြည့်မိသည့်အခါ အပြင်မှ သော့ခတ်ထားခြင်းမရှိသေးပါ၊ အတွင်း၌ သူရှိနေမည်ဖြစ်သော်လည်း အခန်းတွင်းသို့ ကျွန်မဝင်မတွေ့ရဲပါ။





မြတ်မဟာအတွင်း မီးများထိန်ထိန်လင်းအောင် ထွန်းထားပါသော်လည်း အပြင်တွင် အလင်းရောင်မပျောက်ကွယ်သေးပါ၊ သည့်အတွက် ကျွန်မ အားတက်ကာ လှေခါးမှ အမြန်ဆင်းလာပြီး ခြံတွင်းရှိ အခန်းလေးရှိရာသို့ ကျွန်မပြေးသွားမိပါသည်။ လက်တွင် စွယ်တာ လေးက ကိုင်ထားဆဲပင်၊ မဝတ်ရဲသေးပါ။

ကိုမြင့်နွယ်၏အခန်းကို မမြင်သာပါသော်လည်း လှမ်းမျှော်ကြည့်နေမိပါသည်။ သည်နေရာကို ဂရုထားမကြည့်တော့ပါဘဲနှင့် ကိုမြင့်နွယ်များ ထွက်ခွာသွားလေမလားဟူသော အတွေးကြောင့် ကျွန်မစိတ်တို့ လွန်ကဲမိပါသည်။ ကိုမြင့်နွယ် ထွက်ခွာသွားမည်ကို ပိုးမဖြတ်နိုင်သော ရတနာတစ်ခု လက်လွှတ်ဆုံးရှုံးရတော့မည့် တွင် စိတ်၌ ထင်မြင်လာမိပါတော့သည်။ အဝေးမှ သူမြင်သာစေရန် စွယ်တာလေးကို ကျောပြင်ပေါ်သို့ လွှမ်းခြုံထားလိုက်ရပါသည်။ ဤအချိန်သည် ကျွန်မစိတ်၌ အလှုပ်ရှားဆုံးသောအချိန် ဖြစ်နေပါသည်။ စိတ်တို့ကလည်း ပြတ်သားစွာ ဆုံးဖြတ်မရသေးပါ၊ တဘက်တည်းသို့ နည်းခြင်းမရှိသေးပါ ယိမ်းယိုင်၍ လွန်ဆွဲနေဆဲပါပင်…။

သည်အချိန်တွင် ကျွန်မနောက်ကျောဆီမှ ခြေသံလို ကြားရသဖြင့် လှည့်ကြည့်လိုက်မိရာ ကျွန်မဆီသို့ ပြေးလာနေသူတစ်ယောက် ကို မြင်လိုက်ရပါ၍ ကိုမြင့်နွယ်လေလား ဟူသောစိတ်ဖြင့် ကြည့်နေခဲ့မှာပင် ကျွန်မထိုင်နေသည့်ခုံသို့ ရောက်လာခါ သူပါးပြင်းချ လိုက်ရင်း ကျွန်မကို သိမ်းကြုံးဖက်၍ အမောတကောပင်…



www.burmeseclassic.com

www.burmeseclassic.com



“အို…ဝမ်းသာလိုက်ရတာ အချစ်ရယ်ရယ်…ဒါ…ဒါ… ကျွန်တော့်ကို တုန့်ပြန်…”

“လွှတ်ပါဦး…ကိုမြင့်နွယ်… ကျွန်မ… ကျွန်မ ရှင်းပြပါရစေဦး”

“အိုကွယ်…ဘာလိုသေးလို့လဲ ချိန်းတဲ့အချိန်မလွန်ခင် ဒီစွယ်တာလေးနဲ့ တွေ့ရတာ ကို့ကိုချစ်တဲ့ အထိမ်းအမှတ်ကလွဲလို့ ဘာဖြစ်နိုင်ဦးမှာလဲကွယ်…”

“မဟုတ်သေးဘူးကိုမြင့်နွယ်… ကျွန်မ ဝတ်မထားသေးတာ ကြည့်ပါ၊ ဒါပေမယ့် ကိုမြင့်နွယ် ဒီမြတ်မဟာက အပြီးတိုင် စွန့်ခွာသွားမှာကိုလည်း ကျွန်မစိုးကြောက်မိပါတယ်၊ ကျွန်မစိတ်မှာ မပြတ်သားသေးတာအမှန်ပါ…”

“ဘယ်လိုလဲကွယ်… အချစ်ရယ်…”

“ဒီလိုပါ ကိုမြင့်နွယ်… ကျွန်မဟာ ကိုမြင့်နွယ် ထင်နေသလို ရိုးသားတဲ့ သာမာန်မိန်းကလေးတစ်ယောက် မဟုတ်ရပါဘူး…အို… ကျွန်မ အပြောခက်လိုက်တာရှင်… တကယ်လို့ ကျွန်မဟာ ကျွန်မ မဟုတ်ဘူးဆိုရင် ကိုမြင့်နွယ် ဘယ်လိုဆုံးဖြတ်မလဲ…ဟင်…”

“ကျွန်တော် ဘာကိုနားလည်ရမှာလဲ ခင်ချစ်ခန့်ရယ်”

“ဒီမှာ ကိုမြင့်နွယ်… ကျွန်မ့ရှင့်ကိုယုံတယ်… ရှင့်ရဲ့သိက္ခာကို ကျွန်မ လေးစားမိပါတယ်လေ၊ ဒါကြောင့်သာ ပြောပါရစေ… တကယ်လို့များ ကိုမြင့်နွယ် ထင်မှတ်နေသလို ကျွန်မဟာ မြတ်မဟာရဲ့ ချမ်းသာကြွယ်ဝမှုကို တကယ်တမ်း ပိုင်ဆိုင်နိုင်ခွင့် မရှိဘူးဆိုရင်ကော၊ ပြီးတော့ ကိုမြင့်နွယ် အသိအမှတ်ပြုထားသလို ကျွန်မဟာ ရိုးသားသန့်စင်တဲ့ သာမာန်မိန်းကလေးတစ်ယောက်မဟုတ်ဘူးဆိုရင်ကော… ကိုမြင့်နွယ်အနေနဲ့ ကျွန်မကို ဘယ်လိုမှတ်ချက်ချမလဲဆိုတာ ကျွန်မ အရင်သိပါရစေရှင်…”



“ဒီနေ့အထက်တန်းလွှာရဲ့ မေတ္တာတွေမှာသာ သူ့ဘက် ကိုယ့်ဘက် အမြတ်အရှုံးတွက်ပြီး အချစ်ကို လက်ခံကြတာပါ၊ ကျွန်တော် ဒီအဖြစ်မျိုးကို သိပ်ရွံမုန်းပါတယ် မခင်ချစ်ခန့်၊ ကျွန်တော် သူကဲခတ်မည့်ပါဘူးဗျာ၊ မခင်ချစ်ခန့်ဟာ ပတ်ဝန်းကျင်ကြောင့်ပဲ ဖြစ်ဖြစ် စီးပွားရေး လူမှုရေး အလုပ်အကိုင်ကြောင့်ပဲဖြစ်ဖြစ်… သမာတဲ့နည်းနဲ့ တစ်စုံတစ်ခုကို ရည်ညွှန်းပြီး မခင်ချစ်ခန့် လှုပ်ရှားချင် လှုပ်ရှားနေရမယ်… ဒါပေမယ့်… မခင်ချစ်ခန့်ရဲ့ အသည်းနှလုံးဟာ ဖြူစင်ပါတယ်၊ မြတ်နိုးထိုက်လောက်အောင်ကို သဘောတရားက မြင့်မြတ်တည်ကြည်လှပါတယ်…”

“ဒါတွေထားပါဦး…လေ…”

“နေပါဦး ကျွန်တော့်စကားမဆုံးသေးပါဘူး မခင်ချစ်ခန့်ရယ်၊ ဒီတော့ ကျွန်တော်ပြောပါရစေ၊ မခင်ချစ်ခန့်ဘက်ကို ကျွန်တော်ဘာမှ စဉ်းစားနေစရာမလိုပါဘူး၊ ပြတ်ပြတ်သားသား ဆုံးဖြတ်ပြီးခါမှ ချစ်ခွင့်တောင်းခဲ့မိတာပါ၊ ဒါကြောင့် ကျွန်တော်နဲ့မတွေ့ခင်က ဘာတွေ ဖြစ်ခဲ့ဖြစ်ခဲ့… ကျွန်တော် ချစ်မြတ်နိုးနိုင်ပါတယ်…အရာရာကို





www.burmeseclassic.com

www.burmeseclassic.com



အကြွင်းမဲ့ ခွင့်လွှတ်နိုင်ပါတယ်၊ ချစ်ခြင်းမေတ္တာမှာ လိုက်လျေ ခွင့်လွှတ်ခြင်းတွေလည်း အကြုံးဝင်ပါတယ်၊ ဒါကြောင့် ကျွန်တေ ဘတ်က ဘာမှ စဉ်းစားစရာမလိုပါဘူး။ ကဲပါလေ… ကျွန်တေ ဒီဟိုတယ်က သွားရတော့မလား မသွားရသေးဘူးလားဆိုတာသ ဆုံးဖြတ်ပေးပါတော့ မခင်ချစ်ခန့်ရယ်…”

ကိုမြင့်နွယ်၏ရင်မှလာသော စကားများသည် ကျွန်မ၏နှ သားကို ကိုင်လှုပ်လိုက်သည့်နှယ် ရင်ဝယ် သိမ့်သိမ့်ခါရပါလေ့ပြီ…

မြတ်နိုးစရာ ရတနာတစ်ခုကို လည်မှာအစဉ်ဆွဲအပ်သည် ပင် ကိုမြင့်နွယ်ကို မခွဲခွာရက်တော့ပါ၊ ကျွန်မအနားမှ မသွ စေချင်တော့ပါ၊ ကြီးမားသော မေတ္တာအင်အားက ကိုမြင့်နွယ် တားဆီးခဲ့ပါပြီ…။

“မပြေလည်သေးတဲ့ ပြဿနာတွေကြောင့်သာ နှောင့်နှေး ရတာပါ… ကျွန်မကို…ကျွန်မ… ကို…ကိုမြင့်နွယ် ခွဲမသွားပ တော့…”

“ဟာ… ဝမ်းသာလိုက်ရတာ ခန့်ရယ်”

ကိုမြင့်နွယ်က ကျွန်မတစ်ကိုယ်လုံးကို သိမ်းသွင်းကာ ရင် ထဲမှာ ဝှက်ထားသလို တင်းကြပ်စွာ ဖက်ထားရင်းက…

“ကိုယ့်တစ်သက်မှာ ဝမ်းသာရဆုံးရက်ဟာ ဒီနေ့ပါခန့်၊ ခ ကိုယ် လက်တွဲပြီး အရာရာကို ရင်ဆိုင်မယ်၊ ကြီးမားတဲ့ မေတ္တ အင်အားချင်း ပြိုင်ကြမယ်ကွယ်…နော် အချစ်ရယ်”





ချစ်သူ့ရင်ခွင့်တွင် နားခိုနေစဉ် ခံစားရရှိသော ကြည်နူးမှုမှာ နှီးမသားတို့ အထွဋ်မြတ်ဆုံးသော ကြည်နူးမှုပင် ဖြစ်ပါသော်လည်း သေင့်မှန်းသိသော အသိစိတ်ကြောင့် သူ့ရင်မှ ရုန်းထွက်ရင်း…

“ခန့်လို့မခေါ်နဲ့ကွယ်၊ သူ့တစ်ယောက်တည်းခေါ်ဖို့ နာမည် တစ်လုံးရှိတယ်”

“ဘာလဲ… ပြောပါဦး”

“မြတ်”

“ကိုယ် သိပ်မြတ်နိုးရသူရဲ့ နာမည်ဟာ မြတ်ဆိုပါလား… ဒါဖြင့် ကိုယ်ကလည်း ကိုယ့်ရဲ့ယ်နာမည် မြတ်ကို ပြော်ထားရဦးမယ်၊ ဒီအတိုင်းခေါ်နော်”

“အင်းပါ ခေါ်ပါ့မယ်… ဘယ်သူတဲ့လဲ”

“မောင်…တဲ့”

“ကြည့်စမ်းကွယ် ဒီက အဟုတ်မှတ်လို့”

“အဟုတ်ပဲပေါ့…မောင်ရဲ့ မြတ်”

“မြတ်ရဲ့ မောင်ပေါ့”

❖



www.burmeseclassic.com

www.burmeseclassic.com



သက်ရှိအသံတို့ တိတ်ဆိတ်နေပေသည်။ တောင်ခြေ စမ်းရေစီးသံကို ညင်သာတိုးတိတ်စွာ ကြားနေရပါ၏။ သစ်ရွက်ချင်း ဖက်ပွတ်ကြည်စယ်သံတို့က လေညှင်းနှင့်အတူ လိုက်ပါလာနေ ဆေးဆေးဆီမှ ရှင်လွန်းတောင်တန်းက ငိုက်မည်းစွာ လဲလျောင်းနေသည် နယ် ညှို့ညှို့မှိုင်းမှိုင်းနှင့် တည်တည်ငြိမ်ငြိမ် ရှိလှပါသည်။ တိတ်ဆိတ် သော သာယာငြိမ်းအေးခြင်း အတိပြီးသော သဘာဝရသကို ခံစားနေ သည့် ကျွန်မ၏ နောက်ကျောပြင်ကို သိုင်းဖက်ရင်း ပခုံးထက်တွင် မေးတင်ထားရာမှ ပါးချင်းအပ်လိုက်ပြီး… မောင်က…

“ဒီလောက် သာယာချမ်းငြိမ်းတဲ့နေရာမှာ ကြည့်မဝအော လှပတဲ့ ချစ်သူတစ်ယောက်နဲ့အတူ ရှိနေရတဲ့ မောင့်အဖြစ်မျိုး ဘယ်လိုလူတုနိုင်ပါ့မလဲကွယ် နော် အချစ်ရယ်၊ ဒီလိုဆို ပြန်တော့လည် လောကကြီးဟာ သာယာမှုတွေ ဖွဲ့စည်းလို့ပါပဲလား”

“ဟိုတုန်းကတော့ လောကကြီးက သူ့အပေါ် မတရား ဘူးဆို…”

“လောကကြီးက မောင့်ကို ခဏဒုက္ခခံစားနိုင်းထားတာ ဟောဒီချစ်သူလှလှလေး ပေးရမှာ နှမြောနေလို့နဲ့ တူပါတယ်… မြတ်ရယ်…”

“အပိုတွေ လျှောက်လိုက်တာကွယ်၊ မောင့်ဝတ္ထု ပြီးခါနီး ပြီလား”

“ပြီးသေးပေါင် ရေးရမယ့်အခန်းက လွမ်းခန်း တမ်းတခန်း ကိုယ့်ရင်မှာ ခံစားနေရတာက ကြည်နူးခန်း ရွှင်မြူးခန်း၊ ခံစားမှုချင်းက အပ်စပ်ဘူး၊ ညှိလို့မရသေးဘူး ဒါကြောင့် ခဏခေါက်ထားလိုက်သေး တယ်…”

“ကိုပိုရယ်… သူ့လိုသာ ဆိုးခက်ရချည်ရဲ့ ပင်ကိုယ်ခံစားမှုက အမှ စာရေးဆရာက လွမ်းခန်းရေးလို့ ရရောတဲ့လား၊ ဒီလိုဆို အထိုးခံရတဲ့ အခန်းရေးရင် ကိုယ်တိုင် ဓားထိုးခံကြည့်ရတော့မလား”

“ဒီလောက်တော့ မဟုတ်ဘူးပေါ့ မြတ်ရယ်၊ ဒါပေမယ့် စာပေပြုစုတယ်ဆိုတာ ဦးနှောက်ရဲ့ အတွေးအခေါ်နဲ့ တိုင်းတာကြရိုး ထုံးစံရှိတယ်လို့ ဆိုကြတယ်၊ တခြားလူတော့ မသိဘူး၊ မောင်ကတော့ စာပေဟာ ဦးနှောက်က ဆင်းသက်မလာဘူး၊ အသည်းနှလုံးက သက်ဆင်းလာတယ်လို့ထင်တယ်၊ ရင်မှာကြည်နူးတဲ့အခါ စာဟာ မြူးတယ်၊ ရင်မှာဆွေးရင် စာပေလေးလာတယ်၊ စာပေဆိုတာ စာရေးဆရာရဲ့ အသည်းနှလုံးနဲ့ ပြုစုပါမှ ရသမြောက်နိုင်ပါတယ်အချစ်၊ အရည်အတွက်၊ အတွက်တွန်းရေးနေရရင် စာပေဟာ ဘယ်မှာခံစားမှု သပါပါတော့မလဲ မြတ်ရဲ့…”

“အနုပညာသမားတိုင်း မောင့်လိုငွေပုံပေါ်ထိုင်ပြီး ကိုယ်သန်ရာ အနုပညာပြုစုနေကြတယ်ဆိုရင် အရည်အတွက် မများသလောက် အရည်အချင်းပြည့်ဝကြမှာပေါ့၊ ခုတော့ အနုပညာကို စီးပွားတစ်ရပ် အနေနဲ့ ကိုယ်စားပြုနေရသူတွေအဖို့ မောင့်လိုသာဆို ခက်ရချည်ရဲ့ကွယ်၊ ဒါ… ဖယ်စမ်းပါဦး၊ သူ့အနုပညာငွေကကြီးလည်း ထပ်မခဲနဲ့တော့





www.burmeseclassic.com

www.burmeseclassic.com



ကွယ်၊ ရပ်ကြပါစို့ရယ်…”

“အနုပညာအကြောင်း မပြောရရင်… မြတ်ကိုချစ်တဲ့ အကြောင်း ပြောမယ်”

“မပြောနဲ့ကွယ် ဒီစကားတွေက အလွှတ်ရနေပြီ”

“ဒါဖြင့်… မောင့်ရင်ထဲမှာရှိနေတာတစ်ခုမေးမယ်၊ မြတ် စိတ်မဆိုးနဲ့နော်၊ မဟုတ်ပါစေနဲ့လို့လည်း မောင်ဆုတောင်းပါတယ်”

“ဘာများလဲ မောင်ရယ်”

“ကိုမြတ်နှောင်းဆိုတာ မြတ်ရဲ့ အစ်ကိုတစ်ဝမ်းကွဲနော်”

“အင်း…”

“အဲဒါ… သူနဲ့ မြတ် လက်ဆက်ရမလိုလို ကြားနေရ ဟုတ်လားဟင်”

“ဟုတ်တယ်မောင်…လမ်းစဉ်ကတော့ ဒီအတိုင်းရှိပါတယ် တကယ်လို့ ခင်ချစ်ခန့်ဆိုရင် ဒီလမ်းစဉ်လိုက်ရမှာပေါ့၊ မြတ်တော့ ဒီလမ်းစဉ်ကို လွတ်အောင်ရှောင်ဖို့ ကြိုးစားနေဆဲပဲမောင်…”

“မြတ်စကားတွေက မောင်နားလည်ရခက်လိုက်တာကွယ် မြတ်ဟာ ခင်ချစ်ခန့် မဟုတ်ဘူးဆိုတဲ့ သဘောများလားကွယ်… ဒါပေမယ့် မြတ်ဟာ မြတ်မဟာရဲ့ သွေးသားရင်းပါ၊ ကြည့်ပါလား ကိုမြတ်ဦး ကိုမြတ်နှောင်းနဲ့ မြတ်ရယ်လို့ မြတ်မဟာမိသားစု အမြဲ ပညတ်ထားတာပဲ မှတ်လား”

“တိုက်ဆိုင်မှုပါမောင်…မြတ်ရင်ထဲမှာလည်း စိုးရွံ့နေတာရှိ

ယ်… မြတ်ရဲ့ အရေခွံခွာတဲ့နေ့မှာ မောင် မြတ်ကို မြတ်နိုးနိုင်းပါ ဦးမလားလို့”

“အို…မြတ်ရယ် မြတ်စကားတွေက ဆန်းလိုက်တာ မြတ်မှာ ဖုံးကွယ်မှုတစ်ခုခုတော့ ရှိရမယ်… မြတ် မောင့်ကို ဖွင့်ပြောပြပါလား င်…”

“ဒါတော့… မပြောပါရစေနဲ့ဦး မောင်ရယ်… မြတ်ဘဝကို နိုင်အောင်လည်း မစုံစမ်းပါနဲ့နော်… ပြီးတော့ မြတ်ရဲ့အသက် ရာယ်နဲ့လည်း နီးလွန်းလို့ မောင်မြတ်ကို သနားရင် ဘာမှသိဖို့ ကြိုးစားပါနဲ့ဦးနော်”

ကျွန်မမျက်နှာကိုသာ နားမလည်နိုင်သောအကြည့်ဖြင့် ငေး ကြည့်နေရှာပါသော မောင့်ကို ကျွန်မရင်မှာ… သနားလာမိပါပြီ… ာင်က ဘာစကားမှ မဆက်နိုင်ရှာခင် ကျွန်မကပင် ဆက်လက်၍

“မြတ်မှာ ဘာပြဿနာပဲရှိရှိ… မြတ်ဟာ ဘယ်ဘဝကပဲ လာ ဘယ်ဘဝကိုမဲ ပြန်သွားရ ပြန်သွားရ မောင်ဟာဖြင့် မြတ်ရဲ့ ဝရမောင်ပါကွယ်၊ မြတ်ရင်မှာ တစ်ခါမှ မခံစားဖူးသေးတဲ့ အချစ် နဲ့ ချစ်ရတဲ့ မြတ်ရဲ့ချစ်ဦးသူဟာ မောင်ပါဆိုတာတော့ မောင် ပါ…”

“ယုံပါတယ်မြတ်ရယ် မောင်ယုံပါတယ်၊ မောင့်ရင်မှာလည်း တ်သာ အစဉ်ကြီးစိုးနေခဲ့ရပါတယ်၊ မောင် မြတ်ကို ပိုင်ဆိုင်နိုင်ခွင့် ယ့်အချိန်ကို မောင်ဟာ မျှော်လင့်ခြင်းကြီးစွာနဲ့ စောင့်စားနေမှာပါ”





www.burmeseclassic.com

www.burmeseclassic.com



"မြတ်မှာလည်း မောင်နဲ့တူညီတဲ့ဆန္ဒတွေ ရှိပါတယ်လေ… ချစ်ဦးသူတို့ရဲ့ ရည်မှန်းချက်ဟာ တစ်နေရာတည်းမှာ ဦးတည်ကြမှာ ပဲပေါ့ကွယ်၊ "အတူနေလိုခြင်း" ဆိုတဲ့ တောင့်တမှုတွေဟာ အချိုး ပြည့် ရှိနေကြမှာပဲပေါ့… မြတ်ရင်မှာလည်း ဒီလိုဆန္ဒတွေနဲ့အတူ စိုးရိမ်စိတ်က လွှမ်းကဲနေတာ တစ်ခုရှိပါတယ်၊ မောင်ဟာ အတွေးအခေါ် ရော စိတ်သဘောထားပါ နူညက်တဲ့ အနုပညာသမား၊ မြတ်က သာမာန် မိန်းကလေးတွေ မစဉ်းစားရဲတဲ့ အလုပ်မျိုးကို လုပ်ကိုင်နေ သူမို့ မောင်ဟာ မြတ်ကိုမှ လက်တွဲရဲပါမလားလို့…"

"စာပေနဲ့ ပတ်သက်လို့သာ နူးညက်တဲ့ အတွေးအခေါ် ရှိတာပါမြတ်၊ မောင်ဟာ ယောက်ျားပါကွယ်၊ မြတ်နဲ့ ပါတ်သက်လာရင် ဘာမဆို ရင်ဆိုင်ရဲပါတယ်။ မြတ်ကို လက်တွဲပြီး ငရဲကြီးရှစ်ထပ်ကို ဖြတ်ချင်ဖြတ်သွားရစမ်းပါစေ"

"အမလေး…ငရဲတော့ မလိုက်ရဲပါဘူး…ပူလိုက်မယ့်ဖြစ်ခြင်း မြတ်နုတ်ပြည်က စောင့်နေမယ်လေ၊ မောင့်ငရဲကိစ္စက ပြီးတော့ တက်လာခဲ့ပေါ့"

"ကြည့် တစ်ကိုယ်ကောင်းမလေး… မောင့်ကို ငရဲ ထားမယ်လို့၊ ကဲ… ပြောဦး ပြောဦး"

နှစ်ယောက်သားရင်မှာ မတိုင်းတာနိုင်သော ကြည်နူး များဖြင့်သာ အရာအားလုံး လှပနေကြပါသည်။ ဝန်းကျင်၏ သာယာ ဆွတ်ပျံ့မှုက… ကြည်နူးသော ချစ်ဦးသူတို့နှလုံးသားကို ပိုမိုအေး





လှပစေပါသည်။ ချစ်ရလွန်းသော မောင့်ထိတွေ့ယုယမှုများသည်… ကိုယ်ခန္ဓာမှတစ်ဆင့် အသည်းနှလုံးသို့တိုင် စိမ့်ဖြာအေးမြရပါပြီ တည်း…။

နဂါးပိုက် တောင်တန်းထိပ်ဖျား၏ လွမ်းစေတီကို ဦးခိုက် နှုတ်မြွက်၍ 'မယ်နဲ့မောင်သစ္စာထား ပေါင်းရပါစေသား' ဆိုသည့် ချစ်သူနှစ်ဦးတို့၏ ဘယ်အခါမှ မရိုးနိုင်သော ဆုမျိုးကို တောင်းကြပြီးမှ တောင်ပေါ်က ဆင်းသက်ခဲ့ကြပါသည်။ မြို့ထဲတွင် တစ်ခုခု စားသောက်၍ လည်ပတ်ဝယ်ခြမ်းမည်၊ ရုပ်ရှင်ကြည့်မည်ဆိုသော… မောင့်ဆန္ဒများကို ငြင်းပယ်ကာ… မြတ်မဟာသို့သာ ပြန်လှည့်ခဲ့ကြ ပါသည်။ လူသိမှာစိုးပါ၍ မြတ်မဟာမှထောင်ထားသော တက္ကစီကို စီးပါဘဲ အနားသို့ ထိုးရပ်လာသော လေးဘီးမာဇဒါပရိုက်ဗိတ် တက္ကစီလေးကိုသာ ကျွန်မ လှမ်းခေါ်လိုက်ပြီး… ကျွန်မက နောက်မှ ဆင်း၍ မောင့်ကို ရှေ့မှပင် ထိုင်ခိုင်းလိုက်ရပါသည်။

"ဘယ်သွားမှာပါလဲခင်ဗျာ"

သည်အသံကြောင့် ကျွန်မ ဆတ်ခနဲ တွန့်သွားကာ အလန့် တကြား မော့ကြည့်လိုက်မိပါသည်။ ယင်းအသံကို ကျွန်မ အသေအချာ ကြားဖူးပါ၍ ကျွမ်းဝင်သိနှင့်ပြီးသူထဲက ဖြစ်ရမည်ဟူသော အတွေး ဖြင့် ကားမှန်တွင်းမှာ ပေါ်နေပါသော သူ့မျက်နှာကို ကျွန်မ လှမ်းကြည့်လိုက်မိရာ… သူက မသိမသာ ခေါင်းတစ်ချက်ငြိမ့်ပြ လိုက်သဖြင့်… ကျွန်မ သက်ပြင်းတစ်ချက်ချရင်း စိတ်ညစ်…

www.burmeseclassic.com

www.burmeseclassic.com

"ကိုထွန်းလွင်ပါလား"

ဟူသော အသိကြောင့် ရင်အေးရပါသေးသည်။ ကိုထွန်းလွင် သည် ကျွန်မတို့နှင့် တစ်ဂိုဏ်းတည်းသားချင်း...

ကျွန်မမှာ ခေတ္တမောင့်ကိုဖယ်ထုတ်လိုပါ၍... အပြေးအလွှား စဉ်းစားရပါသည်။ သွားရင်းဖြင့် ရေဒီယိုဆားဗစ်(စ)တစ်ခုကို တွေ့ ကျွန်မ အကြံတစ်ခုရကာ...

"ကားဆရာ... လမ်းမတော်ထိပ်က လျှပ်စစ်ပစ္စည်းဆိုင်မှာ ကားခဏ ရပ်ပေးစမ်းပါနော်..."

ချက်ဆို နားခွက်က မီးတောက်သူချင်းဖြစ်ပါ၍ ပါး လွန်းသော ကိုထွန်းလွင်က ကားကို လျှပ်စစ်ပစ္စည်းဆိုင်နှင့် ခပ်လှမ်း လှမ်းမှာ ရပ်ထားလိုက်ပါ၍-

"ဓာတ်ခဲလေးလုံးလောက် လိုချင်လို့ ကိုမြင့်နွယ်ပဲ ဆင်းဝယ် ပေးပါနော်...၊ ကျွန်မရဲ့ ထရန်စစ္စတာ ရေဒီယိုက ဓာတ်ခဲအားနည်း နေလို့ပါ..."

ဘာမှမသိရှာသောမောင် ဆင်းသွားလျှင်ပင်... ကိုထွန်းလွင်က

"သူဘယ်သူလဲ...မတင်တင်မြတ်"

"စာရေးဆရာ ကိုမြင့်နွယ်ဆိုတာပါ၊ မြတ်တို့ရဲ့ စည်ပင်သာ ကပဲ၊ သူ့အတွက် မြတ် အားလုံး တာဝန်ယူပါတယ်၊ မြတ်တို့ ကိစ္စတွေ သူ့ကိုဘာမှ မပြောဖြစ်သေးပါဘူးဆိုတာ ယုံပါ...





ပြောဖြစ်သည့်တိုင်အောင်လည်း သူ့ဆီက မပေါက်ကြားစေရပါဘူး လို့ မြတ်တာဝန်ယူပါတယ်ရှင်"

"မတင်တင်မြတ်ရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်ကိုတော့ ကျွန်တော်တို့ မတားဆီးသင့်ဘူးပေါ့၊ ဒီလူနဲ့ ဘယ်လိုနည်းနဲ့ ဆက်သွယ်နေကြတယ်ဆိုတာ ဆရာလည်းသိနေပါပြီ...၊ ဒါကိုဘာမှ ဝင်မပြောလိုပါဘူး၊ ကျွန်တော်တို့အဖွဲ့ရဲ့သစ္စာကို စောင့်ထိန်းပါ၊ ပေးအပ်ထားတဲ့တာဝန်ကို ကျေပြွန်အောင် ဆောင်ရွက်ပါလို့ပဲ ပြောချင်တယ် တင်တင်မြတ်၊ ဘာတွေထူးခြားသေးလဲ၊ ကျွန်တော်တို့အတွက် အကွက်ကောင်း မဝင်သေးဘူးလား"

"အချိန်တော့ စောင့်ရပါလိမ့်ဦးမယ် ကိုထွန်းလွင်၊ အခြေအနေအရပ်ရပ်ကို အစီရင်ခံထားတဲ့ ကျွန်မရဲ့စာဒီမှာပါ၊ ကိုညိုကြီးကို သည်း ပေးထားပါသေးတယ်... ရရဲ့နော်..."

"ရပါတယ်၊ အခြေအနေက အားရစရာမရှိသေးဘူးလို့ ဆိုရမှာပဲလေ... ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ကတော့ ကျွန်တော်တို့ တာဝန်ပိုင်းကိုကြေအောင် ထမ်းဆောင်ရမှာပါပဲ"

"ကျွန်မကိုပြန်ပြီး ရှုဒိုးလုပ်နေတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး... မဟုတ်ပါဘူး၊ ကိုယ့်တာဝန်ပိုင်းနဲ့ ကိုယ် ပါ...၊ ကိုယ့်တာဝန် မကျေပြွန်ရင် ရရှိမယ့် ဆုလာဒ်ကို မတင်တင် မြတ် အသိပါလေ...ဟော...ဟိုမှာ ခင်ဗျားလူ ပြန်လာပြီ..."

ကျွန်မကိုများ တန်ပြန်၍ နောက်ယောင်ခံ လိုက်နေလေသလား

www.burmeseclassic.com

www.burmeseclassic.com



ဟူသော အတွေးဖြင့် မေးလိုက်မိသည်ကို သူက ခြိမ်းခြောက်သလို ဆိုပါသည်။ သူ့ကို ပြန်လည်ချေပရန် အချိန်မရတော့ပါ။ ကျွန်မအနေ နှင့်လည်း ကိုထွန်းလွင်ကို စိတ်မဆိုးသင့်ပါ၊ ခွင့်လွှတ်ရပါမည်။ သူသည်လည်း ကျွန်မတို့အဖွဲ့မှ တာဝန်ကို ရှုပ်ရှုပ်ချုံချုံ ထမ်းဆောင် လေ့ရှိသည့် တပ်ဖွဲ့သားတစ်ဦးပါပင်…။

ကျွန်မအတွက် ဘာမျှ အသုံးကျမည်မဟုတ်ပါသော ခတ်… များကို မောင်က ဂရုတစိုက်ဝယ်လာ၍ ကျွန်မလက်သို့ ပေးသည့် အခါ ကျွန်မမှာ မောင့်ကို အားတုံ့အားနာနှင့် သနားမိရပါသည်။ ကားပေါ်တွင် လူစိမ်းပါလာသဖြင့် ကျွန်မတို့နှစ်ယောက် ချစ်စကားပြော… မသီဖြစ်ကြပါ၊ မကြာမီမှာပင် မြတ်မဟာကို လှမ်းမြင်ရပြီဖြစ်ပါ၍ ကျွန်မက…

"ခြံဝန်းထဲမဝင်နဲ့ ကားဆရာ၊ အဲ… အဲ… ရှေ့က ထင်းရှူး ပင်ကြီးအောက်မှာသာ ရပ်ပေးပါ"

"ဟုတ်ကဲ့ခင်ဗျာ"

ကျွန်မနှင့် ကိုထွန်းလွင်တို့မှာ အကာယ်ဒမီအိုက်တင်များပေးရင်း စကားပြောအပြီး ကားပေါ်မှ ဆင်းခဲ့ရပါသည်။ ကျသင့်ငွေများကို ရှင်းပေးပြီး ကျွန်မတို့နှစ်ယောက် ခပ်ခွာခွာ လျှောက်လာခဲ့ကြပါသည်။ မြတ်မဟာအတွင်း ဝင်ခါနီးတွင် လကျ်ာဘက် စိန်ပန်းပြာပင်ကြီး အောက်တွင် ရပ်စကားပြောနေသော လူနှစ်ယောက်ကို မြင်ရပါသဖြင့် ကျွန်မ အမှတ်မထင် လှည့်ကြည့်ရာမှ…စိတ်ဝင်စားစရာ ဖြစ်လာပါ





တော့သည်။ နောက်ကျော အနေအထားနှင့် မြင်ရစေကာမူ ရပ်နေသူကို ကျွန်မ ကောင်းစွာ မှန်းမိပါသည်။

"ဦးလွန်းတင်ပဲ၊ ဘာကြောင့် ခြံထောင့်မှာ ထွက်စကား ပြောနေရပါလိမ့်"

စိတ်မှတွေးရင်း သူတို့ကို အသေအချာ ကြည့်မိပါသည်။ ဦးလွန်းတင်နှင့် ရပ်၍ စကားပြောနေသူမှာ အမျိုးသမီးတစ်ယောက် ဖြစ်သည်ကလွဲ၍ ဘာမှ သဲကွဲစွာ မမြင်ရပါ။ ဦးလွန်းတင်က ကာဆီး ထားသလို ပိတ်ကွယ်၍ နေပါသည်…။ သည်အမြင်ဆန်းကြောင့်…

"မောင်ရေ… မြတ်သွားတော့မယ်နော်… ကြီးကြီးစိမ်း မြင်မှာ ကြောက်လွန်းလို့ပါ"

မောင့်ကို ဖြတ်ကျော်ကာ လျှင်မြန်သောအဟုန်ဖြင့် ကျွန်မ ပြေးတက်လာမိပါသည်။ ကျွန်မတို့ နေထိုင်ရာအထပ်သို့ သွားရန် သုံးထပ်ပေါ်ရှိ လှေခါးအိမ် တံခါးသော့တစ်ချောင်း ကျွန်မလက်တွင် ရှိနေပြီဖြစ်ပါ၍ ကျွန်မထင်သလို သွားလာနိုင်ပါပြီ၊ တံခါးကို ဖွင့်ကာ လျှင်မြန်သောအဟုန်ဖြင့် ပြေးတက်လာမိပါသည်။ အပေါ်ထပ်တွင် တိတ်ဆိတ်ရှင်းလင်းနေပါသဖြင့် အသံမမည်ရန်နှင့် အတတ်နိုင်ဆုံး လျှင်မြန်ရန် ကျွန်မအခန်းဆီသို့ ပြေးသွား၍ တံခါးကိုဖွင့်လိုက်ပြီး ကျွန်မချင်းလေးကို အိပ်ယာပေါ်တွင် ပစ်တင်လိုက်မိပါသည်။ ကျွန်မ၏ သတ္တာကိုဖွင့်ကာ မှန်ဘီလူးကို အမြန်ထုတ်လိုက်ရပါသည်။ မောင်နှင့် လည်သွားစဥ်က ယူသွားဖို့ စိတ်ကူးမိပါသော်လည်း ရှုပ်မှာစိုး၍



www.burmeseclassic.com

www.burmeseclassic.com



ထားပစ်မိခဲ့သဖြင့် သည်မျှ ကြန့်ကြာနေရပါသည်ဟု ကျွန်မကို
ကျွန်မ အပြစ်တင်၍ အခန်းတွင်းမှ ပြန်ထွက်လာခဲ့ရပါသည်။ အလ
ခန်းမမှဖြတ်၍ အိမ်ရှေ့ဘက်ပန်းခြံငယ်ကလေးဆီသို့ သွားက
ဦးလွန်းတင်တို့ ရပ်နေရာဘက်သို့ အသေအချာ ချိန်ရွယ်၍ ကြည့်လိုက်
မိပါသည်။ ပထမမြင်ကွင်းက မပီပြင်သေး ဝိုးတဝါး ရှိနေပေသည်
အကြာအဝေး ညှိလိုက်ပြီးကာမှ မြင်ကွင်းက ပြတ်သားလာပါတော
သည်။ ဦးလွန်းတင်ကို လွှဲဖယ်၍ရပ်နေသော အမျိုးသမီးကို အသေ
အချာ ကြည့်လိုက်မိရာ အားကောင်းလွန်းသော မှန်ဘီလူးကြောင့်
အမျိုးသမီး၏မျက်နှာကို စေ့စေ့စပ်စပ်ခွာ မြင်ရလျှင်ပင် ကျွန်မစိတ်တွင်
အံ့သြခြင်း ဖြစ်ရပါပြီ…

"ဒီအမျိုးသမီးဟာ စားတော်ဆက် စားသောက်ဆိုင်ရှေ့
ကိုဖြတ်နှောင်းကိုခေါ်ပြီး စကားပြောဖူးတဲ့ အမျိုးသမီးပါလား၊ သူ့
နက်မှောင် အပြားကြီးတဲ့ မျက်ခုံးခန့်ခန့်ကြီးက တစ်ခါမြင်ရ
မေ့နိုင်စရာမရှိပါဘူး"

စိတ်မှ ထင်မြင်ရင်း သူတို့ဟန်ပန်ကို အသေအချာ စောင့်ကြည့်
နေမိရာတွင် ဦးလွန်းတင်၏ မျက်နှာကို မမြင်သာသော်လည်း
ကျွန်မဘက်သို့ မျက်နှာမူနေပါသော အမျိုးသမီး၏ မျက်နှာကို
ကောင်းစွာ မြင်တွေ့ခွင့်၊ အကဲခတ်ခွင့်၊ ရခဲ့ပါသည်။ အမျိုးသမီး၏
မျက်နှာက တည်ကြည်ခန့်ငြားသော်လည်း နိမ့်ချသည့်အသွင်
တောင်းပန်နေသည့်သဏ္ဌာန်ကို ပေါ်လွင်နေပါသည်။ သူကချည်းသာ





ပြောနေကြောင်း မြင်တွေ့ရပါသည်။ ပန်းပင်ကွယ်မှ ကြည့်နေသော
ကျွန်မကို သူတို့မြင်ရဟန်မတူသော်လည်း အမျိုးသမီးက မြတ်မဟာ
အိမ်ကြီးဆီသို့ မော့ကြည့်၍ လက်ညှိုးညွှန်ကာ ပြောနေပါ၍
ထိုအမျိုးသမီးသည် မြတ်မဟာနှင့် ပါတ်သက်စပ်လျဉ်းသော
အရေးအခင်းတစ်စုံတစ်ခု ကြုံနေပြီဟု ယူဆမိပါသည်။ အခြေနေက
ပြေလည်ပုံမရသေးပါ၊ ဦးလွန်းတင်က ငြင်းဆန်သလို ခေါင်းခါခါ
သည်ခါခါဆိုရင်း မြတ်မဟာဘက်သို့ ပြန်လှည့်လာပါသည်။ အမျိုး
သမီးက မြတ်မဟာကို ကြာမြင့်စွာ ငေးမောရင်း ကြီးစွာသော စိတ်ဒုက္ခ
ရောက်နေသည့် မျက်နှာထားဖြင့် ခဏကြာသည့်တိုင် ငေးမော၍
ကြည့်နေပြီးကာမှ မြတ်မဟာမှ လှည့်ထွက်သွားပါတော့သည်။

ရှေ့ဘက်တွင် အာရုံစိုက်ရလွန်းပါ၍ နောက်ဘက်မှာ လစ်ဟာ
သွားရပြီဖြစ်ကြောင်း ကျွန်မချက်ချင်း နားလည်လာရပါသည်။
တိုးတိတ်လွန်းသော အသံကပင် ကျွန်မ၏ အသိအာရုံတွင်း တိုးဝင်
လာရပြီဖြစ်ပါ၍ ရင်မှာထိတ်ကာ ကြီးစွာသော သတိနှင့် မှန်ဘီလူးကို
မျက်လုံးအိမ်မှ ဖြည်းညင်းစွာခွာ၍ ကျွန်မရှေ့ရှိ ပန်းအိုးနှင့်
အုတ်တံတိုင်းကြားတွင် ဝှက်ထားလိုက်ရပါသည်။

နောက်မှ သံကို ဂရုမပြုမိဟန်ဖြင့် ပန်းပင်လေးများကို
တိုင်တွယ်ကာ ဟိုကြည့်သည်ငေးဖြင့် အမှတ်မထင်နေသလို နေပြီး
ကာမှ ကျွန်မအတွင်းဘက် လှည့်လိုက်မိရာ တံခါးဝတွင် ပခုံးနှိမ့်ရင်း
ငေးကရက်ခဲလျှက် ရပ်နေပါသော ကိုမြတ်နှောင်း…



www.burmeseclassic.com

www.burmeseclassic.com



သူ၏ အေးစက်တည်ငြိမ်သော အမူအယာကြောင့် ကျွန်မရင်မှာ ထိပ်ဖြာခါ ဣန္ဒြေမပျက်စေရန် မနည်းသတိထားလိုက်ပြီးကာမှ။

"အစ်ကို… ပြန်ရောက်နေတာ ကြာပြီလား…ဟင်… ဒီည ပြန်သွားရဦးမလား…"

"အင်း ပြန်သွားရဦးမယ်… ခြောက်နာရီ ထိုးပြီးပြီလေ"

"သြော်…ဟော…ဟုတ်ပါရဲ့ ထမင်းမဆာလို့… ထမင်းစားချိန်တောင် မေ့နေမိတယ်၊ လာလေသွားကြမယ်၊ အစ်ကိုလည်း မစားရသေးဘူးမှတ်လား…"

"မစားရသေးဘူးလေ မေမေစောင့်နေတယ်…"

ကိုမြတ်နောင်းကို ကျွန်မရှေ့မှ သွားစေလိုပါသည်။ ကျွန်မ နောက်တွင် ချန်မနေစေချင်ပါ၍ ကျွန်မကပ်၍ နေပါသော်လည်း သူက ရှေ့မှမသွားပါဘဲနှင့် အတူယှဉ်ကာ ဖြည်းညှင်းစွာ လိုက်လာပါ၍ ကျွန်မမှန်ဘီလူးအတွက် စိတ်တထင့်ထင့်နှင့် လိုက်ပါလာခဲ့ရပါသည်။ ထမင်းစားခန်း၌ ဒေါ်စိမ်းညိုက စားပွဲထိပ်မှထိုင်ရင်း ကျွန်မ ဝင်လာသည့်အခါ ‘ထုံးစံအတိုင်း နာရီကိုမော့ကြည့်လိုက်သဖြင့် ကျွန်မကပါရော၍ မော့ကြည့်လိုက်မိရာ ခြောက်နာရီနှင့် သုံးမိနစ်သာ စွန်းနေသေးပါကြောင်း တွေ့ရှိလိုက်ရသော်လည်း ကျွန်မရင်ထဲတွင် သုံးနာရီကြာမျှ ပျက်ကွက်သွားခဲ့ရသလို ရှုံ့ကြောက်သွားမိပါသည်။ သူတို့သားအမိကမူ ဣန္ဒြေပျက်ခြင်း ကျွန်မကို အပြစ်တင်လိုဟန်ပြခြင်း





သည့် အမူအယာများကို မတွေ့ရပါသော်လည်း ဘာစကားမှ သူတို့က မ,စကြပါ၍ ကျွန်မကလည်း အသာငြိမ်ကာ ထမင်းကိုသာ ငုံ့စားနေရပါသော်လည်း ရင်၌ ပြည့်တင်းနေပါ၍ ထမင်းက မြိုမကျနိုင်အောင် ရှိရပါသည်။

စောစီးစွာပြီးသော်လည်း… ထထွက်သွားရန်… ခက်နေပါသဖြင့် ဟင်းချိုရည်လေးသောက်လိုက် အသီးအရွက်သုတ်လေး နှိုက်စားလိုက်နှင့် သူတို့အပြီးကို စောင့်နေရပါသည်။

"စားမကောင်းဘူးလား ခင်ချစ်ခန့်…"

"ကောင်းပါတယ် ကြီးကြီးစိမ်း… ဒီနေ့ လက်သုတ်စားထားမိလို့ ရင်ပြည့်နေလို့ပါ"

"သွားချင်သွားနိုင်ပြီ…ခင်ချစ်ခန့်"

ကျွန်မပြုံး၍သာ နှုတ်ဆက်ပြီး ထမင်းဝိုင်းမှ လှည့်ထွက်ခဲ့ပါသည်။ ယနေ့ ထမင်းဝိုင်းနားတွင် ဒေါ်အိုဇာကို မမြင်ရပါ၊ ထမင်းစားခန်းမှ ထွက်လျှင် အလယ်ခန်းမ၏ လက်ျာဘက်တွင် အိမ်ရှေ့ဥပစာရှိပြီး လက်ဝဲဘက်တွင် ကျွန်မအခန်းသို့ သွားရာလမ်း ရှိပါသည်။ ကျွန်မ ထမင်းစားခန်းမှ အထွက် လက်ျာဘက်သို့ ချိုးကွေ့ပြီး မှန်ဘီလူးကို ပြန်ယူလိုပါ၍ နောက်သို့ အသာစောင်ငဲ့ကြည့်လိုက်ရာ… ကိုမြတ်နောင်းက ထမင်းငုံ့စားနေပါသော်လည်း ဒေါ်စိမ်းညိုက ကျွန်မကို လှမ်းကြည့်နေကြောင်း မြင်ရလျှင်ပင် ကျွန်မအခန်းရှိရာ လက်ဝဲဘက်သို့ ချိုးကွေ့လိုက်ရပါသည်။ အလယ်



www.burmeseclassic.com

www.burmeseclassic.com

ခန်းမမှ တစ်ဆင့်ထပ်၍ ချိုးရသော ကျွန်မအဆောင်ဘက်သို့ လှည့်လိုက်လျှင်ပင် ကျွန်မမျက်စေ့တွင် ရိပ်ခနဲ… အရိပ်မဲတစ်ခုလိုက် မြင်လိုက်ရပါသော်လည်း ဘာကိုမှ မသဲကွဲပါ၊ ကျွန်မအခန်းတံခါးကို မြင်လိုက်ရလျှင်ပင် ရင်၌ ထိတ်သွားမိပါသည်။ တံခါးက အံကျ စေ့မနေပေ၊ လက်နှစ်လုံးမျှဟကာ ယေး(လ်)သော့က မကျ…ပါ။ ကျွန်မ၏လောဘကြီးမှုကြောင့် အလွဲလွဲအချော်ချော်များ ဖြစ်လေပြီလား ဟူသော စိတ်က… ကျွန်မရင်ကို နာကျင်လာသည်အထိ စိတ် မကောင်းခြင်း ဖြစ်ရပါပြီ။

ကျွန်မ အခန်းတွင်းဝင်း၍ တံခါးအသေပိတ်လိုက်ပြီ ဟိုဟို သည်သည် လှည့်ပတ်ကြည့်ရှုပါသော်လည်း ချေရာလက်ရာ ပျက်သည့်နေရာ တစ်နေရာမှ မတွေ့ရပါ၊ ကျွန်မ၏ ပစ္စည်းပစ္စယများ တွင်လည်း မသင်္ကာဖွယ်ရာ မွှေနှောက်ထားသည်များကို မတွေ့ရ ပါ၍… မြင်ရသော အရိပ်မည်းသည် စိတ်ထဲ၌ ထင်မိထင်ရာ ထင်မြင်နေ၍သာဟု ကိုယ့်စိတ်ကိုဖြေ၍ ကုတင်ထက်တွင် ထိုင်နေပါ သော်လည်း စိတ်က ဂဏှာမငြိမ်ပါ၊ ကျွန်မ၏ မှန်ဘီလူးလေးဆီသို့သာ ရောက်နေပါ၍ အပြင်သို့ပြန်ထွက်ရန် အကွက်ဆင်ရပြန်ပါသည်။

စာရေးစားပွဲပေါ်တွင် ရမ္မက်ဓာဆိုသည့် မောင့်၊ စာအုပ် တင်ထားသည်ကို ဆွဲထုတ်ယူလိုက်ပြီး… ရင်ခွင်၌ အမြတ်တနိုး ပိုက်ပွေ့ထားလိုက်မိပါသည်။ ချစ်ရသောမောင်နှင့် လည်ပတ်ခဲ့ရသော အကြောင်းရာလေးများကို ဖြစ်ဆဲရှိနေသည့်အသွင် အတွေးဝင်က





ာ်ကူးယဉ်ချိန်မျှ မရနိုင်အောင် ကိစ္စတို့က ဆက်တိုက်ရှုပ်ထွေးနေ ပါသည်။

ကျွန်မက မောင့်စာအုပ်လေးကို လက်ကကိုင်ရင်း ပန်းခြံရှိရာ အိမ်ရှေ့ ဥပစာဘက်သို့ ထွက်လာခဲ့ရင်း ထမင်းစားခန်းမကို ဆင်းငဲ့ကြည့်လိုက်မိရာ စားပြီးသော ပုဂံများကို သိမ်းဆည်းနေသည့် အအေးမိတစ်ယောက်တည်းသာ တွေ့ရပါ၍… ဒေါ်စိမ်းညိုနှင့် ကိုမြတ်နှောင်းတို့ သူတို့အခန်းသို့ ပြန်သွားကြပြီဖြစ်ကြောင်း ကျွန်မ သိရှိရပါသည်။ အပြင်ဘက်ပန်းခြံလေးရှိရာသို့ ကသုတ်ကရက် ထွက်လာခဲ့သည့်အခါ ဒေါ်အိုဇာက အပြင်သို့ငေးရင်း မတ်တပ်ရပ်နေ သည်ကို မြင်ရ၍ ကျွန်မအသံမကြားစေရန် ခြေကိုဖော့နင်းပြီး မှန်ဘီလူးလေးထားခဲ့ရာနေရာသို့ ရောက်လာသည့်အခါ၊ မတွေ့ရတော့ ပါ၍ စိုးရိမ်စိတ်ဖြင့် မျက်ကလုံးဆံပြာ ဟိုဟိုသည်သည် ရှာမိပါသော် လည်း… အရိပ်အယောင်မျှ မတွေ့ရတော့ပါ။ တယောက်ယောက် ယူသွားသည်မှာ သေချာပါ၍ ခက်ချေပြီ။ ဒေါ်အိုဇာ၏ ဝန်းကျင် တစ်ဝိုက်တွင်လည်း ရှင်းလင်းနေပါ၍ သူယူထားခြင်းလည်း ဖြစ်နိုင် ဟန်မရှိပါ။

ဒေါ်အိုဇာအရိပ်အခြေကို လေ့လာရန် ကျွန်မက စတင်၍…

"ဘာလုပ်နေလဲ… ဒေါ်အိုဇာ"

"ဩော်…အင်…ဘာမှ မလုပ်ပါဘူး…ဘာလုပ်မလို့လဲ"

သူ့အမူအရာက မူမမှန်ပါ၊ ထိတ်ပြာသလို… ကျွန်မအမေး

www.burmeseclassic.com



ကို အဖြေပေးရင်း အမေးဆင့်လာပါသည်။ သူမျက်ဝန်း သူငယ်အိမ်
အသေအချာ စိုက်ကြည့်၍ သူမျော့ကွက်ကို ကျွန်မဖမ်းကာ...

"ဘာမှမလုပ်ဘူး... ဟောဟိုနေရာမှာ ကျွန်မပစ္စည်းလေး
ကျွန်ခဲ့တယ်၊ ဒေါ်အိုဇာ သိမ်းထားတယ်မှတ်လား"

"အလိုတော်...ဘာမှမတွေ့ရပါလား၊ ဘာပစ္စည်းမို့လဲ"

ဒေါ်အိုဇာက ခက်ထန်သလိုဆိုပါသည်။ ကျွန်မက ပြန်မရ
မည့်အတူတူ တခြားစကားများကို လွှဲပြောင်းပစ်ရင်း အရေးမကြီးသ
နေလိုက်ရပါတော့သည်။ ကျွန်မက အလ္လာပ၊ သလ္လာပ စကားမျိုး
ဖန်တည်း၍ ဒေါ်အိုဇာကို ပြောဆိုနေမိပါသော်လည်း ဒေါ်အိုဇာ
စိတ်ဝင်စားဟန်မပြပါဘဲ အလိုက်အထိုက်သာ ပြန်ပြောနေပါသည်
သူမျက်လုံးများက မကြာခဏ ကျွန်မထံမှ လွှဲဖယ်ကာ ခြံထိပ်ဆီ
ရောက်ရောက်သွားပါသည်။ သူ့အကြည့်ကို ကျွန်မ မမြင်စေလိုဟန်
တိတ်တခိုးသာ ကြည့်နေပါ၍ ကျွန်မက သူ့အနားမှ လှည့်ထွက်လာ
တဘက်ထောင့်ရှိ ခုံတန်းလျားတွင် ထိုင်နေမိပါသည်။ ဒေါ်အို
ငေးမျှော်နေသောနေရာကို ကျွန်မပါလိုက်၍ ငေးမျှော်ကြည့်ရှုနေမိ
သော်လည်း ထူးခြားသည့်အရာ ဘာမှမတွေ့ရပါ။

ကျွန်မ၏ မှန်ဘီလူး ပျောက်ဆုံးသွားခြင်းအတွက် သည်အိမ်
မှ ယူမည့်သူများကို ဆန်းစစ်ကြည့်မည်ဆိုပါလျှင် ပထမဆုံး ဖြစ်
သူမှာ ဒေါ်အိုဇာသာလျှင် ဖြစ်နိုင်ပါသည်။ ကိုမြတ်နောင်းကလည်း
ကျွန်မနှင့်အတူ ထမင်းချိန်အထိရှိပြီး ကျွန်မ အခန်းသို့ ပြန်လာ





ခဏ္တလေးတွင် သူယူငင်သွားမည်ဆိုလျှင်လည်း ဖြစ်နိုင်ပါသည်။

သည်အတွေးများဖြင့် အိမ်ပေါ် ပန်းခြံလေးကို ကျွန်မ ငေးငိုက်၍
ကြည့်နေလိုက်မိပါသည်။ ရောင်စုံပန်းတို့က ရနံ့ချိုပါသည်။ စက္ကူ
ပန်းစုံ၊ သစ်ခွပန်းအမျိုးမျိုး၊ နှင်းဆီ ဒေလီယာနှင့် ယုဇနတို့ကိုပင်
ပန်းအိုးနှင့်စိုက်ပြီး သစ်ခဉ်များ စီးနှောင်ထားသည့် တိုင်လေးများကိုမှ
ညီညာစွာ တွဲရရွဲခိုတွဲနေစေပါသည်။

အောက်ခြေတွင် စတော်ဘယ်ရီခြင်းလေးများကိုပါ ပျိုးထားပါ၍
စိမ်းလန်းသော အပင်ပုလေးမှ နီရဲသော သီးလေးများက ချစ်စဖွယ်
ကောင်းလှပါတော့သည်။ ပြုပြင်ပေးသောကလည်း မိုးသို့မျှော်သည့်နှယ်
ထောင်မတ်နေကြပါသည်။ လေးထပ်တိုက်ပေါ်တွင် ပြုပြင်ဖန်တီး
ထားပါသော ပန်းဥယျာဉ်လေးမှာ နှစ်လိုဖွယ်ရာ သာယာလှပါဘိ။
မြင်ကွင်းက တင့်ရှုန်းသာမော နေပါသော်လည်း ကျွန်မရင်တွင်
အေးနိုင်ပါ။ ကျွန်မ၏ ကြီးစွာသော လျှို့ဝှက်မှုကြီးကို သူတို့ ရိပ်မိ
ကြလေပြီလားဟူသော အတွေးကြောင့် ရင်မအေးနိုင်အောင် ရှိနေရပါ
သည်။ အစစ အသေးစိပ် ပိပိယိယိ အင်နှင့်အားနှင့် ကြံစည်ပြီးခါမှ
ခင်ချစ်ခန့်အဖြစ် ရောက်လာရသော ကျွန်မအဖြစ်မှန်ကို သူတို့ လွယ်ကူ
စွာ သိရှိနိုင်ရန်မှာ မလွယ်ကူလှပါ။ ခင်ချစ်ခန့် အစစ်အမှန်၏
အကြောင်းရင်းများကို ဆက်သွယ်စပ်စုမှုများ ပြုကြလေသလား
ကျွန်မပေါ်တွင် သံသယစိတ်ဝင်ကာ အပြင်တွင် စုံစမ်းမှုများပြုကြလေ
သလား... ဆိုသည်များ သိရှိနိုင်စေရန် ကျွန်မတို့၏ လူများက



www.burmeseclassic.com

www.burmeseclassic.com

ကိုမြတ်နှောင်းအပါအဝင် မြတ်မဟာ၏ အပေါင်းအဖော်များ
ခြေရာခံ၍ လိုက်လံကြည့်ရှုနေကြသည်။ ထိုကျွန်မတို့အဖွဲ့မှ လူ
ကလည်း ဘာအကြောင်းမှမကြားခဲ့ပါ၊ အခြေအနေအားလုံး အေး
ဆေးဆေးပင် ရှိမည်ထင်ပါသည်။

သည်နေရာတွင် ဆက်လက်ရပ်နေ၍ အကြောင်းမထူး
တော့ပါ၊ အကယ်၍ မှန်ဘီလူးကို ကိုမြတ်နှောင်းတွေ့ပြီး သိမ်းဆ
ထားပါလျှင်လည်း ကျွန်မတွင် ဓာတ်ဒကတက်စရာ အချက်အလ
များကို ရှာကြံထားရပါသည်။ ဆန်းသစ်သော တောင်ပေါ်မြို့
ရှုခင်းသာကို ကြည့်လိုပါ၍ မှန်ပြောင်းဖြင့် ကြည့်မိကြောင်း ဝန်ခံ
လျှင် မည်သို့မျှ ဆက်လက်၍ အပြစ်တင်နိုင်တော့မည်မဟုတ်ပါ

ကျွန်မ ပန်းခြံတွင်းမှ အိမ်ဘက်သို့ ပြန်ဝင်လာသော်လ
ကျွန်မအခန်းသို့ မပြန်သေးပါဘဲ စာကြည့်ခန်း၌သာ စာအုပ်များ
မဖတ်လိုပါဘဲ ဟိုရှာသလို သည်ရှာသလိုနှင့် အချိန်ဖြုန်းနေမိပါသ
စာကြည့်ခန်းနှင့် မျက်နှာချင်းဆိုင်အခန်းသည် ကိုမြတ်နှောင်း၏အ
ဖြစ်ပါ၍ ကျွန်မ တစေ့တစောင်း ချောင်းမြောင်းနေပါသော်လ
ဘာကိုမျှ ထူးခြားစွာ မမြင်ရပါ။ အားလုံးကို လက်လျှော
ကျွန်မအခန်းသို့ပြန်၍ မောင့်စာအုပ်ကို ရင်ပေါ်တင်ရင်း ကျွန်မ နံ့
အိပ်ယာပေါ်သို့ ပက်လက်လန် လှဲချလိုက်မိပါတော့သည်။

❖ ❖ ❖

အခန်း ။ ၈ ။

နားထဲတွင် အသံတို့ ဆူညံနေသလို ကြားလာရပါသည်။
ကျော်ပိုင်း ၇ နာရီခန့် ရှိနေပြီဖြစ်၍ ကျွန်မအခန်းတွင်း၌ မီးပူတိုက်ရင်း
အသံသဲ့သဲ့ ကြားလာရပါ၍ ကျွန်မခေါင်းထောင်၍ နားစွင့်လိုက်မိ
သည်။ အပြင်ဘက်ဆီမှ ဝိုင်ယာလက်ကားသံ သဲ့သဲ့ကို ကြားလာရ
သဖြင့် ကျွန်မ မီးခလုတ်ပိတ်၍ ပလတ်ဖြုတ်လိုက်ကာ တစ်ထပ်
ည်းသော ညဝတ်အင်္ကျီကိုချွတ်ပြီး တန်းတွင် အသင့်ရှိနေပါသော
ာစီယာနှင့် အင်္ကျီကိုလဲဝတ်၍ ထဘီပင် မလဲဖြစ်တော့ပါဘဲ အခန်း
တွင်းမှ ထွက်လာခဲ့ရာ ခန်းမကျယ်ထိပ်တွင် ဒေါ်အိုဇာနှင့် ဆုံပါတော့
သည်။

ဒေါ်အိုဇာ၏မျက်နှာမှာ အရုပ်ဆိုးလွန်းလှသည်ဆိုပါသော်လည်း
ခံစားမှုက မျက်နှာတွင် ဟပ်ထင်၍ ပေါ်နေပေသည်။ သူ ကျွန်မကို
စုံတစ်ခုပြောမည်ဟန်ပြင်ပြီးကာမှ ပြန်ထိန်းလိုက်သလို မြင်ရပြီး



www.burmeseclassic.com

www.burmeseclassic.com

ပြောသင့်မပြောသင့် ချင့်ချိန်နေစဉ်၌ပင် ကျွန်မ သူ့ရှေ့မှောက်မှ ထော
လျှင်သောအဟုန်ဖြင့် အောက်ထပ်သို့ ပြေးဆင်းလာခဲ့ရပါသည်
အလယ်ထပ်အရောက်တွင် အောက်ထပ်မှ ပြန်တက်လာပါသော
ဦးလွန်းတင်နှင့် ပက်ပင်းတွေ့ပါ၍···

"ဘာဖြစ်လို့ပါလဲ ဦးလွန်းတင်···၊ ဝိုင်ယာလက်ကား
ကြားလို့ ကျွန်မ ပြေးဆင်းကြည့်တာပါ"

"ဟာ···မသွားနဲ့··· မသွားနဲ့ မခင်ချစ်ခန့် ကြည့်လို့မဖြစ်
သွားပါ၊ အပေါ်ပြန်ပါ···"

"ဟင့်အင်း··· ကျွန်မ သိပ်သိချင်တာပဲ၊ ဘာအကြောင်း
သာ ပြောစမ်းပါ"

"တယ်ခက်ပါလား မိန်းကလေး···၊ မကြည့်သင့်လို့ ပြော
ပါ၊ ဒါ ဒေါ်စိမ်းညိုတို့လည်း မသိဘဲ ဆင်းလာတာဖြစ်ရမယ်။
ခင်ချစ်ခန့် ခုချက်ချင်း အပေါ်ပြန်တက်စမ်းပါ"

"အို··· မတက်ဘူးရှင်၊ မြင်ရမှ ကျွန်မကြေနပ်မယ်"

ကျွန်မစကားကို ပြော၍မဆုံးခင်မှာပင် လှေခါးထိပ်
ရောက်နေမိပါပြီ။ ဦးလွန်းတင်၏ အခဲမကြေသော မျက်နှာကို တစ်
မျှသာ စိုက်ကြည့်ပြီး လှေခါးမှ ကျွန်မ ပြေး၍ဆင်းလာမိပါသည်
တည်းခိုရိပ်သာ၏ အောက်ဆုံးထပ် စားသောက်ခန်းတွင် နံနက်
ဖြစ်ပါ၍ လူမစည်ကားလှသေးပါ။ သုံးယောက်လောက် တစ်အုပ်
လေးယောက်လောက် တစ်အုပ်စုဖွဲ့ကာ မျက်စေ့ပျက် မျက်နှာပျက်





တိုးတိုင်ပင်နေကြသလို··· စကားကို တိုးတိတ်စွာပြောရင်း···
ကြောင်စီသောမျက်လုံး၊ မှုံမှိုင်းသော မျက်ဝန်းတို့ဖြင့် ရှိနေကြပါ၍
မှာ ရှေ့ဘက်သို့ အပြေးထွက်လာမိပါသည်။ မြတ်မဟာ၏
ောက်ဘက်ခြံထောင့်တွင် လူတစ်အုပ် ရဲကားတစ်စီးနှင့်
ရာရှိများကို တွေ့လိုက်ရ၍ အခင်းဖြစ်ရာ နေရာသို့ ပြေးသွားပြီး
ရောက်လျှင်ပင် တစ်ယောက် တစ်ပေါက်နှင့်···

"ရက်ရက်စက်စက်ကို ဓားတစ်ဆုံး နှစ်ဝင်နေအောင်ကို
သတ်ထားတာပဲ"

"ဒီမိန်းကလေးက အချိန်မတော် ဒီနေရာ ဘာလာလုပ်တာ
မှ"

"အို···ဒီအဖြစ်မျိုး မြတ်မဟာမှာ နှစ်ခါဖြစ်ဖူးပြီပဲ၊ မိမှ
တဲ့"

ဂျစ်ကန်ကန် လူတစ်ယောက်က ရဲအရာရှိတို့ကို မျက်စေ့
ချက် ဝေ့ကြည့်ရင်း မြောင်အတင်းပြောနေသည်။

"သနားစရာကွာ··· ခပ်ငယ်ငယ် ရှိဦးမယ်"

"သွေးတွေတောင် ခဲနေပြီ၊ အသတ်ခံထားရတာ အတော်
ပြီနဲ့တူတယ်"

ယင်းစကားများကို နားထောင်ရင်း··· ကျွန်မ လူအုပ်တွင်သို့
ဝင်သွားသည့်အခါ···မှောက်လျက်သား အနေအထားနှင့်



www.burmeseclassic.com

www.burmeseclassic.com



သွေးအိုင်တွင်း၌ လဲနေသော အမျိုးသမီးတစ်ဦး၏အလောင်းကို မြင်လိုက်ရသဖြင့်… ကျွန်မ ရဲဝံ့စွာပင် ရဲအရာရှိနားသွားကာ…

"ကျွန်မ… မြတ်မဟာပိုင်ရှင် ဒေါ်စိမ်းညို့ရဲ့တူမ ခင်ချစ်ခန့်ပါ။ ဘယ်လိုဖြစ်ရတယ် သေသူ ဘယ်သူဆိုတာရယ် ရဲအရာရှိတို့ကို ဘယ်သူက အကြောင်းကြားလိုက်လို့ ရောက်လာရပါသလဲဆိုတာ မသိရဘူးလားရှင်…"

"ဟုတ်ကဲ့…ဒေါ်ခင်ချစ်ခန့် ခင်ဗျာ၊ သိရပါစေ့မယ်… ဘယ်လိုဖြစ်ရတယ်ဆိုတာ ကျွန်တော်တို့ တွက်ချက်တိုင်းတာပြီး မှတ်တမ်းယူနေဆဲပါ၊ ဒီအလောင်းကို ဧည့်သည်တစ်ယောက်က လမ်းလျှောက်ရင်း စတွေ့ရလို့ သက်ဆိုင်သူကို ပြောတာနဲ့ မြတ်မဟာ မန်နေဂျာ ဦးလွှမ်းတင်က တယ်လီဖုန်းဆက်ပြီး အကြောင်းကြားလို့ ရောက်လာတာပါပဲ၊ သေသူဘယ်သူဘယ်ဝါဆိုတာတော့ ကျွန်တော်တို့ လည်း မသိသေးပါဘူး ခင်ဗျာ"

ရဲအရာရှိက… ကျွန်မကို မြတ်မဟာ၏ အရေးပါသူ တစ်ယောက်အမှတ်နှင့် ထင်၍ပေလားမပြောတတ်ပါ၊ ရေလည်စွာ ရှင်းပြရှာပါသည်။ သူတို့တာဝန်ပြီးဆုံး၍ပင် ထင်ပါသည်။ လူနာတင် ကားက အလောင်းနှင့် အနီးကပ်ဆုံးရပ်၍… နောက်ပေါက်တံခါးကို ဖွင့်လိုက်ပါသည်။ ရဲသားတစ်ယောက်နှင့် ကုလားနှစ်ယောက်က အလောင်းကို သယ်မလိုက်ကြသဖြင့် အမျိုးသမီး၏အလောင်း ခေါင်းက လန်ကျသွားတော့သည်။ ကျွန်မ ရှေ့နားမှ လန်ကျလာ သော အမျိုးသမီးကို မြင်လိုက်လျှင်ပင် ကျွန်မက အထိတ်တလန့် ဖြင့်…

"ဟင်…သူ…သူ…"

"ခင်ဗျား သူ့ကို သိလို့လား"

"မ…မသိပါဘူး ရှင်…သူ…သူဘယ်သူလဲလို့ မေးမလို့ပါ အားလိုက်တာရှင်…"

ရဲအရာရှိက ကျွန်မကို စူးစမ်းသလို မျက်စေ့စွေ၍ ကြည့် လိုက်ပြီး မေးရှာပါသဖြင့် ကျွန်မ အထစ်ထစ်အငေါ့ငေါ့နှင့် ဖြေလိုက် ပါသည်။ လူအုပ်တွင်းမှ ထွက်လာခဲ့ကာ ကျွန်မရင်ကို လက်နှင့်ဖိရင်း စိတ်တွင်းမှ

"ဘုရား…ဘုရား…ဒီအမျိုးသမီးဟာ…တစ်နေ့က… ဦးလွှမ်းတင်နဲ့ ခြံထောင့်မှာ ရပ်စကားပြောနေတဲ့ အမျိုးသမီး၊ တစ်ခါကလည်း စားတော်ဆက်ရှေ့မှာ… ကိုမြတ်နှောင်းနဲ့ ရပ်စကား ပြောနေဖူးတဲ့ မျက်ခုံးကောင်းကောင်းနဲ့ အမျိုးသမီးပါလား… အမျိုးသမီးသေရတာ မြတ်မဟာနဲ့ လုံးလုံးလျားလျား ပတ်သက်ရမယ်၊ သူတို့ထဲကပဲ သတ်ကာဖြစ်ရမယ်"

ကျွန်မ၏ သည်အတွေးကြောင့် ဟန်ပျက်လောက်အောင်ပင် ကျွန်မ ချောက်ချားသွားမိပါသည်။ ကျွန်မနားမှ လူအုပ်ကြီး ပြိုကွဲပြန့်ကျဲပြီး သက်ဆိုင်ရာခရီးသို့ ထွက်သွားကြလေပြီ၊ ရဲကား လူနာတင်ယာဉ်တို့ ထွက်ခွာသွားပြီးသည်အထိ ကျွန်မမှာ မှင်သက်

www.burmeseclassic.com

မိနေသလို…ငေးမောတွေဝေ၍ ကျန်ရစ်နေစဉ်…

"မြတ်"

"ရှုး အကျယ်ကြီးမခေါ်နဲ့လေ မောင်"

ကျွန်မနားသို့ မရောက်လာမီ အားပါးတရ လှမ်းခေါ်လိုက်သော မောင့်ကို လှည့်ကြည့်လိုက်မိပြီး နှုတ်ခမ်းတွင် ကန့်လန့်ဖြတ် လက်ညှိုး ကိုထောင်ကာ… တိုးတိုးတိတ်စေလိုသည့် အရိပ်နမိတ်ပြရင်း၊ မောင့်ကို ပြောလိုက်ရပါသည်။ မောင့်အမူအယာက ရေးကြီးသုတ်ပြာ နိုင်လှ သည်။ ယခုမှ သည်အကြောင်းအရာကို သိလာရသည့်ပမာပင်၊ ရုတ် တရက် ကျွန်မကို တွေ့လိုက်ရသဖြင့် အံ့အားသင့်ကာ ပြောလိုက်မိ ကြောင်းလည်း ကျွန်မနားလည်ပါသည်။ မောင်ကပင် ဆက်လက်၍…

"ဘယ်လိုဖြစ်တာလဲမြတ်… လူသတ်ထားတာဆို၊ မောင် လည်း မသိဘူး၊ မနက်က လမ်းလျှောက်ထွက်နေတာ… ခု ပြန်ရောက် ရောက်ချင်း သတင်းကြားရလို့ ထွက်လာတာ၊ ဟိုမှာလည်း သွေးကွက် ကြီးတွေပါလား၊ မြတ်ကဘာလို့ ဒီနေရာ လာကြည့်ရတာလဲ… အနိဋ္ဌာရုံတွေပဲ… မြတ်တို့လို မိန်းမသား မကြည့်သင့်ပါဘူးကွယ်"

မောင့်စကားကြောင့် ကျွန်မ ပြုံးလိုက်မိပါသည်။ မောင်သည် ကျွန်မကို သိမ်မွေ့နူးညံ့လွန်းသော မိန်းမပီသလွန်းသော မိန်းကလေး တစ်ယောက်အသွင် ထင်မြင်နေရှာပေသည်။ ယခု ကျွန်မကိုယ်နှင့် မကွာ လူသတ်လက်နက်တစ်ခု ရှိနေပါကြောင်း သူမသိရှာပါ၊ သူများ သတ်ထားသောအလောင်းကို ကြည့်ဝံ့ရဲမဆိုထားနှင့် ကိုယ်ကိုယ်တိုင်





င် လူတစ်ယောက်ကို သေနတ်နှင့်ပစ်သတ်ဝံ့သော သတ္တိမျိုး ကျွန်မ ၌င် ရှိနေကြောင်း မောင်မသိရှာပါ။

"လာမောင် ဒီနေရာမှာ… ရပ်စကားပြောလို့ မကောင်းပါဘူး၊ အောက်ထပ်အခန်းတွေက မြင်နိုင်ကြားနိုင်တယ်… မြတ်တို့ရဲ့ တန်းလျားလေးမှာသွားပြီး စကားပြောကြရအောင်ပါနော်…"

ကျွန်မတို့နှစ်ယောက် ယှဉ်တွဲလျှောက်လာကြပြီး ခုံတန်းလျား း‌ပေါ်တွင် ထိုင်မိသည်အထိ…ဘာစကားမျှ မပြောမိပါ၊ ကျွန်မ ၌ မထွေးနိုင်မအံ့နိုင်လောက်အောင်ပင် တွေးတောစရာများက အနန္တ ဖြစ်နေပါသည်။ မြတ်မဟာကို ဆက်သွယ်လိုဟန်ဖြင့် ကိုမြတ်နေဝင်း နှင့်လည်းကောင်း၊ ဦးလွန်းတင်နှင့်လည်းကောင်း၊ စကားရပ်၍ ပြောနေရှာသော အမျိုးသမီး၏ တည်ကြည်သော မျက်နှာကို ကျွန်မ မျက်စေ့ထဲတွင် ပြန်လည်မြင်ယောင်လာမိပါသည်။ ပထမ၊ သည် အမျိုးသမီး မည်သူမည်ဝါ ဖြစ်ကြောင်းကို အရင်စုံစမ်းပြီးခါမှ သူ ဆက်သွယ်ပတ်သက်လာသည့် အကြောင်းရင်းကို လိုက်ရပါမည်။

"မြတ် ဘာတွေ တွေးနေလဲဟင်… မြတ်မျက်နှာဟာ ခက်ခဲ တဲ့ ပုစ္ဆာတစ်ပုဒ်ကို အဖြေရှာဖို့ ကြိုးစားနေသလိုပဲ… မြတ် ဘာဖြစ်နေ တာလဲ…ဒီလူသတ်မှုကို မြတ်ဘာလို့ ဒီလောက်စိတ်ဝင်စားနေရတာ လဲ မြတ်ရယ်"

"အမျိုးသမီးတစ်ယောက် သေသွားတယ်ဆိုတော့ စိတ်ဝင်စား တာပေါ့မောင်ရယ်…သေတာကလည်း မြတ်မဟာထဲမှာ မှတ်သား

မြတ်ကလည်း မြတ်မဟာရဲ့ သွေးသားဆိုပေမယ့် အခုမှရောက်လာရသူ ဆိုတော့ ကြောက်ရတာပေါ့"

ကျွန်မက ဟန်လုပ်၍ မောင့်ကိုပြောမိသည်ကို မောင်က အဟုတ်ထင်မှတ်ကာ

"ဘာမှ ကြောက်စရာ မရှိပါဘူးမြတ်ရယ်… ဒီမှာ မောင် တစ်ယောက်လုံး ရှိနေသားပဲ… အရေးကြုံရင် မောင်ရှေ့က ရပ်မှာပေါ့"

"မြတ်ဟာမြတ် အပေါ်ထပ်မှာ အရေးကြုံနေတယ်ဆိုရင်ကော"

"အင်း…ဒါလည်း ဟုတ်တာပဲ… မြတ်ပြောခဲ့တဲ့ စကားတွေကို မောင်လည်း အထပ်အထပ်အခါခါ တွေးနေမိပါတယ်။ မြတ်ဟာ ဒီအိမ်နဲ့ မပတ်သက်သလိုပဲ… ဒီအိမ်ပေါ်မှာ နာကျည်းနေသလိုပဲ ဒေါ်စိမ်းညိုဘက်က ဘယ်လိုရှိမယ်ဆိုတာတော့ မောင်မခန့်မှန်းတတ်ဘူးပေါ့မြတ်၊ ဒါကြောင့် မောင်မြတ်ကို စိတ်မချနိုင်တော့ဘူး ခွဲမထားချင်တော့ဘူးမြတ်ရယ်… မောင်တို့ဟာ ဆယ်ကျော်သက်ရွယ်တွေမှ မဟုတ်ကြတော့ဘဲ… ကိုယ်ပိုင်ဆုံးဖြတ် နိုင်စွမ်းအားရှိရမှာပေါ့ ဒီတော့ မြတ်… မြတ်မဟာကို အပြီးစွန့်လွှတ်လိုက်ပါတော့လား ကွယ်… မောင်နဲ့မြတ် တစ်နေရာရာမှာ အခြေချပြီး ဘဝတစ်ခုကို ဖန်တည်း တည်ဆောက်ကြပါစို့နော်"

မောင့်စကားကို ကြားနာရအပြီး ကျွန်မသက်ပြင်းတစ်ချက် ချလိုက်မိပါသည်။ ကျွန်မ၏ရှေ့တွင် တံတိုင်းအသွင် ရန်ဟူသမျှကို





ဘာဆီးပေးမည်ဆိုပါသော ချစ်ရလွန်းသည့်မောင် ရှိနေပြီဟူသော အသိကြောင့် ရင်မှာ တအားရှိမိပါသော်လည်း ကျွန်မဘဝ ကျွန်မသို့ ကို ပြန်လည်တွေးမိသည့်အခါ ရင်မအေးနိုင်အောင် ရှိရပါပြီ။ မောင့်ပြော သလိုပင် ကိစ္စအားလုံးကို စွန့်လွှတ်ပြီး ဘဝသစ်တစ်ခုကို မောင်နှင့် အတူတွဲကာ ဖွဲ့စည်းတည်ဆောက်လိုလှပါသည်… မောင့်ကိုလည်း ကျွန်မရင်မှ ချစ်တတ်သမျှသော အသည်းနှလုံးတို့ဖြင့် ပုံ၍ ချစ်ခဲ့ ပါသည်။ မောင့်မေတ္တာကို လွယ်လင့်တကူ လက်ခံမိခဲ့သည် မှန်သော် လည်း ကျွန်မ၏မေတ္တာသည် တစ်သက်မှာ တစ်ခါသာ ပေါ်ပေါက်ခဲ့ဖူး သော မေတ္တာဦးဖြစ်ကြောင်း မှတ်ကျောက်တင်ခံဝံ့ပါသည်။

သည်ခံစားမှုမေတ္တာမျိုးကို နောင်တွင် ကျွန်မအသက်နှင့်ချီကာ ဘဝသစ်တစ်ဖန် ပြန်ဖြစ်မည်မဟုတ်ကြောင်းလည်း ဝန်ခံလိုပါသည်။ မေတ္တာနှင့်ယှဉ်သော အတွေးများဝင်လာသည့်အခါ ကျွန်မလာရင်း ကိစ္စနှင့် ရရှိမည့်အခွင့်အရေးများကို အပြီးတိုင်စွန့်လွှတ်၍ မြတ်မဟာကို ကျောခိုင်းသွားချင်သည်အထိ ဖြစ်မိပါသည်။ ကျွန်မ လက်မြှောက် အရှုံးပေးကာ အညံ့ခံလိုစိတ်ပင် ဖြစ်ပေါ်လာမိပါသော်လည်း ကြီးလေး သော တာဝန်ပိုင်းကို လက်ခံလာမိသော ကျွန်မမှာ သစ္စာဖောက်ရမှာ စိုးကာ ဆက်လုပ်ပါသည်။

"ဘယ့်နဲ့… ဘာတွေတွေးနေတာလဲ…ဟင်မြတ်… မောင် ပြောတာ မကောင်းဘူးလားကွယ်၊ အချစ်ဆိုတဲ့အရာမှာ ကြင်နာခြင်း ဖြတ်နိုးခြင်း၊ ခွင့်လွှတ်အနစ်နာခံခြင်းတွေနဲ့ ဖွဲ့စည်းထားတဲ့ အပြင်

www.burmeseclassic.com

သတ္တိလည်းရှိသင့်တယ်၊ ဆုံးဖြတ်ရဲရမယ်ဆိုတဲ့ အချက်အလက်တွေလည်း အကြိုးဝင်ပါတယ်မြတ်၊ မြတ်… မောင့်ကို ချစ်တယ်မှတ်လားဟင်…

"ချစ်ပါတယ်မောင်…မောင့်ရင်ထဲက မေတ္တာထက် မလျော့နည်းတဲ့မေတ္တာနဲ့ မောင့်ကို မြတ် ချစ်ပါတယ်။ ဒီအချစ်စိတ်ဟာလည်း မြတ်ရဲ့တစ်သက်မှာ တစ်ခါသာ ပေါ်ပေါက်မယ့် အချစ်မျိုးဆိုတာလည်း မောင်ယုံပါကွယ်…"

"ယုံပါတယ် အချစ်ရယ်…အချစ်ရဲ့ တည်ကြည်တဲ့ ဟောဒီမျက်လုံးလေးတွေက ဖော်ပြနေကြပါတယ်၊ ဒါကြောင့် မောင်ရေးနေတဲ့ ဝတ္ထုထဲက ဇာတ်လိုက်မင်းသမီးဟာ မြတ်ကို ရည်ရွယ်ပြီး မြတ်ရဲ့အလှတွေကို ဖွဲ့ကြူးထားပါတယ်၊ ဒါကြောင့်လည်း ဒီဝတ္ထုရဲ့ အမည်ကို မြတ်ရဲ့လှပတဲ့ မျက်ဝန်းလေးတွေကို ရည်ညွှန်းပြီး "မျက်ဝန်းမှသည်…နှလုံးသားဆီသို့"လို့ အမည်ပေးထားပါတယ်…"

မောင်က ကျွန်မလက်ကို ဆုပ်ကိုင်ရင်း နီးကပ်သော မျက်နှာအနေအထားချင်းဆုံပြီးမှ စကားကို တိုးတိတ်စွာ ပြောပါသည်။ မောင်အသက်ရှူသော လေပူငွေ့လေးကပင် ပါးပြင်တစ်ဝိုက် ငွေ့ဝဲထိတွေ့နေပါသည်။ မြတ်နိုးလွန်းစွာ ရွှန်းရွှန်းစားစား စိုက်ကြည့်နေပါသော မောင့်အကြည့်ဒဏ်ကြောင့် ရှက်ရွံ့စိတ်ဖြင့် ခေါင်းငုံ့၍ ဆုပ်ကိုင်ထားသော မောင့်လက်ကို ပြေလျော့စေခါ လူချင်းခပ်ခွာခွာ ထိုင်လိုက်





ပြီးမှ ကျွန်မက…

"မောင်…"

"ဟင်…ပြောပါ…မြတ်…"

မောင်က အားတက်သရော ထူးပါသော်လည်း ကျွန်မနှုတ်က ချက်ချင်း စကားကို မတုန့်ပြန်မိသေးပါဘဲ၊ ကျွန်မတို့ခြေချရာ မြက်ခင်းပြင်ကို ငေးမောစိုက်ကြည့်နေပြီးမှ ကျွန်မက စကားပြန်ဆက်လိုက်ရပါသည်။

"မောင်… မြတ်ကို တစ်ခု အကူအညီပေးပါလားဟင်"

"ဘာလဲလို့ မမေးဘူးမြတ်…ဘာပဲဖြစ်ဖြစ် မောင် ကူညီမယ် မောင်… ဘာလုပ်ပေးရမလဲသာပြောပါ"

မောင့်စကားက တအားတက်စရာ ဖြစ်ပါ၍…

"စောစောက အသတ်ခံရတဲ့ အမျိုးသမီးဟာ ဘယ်သူလဲဆိုတာ မြတ်သိချင်တယ်မောင်၊ သူဟာ ဒီအရပ်ကပဲလား၊ တခြားကလာတာလား၊ သူ့အမည်… သူ့အလုပ်အကိုင်ကအစ မြတ်သိချင်ပါတယ်"

"မြတ်နဲ့ ဘာပါတ်သက်တာမှတ်လို့ကွယ်… သိနေရင် မြတ်အဖို့ ဘာထူးမှာလဲ၊ အလကား မြတ်စိတ်မကောင်းဖြစ်နေမှာစိုးလို့သာပါ မောင်စုံစမ်းရတာ အပန်းမကြီးပါဘူး"

"အပန်းမကြီးရင် စုံစမ်းပေးပါမောင်… မြတ်ကို ချော့မြှူမနေပါနဲ့တော့နော်…"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီမြတ်...မောင်စုံစမ်းပါ့မယ်၊ သေပြီးသူကို တစ်ဆင့် စုံစမ်းရတာ လွယ်ပါတယ်၊ သူ့ဘာမှ ဟန်မဆောင်နိုင်တော့ဘူး မဖုံးကွယ်နိုင်တော့ဘူးလေ၊ လူတွေဟာ စကားပြောနိုင်လေ ပရိယာယ် ကြွယ်လေပဲ"

မောင့်ခံယူချက်ကို ကျွန်မ တစ်ချက်ပြုံးလိုက်မိရင်း... စဉ်းစား နေမိပါသည်၊ မောင်ကလည်း ဘာစကားမှ ဆက်မပြောနေတော့ပါဘဲ ဘေးတိုက်အနေအထားနှင့် ကျွန်မကို စိုက်ကြည့်နေကြောင်းသာ မြင်တွေ့ပါသည်၊ သည့်အချိန်တွင် ကျွန်မ၏ဘေးဘက်ဆီမှ လူရိပ်တစ်ခု လို မြင်လိုက်ရပါ၍ ကျွန်မလှည့်ကြည့်လိုက်မိရာ ထမိန်တိုတိုဝတ်ကာ ရေးကြီးသုတ်ပြာဖြင့် ဖိနပ်မပါဘဲ ပြေးလာပါသော... မအေးမိကို တွေ့လိုက်ရပါ၍...

"မအေးမိ...ဘာလဲ...ဟင်...ဘာလဲ..."

"မ...မမခန့်ကို...ခေါ်...ခေါ်ခိုင်းလိုက်လို့ပါ"

"ဘယ်သူကလဲ..."

"ကြီးကြီးစိမ်းရော...အစ်ကိုလေးကပါ..."

"အေးအေး...သွားသွား...လာခဲ့မယ်"

"ခုတစ်ခါတည်း လိုက်ခဲ့အောင် ခေါ်ခဲ့ရမယ်လို့ မှာလိုက်ပါ တယ်..."

"အေးပါ...ခုလိုက်မှာပါပဲ... ကဲ... ကိုမြင့်နွယ်... ကျွန်မ ပြန်ပါဦးမယ်၊ အချိန်ရတဲ့အခါ တွေ့ကြသေးတာပေါ့၊ ကျွန်မကိုတော့





တွေ့ဖို့ မကြိုးစားပါနဲ့လေ၊ မြတ်မှာတာလေးသာ ရအောင်ယူပြီး စိတ်ထဲမှာ သိမ်းထားပါ"

နောက်ဆုံးစကားပိုဒ်ကို မအေးမိ မကြားစေရန် တိုးတိတ်စွာ ပြောကြားခဲ့ရင်း ပြန်လှည့်သွားနေပြီဖြစ်သော မအေးမိနောက်မှ လိုက်ခဲ့ ရပါတော့သည်။

ကျွန်မရင်ထဲ၌ ပူလောင်လာမိပါသည်။ တစ်နေ့က မှန်ဘီလူး ပျောက်ပြီးမှ ကျွန်မ ချောက်ချားရွံ့ကြောက်နေပါ၏။ အပြစ်ကြီးတစ်ခုကို ကျူးလွန်ခဲ့ပြီးသူလိုပင် စိတ်၌ မတင်မကျနှင့် စိုးထင့်နေမိရပါသည်။

သည့်အထဲ ကိုမြင့်နွယ်နှင့် ယှဉ်တွဲထိုင်နေရာသို့တိုင် မအေးမိ လိုက်လာခေါ်ပါ၍ ကျွန်မနှင့်မောင် ချစ်ကြည်ရင်းနှီးစွာ ပူးတွဲ စကားပြောနေမိကြသည်ကို သူတို့မြင်တွေ့ကြပြီး ဖြစ်ရပါမည်။ သည့်အတွက်သာ မအေးမိက ကျွန်မရှိရာသို့ တန်းတန်းမတ်မတ် လာခေါ်နိုင်ခြင်းဖြစ်ပါသည်။ ကျွန်မသည် စိတ်၏ခံစားမှုကို မျက်နှာ တွင် ထင်ပေါ်စေလေ့မရှိပါ၊ သိုသိပ် ထိန်းသိမ်းနိုင်ခဲ့ပါသည်။ ယခုမူ ကျွန်မမျက်နှာ ပျက်လွန်းနေမည်ထင်ပါသည်။ ကျွန်မ မျက်နှာကို ကြည့်၍ မောင်ကပါ မျက်စေ့ပျက်မျက်နှာပျက် ဖြစ်နေပါသည်။ ကျွန်မကို စိုးရိမ်တကြီးဖြင့် မော့ကြည့်နေရှာသော မောင့်ကိုလည်း သနားမိလှပါသည်။

မအေးမိ အတော်ဝေးသွားပြီဖြစ်သော်လည်း လမ်းလျှောက် မြန်လွန်းသော ကျွန်မက အမီလိုက်နိုင်ခဲ့ပါသည်။ ကြောင်လိုက်လှေခါး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝက်တွင် ဆုံကြသဖြင့် ကျွန်မက…

"မအေးမိ…မမခန့်ခြံထဲမှာ ရှိတယ်ဆိုတာ ဘယ်သူ ညွှန်လိုက်တာလဲ ဟင်…"

"အစ်ကိုလေးက… ညွှန်လိုက်တာပါ"

ကျွန်မရင်တွင် ပို၍ ထိတ်သွားမိပါသည်။ မောင်နှင့် လက်ချင်း ယှဉ်တွဲ၍ ထိုင်နေမိသည့်အဖြစ်ကို ပြန်လည်သတိရလာပါသဖြင့် ရင်တွင် တုန်ခါသွားအောင် စိတ်ညစ်ညူးမိရပါပြီ၊ မောင်နှင့်တွဲသည်ထား ကျွန်မသည် ခင်ချစ်ခန့်မဟုတ်ကြောင်းကို သူတို့သိနှင့်သွားလေပြီလား ဟူသော သံသယစိတ် တထိတ်ထိတ်ဖြင့် လေးထပ်ပေါ်သို့ ရောက် ရပါပြီ…။

"ကြီးကြီးစိမ်းတို့ အခန်းထဲမှာ စောင့်နေတယ်…"

သည်စကားစုကိုပြောပြီး မအေးမိက ကျွန်မကိုဆက်၍ စကား မပြောချင်၍ပင် ထင်ပါသည်။ သူ့အခန်းတွင်းဝင်ကာ တံခါး ပိတ်လိုက်ပါတော့သည်။

အလျှင်အမြန် လျှောက်လှမ်းရသော အရှိန်ကြောင့် မော သည့်ဒဏ်နှင့် စိတ်လှုပ်ရှားမှုကြောင့် ဖြစ်ပေါ်လာရသောဒဏ်တို့ကြော ကျွန်မနှလုံးသားက ဖျတ်ဖျတ်ခါ လှုပ်ရှားနေသည်ကို အနည်းငယ် တည်ငြိမ်မှုရစေရန် ကျွန်မ ခဏရပ်ပြီးနားရင်း ရေတစ်ခွက် ခပ်သောက်လိုက်ရပါ၏။ ပြီးမှ ဒေါ်စိမ်းညိုတို့ရှိရာသို့ လာခဲ့ပါတော့ သည်။





ကျွန်မကို အလျှံဝင်းသော မျက်လုံးများဖြင့် သားအမိ နှစ်ယောက်လုံးက လှမ်းကြည့်နေကြကြောင်းကို ကျွန်မ ပထမဆုံး မြင်လိုက်ရသဖြင့် ကြောက်ရွံ့ဟန်ပြနေပေါ်လျှင် ပိုမိုခက်ထန်လာတတ်သော လူ့မနောကို စောကြောမိသော ကျွန်မက တည်ကြည်ရဲရင့်သော မျက်နှာထားမျိုးကို တမင်ဖန်တည်းပြီး သူတို့ရှေ့တူရူမှ ကုလားထိုင်တွင် ဝင်ထိုင်လိုက်မိလျှင်ပင်…

"ဘုရားရေ…ငွေမှန်ဘီလူး စားပွဲပေါ် ရောက်နေရောပါလား ဒုက္ခပါပဲ"

စားပွဲတင် ပန်းအိုးရှေ့တွင် ကျွန်မ မြင်သာစေရန် တင်ထားပါသော ကျွန်မ၏မှန်ဘီလူးကိုကြည့်ကာ ကျွန်မရင်မှာ တီးတိုးဆိုလိုက်မိပါသည်။ ဘယ်လိုပင် ထိန်းစေကာမူ ခံစားမှုက ကျွန်မ မျက်နှာတွင် ဟပ်ထင်နေမည်မှာ မလွဲပါပေ။ သူတို့နှစ်ယောက်လုံးက ကျွန်မကို ဘာစကားမှမစပါဘဲ စိမ်းစိမ်းကြီးသာ ကြည့်နေပါ၍ ကျွန်မမှာ အနေခက်ပါသဖြင့် ကျွန်မကပင် စတင်၍…

"ကြီးကြီးစိမ်း ကျွန်မကို ခေါ်ခိုင်းတယ်ဆို"

"အေး…ကိုယ့်အကြောင်း ကိုယ်သိတယ်မဟုတ်လား မခင်ချစ်ခန့်"

ဒေါ်စိမ်းညို စလာသော စကားကြောင့် ကျွန်မ၏ ပေါင်လည် အတွင်းဘက်နေရာသို့… လက်ရောက်သွားမိရပြန်ပါပြီ။ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း သူတို့သိနှင့်ပြီး၍ စတင်ပြောလာလျှင် လက်နက်နှင့်ပင် ယှဉ်ရပါတော့မည်···။

"ဘာကို···သိရမှာလဲ··· ကြီးကြီးစိမ်း···"

"ဒါဘယ်သူ့···မှန်ဘီလူးလဲ···"

"ကျွန်မ···မှန်ဘီလူးပါ···"

ဒေါ်စိမ်းညို စကားဆုံးလျှင်ပင် ကျွန်မက ခပ်ထန်ထန်လေသံနှ တဆက်တည်း ပြောလိုက်မိရာ ဒေါ်စိမ်းညိုက အံ့အားသင့်သ ကြည့်နေစဉ် ကိုမြတ်နှောင်းက ကြားဝင်ပါသည်···

"ဒါမင်းဟာဆိုရင် အပြင်မှာတွေ့လို့ ဒေါ်အိုဇာယူလာတာ မင်းဘယ်သူ့ကို ချောင်းနေတာလဲ မှန်မှန်ပြောစမ်း"

"ကျွန်မ မမှတ်မိနိုင်တော့တဲ့ မြို့လည်းဖြစ်တယ်၊ ပြီးတော့ ဒီမြတ်မဟာခြံဝန်းကြီးကိုက သိပ်ကျယ်နေတော့ ကျွန်မ မှန်ဘီလူး သုံးသင့်တယ်ထင်လို့ သုံးမိတာပါ"

"မင်းစကားကို ဆင်ချေအနေနဲ့ပဲ သဘောထားလို့ရမယ် ဟိုနေ့က မင်းဘာကိုကြည့်နေတယ်ဆိုတာ နောက်ကငါမြင်ပါတယ် ဒါကတော့ မင်းဟာ အခြေနေမဲ့ ကြီးပြင်းလာသလို ဖြစ်ရလို့ သိတ သည် မသိတန်သည် နားမလည်ဘဲ စပ်စုတာပါလို့ ငါတို့ ဖြေ ရသေးတယ်၊ ခု ဒီနေ့မနက် မင်းလုပ်ပုံဟာ မြတ်မဟာမိသားစု တစ်ယောက်အနေနဲ့ သိပ်ပြီး ရှက်ဖို့ကောင်းတယ်၊ လူစုစုမြင် ဝင်ကြည့်ချင်တာ လမ်းပေါ်က ကလေးကချေတွေရဲ့အကျင့်၊ ပြီးတော့





အိမ်ကထွက်ခွင့်ပြုထားတဲ့အချိန်လည်း မဟုတ်ဘဲနဲ့ ဦးလွန်းတင်က ရက်နဲ့ မင်းဘာလို့ ဆင်းသွားရတာလဲ၊ လူသတ်မှုလို ရာဇဝတ် ကြီးထဲမှာ မင်းဘာလို့ ပါဝင်ချင်ရတာလဲဟင်··· ဟိုတုန်းက နေခဲ့ ခဲ့သလို ပေါက်လွတ်ပဲစားနေလို့ မဖြစ်ဘူး ခင်ချစ်ခန့်၊ တို့အိမ်မှာ ရင် စည်းနဲ့ကမ်းနဲ့နေရမယ်··· စည်းမဲ့ကမ်းမဲ့ လုပ်လို့တော့ မရဘူး သည်လား"

ကျွန်မစိတ်မှ ကြိတ်၍ ပြုံးလိုက်မိပါသည်။ တင်းကြပ်နေသော မျက်ရင်မှာ အသက်ရှူသာပါပြီ၊ စိုးရိမ်စိတ်တို့လည်း ပြေလျော့ခဲ့ရ ကိုမြတ်နှောင်း၏စကားတွင် ကျွန်မပေါ်၌ သံသယဝင်နေကြောင်း ခွန်းတစ်ပါဒမှ ပါမလာခဲ့ပါချေ။

သူတို့အိမ်၏ စည်းကမ်းကို မလိုက်နာဘဲ ဖောက်ဖျက်သဖြင့် သသင့်သောစကား၊ ကြီးမြင့်သော မြတ်မဟာ၏ မာန်ဝင့်သော တို့ဖြင့်သာ ဆိုပါသည်။ သူတို့အနေနှင့် ကျွန်မပေါ်တွင် ခင်ချစ်ခန့် အဖြစ်နှင့်ပင် မြင်နေသေးပါကြောင်း သိလာရသည့်အခါ သည်အပြော လောက်ကို ကျွန်မ ဝမ်းမြောက်ဝမ်းသာ ခံယူရပါမည်။

စကားကို စကားချင်း လူကိုလူချင်း နောက်ဆုံးလက်နက်ချင်း ယှဉ်ပြိုင်ရန် အသင့်အနေအထားနှင့် ကုလားထိုင်စောင်းတွင် နေမိသော ကျွန်မမှာ ကုလားထိုင်နောက်သို့လျော၍ ကိုယ်ကို လိုက်ခါ မျက်လွှာချ၍ ခေါင်းကိုပါ ဖြည်းဖြည်းချင်း ငုံ့ချလိုက်ရ သည်။ အစ်ကိုကြီးတစ်ယောက်၏ ဆုံးမမှုဒဏ်ကို ကြောက်ရွံ့စွာ



www.burmeseclassic.com

www.burmeseclassic.com



ငို့ခံနေရပါသော ညီမငယ်၏အသွင်ကို ဆောင်ထားရပါသည်။ ဒေါ်
ညိုက ဆက်လက်ပြီး…

"ဒီမှာ ခင်ချစ်ခန့်…အနေအထိုင်က ပေါ့လွန်းလို့ ပြော
ချိန်နေတာကြာပြီ၊ ဒါပေမယ့် အရာရာပြောရင် ငါ့စကား ပေါ်သွား
စိုးလို့ မပြောသေးဘဲနေတာပါ၊ ဒီရိပ်သာက ညှော်သည်တစ်ယော
မင်း အပြင်ထွက်လည်တာတွေအထိ ငါသိတယ်… မင်းအ
ဒီအချိန်ဟာ တခြားယောက်ျားတစ်ယောက်နဲ့ တွဲဖို့ အချိန်မဟုတ်
ဘူးဆိုတာ မင်းသဘောပေါက်ဖို့ကောင်းပြီ… မင်းဘာဖြစ်ဖြစ်
သားတို့မြတ်နှောင်းနဲ့ လက်ထပ်ရတော့မယ်ဆိုတာများ…မသိလေ
သလား"

ဒေါ်စိမ်းညိုသည် ကျွန်မကို ဒေါသထန်လွန်းပါ၍ အသံမှာ
လှိုင်းထန်နေပါသည်။ သူတို့အမြင်တွင် ကျွန်မကို ရှုံ့မုန်းသွား
အတွက် ကျွန်မကိုယ်တိုင်လည်း စိတ်မကောင်းနိုင်အောင် ဖြစ်ရ
ကိုမြတ်နှောင်းကမူ ခက်ထန်သော အကြည့်ဖြင့်သာ ကြည့်နေပါ
လည်း ဒေါ်စိမ်းညိုလောက် စိတ်လှုပ်ရှားဟန် မပြပါ။ ယောကျ်ား
ထိန်းထားနိုင်စွမ်း ရှိတန်ရာပါသည်။ ကျွန်မနှင့်ပတ်သက်၍ပင်
မနက်က…လူသတ်မှုနှင့် စပ်လျဉ်း၍ပင်လား မခွဲခြားတတ်သော
သားအမိနှစ်ယောက်လုံး၏ မျက်နှာသည် ကြီးစွာသော စိတ်သော
ကြုံဆုံနေရပါကြောင်း ဖော်ပြနေပါ၏။ ကျွန်မကမူ သူတို့အမှ





ကို အကဲခတ်၍သာ နေရပါသည်။ စကားတစ်လုံးမှ ပြန်မပြော
…။

"ဒီမှာမေမေ…ဒီလိုလက်ထပ်ဖို့ စကားချည်း ပြောမနေစမ်း
ဦး သူ့ဆန္ဒကိုလည်း မေးဦးမှပေါ့၊ သူဒီလို တွဲချင်တဲ့လူနဲ့…"

"ဒီမှာသား…သားလည်းသိသားနဲ့…မင်းတို့အဘိုးရဲ့ ကျေးဇူး
ကြောင့် သားစဉ်မြေးဆက်ခုလို လူတစ်လုံးသူတစ်လုံးနဲ့ အချမ်းသာဆုံး
နေတာ… ဒီတော့ သူ့ဆန္ဒကို မငြင်းပါနဲ့၊ မင်းတို့ချင်း အမြန်ဆုံး
လက်ထပ်ကြဖို့ မေမေစီစဉ်ပေးမယ်…"

ကိုမြတ်နှောင်းစကားမဆုံးခင် ဒေါ်စိမ်းညိုက ကြားဝင်၍
လိုက်သည်ကို ကိုမြတ်နှောင်းက မကျေနပ်သည့်အသွင်ဖြင့်
ခင်ကို လှမ်းကြည့်နေသော်လည်း ဘာစကားမျှ မပြောကြားပါ
အနေဖြင့် ယောကျ်ားတကာနှင့် တွဲ၍ သွားနေလောက်အောင်
ပေါင်းဖော်ပြန်နေသော မိန်းကလေးတစ်ယောက်နှင့် လက်ထပ်
ည်ကို သူစိတ်ပျက်နေဟန်တူပါသည်။ မောင်နှမချင်းဆိုသည့်
စိတ်ကလည်း ဝင်နေ၍ ရှုံ့နေပုံလည်းရပါသည်။

"သူလည်း… သူ့အိမ်ထောင်ဘက်ကို ကိုယ်တိုင်ရွေးပါစေ
…"

"ကိုမြတ်နှောင်း… မင်းဆီက ဒီစကားကြားရတာ မေမေ
သကို မချုပ်နိုင်တော့ဘူး၊ သူ့ကို လက်မထပ်လို့ဖြစ်မလား…
…ခင်ချစ်ခန့်ကို ဒီအိမ်ကနေ ဘယ်မှထွက်ခွင့်မပြုနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိမ်းညို၏ စကားက ကျွန်မရင်ကို ချမ်းငြိမ်းသွားစေ ပါပြီ… သူတို့အနေနှင့်လည်း ကျွန်မကို သည်မြတ်မဟာမှ ထွက်မ စေလိုသော သဘောထားများ ရှိနေသေးကြောင်း ပေါ်လွင်လှပါသ ယခုအချိန်၌ သူတို့မျက်နှာများတွင် ကျွန်မကို လိုလားလက်ခံချင် အသွင်မျိုး မတွေ့ရပါဘဲနှင့် မြတ်မဟာမှ ထွက်မသွားစေချင်ကြခြင် သူတို့တွင် လုံလောက်သောအကြောင်းရှိရပါမည်။ ကျွန်မအနေ အကဲခတ်နိုင်စွမ်း မရှိသေးပါချေ။

"ကဲ မေမေ…ဒီလောက်အရေးကြီးနေတဲ့အချိန်မှာ…ဒီ ခဏထားစမ်းပါဦး"

ကိုမြတ်နှောင်းက မျက်မှောင်ကြုံ့ရင်း သူ့မိခင်ကို အပြစ် သလို ဆိုပါသည်။ ပြီးမှ ဆက်လက်၍ ကျွန်မဘက်ကိုလှည့်က

"ဒီမှာ ခင်ချစ်ခိုင်… မြတ်မဟာမှာလာပြီးဖြစ်ရတဲ့ လူသ ကိစ္စနဲ့ ပတ်သက်ပြီး မင်းဘာသိသလဲ"

"ဘာဆို… ဘာမှ မသိရဘူး…အစ်ကို"

"မညာနဲ့ ခင်ချစ်ခိုင်…အသတ်ခံရတဲ့ မိန်းကလေးကိုဖြစ် သတ်တဲ့သူကိုဖြစ်ဖြစ် မင်းစိတ်ထဲမှာ သိနေရမယ်လို့ ငါထင်တယ်…"

"ဒါတော့ အစ်ကိုကျွန်မကို… သက်သက်တလွဲထင်နေ ပါ၊ အသတ်ခံရတဲ့ အမျိုးသမီးကို တစ်ခါမှ မသိခဲ့ဖူးဘူး၊ ပြီး သတ်တဲ့လူဆိုတာကိုလည်း စိတ်ထဲမှာ တွေးတောင် မတွေးရဲဘူး ဒါကျွန်မရဲ့ သစ္စာစကားပါအစ်ကို၊ ကျွန်မမှာ စပ်စုချင်တဲ့ ဝါသ



ရှိလို့သာ မဆင်မခြင် သွားမိရက်သား ဖြစ်သွားရတဲ့ ကျွန်မရဲ့အမှား ပါ… ဒီအတွက် ကြီးကြီးစိမ်းနဲ့ အစ်ကိုကို ကျွန်မ အနူးအညွတ် တောင်းပန်ပါတယ်။ အစ်ကိုတို့မကြိုက်တဲ့ ကိစ္စမျိုးကို နောင်မလုပ် ဖြစ်အောင် ကြိုးစားပါ့မယ်လို့ ကတိပေးပါတယ်ရှင်"

"ကောင်းပြီ ခင်ချစ်ခိုင်…မင်းအနေနဲ့ မြတ်မဟာရဲ့ကိစ္စ၊ ပြဿနာပေါင်းစုံကို ဘာမှဝင်မပါပါနဲ့…ဘာကိုမှ နားလည်နိုင်အောင် မကြိုးစားပါနဲ့၊ အထူးသဖြင့်… အခု လူသတ်မှုကိစ္စကို ပါးစပ်ပိတ်ပြီး နေပါလို့ ငါလေးလေးနက်နက် ပြောလိုက်မယ်… ဒါပဲ မင်းအခန်း ခင်းပြန်နိုင်ပြီ"

ကိုမြတ်နှောင်း၏ စကားဆုံးလျှင်ပင် နှုတ်မှ မနှုတ်ဆက်တော့ပါဘဲ ဦးညွှတ်၍သာ… လေးစားနာခံပါမည့်အကြောင်း အမူအရာပြကာ ကျွန်မအခန်းသို့ ပြန်လာခဲ့ရပါတော့သည်။

အခန်းသို့ ပြန်ရောက်သည့်အခါ… ကုတင်ပေါ်တွင် ထိုင်ရင်း ကျွန်မ နက်နက်နဲနဲ တွေးတောရပြန်ပါပြီ… တိုက်လက်စ မီးပူကိုလည်း ပြန်မကိုင်တော့ပါဘဲနှင့် လူက ငြိမ်သက်နေပါသော်လည်း အတွေးတို့က ပြေးလွှားလျက်…

"ဒီအမျိုးသမီးဟာ…မသေခင်…သူ့ခမြာ ဖြေရှင်းစရာ ပြဿနာတစ်ခုခုရှိနေကြောင်း သိသာတယ်… ကိုမြတ်နှောင်းနဲ့ရော ဦးလွန်းတင်နဲ့ပါ စကားပြောဆိုနေကြတုန်းက သူ့အမူအယာက တစ်ခုခုကို တောင်းပန်ပြီး စေခိုင်းသလိုပဲ… သူ့ကိုသတ်တာ…

www.burmeseclassic.com

ကိုမြတ်နောင်းလား… ဦးလွန်းတင်လား”

ထိုနှစ်ယောက်ကို ကျွန်မစိတ်တွင် မသင်္ကာမိပါ၊ သူတို့ကိုယ်တိုင် လူသတ်မှုကို ကိုယ်ထိလက်ရောက် မကျူးလွန်ပါဟု ဆိုစေကာမူ… တစ်နည်းနည်းဖြင့် ပါတ်သက်ရပေမည်ဟု ကျွန်မတပ်အပ်တွေးမိပါသည်။ အသတ်ခံရသူ အမျိုးသမီးသည် ညကြီးမင်းကြီး မြတ်မဟာ၏ ခြံဝင်းတွင်းသို့ လာခဲ့ရခြင်းအကြောင်းအရင်းကိုလည်း ကျွန်မသိနိုင်အောင် ကြိုးစားချင်ပါသည်။

ယခုအခြေအနေအတိုင်းဆိုပါလျှင် ကျွန်မအနေနှင့် အပြင်သို့ ထွက်ချင်တိုင်း ထွက်နေ၍ မဖြစ်တော့ပေ၊ သေသေဝပ်ဝပ် နေပါမည်ဟု ကတိပြုခဲ့ပြီး စည်းဖောက်ပါလျှင် မြတ်မဟာနှင့် အိုးစားကွဲရပါတော့မည်။ မြတ်မဟာမှ မလွှင့်စင်လိုသေးပါ၍ သူတို့၏အကြိုက်လိုက်၍ နေပါဦးမည်ဟူသော စိတ်ကူးများဖြင့် ကျွန်မ ဘာကိုမှ အလုပ်မလုပ်နိုင်တော့ပါဘဲ အတွေးဝက်ပါတွင်းမှာသာ သံသရာလည်နေပါချေပြီ…

❖ ❖ ❖

## အခန်း ။ ၉ ။

မြတ်မဟာမြက်ခင်းပြင်တွင် ထိန်ထိန်လင်းနေပေသည်။ ပြင်ဖန်တည်းထားသော ပဒေသာပင်ပုံ ထင်းရှူးပင်များကို တစ်ပင်လုံး နှံ့ ရောင်စုံမီးသီးလေးများ ထွန်းညှိထား၍ ထိန်ထိန်ညီး တောက်ပ ငင်းလက်နေကြပါသည်။ မြင့်မားဖြောင့်မတ်သော သစ်မင်း ပင်ကြီး ပင်၏ ထိပ်ဖျားသို့တိုင် မာကျူရီမီးသီးပြာလေးများက ကြိုကြားမှ င်းနေသည်မှာ သောက်ရှူးကြယ်တို့ လူ့ကမ္ဘာသို့ လာရောက်ခိုနား နေသည့်ပမာ ထင်မြင်စရာပါ။

မြတ်မဟာ၏ မြက်ခင်းပြင် ညစာစားပွဲဆီမှ ဖွန်းသံ၊ ခရင်းသံ၊ ဓားကန့်သံ၊ ဖန်ခွက်ချင်း ထိတိုက်သံတို့က တစ်ယောက်ချင်း နည်းနည်းချင်း ဖြစ်ပေါ်လာသော်လည်း စုစည်းလိုက်သည့်အခါ မြတ်မဟာ၏ လှုပ်လှုပ်ရှားရှားဆီမှာပင် ကြားသာနိုင်ပါသည်။ တောင်ဘက်ဖောင့် ကြည့်စင်မှာလည်း ငြိမ့်ညောင်းသော ခေတ်ပေါ် စတီရီယိုအသံ


www.burmeseclassic.com

www.burmeseclassic.com



များက တခြံလုံးသို့ လွင့်ပျံ့နေပါသည်။ တိတ်ခွေမှ ကာလ
တေးများအဆုံးတွင်… စခမ်းကြီးမြို့၏ "တေးနုသံသာ" တူရိယာ
မှ အဆိုတော်များ၏ အလှည့်ကျ ဖျော်ဖြေမှုကလည်း ရှိပါသေးသည်
မြတ်မဟာသည် လူ့ရွာမှ အဆောက်အဦနှင့်မတူ လူကိုယ်တိုင်
မမြင်ဘူးပါသော်လည်း စာတွေ့အရ နတ်ပြည်ခြောက်ထပ်မှ တ
သော ဘုံဗိမာန်ကြီးပမာ ခန့်ငြားထည်ဝါလှပလွန်းလှပါသည်။

စားပွဲတန်းကြား… စင်္ကြံလမ်းများအတွင်း ဟိုမှသည်သို့
လျှောက်လှမ်းဧည့်ခံနေသော ဒေါ်စိမ်းညိုကို မြင်ရသည်မှာ မျက်
များပင် ကျိန်းစပ်လောက်အောင် စိန်ရောင်များ တဝင်းဝ
တောက်ပြောင်နေပါသည်။ ဒေါ်စိမ်းညိုသည် လုံချိုက ပါးလွှာသေ
ဖော့သားလို အနက်ရောင်တွင် အောက်ခံအနီရင့် ခံထားပါသေ
နှစ်ထပ်လုံချည်ဝတ်ထားပါ၏။ ပြောင်လက်သော ရွှေချည်ငွေချည်
ထိုးထားပြီး လုံချည်နှင့် တသားတည်း တဆင်တည်း အနက်ရေ
ပဝါကို စုံချထားပေသည်။ သူ့လုံချည်နှင့် ပဝါတို့က တဖျတ်ဖျ
တောက်ပနေကြပါသည်။ ဖြူဖွေးတ်သော အင်္ကျီနှင့်ဖြစ်၍ ပိုမိုပေါ်
နေပေသည်။ သူ့လုံချိုမှာ ရှေးခေတ်က ပိုးဆတ်တွန့် အကောင်း
ဖြစ်သော်လည်း သည်ခေတ်အမြင်နှင့် မရိုင်းသေးပါ။

စိန်လက်စွပ်ကို လက်ဝဲလက်ျာနှစ်ဖက် ဝတ်ထားပြီး
ပါတ်လည် လက်ကောက်ကလည်း အရှည်အသွေးကောင်းလွန်းသေ
စိန်လုံးကြီးများ စီချယ်ထားခြင်းကြောင့် သူ့လက်လှုပ်ရှားတိုင်





ဝင်းဝင်းလက်နေပါ၏။ ဆွဲကြိုး ဆွဲမထားတော့ပါ၊ ရင်ဖုံးအင်္ကျီ၏
ကျည်တံများတွင် စိန်လုံးကြီးတစ်လုံးအပေါ်မှ စိန်လုံးငယ်များ
စီချယ်ထားသည့် စိန်ကျည်သီး ငါးလုံးတပ်ထားပါ၏။ တဘက်
ငါးရတီထက် နည်းမည်မထင်သော စိန်နားကပ်ကြီးကလည်း ပါးလှပ
သော ဒေါ်စိန် ညို၏နား ပြတ်ကျတော့မတတ် အိတွဲကာ ရောင်စုံ
ဝင်းလက်နေပါသည်။

ကိုမြတ်နှောင်းကမူ အညိုရောင် အနောက်တိုင်းဝတ်စုံကို
သပ်ယပ်စွာ ဝတ်ဆင်ထားပြီး လည်စီးလည်း စည်းထားပေသည်။
ဖော်ရွေပြုံးရွှင်သော မျက်နှာထားများ မရှိပါဘဲနှင့် လာသမျှသော
မင်းပရိသတ်အပေါင်းအား လက်ဆွဲနှုတ်ဆက်သင့်သူ နှုတ်ဆက်
ခေါင်းငြိမ့်ပြသူပြဖြင့်သာ အေးတိအေးစက် အမူအယာဖြင့် ဧည့်ခံနေ
ပါသည်။ ကိုမြတ်နှောင်းအနေနှင့် သည်ပွဲကို စိတ်ပါလက်ပါ
ဆင်နွှဲနေခြင်း မဟုတ်ပါကြောင်း သိသာလှပါသည်။

ကျွန်မကို သည်နေ့မှာ မြတ်မဟာမိသားစုအဖြစ် ပွဲထုတ်သည့်
နေ့ဖြစ်ကြောင်းကို ဒေါ်စိမ်းညိုက ယမန်နေ့ညဦးက ကျွန်မကို
ခေါ်ပြီး…

"ခင်ချစ်ခန့် သိပြီးတဲ့အတိုင်း မြတ်မဟာရဲ့နှစ်လည်နေ့အဖြစ်
မြတ်မဟာမြက်ခင်းပြင်မှာပဲ ညစာစားပွဲ ဖျော်ဖြေပွဲတွေလုပ်ဖို့ အားလုံး
စီစဉ်ပြီးပြီ ဒီနေ့မှာ စခမ်းကြီး တစ်မြို့လုံးရဲ့ ဂုဏ်သရေရှိ လူကြီး
လူကောင်းတွေ လာကြလိမ့်မယ်၊ ကြီးကြီးစိမ်းတို့အနေနဲ့ ခင်ချစ်ခန့်ကို

www.burmeseclassic.com

www.burmeseclassic.com



မြတ်မဟာရဲ့ အနွယ်ဝင်တစ်ယောက်အဖြစ်နဲ့ ကြေညာရမယ့် နေ့ပဲ၊ မြတ်မဟာမှာ မိသားစုဝင်တစ်ယောက် တိုးလာပြီလို့လည်း အားလုံးက လက်ခံပြီး အသိအမှတ်ပြုကြပါလိမ့်မယ်…၊ ဒီတော့ ကြီးမြင့်တဲ့ အမျိုးအနွယ် ပီသပါစေ၊ အတတ်နိုင်ဆုံး ယဉ်ကျေးသိမ်မွေ့ပါစေ၊ ခင်ချစ်ခန့် ဟုတ်လား''

''ဟုတ်ကဲ့… စိတ်ချပါ…ကြီးကြီးစိမ်း''

''အေး… ကြီးကြီးစိမ်း ပြောချင်တာက ဘာမဆို မြတ်မဟာရဲ့ ဂုဏ်သိက္ခာ မညှိုးနွမ်းရအောင် ထိန်းသိမ်းပါလို့ပဲ''

ညေ့ခံပွဲအတွင်းမှ ဒေါ်စိမ်းညို၏ တင်းမာသော မျက်နှာထားကို ကြည့်ရင်း သူမှာကြားခဲ့သော စကားများကို ပြန်လည်ကြားယောင်နေမိပါသည်။ ညေ့ခံကျွေးမွေးနေသည် ဆိုသော်လည်း ဒေါ်စိမ်းညိုတို့က လှိုက်လှဲသော စေတနာပါကြောင်း မတွေ့ရပါ၊ မြတ်မဟာ၏ နှစ်လည်နေ့အဖြစ် ကြွားဝါဂုဏ်တင်လိုသော ပကာသနပွဲဖြစ်ကြောင်း ကြွလာကြသော ညေ့ပရိသတ်ကလည်း သိရှိကြပေမည်။ အထူးသဖြင့် အမျိုးသမီးကြီးဝိုင်းက ဒေါ်စိမ်းညို သူတို့နေရာမှ မဖြတ်သန်းမီ မျှော်ကြည့်ကြသည်။ အနီးရောက်သည့် အခါ လှမ်းပြုံးသူ စကားလှမ်းပြောသူတို့ကို တွေ့ရပြီး ဒေါ်စိမ်းညို လွန်သွားသည့်အခါ အချင်းချင်းကပ်၍ တီးတိုးပြောကြပြန်သည်။ ဒေါ်စိမ်းညို၏ အတင်းအဖျင်းပြောကြကြောင်း သိသာလွန်းလှပါသည်။

ဂုဏ်ရှိန်ကြီးမြင့်မှု၊ သိမ်ငယ်မှု ဟူ၍ ခွဲခြားလို့ရမည်မထင်၊



မိန်းမဆန်သောမိန်းမများက ဆင်ခြင်နိုင်စွမ်းမရှိကြပါ၊ တချို့ သိမ်ငယ်သော အတန်းအစားတွင်လည်း မြင့်မြတ်သောသဘောထားများလည်း ရှိကြမည်ဖြစ်သလို ဘယ်လိုပင် အထက်တန်းအရာရှိကြီး၏ဇနီး ဖြစ်စေကာမူ သေးသိမ်သောစိတ်ထားနှင့် အတင်းစကားပြောလေ့ရှိကြသူအများကို ကျွန်မကိုယ်တိုင် တွေ့ကြုံဖူးခဲ့ပါသည်။ ယနေ့ ဒေါ်စိမ်းညို၏ ညေ့ခံပွဲသည် အမျိုးသမီးတို့၏ ဓလေ့စရိုက်ကို ပီပြင်စွာ မြင်နိုင်သောပွဲဟု ကျွန်မမှတ်ယူလိုက်မိပါတော့သည်။

ထိပ်ဘက်အစွန်ရှိ စားပွဲတစ်လုံးတွင်ထိုင်ရင်း ကျွန်မအားလုံးကို လေ့လာနေမိပါသည်။ ဒေါ်စိမ်းညိုဆင်ထားသည့် ပတ္တမြားအစစ်ဆိုသော ရတနာတစ်ဆင်စာကြောင့်လည်း ကျွန်မနေရထိုင်ရခက်လှပါသည်။ လှုပ်ရှားလိုက်မိပါလျှင် ဆွဲကြိုးလို ကြယ်သီးလို လက်ကောက်လို နေရာမှ တစ်လုံးတလေ ပြုတ်ထွက်သွားမည်ကို စိုးရွံ့လှပါသည်။ သူ့ပတ္တမြားမှာ တွင်းထွက်အစစ်များဟု ဆိုသဖြင့် ကျွန်မပိုလန့်နေရပါသည်။ ကျွန်မဝတ်ထားသော ပတ္တမြား၏ တန်ဖိုးကို မမှန်းဆတတ်သော်လည်း ပတ္တမြားဆိုသည်မှာ တိုင်းပြည်တစ်ပြည်၏ တန်ဖိုးနှင့်ညီအောင် အဖိုးတန်လှပါကြောင်း ကြားဖူးနားဝ ရှိပါသဖြင့် ပျောက်ရှသွားမှာ စိုးကြောက်လှပါသည်။

ကျွန်မတွင် အဖိုးတန် အဝတ်အစားများ ပါမလာ… ဒေါ်စိမ်းညိုက အဝတ်အစားဝယ်ဝတ်ရန်ဟုဆိုကာ ကျွန်မကို…
ထပ်ပေးပါသည်။ ပန်းနုရောင် ဖော့ကရစ် ဆင်တူဝယ်…

www.burmeseclassic.com

ဒေါ်စိမ်းညို၏ ပတ္တမြားရောင်နှင့် ဟပ်နေပါသည်။ ဆံပင်ကိုလည်း ခေတ်မီစွာ ထုံးဖွဲ့ရန် ဆိုင်တွင် သွားပြင်ထားပါ၍ ကျွန်မလာခါစ ရုပ်နှင့်… ပြောင်းလွဲသွားလောက်အောင်ပင်…တစ်မျိုး လှပသွားပါကြောင်းလည်း ကိုယ့်ကိုယ်ကို သတိထားလိုက်မိပါသည်။

စားပွဲတွင်သော ခပ်ကုပ်ကုပ်ထိုင်ရင်း…လူအများ လှုပ်ရှားမှုကို လိုက်လံကြည့်ရှုကာ တစ်ယောက်တည်း ဝေဖန်နေမိပါသည်။ ကျွန်မလူ့တွင်ကျယ်လုပ်ကာ ဟိုဟိုသည်သည် လမ်းသလားနေ၍ မဖြစ်ပါ၊ ကြွရောက်လာသည့် ဧည့်ပရိသတ် သုံးရာကျော်လောက်တွင်း ကျွန်မအသိများ မပါပါဟု မဆိုသာပါ၊ ဧည့်သည်များအတွင်း၌… ကျွန်မတို့အဖွဲ့မှ ကိုညိုကြီးနှင့် ကိုထွန်းလွင်တို့လည်း ရောနှောထိုင်နေကြောင်း မြင်တွေ့လိုက်ရပါသည်။ သူတို့အနေနှင့် သည်လိုညတွင် အလုပ်စချင်ကြောင်း ဟိုယခင်ကပင် ပြောကြားခဲ့ဖူး ပါသော်လည်း ကျွန်မဘက်က ဘာမျှမစွမ်းဆောင်နိုင်သေးပါ၍ အလုပ်မဖြစ်သေးကြောင်းကို မသိမသာ ခေါင်းခါ၍ အချက်ပေးလိုက်ရပါသည်။

ကျွန်မကိုယ်မှ အရည်များ ယိုကျနေသော ပတ္တမြားတစ်ဆင်စာကို ကိုညိုကြီးက ငေးမောကြည့်ရင်း သံသယဝင်သောမျက်နှာနှင့် ကျွန်မကို တုန့်ပြန်ကြည့်လာပါကြောင်း သိပါသဖြင့် ကျွန်မတဘက်သို့ မသိဟန်ဆောင်ကာ လွှဲနေလိုက်ရပါသည်။ သူတို့အနေနှင့် ကျွန်မသည် သူတို့အဖွဲ့ကို သစ္စာများဖောက်သွားလေပြီလား ကြီးပွားနေ၍





ခြကန်လိုသောသဘော ဘဝမှန်ကို မပြန်လိုသည့်စိတ်များ ရှိနေပြီလားဟူသော အတွေးတို့လည်း ဝင်သွားဟန်ရှိပါသည်။

စားသောက်ပွဲများ ပြီးသူပြီးကြပြီဖြစ်ပါ၍ စားပွဲထိုးများက လိုက်လံသိမ်းဆည်းစ ပြုနေပါပြီ၊ ယင်းစားပွဲထိုးများမှာ မြတ်မဟာ၏ အလုပ်သမားများ ဖြစ်ပါသည်။ သည်နေ့ စားသောက်ခန်းနှင့် အရက်ဆိုင်မဖွင့်ပါ၍ ဟိုတယ်အလုပ်သမားများမှာ သည်ညစာ စားပွဲကို တာဝန်ယူ လုပ်ကိုင်ပေးရမည်ဖြစ်ကြောင်း ဒေါ်စိမ်းညို ပြောပြဖူးပါသည်။

မောင်နေသော ဒုတိယထပ်မှ စားပွဲထိုးလေးတစ်ယောက် ကျွန်မရှေ့မှ ပန်းကန်များကို လာ၍သိမ်းဆည်းရင်း ကျွန်မ၏ ပေါင်ပေါ်သို့ စာတစ်စောင်ကို ပစ်ချလိုက်ပြီး…

''အစ်ကိုမြင့်နွယ်က ပေးခိုင်းလိုက်ပါတယ်''

ဟူ၍… ပါးစပ်လှုပ်ရုံလေး ကျွန်မကြားသာအောင် ပြောလိုက်ပါသဖြင့် ကျွန်မပေါင်ပေါ်မှ စာရွက်ကို လက်နှင့်အုပ်၍ ပတ်ဝန်းကျင်ကို လှည့်လည်၍ တစ်ချက်ကြည့်လိုက်မိပါသည်။ မြတ်မဟာအလုပ်သမားတစ်ယောက်နှင့် မြတ်မဟာပိုင်ရှင်တို့မတို့ စကားပြောကြောင်း တွေ့သွားကြလျှင်လည်း အခန်းအပြောအနေနှင့် မသင်္ကာသောစိတ်ထားများဖြင့် စပ်စုနေကြမည် မဟုတ်ပါ၊ စားပွဲခင်းများကွယ်၍ ကျွန်မ… ခတ်ကြည့်လိုက်မိရာ။

www.burmeseclassic.com

www.burmeseclassic.com

မြတ်…

ချောင်တဲ့အချိန်မှာ… မြေအနောက်ဘက်က

ထင်းရှူးသုံးပင်ဆိုင် နေရာကို လာခဲ့ပါ၊ ပြောစရာရှိ၍

စောင့်နေပါသည်။

မောင်

စာမှာ စာတိုလေးဖြစ်သော်လည်း… တခြားလူမမြင်သင့်သော အကြောင်းအရာ ဖြစ်နေပါ၍ ကျွန်မ မယုံသလို စားပွဲထိုးလေး… လှမ်းကြည့်လိုက်ပါသည်။ သစ္စာရှိပုံ၊ ရိုးသားပုံတို့ဖြင့် ကြည်လင် ပြုံးရွှင်နေသော စားပွဲထိုးလေး၏မျက်နှာကြောင့် ကျွန်မစိတ်သက်သာ ရာ အနည်းငယ်ရသွားပါသည်။ စာမှာလည်း စာရေးစက္ကူတစ်ရွက်… ကို လေးခေါက်ခေါက်ပြီး ဘန်းပေါ်တွင် အရက်ဖန်ခွက်လေးနှင့် ဖိထားပြီး ပါလာပါသည်။ သည်ပွဲခင်းတွင်း၌ မောင်ပါရှိနေပါလိမ့် မည်… ပွဲခင်းအတွင်း၌ စာလာပေးသူ ကောင်လေးမှာ ဖတ်ချိန်ရမည် မထင်ပါ…

ကျွန်မ မောင့်ကို ရှာမိသော်လည်း များပြားသော ဧည့်သည် များအတွင်း ရောနှောနေမည်ထင်ပါသည်။ ကျွန်မ မမြင် တွေ့ရသော်လည်း မောင်ကမြင်၍သာ ကျွန်မရှိရာနေရာ နေရာညွှန်ပြနိုင်ပါသဖြင့် စားပွဲထိုးလေး ရောက်လာနိုင်ခြင်းဖြစ်ပါမည်။ မြတ်မဟာတွင် တည်းခိုနေသော ဧည့်သည်အားလုံးကိုလည်း တစ်ယောက်ချင်း





ဖိတ်ကြားထားသဖြင့် မောင်နှင့်သည်ပွဲတွင် ဆုံရမည်ဖြစ်ကြောင်း ကျွန်မ ကြိုတင်ဝမ်းသာနေပြီးဖြစ်ပါသည်။

“ကြွရောက်လာသော ဂုဏ်သရေရှိ မင်းပရိသတ် အပေါင်းတို့ ခင်ဗျား… မြတ်မဟာတည်းခိုရိပ်သာပိုင်ရှင် ဒေါ်စိမ်းညိုကနေပြီး ကျေးဇူးစကား ပြန်ကြားပါလိမ့်မည်ခင်ဗျား”

မောင့်အကြောင်း တွေးနေရင်း ကျယ်လောင်သောအသံ ထွက်ပေါ်လာမှ အသံလာရာဘက်သို့ ကျွန်မ အာရုံပြောင်းသွားပါ တော့သည်။ မြတ်မဟာဘက်ထိပ်တွင် စင်မြင့်လေးနှင့် စကားပြောခွက် နေရာမှ အခန်းနားမှူးသဖွယ် ဦးလွန်းတင်က ကြေညာလိုက်သည့်အခါ သက်ခုပ်သြဘာသံများ သောသောညံသွားပါတော့သည်။ ဒေါ်စိမ်းညို က စင်မြင့်ပေါ်သို့တက်ရင်း တည်ကြည်သော မျက်နှာထားနှင့်ပင်… စကားပြောခွက်တိုင်ကို တဘက်ကကိုင်ရင်း…

“ကျွန်မရဲ့ မြတ်မဟာ နှစ်ပါတ်လည်ပွဲကို ခုလို လာရောက် ချီးမြှင့်ကြတဲ့အတွက် အထူးပဲ ကျေးဇူးဥပကာယ တင်ရှိပါကြောင်း ကျွန်မ ပဏာမစကားပြောကြားပါရစေရှင်…”

အားလုံး ငြိမ်တိတ်သွားကြပြီး ပရိသတ်များ၏ အာရုံအားလုံးက ဒေါ်စိမ်းညိုသို့သာ ဦးတည်နေကြပါသည်။ ဒေါ်စိမ်းညို၏ လှုပ်ရှားဟန် ပြောဟန်ဆိုဟန်များသည် များစွာ ဖျတ်လတ်သွက်လက်သေးကြောင်း ကျွန်မ သည်နေ့မှ သတိထား၍ အကဲခတ်ကြည့်မိပါသည်။ ဒေါ်စိမ်းညို အသံက ဆက်လက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ဟာ မြတ်မဟာရဲ့ သုံးဆယ့်သုံးနှစ်မြောက် နှစ်လည်နေ့ဖြစ်ပါတယ်... မြတ်မဟာစံအိမ်ကြီးရဲ့ သုံးဆယ့်သုံးနှစ် သက်တမ်းပြည့်တဲ့နေ့ဖြစ်တဲ့အပြင် ဒီနေ့ဟာ ကျွန်မရဲ့ ကျေးဇူးရှင်ဖခင်ကြီးရဲ့ မွေးနေ့ဖြစ်လို့လည်း မြတ်မဟာမှာ ဧည့်ခံပွဲလုပ်လာခဲ့တာ သုံးဆယ့်သုံးကြိမ်တိုင်ခဲ့ပါပြီ၊ ဒီဧည့်ပရိသတ်များထဲမှာ ယခင်က ချီးမြှင့်ခဲ့ဖူးသူများလည်း အတော်များများ ပါကြပါတယ်၊ ဒီနှစ်မှ အသစ်ချီးမြှင့်တဲ့ လူကြီးမင်းများကို ရည်ရွယ်ပြီး သည်ညစာစားပွဲ တည်ခင်းရတဲ့ အကြောင်းရင်းလေးကို ပြောပြရတာပါ...

"ပြီးတော့ ဒီနေ့မှာ အထူးကြေညာလိုတာက..."

ဒေါ်စိမ်းညိုက စကားမဆက်သေးဘဲ ရှေ့ပိုင်းပရိသတ်များအတွင်း တစ်စုံတစ်ယောက်ကို ရှာဖွေသလို ဟိုဟိုသည်သည် ကြည့်နေရာက ကျွန်မနှင့် မျက်လုံးချင်း ဆုံလိုက်သဖြင့် ခေါင်းငုံ့ထားလိုက်ရပါသည်။ ဒေါ်စိမ်းညိုက ဆက်လက်ပြီး...

"ဒီနေ့မှာ... စခမ်းကြီးမြို့ရဲ့ ဂုဏ်သရေရှိ... လူကြီးမင်းများကို ကျွန်မတစ်ခု ကြေညာလိုပါတယ်၊ ကျွန်မတို့ မြတ်မဟာရဲ့ အဆွေတော်မှာ နှစ်ယောက်တည်းသာ ကျန်တဲ့ ကျွန်မရဲ့သား မောင်မြင့်နောင်နဲ့ ကျွန်မရဲ့တူမ ဟောဟိုစားပွဲထောင့်မှာ ထိုင်နေတဲ့ ခင်ချစ်နွယ်တို့ကို ရှေ့လာမယ့်လဆန်းမှာ မင်္ဂလာအခမ်းအနား ကျင်းပပေးတော့မယ်ဆိုတာကို ကျွန်မဒီနေရာကနေပြီး ပရိသတ်များကို အတိအလင်း ကြေညာလိုပါတယ်။





ဒီနေ့ဟာ ကျွန်မသားနဲ့ ကျွန်မတူမတို့ရဲ့ စေ့စပ်ပွဲလို့လည်း တစ်နည်းမှတ်ယူစေချင်ပါတယ်ရှင်... အဆိုတော်များ ဖျော်ဖြေမှုနဲ့ အငြိမ့်ပွဲကိုလည်း ဆက်လက်ရှုစားတော်မူကြပါဦးလို့လည်း ပြောကြားပါရစေ၊ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်..."

လက်ခုပ်သံများက မစဲနိုင်အောင် သောသောညံသွားပါတော့သည်။ ဒေါ်စိမ်းညို ပြောကြားသွားသော စကားများထဲတွင် လက်ခုပ်ဩဘာ အားပါးတရပေးရလောက်အောင် နှစ်လိုဖွယ်စကားများ မပါပါပေ၊ ပရိသတ်များအတွက် ဝမ်းသာနိုင်လောက်သော အခွင့်အရေး စကားတစ်ခွန်းတစ်ပါဒမှ မပါခဲ့ပါ။ သို့သော်လည်း လက်ငင်းစားသောက်နေရသော အရှိန်ကြောင့် လက်ခုပ်လေး ထတီးလိုက်ကြရကြောင်း သိလာရသော ကျွန်မမှာ သည်ဧည့်ပရိသတ်ကြီးကို ပျက်ရယ်ပြုလိုမိပါသည်။

ဒေါ်စိမ်းညို...စင်မြင့်ပေါ်မှ ဆင်းသွားသည်အထိ လက်ခုပ်သံများ မစဲဘဲနှင့် ပရိသတ်တို့၏ မျက်လုံးအစုံက ကျွန်မရှိရာသို့ ဝိုင်းအုံကြည့်လာကြလျှင်ပင် ကျွန်မက ဆယ်ကျော်သက်တို့၏ ရှက်စနိုးအမူအယာလေးမျိုးဖြင့် နုံ့သာယပ်တောင်လေးကို ဖြန့်ကာ လိုက်ခဲ့ပါသည်။ ကျွန်မစထိုင်စဉ်ကပင် မီးနှင့် နောက်ခိုင်းခဲ့ကို ရွေးချယ်ထိုင်ရပါသည်။ ဆံပင်နှင့် မျက်နှာအပြင်အဆင်ကိုပါ တစ်မျိုးကွဲပြားအောင် ခြယ်သထားသည့်ပြင် ယပ်တောင်လေးနှင့်လည်း ကွယ်ကာထားပါ၍ ကျွန်မကို အသေအချာ မမြင်သာနိုင်ပါ...။



www.burmeseclassic.com

www.burmeseclassic.com

ဧည့်သည်များ ထမင်းစားပွဲမှထကာ ပွဲကြည့်စင်နေရာသ သွားနေကြပြီဖြစ်ပါ၍ လူအုပ်ကို ရုတ်ရုတ်သဲသဲ ဖြစ်နေချိန်တွင် ကျွန် ကိုမြနှောင်းကို မျက်စေ့နှင့်ပင် ထိုင်ရင်းက ရှာကြည့်မိပါသည်။ သည်ပွဲခင်းတွင်း၌ ကိုမြတ်နှောင်းမရှိကြောင်း သေချာနေပါသည်။ ဒေါ်စိမ်းညိုအနေနှင့် ကျွန်မကို ဂရုထားကာ လိုက်ကြည့်နေနိုင်မည် မဟုတ်ပါ၊ သူ့ဧည့်သည်များနှင့် ဝိုင်းဝိုင်းလည်နေပါသည်။ ကိုမြ နှောင်းကလည်း ဒေါ်စိမ်းညို၏ ကြေညာချက်ကို ကြားလိုက်ရသည့် အခါ များစွာ အံ့အားသင့်သွားရပါပြီ၊ သည်ဆုံးဖြတ်ချက်ကို ဒ ကိုယ်တိုင်မှလွဲ၍ သားဖြစ်သူ ကိုမြတ်နှောင်းကိုပင် ဖွင့်ဟ တိုင်ပင်ခြ မရှိသေးကြောင်းလည်း ကျွန်မ မှန်းဆမိပါသည်…

ကျွန်မရှိရာ စားပွဲသို့ အဝါရောင် ဆင်တူဝတ်ထားသည် ရွှေမင်းသမီးလေးတမျှ လှပပါသော မိန်းကလေးတစ်ယောက် လျှော လာနေပါသည်။ လုံချည်အင်္ကျီဆင်နှင့် လိုက်ဖက်သော သစ်ခွပန်းဝါ တို့က တခေါင်းလုံးအနှံ့ သပ်ယပ်လှပစွာ ပန်ဆင်ထားပြီး လက်ကို အိတ် အဝါလေးကိုင်ရင်း လျှောက်လာနေသည်ကို ကျွန်မသတိထာ မိရာ မလှမ်းမကမ်းအရောက်တွင်မှ…

"မနုထွေးပါလား"

သည်မိန်းကလေးအကြောင်းကို ကျွန်မ လုံးလုံးလျားလျာ မေ့နေရာမှ သူ့ကိုမြင်သည့်အခါ ရင်မှာ များစွာလှုပ်ရှားသွားပါသည် ကျွန်မမျှော်လင့် တွေးထင်လိုက်မိသည်ထက်ပင်… ထွေး၏ အ



ရောက ပိုမို၍ ချို့ယွင်းနေပါသည်။ စိတ်၏ ဆင်ခြင်ဉာဏ်ကို ဖုံးဖိ င်စွမ်းအား မထားနိုင်ရှာတော့ပါ၊ သူ့မျက်နှာက သွေးမရှိတော့သလို ျလျော့နေပေသည်။ မနုထွေးကို ကျွန်မ မမြင်ရသည်မှာ ဆယ်ရက် လောက် ရှိမည်ထင်ပါသည်။ သည်ရက်ပိုင်းအတွင်း သူ့မျက်နှာ ားစွာကျကာ ကိုယ်ခန္ဓာပင် ညှိုးချုံးသွားကြောင်း မြင်တွေ့ရပါသည်။ တ်၏ဒဏ်ကြောင့်ပင် နုထွေး၏မျက်နှာလေးမှာ… ချက်ချင်းပင် ညှိုးလျော်ပိန်ကျသွားသလို ထင်ရပါသည်… သူ့မျက်ဝန်းမှာ မျက်ရည် ား လည်နေသော်လည်း မနုထွေးက နှုတ်ခမ်းကို တင်းတင်းစေ့ထား သည်။ ရင်မှ သွေးမြေခြင်း နာကျည်းခြင်းတို့ ရောထွေးနေကြောင်း င်နိုင်ပါသည်။ သူက အားယူလျှောက်ရသလို… ကျွန်မရှေ့သို့ပင် င်ပန်းစွာ ရောက်ရှိလာပါပြီ။

"တတ်လည်း တတ်နိုင်ကြပါရဲ့ရှင်… နုထွေးမှာလည်း အသည်းနှလုံးနဲ့ပါ မမခန့်ရယ်…"

"ထိုင်…ထိုင်ဦး ညီမလေး…ဖြည်းဖြည်းပြောပါကွယ်၊ နုထွေး စိတ်သိပ်လှုပ်ရှားနေတယ်…"

"ဒါနဲ့… မမခန့်ပြောတုန်းကတော့… ဒီကိစ္စမျိုးဆိုတာ ကိုယ်ပိုင်ဆုံးဖြတ်နိုင်ခွင့် ရှိကြရမှာပါဆို…မမခန့်နဲ့ ကိုမြတ်နှောင်းတို့ရဲ့ င်္ဂလာပွဲ ဘယ်တော့မှ မဖြစ်စေရပါဘူးဆို… ခုတော့ မမခန့်ဒ သဘောတူ စီစဉ်လိုက်ပြီးပြီပေါ့နော်… နုထွေး… နုထွေး ကော်-လို့ အမွေမက်လို့ မဟုတ်ပါဘူးမမရယ်… ကိုကိုနှောင်းကို



ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



နုတွေး… သိပ်…ချစ်…တယ်…”

“အို…ညီမလေးရယ်…”

ကျွန်မ စားပွဲရှေ့ရှိ ကုလားထိုင်တွင် ထိုင်ရင်း အားပါးတ[illegible] ငိုရှိုက်နေပါသော မနုတွေးကိုကြည့်ရင်း ကျွန်မမှာ ဘာပြောရမှန်း မသိတတ်နိုင်အောင် ဖြစ်ရပြီး ရင်မှာ လှိုက်လှဲနာကျင်လာမိပါသည်။ သူ့ကို ဘယ်လိုစကားမျိုးနှင့် နှစ်သိမ့်ရမှန်းမသိတော့ပါ[illegible] ကျွန်မအဖြစ်မှန်ကိုလည်း ဖွင့်ပြော၍ မဖြစ်ပါ။ ခက်လှပါချေသည်[illegible] မနုတွေး၏ မျက်ရည်ပူများသည် ကျွန်မကို ပက်ဖျန်းလိုက်သည်ပမာ[illegible] သူ့ရင်နာဝေဒနာမှာ ကျွန်မသို့ ကူးစက်ပါပြီ။ စားပွဲပေါ်တွင် တင်ထား[illegible] သော သူ့လက်လေးကို ကျွန်မ အုပ်၍ကိုင်လိုက်ရင်း နှုတ်နယ်ပေး[illegible] မိပါသည်။ လက်ဖျားလေးများမှာ အေးစက်နေသော်လည်း သူ့နဖူးပြင်တစ်ပိုက်တွင် ချွေးသီးလေးများ စို့နေကြောင်း မြင်ခြင်းဖြ[illegible] မနုတွေးတွင် ပြင်းပြသော ခံစားမှုများ ဖြစ်ပေါ်နေရပါကြောင်း ကျွန်မသိပါသည်။ သူငိုရှိုက်နေပုံလေးမှာ ဆန္ဒမပြည့်သော ကလေး[illegible] ငယ်တစ်ယောက် ဝမ်းပန်းတနည်းနှင့် ငိုနေပုံမျိုးဖြစ်ပါ၍ ကျွန်[illegible] သနားလွန်းရပါပြီ။

“ဒီမှာ…ညီမလေး…မမထားခဲ့တဲ့ကတိဟာ တည်မှာပါကွယ်[illegible] မမလေး ကိုမြတ်နှောင်းကို လက်မထပ်ပါဘူး”

“တော်ပါရှင်…နုတွေးကို ချွေးမသိပ်ပါနဲ့…ခုပဲ ကြီးကြီး[illegible] ကျေညာသွားပြီပဲ၊ ဒီထက်သေချာတာ ဘာရှိသေးလဲ၊ မမခန့်တို့[illegible]





သူ့ငွေးတွေကို မိနုတွေး ဖက်ပြိုင်ရန် မဖြစ်ဝံ့ပါဘူး။ မမခန့်ပြောခဲ့တဲ့ ကတိစကားမတည်တာကိုသာ နုတွေး လာချေတာပေါ့”

“ပြောပါ ညီမလေး…ညီမလေး ခံစားနေရတာတွေကို ဖွင့်အံ လိုက်ရရင် ရင်မှာပေါ့သွားမှာပါ၊ မမခန့် မနုတွေးကို ညီမလေးလို အမှန်ချစ်မိတယ်၊ သနားမိပါတယ်၊ မိန်းမသားချင်း ရင်တွင်းခံစားမှု ကို နားလည်ပါတယ်။ မမခန့်ရဲ့ စိတ်မှန်တဲ့ စေတနာပြခွင့် ကြုံဦးမှာ ပေါ့လေ”

“စားသွားပေါ့ ပျားရည်တင်ပြီး ရက်နိုင်းတဲ့ မက်လုံးမျိုး မသုံးပါနဲ့တော့လား မမခန့်ရယ်…နုတွေးဟာ ခံပွင့်ပါ၊ စံပယ်မပေါ် ခင် အသုံးတော်ခံခဲ့ရတာပါ၊ နန်းရင်ပြင်မှာ စံပယ်တွေ လှိုင်ရင် ခံပန်းနိုင်ဟာ ငုံ့လျှိုးထွက်ပြေးသွားရပါတယ်၊ သူနဲ့ထိုက်တန်တဲ့ တောအရပ်ကသာ သုံးပြီး နန်းသုံးစံပယ်ကသာ နန်းရင်ပြင်မှာ တင့်တယ်ရာစမြဲပါဆိုတဲ့ သီချင်းလေးလိုပေါ့ မမခန့်ရယ်၊ မမခန့်က စံပယ်ပွင့်၊ နုတွေးက ခံပွင့်ပါရှင်…”

သူ့စကားလုံးလေးများအတွင်း ငေးမောနေမိရင်း မနုတွေးက ကျွန်မရှေ့မှ ဖတ်ခနဲထ ခါ ခြံနောက်ဘက်သို့ ထွက်ပြေးသွားပါတော့သည်။ ပွဲခင်းတွင်း ကိုမြတ်နှောင်းကို မတွေ့ရခြင်းအားဖြင့် ကိုမြတ်နှောင်းမှာ အိမ်ပေါ်သို့ ပြန်တက်သွားလေပြီလားပင်။ ကိုမြတ် နှောင်းရှိရာသို့ မနုတွေး လိုက်သွားပြီဖြစ်ကြောင်း ယုံမှားစရာမရှိတော့ ပါပေ။



www.burmeseclassic.com

www.burmeseclassic.com

သူလည်း သူချစ်သူရှိရာသို့ အရောက်သွားသလို ကျွန်မလည်း ကျွန်မချစ်သူရှိရာသို့ အရောက်သွားလိုလှပါပြီ။ ကျွန်မ မတ်တပ်ရပ်ရင်း ဟိုဟိုသည်သည် အကဲခတ် ကြည့်မိပါသော်လည်း ကျွန်မကို စောင့်ကြည့်နေမည့် သူမမြင်ရမှ ကျွန်မလည်း ခြံ၏ အနောက်ဘက်ထောင့်သို့ ထွက်ပြေးခဲ့မိပါတော့သည်။ အလင်းမှလာသူက မှောင်ရိပ်တွင်းသို့ ချက်ချင်းမမြင်နိုင်ပါ။ မောင်ချိန်းဆိုထားရာ ထင်းရှူးသုံးပင်ဆိုင်နေရာသို့ အရောက်ပြေးလာမိစဉ် တစ်စုံတစ်ယောက်နှင့် တိုက်ခိုက်ထိတွေ့လိုက်မိ၍ ကျွန်မ လန့်ထိတ်လွန်းစွာဖြင့်…

"အင်း…အ…မ…လေး…"

"မြတ်…မြတ်…လန့်သွားသလား မောင်ပါကွယ်"

ညွတ်ခွေကျမသွားစေရန် မောင်ကဆီး၍ ဖက်ပွေ့ထားလိုက်ကြောင်း သိရမှ ရင်အေးကာ မောင့်ရင်ခွင်ကို ပါးနှင့်အပ်ရင်း မောင့်ခါးလည်တစ်ဝိုက် လက်ယှက်၍ ဖက်ထားလိုက်မိပါသည်။ မောင့်ကလည်း ကျွန်မကို အားပါးတရ တင်းကြပ်စွာ ပြန်လည်ဖက်တွယ်ထားရင်း ကျွန်မကျောပြင်တစ်ဝိုက် သူ့လက်များဖြင့် ပွတ်နေသလို ကျွန်မဆံပင်နွယ်များပေါ်သို့လည်း မောင့်ပါးအပ်ကာ ဖိကပ်ပွတ်သပ်နေရင်းက–

"မြတ်…မြတ်ရယ်၊ မောင်တော့ ရင်ကွဲရလိမ့်မယ်"

"ဘာကိုလဲ…မောင်"

"မေးရက်တယ် အချစ်ရယ်…၊ ရှေ့လဆန်းဖို့ ဆယ့်ခုနစ်ရက်ပဲ လိုတော့တယ်လေ…မြတ်…မြတ် လက်ထပ်ရတော့မယ် မှတ်လား မောင်…မခွဲနိုင်ဘူး မောင့်အချစ်မြတ်ရယ်"





မောင့်စကားကြောင့် မောင့်ရင်မှာ အပ်ထားသော မျက်နှာကို ခွာ၍ မောင့်ကို မော့ကြည့်လိုက်မိပါသည်။ ထင်းရှူးပင်ကြားမှ ဖြာကျလာသော လရောင်ကွက်များအတွင်း မောင့်မျက်နှာကို ဝိုးတဝါး မြင်နေရပါသည်။ မောင့်မျက်ဝန်းဝယ် မျက်ရည်ကြည်များ လဲ့နေကြောင်းကိုပါ မြင်ရသည့်အခါ ချစ်သူ့အတွက် ကြီးစွာသော ဂရုဏာဖြင့်…

"မောင်…သူတို့ ဘာပြောပြော မြတ် လက်မထပ်ပါဘူး မောင်ရယ်… စိတ်ချပါနော်… မြတ်လေး…မြတ်…မောင့်ကို သိပ်ချစ်တယ်"

"မောင်ကလည်း သိပ်ပြီးချစ်တာပါပဲ။ အသက်ရယ်… သိပ်ချစ်တယ်"

မောင်စကားက အသံဖြင့် ပေါ်မလာ၊ နှလုံးဖြင့်သာ ပါးချင်းအပ်ပြောရာက ကျွန်မပါးပြင်နုပေါ်တွင် မောင့်အနမ်းပန်းတွေ နေရာမလပ် ပန်ဆင်လိုက်ရပါပြီ။

"လွှတ်ပါဦး…မောင်ရယ်…မြတ်ကို…မောင်ဘာပြောမလို့ ခေါ်တာလဲ…ဟင်…"

"မြတ်နဲ့မတွေ့ရတော့ မောင်သိပ်လွမ်းတာပဲ၊ မြတ်ကို နေ့တိုင်း နေ့တိုင်း မျှော်နေမိပါတယ်၊ မြတ်မှာ ဘယ်လိုပြဿနာတွေ ရှိနေ

www.burmeseclassic.com



သလဲဆိုတာလည်း မောင်သိချင်ပါတယ်၊ ခုန ဒေါ်စိမ်းညို ပြောတဲ့ ကိစ္စကိုရော… မြတ်လိုက်နာတော့မှာလား…ဟင်''

''မြတ်ကို…တွေ့ချင်တာ မြတ်အကြောင်း မေးချင်လို့ပဲလား မောင်… မောင့်မှာ ဘာတခြားပြောစရာ ရှိနေသေးသလဲဟင်…ပြော မောင်၊ မြတ်စုံစမ်းခိုင်းတာရော စုံစမ်းပြီးပြီလား…

''အင်း… ဟုတ်ပါရဲ့… မြတ်ပြောမှ သတိရတယ်၊ အဲဒါ လည်း ပြောမလို့…ဟိုနေ့က အသတ်ခံရတဲ့ အမျိုးသမီးဟာ တောင် ရဲမဲမဟောင်းတဲ့၊ အလင်းဝင်ပြီး လက်နက်ချတာ တစ်လကျော်ပဲ ရှိသေးတယ်၊ ဒီမြို့ကို သူရောက်လာပြီး ငါးရက်မြောက်တဲ့နေ့မှာ အသတ်ခံရတာလို့ပြောတယ်၊ သူဟာ မြို့ထဲက ဈေးပေါ်တဲ့ ဘိုမှာ တည်းခိုခန်းမှာ တည်းခိုနေခဲ့သူ ဖြစ်တယ်တဲ့၊ သူဟာ ဒီမြို့မှာ အသိတစ်ယောက်မှမရှိဘူး၊ ဒီမြို့ကို ဘာရည်ရွယ်ချက်နဲ့ လာတယ် လို့လည်း ဘယ်သူ့ကိုမှ မပြောခဲ့ဘူးတဲ့၊ သူ့အသုဘကိုတော့ သူ့ဦးလေး တော်သူနှစ်ယောက်က လာပြီး ဖြစ်သလိုချသွားကြတယ်တဲ့ မြတ် သနားစရာပဲ၊ အသက်က… နှစ်ဆယ့်ကိုးနှစ် နာမည်က… မတင်အုံး တဲ့…''

''ဟင်…မတင်အုံး…ဟုတ်လား''

''ဟုတ်တယ်မြတ်…မြတ်သိလို့လား…''

''မသိပါဘူးမောင်… သူ့အကြောင်း ကြားဖူးလို့ပါ…''

မောင့်ကို အလိုက်အထိုက် ပြန်ပြောလိုက်ရပါသော်လည်း ကျွန်မ





ရင်တွင် မောင်နှင့်ယှဉ်တွဲနေထိုင်ရပါသော သာယာမှုများကို မေ့ပျောက် သွားလောက်အောင်ပင် စိတ်ချောက်ချားသွားခဲ့ရပါပြီ၊ တစ်ချိန်က မတင်အုံးသည် ကိုမြတ်ဦး၏ သစ္စာဖောက်မှုကို ဖြားယောင်း သွေးဆောင်ပြီး သူတို့စခန်းဗိုလ်ဆီသို့ ဖမ်းပေး၍ ကွပ်မျက်စေခဲ့ပါ သော အမျိုးသမီး၊ ယင်းအမျိုးသမီး၏ စနက်ဖြင့် ကိုမြတ်ဦး အသက်ခံ သေဆုံးပါကြောင်း ဒေါ်စိမ်းညိုပါးစပ်ကပင် ကျွန်မကို အတိအလင်း ပြောကြားခဲ့ပြီးပါပြီ…။

ထိုမတင်အုံးသည် အလင်းဝင်ပြီးကာမှ မြတ်မဟာသို့ လာရောက်ဆက်သွယ်သော အကြောင်းရင်းကို မှန်းဆမရပါ… ကြီးစွာသော နောင်တဖြင့် တောင်းပန်လိုသော ဆန္ဒနှင့်အတူ မြတ်မဟာ ကို ချဉ်းကပ်ဖို့များ ကြိုးစားလေသလား၊ သို့မဟုတ် မြတ်မဟာနှင့် ပူးပေါင်း၍ အကျိုးအမြတ်တစ်စုံတစ်ရာ ရစရာများ ရှိနေလေသလား၊ သူ… သည်မြို့သို့ လာရောက်တည်းခိုနေခြင်းမှာ မြတ်မဟာနှင့် ဆက်သွယ်ရန် သက်သက်သာဖြစ်ကြောင်း အထူးတွေးတောနေစရာ မလိုပါပေ…

မတင်အုံးအနေနှင့် မြတ်မဟာသို့ လွယ်လင့်တကူ ချဉ်းကပ် ဆက်သွယ်နိုင်ခြင်း ရှိဟန်မတူပါ၊ သို့ကြောင့်သာ ကိုမြတ်နောင်နှင့် လည်းကောင်း၊ ဦးလွန်းတင်နှင့်လည်းကောင်း၊ တိုးလျိုးတောင်းပန် သောအသွင်သဏ္ဌာန်များသည် မြတ်မဟာနှင့် ပတ်သက်ဆက်နွယ်သို့ သည့် တစ်နည်းနည်းသော ကိစ္စဖြစ်ရမည်မှာ မုချပါပေ…။



www.burmeseclassic.com

www.burmeseclassic.com



မြတ်မဟာသို့ လာရခြင်းအကြောင်းရင်းကို မတင်အုံး၏ အလောင်းကို တူးဖော်၍ပင် မေးလိုက်ချင်လှပါသည်။

သို့...ဆိုလျှင် မတင်အုံးကိုသတ်သော တရားခံကို စဉ်းစားရပါတော့မည်၊ ယင်းလူသတ်တရားခံသည် မြတ်မဟာမှ အရေးပါ အရာရောက်သူများမှတစ်ပါး တခြားဖြစ်နိုင်စရာ မရှိပါ။

ပထမဆုံးဖြစ်နိုင်သူမှာ ကိုမြတ်နှောင်းပါပင်၊ အစ်ကို့အတွက် နာကျည်းချက်ဖြင့် ဓားနှင့်ထိုးသတ်လိုက်ကြောင်း တွေးလျှင်လည်း ဖြစ်ပါသည်။ ဦးလွန်းတင်သည်လည်း မတင်အုံးနှင့် အပေးအယူ အပြောအဆို တည့်ဟန်မတူပါ၊ မတင်အုံး ဆက်သွယ်လာသော အကြောင်းရင်းကို နှုတ်ပိတ်လိုဟန်ဖြင့် ဦးလွန်းတင် သတ်လိုက်မည်ဟု တွေးယူလျှင်လည်း ရပါသည်...။

သည့်နောက် ဖြစ်နိုင်သူမှာ ဒေါ်စိမ်းညိုနှင့် ဒေါ်အိုဇာသာ ဖြစ်နိုင်ပါသည်။ နဂိုရ်က စိတ်ထက်သော ဒေါ်စိမ်းညိုမှာ သားကြီးဇောဖြင့် နာကျည်းလွန်း မခံရပ်နိုင်လွန်းသောစိတ်ဖြင့် သတ်လိုက်လျှင်လည်း ဖြစ်နိုင်ပါသည်။ အကယ်၍ ဒေါ်စိမ်းညို မသတ်ရဲဘူးထား၊ ဒေါ်အိုဇာကို ခိုင်းစေ၍များ ဒေါ်အိုဇာက သတ်ပေးလေသလား။ ထိုအဘွားကြီးနှစ်ယောက်မှာလည်း အသက်အရွယ် ကြီးပြီဆိုသော်လည်း တောင့်တင်းခိုင်မာသော ကိုယ်ခန္ဓာနှင့် ခက်ထန်သော စိတ်ဓာတ်များ ရှိကြကြောင်း ရှေးမဆွကပင် ကျွန်မ အကဲခတ်မိပါသည်။ သည်လေးယောက်တွင်းမှ တစ်ယောက် ယောက်သည်သာ





လူသတ်တရားခံဖြစ်ရမည်ဟု ကျွန်မတစ်ထစ်ချ မှတ်ယူမိပါပြီ...။

"မြတ်...ဘာတွေစဉ်းစားနေသလဲဟင်..."

"အသတ်ခံရတဲ့ မတင်အုံးရဲ့အကြောင်းကိုပါမောင်..."

"မြတ်က...ဘာလို့ ဒီလောက် စိတ်ဝင်စားနေရတာလဲ..."

"ကိုယ့်ခြံဝန်းထဲမှာ အသတ်ခံသွားရတဲ့အမှုဆိုတော့ မြတ် စိတ်မဝင်စားဘဲ မနေနိုင်တော့ဘူးပေါ့မောင်ရယ်၊ မတင်အုံးကို သတ်တဲ့လူဟာ ဘယ်သူများဖြစ်မလဲလို့လည်း စိတ်ထဲမှာ တွေးနေမိလို့ပါမောင်..."

"မြတ်က ဘယ်သူသတ်တယ်ထင်လို့လဲ..."

"မြတ်ဘယ်ထင်တတ်ပါ့မလဲ... ရဲရဲ့တာဝန်ပဲ"

"အင်းလေ မြတ်ရယ်... ခုသေဆုံးတာ မြတ်နဲ့လည်း ဘယ်လိုမှ မပတ်သက်ဘူး ကိုယ့်ဆွေမျိုးသားချင်းထဲကလည်းမှုတ်ဘူး... ဒါတွေ တွေးမနေစမ်းပါနဲ့တော့နော်... မြတ်အလကား စိတ်ပင်ပန်းနေပါမယ်... မြတ်ပြောသလို...ဒါ ရဲရဲ့တာဝန်ပိုင်းပဲ၊ သူတို့လိုက်ပါလိမ့်မယ်..."

"မောင်ပြောတာတော့ မှန်ပါတယ်လေ...ဒါပေမယ့် မြတ်က ဒီမြတ်မဟာမှာ လာနေရတဲ့သူ မဟုတ်လား၊ မြတ်အတွက် အန္တရာယ်ဟာ ကျရောက်မလာဘူးလို့ ပြောနိုင်ပါ့မလား..."

"ဒါတော့ မြတ်စိုးရိမ်လွန်းကဲတာပါလေ... မြတ်တို့မျိုး[illegible] သွေးသားရင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မမောင့်စကားကို ဘာမှ မချေပတော့ပါဘဲ မောင့်ကိုသာ ငေးမောကြည့်နေမိရပါသည်။ အောက်ချေရှင်းလင်းသော ထင်းရှူးပင် ခြေရင်းတွင် ကျနစွာထိုင်မိရင်းက ကျွန်မ မောင့်ပခုံးထက်တွင် ခေါင်းမှီထားမိပါသည်။ မောင့်ညာလက်က ကျွန်မကျောဘက်မှ သိမ်းဖက်ရင်း ပခုံးစွန်းကို ဖြစ်ညှစ်ဆုပ်ကိုင်ထားရာက…

"မြတ်ရယ်…ဒီအကြောင်းတွေ ခဏထားစမ်းပါဦး… မောင့်အဖို့မှာ မြတ်ထက်အရေးကြီးတာ ဘာမှမရှိပါဘူး…အချစ်ထက် ပိုပြီး မြတ်နိုးကိုးကွယ်စရာမထားနိုင်ဘူးမြတ်၊ ခုကိစ္စမှာ မြတ်ဘယ်လိုစိစဉ်မလဲ၊ မြတ်ဘယ်လို စိတ်ကူးထားလဲဟင်"

"မြတ်အနေနဲ့ ဘာမှကို မပြောတတ်နိုင်အောင်ပဲကွယ်"

မောင်က ကျွန်မနှင့် ပူးကပ်ထိုင်နေရာမှ ကိုယ်ကိုခွာလိုက်ပြီး ကျွန်မနှင့် မျက်နှာချင်းဆိုင် အနေအထားသို့ ပြောင်းထိုင်လိုက်ပြီး ကျွန်မပခုံးစွန်းနှစ်ဖက်ကို မောင်က… ဆုပ်ကိုင်၍ ကိုယ်ကို လှုပ်ခါရင်း…

"ဒီမှာ မြတ်… ဒါ မြတ်မပြတ်သားတာပဲ… မြတ် မောင့်ကို တကယ်မချစ်ပါဘူးလို့ မောင်ယူဆရမလို ဖြစ်နေပြီပေါ့မြတ်… အချစ် ဆိုတဲ့ အရာမှာ… စွန့်လွှတ်ရဲရမယ်… သတ္တိပြည့်ဝရမယ်ပေါ့၊ ခုတော့ မြတ်ကို မောင်အားမရဘူး၊ ရှင်းရှင်းပြောပါမြတ်… မောင်ဟာ မြတ်ရဲ့ လက်ထပ်ဖို့ အဆင့်မမီသေးဘူးလားဟင်…"





"ဒီလို မဟုတ်ရပါဘူးမောင်ရယ်၊ မြတ်ကို အထင်မလွဲလိုက်ပါနဲ့ မြတ်မောင့်ကို သိပ်ချစ်ပါတယ်"

"အထင်မလွဲရဘူးဘဲထားပါမြတ်၊ မြတ်လက်ထပ်ဖို့ ဆယ့်ခုနစ်ရက်ပဲ လိုတော့တယ်မှတ်လား၊ ဒီရက်ပိုင်းလေးအတွင်း တစ်ခုခု စီစဉ်ကြမှ ဖြစ်တော့မှာပေါ့မြတ်ရဲ့ မောင်တို့ ဘာလုပ်ကြမလဲ"

"ခက်တယ်မောင်ရယ်…ဒီအချိန်မှာ မြတ်ဘာကိုမှ မပြောနိုင်အောင် ဖြစ်နေရပါတယ်"

"မြတ်ရယ် မောင့်ရင်မှာ ခံရခက်လှတယ်ကွယ်… မြတ်က မောင့်ကို စွန့်လွှတ်လိုက်ပါပြီလို့ တိတိကျကျ သိရရင်လည်း… မောင် ရှောင်ဖယ်ပေးပါ့မယ်၊ မောင်ယောက်ျားပါမြတ်… မောင့်ရင်ကွဲအောင် ခံစားရမယ့်အဖြစ်ကို မောင့်တစ်ယောက်တည်း ကြိတ်မှိတ်ခံစားရဲပါတယ် မြတ်… ဒါမှမဟုတ်လို့ မြတ်ကမောင့်ကို တကယ်ချစ်မြတ်နိုးပြီး လက်တွဲလာပါမယ်ဆိုရင်လည်း… မောင်ဘာမဆို ရင်ဆိုင်ရဲပါတယ်၊ အခက်အခဲမှန်သမျှ ဖြိုခွင်းတိုက်ဖျက်ရဲပါတယ်… ခုတော့ မြတ်ကိုယ်တိုင်က မပြတ်သားတော့… မောင်ဘယ်လိုဆုံးဖြတ်ရတော့မလဲ မြတ်ရယ်၊ မောင် မြတ်ကို သိပ်ချစ်တယ်ကွယ်… မောင်ပြောရဲပါတယ်၊ မြတ်ဟာ မောင့်ကို မောင့်လို နှစ်နှစ်ကာကာ မချစ်ပါဘူးလို့ တကယ်ချစ်ရင် ဘာမဆို ပြတ်သားရဲရမယ် ဆုံးဖြတ်ရဲရမယ်ပေါ့မြတ်"

"ခုနေတော့ မြတ်ကို ထင်ချင်သလိုသာ ထင်ပါတော့ [illegible] မြတ်လည်း မောင့်လိုပါပဲ မောင့်ကို အသည်းနှလုံးထဲက မြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com



ကိုးကွယ်ပြီး ချစ်တာပါမောင်၊ ဒီလိုအချစ်မျိုးဟာ မြတ်တစ်သက်မှာ တစ်ကြိမ်သာပေါ်ပေါက်မှာပါဆိုတာလည်း ယုံပါမောင်ရယ်''

''ထားပါမြတ်... မြတ်မောင့်ကို ချစ်တယ်ပဲထား၊ မောင်ခုမေးနေတဲ့စကားက မြတ်လက်ထပ်ရတော့မယ်မှတ်လား၊ ဒါကို ဘယ်လိုစီစဉ်မလဲ မောင့်ကို ပြတ်ပြတ်သားသား ပြောစမ်းပါမြတ်''

''မြတ်ပြောနိုင်တာ တစ်ခုပဲရှိပါတယ်မောင်... မြတ်ကိုမြတ်နှောင်းနဲ့ လက်မထပ်ဘူးလို့၊ ဘယ်လိုနည်းနဲ့ ရှောင်ကွင်းမယ်ဆိုတာတော့ မြတ်မပြောနိုင်သေးဘူး... မြတ်ကိုယ်မြတ်လည်း မသိသေးဘူး၊ ဒီမြတ်မဟာရဲ့ကိစ္စပြီးရင် မြတ်ရဲ့ကိုယ်ပိုင်ကိစ္စတစ်ခုကို မြတ်ပြီးပြတ်အောင် ဆောင်ရွက်ရပါဦးမယ်... မောင်လက်ခံနိုင်မယ့် အချိန်မျိုးဖြစ်လာအောင် မြတ်ဖန်တီးယူရပါဦးမယ်... မြတ်ရဲ့ ကိုယ်ပိုင်ဘဝကို... မောင့်ကို မတင်ပြနိုင်တဲ့ အဖြစ်မို့ ခုလို မြတ် မပြတ်သားရတာပါမောင်... မြတ်လေ မောင့်ကို သိပ်ချစ်ပါတယ်လို့ပဲ ထပ်ပြောပါရစေ၊ ပြီးတော့ မြတ်တစ်သက်မှာ လက်ထပ်မယ့်ယောကျ်ားဟာ မောင်ပါပဲ... မောင်ကလွဲရင် မြတ်နဲ့ လက်ထပ်စရာ လူမရှိနိုင်တော့ဘူးလို့ မြတ်မှာ ခံယူချက်ထားပါတယ် မောင် မြတ်ရဲ့ချစ်သူ လက်ထပ်တဲ့သူဟာ တစ်ယောက်တည်း ဖြစ်ရမယ်ဆိုတဲ့ စွဲမြဲယုံကြည်ချက် မြတ်မှာထားရှိပါတယ်မောင်... ဒါကြောင့်... ဒီလက်ထပ်ပွဲ မြတ်ရှောင်ကွင်းပါမယ်... မောင်မြတ်ကို လက်ထပ်နိုင်မယ်ဆိုရင်





မြတ်ဘက်က အဆင်သင့်ရှိနေပါတယ်... အချိန်အခါကိုသာ စောင့်ပါဦးလို့ မြတ်တောင်းပန်ပါရစေလား... နော် မောင်ရယ်''

ကျွန်မ၏ နှစ်သိမ့်စကားကို မောင်နားဝင်ပြီး ထင်ပါသည်။ မောင့်ထံမှ စကားပြန်သံမကြားရပါ... သူ့စကားကြောင့် ကျွန်မ စိတ်ညစ် စိတ်ထင့်သွားရမည်ကို မောင်က စိုးရွံ့ဟန်ဖြင့် တိတ်တိတ်နေကြောင်းကိုလည်း ကျွန်မသိပါသည်။ နွေးထွေးသော မောင့်ရင်ခွင်အတွင်း... မောင်ဖူးစေ ပွင့်စေသော အနမ်းပန်းများကို နဖူးပြင်မှသည် ရင်ညွန့်ဆီသို့တိုင် မောင်က သီကုံး၍ ပန်ဆင်ပေးခဲ့ပါသည်။ လှိုက်မောဖွယ် ခံစားမှုကို အသက်ရှူမှားမတတ် ခံယူနေမိရာက သတိဝင်လာသဖြင့် ကျွန်မ လူးလွန့်ထရင်...'

''မောင်ကျေနပ်တော့ကွယ်... မြတ်ပြန်ချင်ပြီ''

''အချစ်ရယ် မောင်သိပ်ချစ်တယ်...မောင့်ရင်ထဲက မပြန်ပါနဲ့တော့လားဟင်...မောင်တို့ မြတ်မဟာက ထွက်သွားကြပါစို့လား နော်...မြတ်''

''မောင့်ကို မြတ်တောင်းပန်ပြီးပါပြီနော်... မြတ်သွားတော့မယ်မောင်၊ ခဏကြာမှ မောင်လိုက်လာခဲ့ပါ၊ သူတို့ သိသွားရင် မြတ်မကောင်းဖြစ်လိမ့်မယ်...ကဲ...သွားမယ်နော်...အချစ်...''

စကားဆုံးသည်နှင့် ကျွန်မ မောင့်ကို လှည့်မကြည့်တော့ပါဘဲ မင်္ဂလာဆောင်ရှိရာသို့ ပြန်ပြေးလာခဲ့မိပါသည်။ အဆိုတော်များ၏ ဖြေဖျော်မှုပြီးဆုံးပြီဖြစ်ပါ၍ အငြိမ့်ပွဲ စနေပါပြီ၊ ပရိသတ်များက ဟာသဆော



www.burmeseclassic.com

www.burmeseclassic.com

အခန်းဖြစ်ပါ၍ ငြိမ်သက်စွာ စိတ်ဝင်စားနေကြပါသည်။ ကျွန်မက ပရိသတ်များ၏ နောက်ဘက်မှ ဝင်ရမည်ဖြစ်ပါ၍ ကျွန်မကို မည်သူကမှ ဂရုတစိုက် ရှိနေကြလိမ့်မည် မဟုတ်ပါဟု ထင်မိရင်း ကျွန်မ ချွတ်နင်းသလို ဖြည်းညှင်းညင်သာစွာ ဝင်လာပြီး မျက်စေ့က လည်း ဝန်းကျင်တစ်ဝိုက် မြင်သာစေရန် လှည့်လည်ကြည့်ရှုနေရပါ သည်။ မသက်ာစရာ မမြင်သာသည့်အခါမှ နောက်ဆုံးလွတ်နေသော ခုံတစ်ခုကို ဝင်ထိုင်လိုက်ရင်း တဖြည်းဖြည်း ရှေ့သို့ တရွေ့ရွေ့ တိုးထိုင်ရပါသည်။

သည်စခန်းကြီးနယ်တစ်ဝိုက်တွင် အကျော်ကြားဆုံး အငြိမ့် အဖွဲ့ဖြစ်သော မြသင်္ဂီ အငြိမ့်အဖွဲ့ကို ငှားရမ်းထားကြောင်း ကျွန်မသိပြီး ဖြစ်ပါသည်။ မြတ်မဟာ နှစ်လည်နေ့တိုင်း ငှားရမ်းလေ့ရှိကြောင်းလည်း သိရပါသည်။ သည်မြတ်မဟာ၏ ပွဲညတွင် ကပြရန် ခေါင်းဆောင် မင်းသမီး၏ ဝတ်စုံတစ်စုံ ချုပ်ရန် ဒေါ်စိမ်းညိုက ပွဲငှားရမ်းခအပြင် သပ်သပ် ငွေပေးကြောင်းလည်း ကြားသိရပါသည်။

သည်မြတ်မဟာ၏ နှစ်လည်ပွဲကို အခြားသော ပွဲလမ်း ဝတ်ပြီးသား အဝတ်အစားများကို မဆင်မမြန်းစေလိုဟူသော ဒေါ်စိမ်းညို၏ ကြီးကျယ်လွန်းသည့်ဆန္ဒကို ကျွန်မ ရှုံမှန်းမိပါသော် လည်း အငြိမ့်မင်းသမီး မြသင်္ဂီအဖို့ တစ်နှစ်တစ်ခါ အဝတ်သစ်ရပါ၍ မြတ်မဟာ၏ နှစ်လည်ပွဲကို ဂရုတစိုက် ကပြလေ့ရှိကြောင်းလည်း ကြားသိရပါသည်။ ကြွရောက်လာသော အမျိုးသားဧည့်ပရိသတ်နှ





မြတ်မဟာတွင် တည်းခိုနေသော ဧည့်သည်အမျိုးသမီးများထံမှလည်း ဆုလာဒ်များစွာ ရရှိပါကြောင်း မအေးမိက ကျွန်မကို ပြောပြဖူးပါသည်။ ကျွန်မ ဇာတ်စင်ပေါ်သို့ အာရုံရောက်မိသည့်အချိန်တွင် လက်ထောက် မင်းသမီး မြကြည်သန်းက–

"နန်းအလယ်ပန်းစံပယ် မပေါ်ခိုက်တာမို့…၊ အလိုက်တော် သင့်ရုံပ… ခံပွင့်ကိုကုံး… ပန်းရဝေ… နန်းမြေမှာ စံပယ်လှိုင်တော့ ခံပန်းခိုင် ယာယီရွေ့ရတယ်ရှင်… တောလေ့ရှာသုံး…"

ဆိုသည့် သီချင်းလေးကို သီဆိုနေခြင်းဖြင့် ကျွန်မရင်မှာ လှိုက်လှဲတက်လာမိပါသည်။ ပြီးခဲ့သော နာရီပိုင်းအတွင်းကပင် မနုဝေးက သူနှင့် ကျွန်မကို နှိုင်းယှဉ် တင်စားပြသွားပါသော ခံပွင့်နှင့် စံပယ်ပွင့် အကြောင်းလေးကို ပြန်ကြားလာရပါသဖြင့် မနုဝေးအတွက် ကျွန်မရင်နင့်ရပါပြီ၊ သူ့ရင်မှ ဝေဒနာကို သက်သာနိုင်စွမ်းသော နှစ်သိမ့်မှုမျိုး၊ ကျွန်မသူ့ကို မပေးတတ်နိုင်ခဲ့ပါ။ ကျွန်မသည် ခင်ချစ်ခန့် မဟုတ်ရပါကြောင်း၊ ကိုမြတ်နောင်းကို ဘယ်နည်းနှင့်မှ လက်မထပ် နိုင်ပါကြောင်း၊ နှစ်ခွန်းတည်းသော စကားနှင့်ပင် မနုဝေး၏ ရင်ကို ကြည်လင်ချမ်းမြစေနိုင်ပါသည်။

ကျွန်မအနေနှင့် အမှန်ပင် သူ့ကို ဖြောင်းဖျနှစ်သိမ့်လိုလှပါ သော်လည်း ကျွန်မ၏ အဖြစ်မှန်ကို ပြောမိပါလျှင် ကျွန်မဘဝနှင့်တကွ ကျွန်မ၏ အဖွဲ့အစည်းပါ ကြီးစွာသော ဆုံးရှုံးမှုနှင့် ရင်ဆိုင်ရမည် ဖြစ်၍သာ မြိုသိပ်ထားရပါသည်။ ကျွန်မမှာ အငြိမ့်သာ ကြည့်



www.burmeseclassic.com

www.burmeseclassic.com

နေရပါသော်လည်း စိတ်က ပျံ့လွင့်လှပါချေသည်။ ကျွန်မ၏ အတွေးအာရုံတွင်ဝယ် မနုထွေး၏ စာနာထိုက်စရာ မျက်နှာလေးနှင့် ငိုရှိုက်နေပုံကို မြင်ရသည့်အခါ ရင်မှာ နာကျင်လာမိအောင်ပင် သနားရပြန်ပါသည်။ မနုထွေးအကြောင်းမှ သွေဖီ၍ မောင့်မျက်နှာတို့ ပြန်လည်မြင်ယောင်လာသည့်အခါ၊

ရင်ကိုဖွင့်ခွဲ၍ အသည်းနှလုံးအတွင်းသို့ နှင်းဆိုင်နှင်းခဲတို့ ပိတ်ဆို့ ဝန်းရံထားသည်သို့ပင် ရင်မှာ အေးစက်ကျင်ခဲလာမိပါသည်။ ရှည်ကြာသော အနှမ်း၏ ခံစားမှုက ညအချိန်ထိ လတ်ဆတ်နေဆဲပင်။ ချစ်လှစွာသော မောင့်မျက်နှာကို ပြန်လည်မြင်လာရင်း ရင်တွင်း၌ ရှက်ခြင်း ရွံ့ခြင်း၊ ကြင်နာမြတ်နိုးခြင်း ကြည်နူးလှခြင်း စသည့် ခံစားမှုပေါင်းစုံက မောင်နှင့်ဆုံခဲ့သည့် အချိန်ကအတိုင်းပင် ရင်မှာ တင်၍နေဆဲပါ…။

ညဉ့်နက်ပိုင်းရောက်လေ အအေးဒဏ်က ဖိစီးလေပင်၊ နှင်းမှုန်တို့က တစစထက် တစ်စ ပိုမိုသိပ်သည်းလာကြပေပြီ၊ ဓာတ်စင်ဆီမှ ဖြာကျလာသော အလင်းရောင်တန်း အတွင်းတွင် နှင်းပွင့်နှင်းမှုန်တို့က သွယ်တန်းဆင်းလာနေကြောင်း မြင်နေရပါသည်။ ပွဲကြည့်ပရိသတ်၏ ဘေးဘက်၊ အထက်ဘက်ဝန်းကျင်မှနေ၍ နှင်းတပ်ဖွဲ့က ဝန်းရံ အုပ်မိုးနေသလိုပါပင်။

နှအိသိပ်သည်းသော ကျွန်မ၏ အဝတ်အစားများက အသားနှင့်ကပ်ပြီး အင်္ကျီလက်တိုသာ ဝတ်ထားမိသော ကျွန်မမှာ စိမ့်လာအောင် ချမ်းနေမိပါပြီ။ မခက်ထန်သော်လည်း အဆက်မပြတ် တိုက်ခတ်





နေသော လေညီးသုန်သုန်ဒဏ်ကြောင့် နောက်ပိုင်း လူကြဲသောနေရာ၌ ရှိနေရသော ကျွန်မမှာ အအေးဒဏ်ကို ရာနှုန်းပြည့် ခံယူနေရသလို ရှိပါသည်။ သည်အငြိမ့်ပွဲကို စိတ်ဝင်စားခြင်း မရှိလှသည် မဟုတ်ပါသော်လည်း ကျွန်မအခန်းတွင်း၌ အောင်းမနေချင်ပါ။ မြတ်မဟာ၏ ဝန်းကျင်နှင့် ရောနှော၍နေလိုသဖြင့်သာ ကျွန်မအခန်းသို့ မပြန်ဖြစ်ခဲ့ပါ။

အအေးဒဏ်ကို မခံနိုင်သည့်အဆုံး မောင် မေတ္တာပါ၍ ပိုမိုနွေးထွေးစေနိုင်ပါသည် ဆိုသော မောင်ရဲ့ ချစ် လက်ဆောင် စွယ်တာဝါလေးကို ပြေး၍ သတိရမိလာပါသည်။ ကျွန်မ အိမ်ပေါ်သို့ ခဏ ဘက်ပြီး အင်္ကျီယူရန် ပွဲခင်းတွင်းမှ ထွက်ခဲ့ပါသည်။ မအေးမိသည် လည်း ပွဲခင်းတွင်း၌ပင် ရှိနေမည်ဖြစ်ပါ၍ ကျွန်မနောက်ဘက် ကြောင်လိန်လှေကားမှ တက်၍ မဖြစ်ပါ မြတ်မဟာ၏ ရှေ့လှေကား မှပင် တက်ရန် မြတ်မဟာအတွင်း ဝင်လာခဲ့ရပါသည်။ မြတ်မဟာ၏ ဘေးသောက် စားပွဲများတွင် လူသူများ ရှင်းလင်းနေပေသည်။ သည်နေ့ အပြင်ဆိုင် ပိတ်ထားပါ သော်လည်း မြတ်မဟာတွင် တည်းခိုနေကြ သူများအဖို့ အစားအစာ စီမံပေးသည်ဟု သိရပါသည်။

မြတ်မဟာ၏ ဒုတိယထပ် ရောက်လာသည့်အခါ အငြိမ့်ပွဲ ကြိုက်၍ အခန်းတွင်း၌သာ အိပ်နေမည်ဆိုသည့် ချစ်လှစွာသော မောင်ရှိရာ အခန်းသို့သာ ပြေးဝင်၍ ခိုက်ခိုက်တုန်မျှ ချမ်းလှပါသော ကျွန်မ၏ကိုယ်ခန္ဓာကို မောင့်ရင်တွင် ခိုနားရင်း မောင့်ရင်ခွင်ငွေးငြိမ် နွေးထွေးလိုစိတ်များပင် ပေါ်လာမိပါကြောင်း ရှက်ရှက်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဝန်ခံလိုပါသည်။ ဆန္ဒထက် သိက္ခာတရားကို ပိုမိုဦးစားပေးရမည် ဖြစ်ပါသော ကျွန်ုမတို့မိန်းမသားများ၏ ထိန်းသိမ်းမှုကြောင့် ကျွန်မ လှေကားမှ ဖြည်းဖြည်းချင်း ဆက်တက်လာမိပါသည်။

သုံးထပ်၏ နောက်ဘက် လှေကားကို ယေး(လ်)သော့ဖြင့် ဖွင့်၍ လှေကားထစ်များအတိုင်း အမှတ်မထင် တက်လာမိရာမှ ကျွန်မ သတိတစ်ခု ဝင်လာရပါသည်။ ပထမတွင် မောင်နှင့်တွေ့ဆုံရပုံများ အကြောင်းကိုလည်းကောင်း၊ ဒုတိယအနေနှင့် မနုတွေး၏… ငိုရှိုက် သံများ…ကြောင့်လည်းကောင်း၊ ကျွန်မစိတ်တွင် သည်အကြောင်း အရာနှစ်ခုသာ ဝင်နေမိပါသည်။ ယခုမှပင် အိပ်ယာမှ လန့်နိုးထလာ သူပမာ ကျွန်မ၏ ကိုယ်ရေးကိုယ်တာကို စိတ်ဝင်စားလာခဲ့ရပါပြီ တကယ်တန်း တွေးလိုက်ပါလျှင် ကျွန်မအနေနှင့် ဆရာခိုင်းသော တာဝန်နှင့် ဝတ္တရားများကို ဘာတစ်ခုမှ ကြေပြွန်အောင် မဆောင် ရွက်နိုင်ခဲ့သေးပါချေ။

မျှော်လင့်ခြင်းကြီးစွာဖြင့် စောင့်နေကြမည်ဖြစ်သော ကျွန်မ အဖွဲ့မှ လူများကိုလည်း အားနာစရာ ရှုံ့ကြောက်စရာ ကောင်း ပါသည်။ တခြားသောကိစ္စမှန်သမျှ ကျွန်မ ဆောင်ရွက်လေတိုင်း ပြီးမြောက်အောင်မြင်ခဲ့ပါသော်လည်း ယခုကိစ္စကျမှ ထစ်နေရခြင်း ဘဝင်မကျနိုင်စရာ ကောင်းလှပါသည်။ သည်မျှ အရေးကြီးသော ကိစ္စထဲတွင် ကျွန်မ၏ချစ်ကိစ္စလည်း ရောနှောနေပါ၍ နှောင့်နှေး နေရပါကြောင်း ကျွန်မဆရာများ သိမည်ဖြစ်သော်လည်း ကျွန်မ



ဘာတစ်ခွန်းမှ မပြောကြသေး၊ အပြစ်မတင်ကြသေးပါ။ သူတို့တက်က သည်သို့ လိုက်လျှောထားသည်ကို ကျွန်မအနေနှင့် သိတတ်ရပါမည်။ သဘောပေါက်ထိုက်ပါသည်…။

ကျွန်မဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပါပြီ၊ ကျွန်မ၏ ကိုယ်ရေး ကိုယ်တာကိစ္စကို ခဏတာရပ်နားပြီး ပေးအပ်သော တာဝန်ကို ကျေပြွန်စွာ ထမ်းဆောင်ပါတော့မည်။

"ငါ့ကို သူတို့ ယုံကြည်လက်ခံနေသေးတာပဲ၊ ဒါကို အကွက် ကောင်းယူရမယ်… မြတ်မဟာမှာ သွေးသားအရင်းအချာအဖြစ် အိမ်သားတစ်ယောက်ပမာ နေခွင့်ရရက်နဲ့မှ ငါ့ကိစ္စ မအောင်မြင်ဘူး ဆိုရင်…မိတင်တင်မြတ် နင်ညံ့လို့ပေါ့"

ကျွန်မကိုယ်ကျွန်မ ဆုံးမရင်း လှေကားမှ ငြင်သာစွာ တက်လာ မိပါသည်။ ဒေါ်စိမ်းညို၏အခန်း ကိုမြတ်နှောင်း၏ အခန်းနှင့် ဒေါ်အိုဇာ မအေးမိတို့ အခန်းများပါ မကျန် ကျွန်မ အခွင့်သင့်၊ သင့်သလို အခွင့်အရေးရတုန်း အသုံးချပါတော့မည် ဟူသော စိတ်က များသဖြင့် ခြေသံမကြားအောင် အပေါ်ထပ်သို့ တက်လာခဲ့မိပါသည်။

မအေးမိအခန်းနှင့် ဒေါ်စိမ်းညိုအခန်းသာ မီးများ ပိတ်ထားပြီး ဒေါ်အိုဇာအခန်းက မီးများ လင်းလက်နေပါသည်။ ကျွန်မအခန်း ဘက်သို့ မသွားသေးဘဲ အိမ်ရှေ့ဘက်သို့ ထွက်လာ၍ ကိုမြတ်နှောင်း အခန်းကို လှမ်းကြည့်လိုက်မိ‌ရာ ငါးတိုင်အား မီးလေးသာ လင်းလက် နေပါသည်။ သူရှိလေသလား သူ့ပွဲခင်းတွင်းရှိလျှက်နှင့် မီးလုံးလေး

www.burmeseclassic.com

www.burmeseclassic.com

ထွန်းထားခဲ့လေသလား မပြောတတ်ပါ။ အခန်းနားကပ်လာသည့်အခါ စကားသံ သဲ့သဲ့များကို ကြားလာရပါသည်။ ကျွန်မ အထူးစိတ်ဝင်စား သွားမိပါ၍ အခန်း တံခါးရွက်နားကို နားဖြင့်ကပ်၍ နားထောင် လိုက်မိရာ စကားလုံးများကို သဲကွဲစွာ ကြားလာရပါပြီ။

ကျွန်မ လျှင်မြန်သော လှုပ်ရှားမှုမျိုး ပြုရပါသည်။ အခန်း၏ အရှေ့ဘက် ညှော်ခန်းမရှိရာသို့ ကွေ့လာခဲ့ပြီးမှ အခန်းနံရံကို ကပ်၍ နားထောင်ရပါသည်။ ကိုမြတ်နှောင်း အခန်းက ညှော်ခန်းနှင့် ကပ်လျက် အခန်းဖြစ်ပါ၍ ညှော်ခန်းဘက်မှလည်း ကြားသာပါသည်။ သည်နေရာကို လာ၍ ခိုကပ်ခြင်းမှာ အကာယ်၍ သူတို့အပြင်ထွက်လာပါလျှင် ကျွန်မနှင့် ပက်ပင်းမတိုးနိုင်အောင် ဖြစ်ပါသည်။ ကုလားတိုင် စားပွဲ ဘီရိုများ ရှိနေပါသဖြင့် ပုန်းသာကွယ်သာပါသည်။ အခန်းတွင်းသို့ အာရုံစူးစိုက်လျက် နားစွင့်လိုက်သည့်အခါ ငိုရှိုက်သံနှင့် စကားတီးတိုး သံတို့က ရောထွေးကြားလာရပါသည်။

ငိုရှိုက်သူက မနုထွေး၊ တီးတိုးစကားဆိုနေသူက ကိုမြတ် နှောင်း…။

ကြားသာအောင် ကျွန်မ အသေအချာ နားစွင့်လိုက်မိသည့် အခါ…

"နုထွေးက ပြောမရပါလား…၊ ဒီလောက်ငိုနေတော့ နေထိုင် မကောင်း ဖြစ်နေတော့မှာပဲ…၊ ကိုကိုကြည့်စီစဉ်ပါမယ်… ဟိုကလည်း သဘောတူသေးတာ မဟုတ်ပါဘူး…"





"နုထွေးသေချင်တယ် ကိုကိုရယ်…နုထွေးကိုသာ သတ်လိုက် ပါတော့…"

"ခက်တယ် နုထွေး…ဒီအိမ်မှာ ဦးလွန်းတင်နဲ့ ဆက်မနေပါနဲ့ တော့လို့ ပြောလို့လည်း မရဘူး၊ နုထွေးဘက်ကရော၊ ကိုကို့ကို ဘာလိုက်ရောတာရှိသလဲ ပြောစမ်း…"

"ကိုကို့ကို ဘာလိုက်ရောတာရှိသလဲ…ဟုတ်လား…နုထွေး ကို ကိုကို အသုံးတော်ခံခဲ့တာတွေ မေ့သွားပြီပေါ့နော်…"

"တော်စမ်း နုထွေးရာ၊ နင်-အခု… ဦးလွန်းတင်နဲ့ ဘာဖြစ် နေသလဲဆိုတာ ငါမသိဘူးမှတ်လို့လား…"

စကားသံများ ထပ်မကြားရတော့ပါ…အားလုံး ပြန်လည် တိတ်ဆိတ်သွားပြန်သည်။ ကျွန်မပင် ရင်ကို ဖိလိုက်မိပါသည်။ မနုထွေး၏အဖြစ်ကို ကျွန်မဆက်၍ မတွေးရဲတော့ပါပေ။ မနုထွေး ထံမှ ဘာစကားသံမှ ထွက်မလာပါ၍ ကိုမြတ်နှောင်း ရွပ်စွဲချက်မှာ ယုတ္တိတန်ရာသည်၊ အစဉ်းစားအဆင်ခြင် နည်းလွန်းသော ရှုမှက် ကျုးလွန်မိရသော မနုထွေး၏ ရှေ့ရေးကား ရင်လေးစရာ ကောင်းလှ ပါဘိ။

"ကိုကို ့ယ် နုထွေးကို မသနားတော့ဘူးလား… မချစ်တော့ ဘူးလားဟင်… ကိုကိုတို့ရဲ့ ချမ်းသာတဲ့ စည်းစိမ်တွေကို နုထွေး မက်တာ မဟုတ်ရပါဘူး…နုထွေး… ကိုကို့ကို ချစ်လို့… ချစ်လွန်းလို့ပါရှင်…"

www.burmeseclassic.com



"ကိုကို စိတ်မကောင်းဘူး နုထွေး…၊ နုထွေးကိုလည်း ချစ်ခဲ့မိတာ အမှန်ပါပဲ။ နုထွေးလိုက်ရောမှုကြောင့်လည်း ကိုကို တစ်ကြိမ်သာ မိုက်မှားခဲ့မိတာ ဝန်ခံတယ်၊ ဒါပေမယ့် ကိုကိုအမှန်အတိုင်းပြောမယ် နုထွေး၊ ဦးလွန်းတင်နဲ့ ဒီလောက်သတင်းကြီးနေတဲ့ နုထွေးကို ကိုကိုလက်မထပ်ရဲဘူး…၊ ဒါပေမယ့် ခင်ချစ်ခန့်နဲ့ လက်ထပ်မယ့်ကိစ္စကို နုထွေးဒီလောက် စိတ်ဆင်းရဲနေမယ်ဆိုရင် ကိုကို ဆိုင်းငံ့ထားပါမယ်။ ကိုကို လိုက်လျောနိုင်တာ ဒါပဲ နုထွေး၊ ကိုကို… သိပ်စိတ်ညစ်နေတယ်။ ကိုကို့မှာ ပြဿနာပေါင်းစုံတွေ ရှိနေတယ်။ ဒါကြောင့် ကိုကို့ကို နုထွေး အနှောင့်အယှက်မပေးပါနဲ့လို့ ကိုကို ပြောချင်တယ်၊ ခုနေ မေမေ တက်လာရင် ခက်နေမယ်… နုထွေးပြန်တော့…"

"မနှင်ပါနဲ့ ကိုကိုနှောင်းရယ်… ပြန်ပါ့မယ်ရှင်…၊ အို… နုထွေး ရင်ထဲမှာ သိပ်ရှုပ်တာပဲ၊ သိပ်ပြီး စိတ်ညစ်တာပဲ၊ နုထွေးတော့ သတ်သာသေချင်တာပဲ…ဟင်း…"

"ခက်ပါတယ် နုထွေး… နင်ဟာ ငယ်ငယ်လေးတည်းက မိုက်ရူးရဲလေး၊ ခုထိလည်း မပြင်သေးဘူး… ကိုယ့်ဘဝကိုယ်သိမှပေါ့ နုထွေးရ…"

"နုထွေးဘဝ၊ နုထွေး သိပြီးသားပါ၊ ကိုကို ပြောစရာမလိုပါဘူး…"

"ဒါဖြင့် ငါ့ဘာလို့ လာပြောနေသေးလဲ…"



"ပြောပါ…ပြောပါ… မိနုထွေးရင်ထဲမှာလည်း ပြောစရာတွေ တစ်လုံးကြီးပါ။ ဒီကတော့ သူတို့ စာရင်းလိမ်အကြောင်းတွေ ဖုံးလိုက်ရ၊ ဖိလိုက်ရတာ အချစ်ကြီးတဲ့ လူတစ်ယောက်ရဲ့ မျက်ရည်ဟာ တန်ဖိုးမဆုံးပါဘူး ကိုကိုနှောင်းရဲ့…နုထွေး…သွား…နုထွေး သွားပါတော့မယ်"

မနုထွေးက ကျားနာမလေးလို ခဲချေပြီ… ကုလားထိုင်များနှင့် တိုက်သံခိုက်သံများကို ကြားရပြီး မနုထွေး ထွက်ပြေးသွားတော့သည်။ ပြဿနာက မပြေလည်ကြပါ… ပိုမိုကြီးထွားစရာ ရှိပါသည်။ ကျွန်မ သည်သို့ တွေးနေစဉ်။

"ဟိုက်…ကိုမြတ်နှောင်း…"

ဟူသော အသိစိတ်ဖြင့် ဘီရိုနောက်ကို ကျွန်မ ဖျတ်ခနဲ ကပ်လိုက်ရပါသည်။ ကျွန်မပုန်းအောင်းနေရာ နေရာမှာ မှောင်ရိပ်ဘက် ကျနေပါ၍… ကိုမြတ်နှောင်း မမြင်သာပါ။ သူရပ်နေရာ နေရာသည် တံခါးပေါက်နှင့် တည့်နေပါ၍ ပန်းခြံတွင်းမှ အလှထွန်းထားသော မီးရောင်များက သူ့မျက်နှာပေါ်သို့ ဖြာကျနေပါသည်။

ကိုမြတ်နှောင်း၏မျက်နှာသည် ခက်တရော် တင်းမာနေသည်။ လက်သီးနှစ်ဘက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း၊ စုံရပ်နေပါ[illegible] သူ့မျက်နှာတွင် ဒေါသတရားချည်းသက်သက် လွှမ်းမနေပါ[illegible] နည်းခြင်း၊ ယူကြုံးမရခြင်း စသည့် စိတ်နှတို့လည်း [illegible]

www.burmeseclassic.com



သူက မတ်ထတ်စုံရပ်နေရာမှ တစ်စုံတစ်ခု ဆုံးဖြတ်လိုက်သလို ချာခနဲ ပြန်လှည့်သွားပြီး. . . သူ့အခန်းတွင်း ဝင်သွားပါတော့သည်။

ကျွန်မကလည်း အခြေအနေကို စောင့်ကြည့်ရဦးမည်ဖြစ်ပါ၍ နေရာမှ မခွာရဲသေးဘဲ အခန်းနံရံကိုသာကပ်၍ နားစွင့်နေမိသည်။ ဘာသံမှ မကြားရပါ၊ ခဏအကြာတွင်မူ မီးခလုတ်ပိတ်လိုက်သံ၊ အခန်းတံခါးပိတ်သံ၊ သော့ခတ်သံတို့ကို ကြားရပြီး အလယ်ခန်းမအတိုင်း လျှောက်လှမ်းသွားသော ကိုမြတ်နှောင်း၏ ခြေသံသည် တစစ တိုးတိတ်သွားပါတော့သည်။

ခြံဝန်းပွဲခင်းတွင်းမှ လက်ခုပ်သြဘာသံတို့က ကျွန်မရှိရာ အပေါ်ထပ်သို့တိုင်အောင် ပျံ့လွင့်လာပါသည်။ သီချင်းသံ ဂီတသံတို့ကိုပင် သဲကွဲစွာ ကြားလာရပါသည်။ ခေါင်းဆောင်မင်းသမီး မြသင်္ဂီ ထွက်ပြီးထင်ပါသည်။ ဒေါ်စိမ်းညိုနှင့်တကွ မြတ်မဟာဝိုင်းတော်သား များအားလုံး စိတ်ဝင်စားနေကြချိန်၊ အပေါ်ထပ်တွင် လူသူရှင်းချိန်မှာ ကျွန်မအတွက် အကွက်အကောင်းဆုံး အချိန်ဖြစ်ပါသည်။ သည်အခွင့် အရေး ကြုံကြိုက်တုန်း လက်မလွှတ်တန်း အသုံးချရပါတော့မည်။

ကျွန်မခိုအောင်းနေရာ ဧည့်ခန်းမှထွက်ပြီး ဒေါ်စိမ်းညို၏အခန်း နားကပ်ကာ ဟိုဟိုသည်သည် စမ်းသပ်တွန်းကြည့်ပါသော်လည်း သော့အခိုင်အမာ ခတ်ထားပါ၍ အခန်းတွင်းသို့ မဝင်သာပါ၊ ဒေါ်စိမ်းညို၏ အခန်းမှာ အောက်ချေမှ ပျဉ်၊ အပေါ်ပိုင်း၌ အပွင့်ဖော် ထားသည့် မှန်အထူစားတပ်ထားသော ခန်းစီးများဖြစ်ပါသည်။





တွယ်တက်နိုင်ပါသော်လည်း မှန်ကွဲသွားမှာ စိုးရိမ်လှပါ၍ ကျွန်မ အကြံထုတ်ရပြန်သည်။

အလယ်ခန်းမမှ မမြင်သာနိုင်သည့် အရှေ့ဘက်ထောင့်သို့ ဧည့်ခန်းမှ ဆိုဖာတစ်ခုကို ရွှေ့လာခဲ့ရပါသည်။ ဆိုဖာနောက်ကျောနှင့် အခန်းနံရံကို ကပ်လိုက်ပြီး. . . ဆိုဖာနောက်မှီကို နင်း၍ အခန်းကို တစ်ဆင့်ချင်းကျော်ကာ တွယ်တက်ရပါသည်. . . အခန်းစီးထိပ်နှင့် မျက်နှာချက်က ကျွန်မတစ်ထိုင် မလွတ်ပါ၍ မှောက်ပြီးမှ ခက်ခဲစွာ တဘက်ခန်းတွင်းသို့ ဝင်လာခဲ့ရပါသည်။ ချမ်းလှပါ့သဖြင့် စွယ်တာ အင်္ကျီလာယူသော ကျွန်မမှာ ချွေးစေးများ ပြန်နေလာပြီ ခြင်ထောင် တိုင်များမပါသော ကုတင်ဖြစ်သည့်ပြင်. . . အခန်းနံရံတွင်လည်း ကပ်နေပါ၍ ကုတင်ပေါ်သို့ အသာပင် ခုန်ဆင်းလိုက်ရပါသည်။ ဖြည်းညှင်းစွာ ကျလာသော အရိုန်လေးကလည်း တိတ်ဆိတ်နေသော အခန်းတွင်းဝယ် ကျယ်လောင်စွာမည်ဟည်းသွားပါ၍ ကျွန်မ အသာလေးကပ်၍ နေလိုက်ရပါသေးသည်။

စိတ်ချလောက်သည့်အခါမှ ကျွန်မထ၍ ဖြည်းညှင်းစွာ မီးခံ သေတ္တာနား ကပ်သွားမိပါသည်။ မီးခံသေတ္တာက မှတ်ထားသော နံပါတ်နှင့် လှည့်ဖွင့်ရသည့်အပြင် ကြီးမားခိုင်ခန့်သော ကမ္ဘာလုံးတံဆိပ် သော့ကြီးနှင့် ခတ်ထားပါ၍ မီးခံသေတ္တာဖွင့်ရန် လက်လျှော့ရပါသော် ပြီ. . .



www.burmeseclassic.com

www.burmeseclassic.com

ခေတ်ခဲအသေးလေးများထည့်၍ မီးခြစ်သဏ္ဍာန် ဖန်တည်းထားပါသော လက်နှိပ်ဓာတ်မီးငယ်လေးကို ကျွန်မ၏လက်ကိုင် သားရေအိတ်တွင်းမှ ဖွင့်ယူလိုက်ပြီး… ပထမစာကြည့်စားပွဲပေါ်သို့-အရင် မီးထိုးကြည့်လိုက်မိပါသည်။ စာအုပ်များက စီရရီထပ်ထားပါ၏။ ကျွန်မ စာရွက်အားလုံးကို လှန်လှောရှာဖွေနေမိပါသည်။ လီဗရီယမ်(မ) ရလီဇန်နှင့် နိုဗရိယမ် ဗေလီယမ် စသော ဆေးလက်မှတ်များ ဆေးဝယ်ပြီးသား ဘောင်ချာများကိုသာ တွေ့ရပါ၏…

"ဒီဆေးတွေဟာ… စိတ်ငြိမ်ဆေးချည်းတွေပဲ ဝယ်ပြီးသား ဆေးဘောင်ချာတွေလည်း အများကြီးပါပဲလား… ဒီဆေးတွေကို ဒေါ်စိမ်းညို ဒီလောက် မှီဝဲနေပုံထောက်ရင်… မအေးမိပြောတဲ့ ကြီးကြီးစိမ်းက အရူးကြီးပါဆိုတာ ဟုတ်များနေသလား"

ကျွန်မတစ်ယောက်တည်းတွေးရင်း ခြေရာလက်ရာမပျက် ပြန်ထားရပါသည်။ ကျွန်မမှာ ဆေးပညာကို ရေလည်စွာ နားမလည်ပါ… ဒီဆေးဟာ ရောဂါအတွက်… ဟိုဆေးဟာ ဟိုရောဂါအတွက် စသည့် မေဘုယျသဘောလောက်သာ ခေါက်မိပါသည်။ ဒေါ်စိမ်းညိုကို ပြုံးရယ်ရွှင်ပျစွာ မတွေ့ရသည်မှအပ… သူရူးတစ်ယောက်၏ အသွင်မျိုး မမြင်တွေ့ခဲ့ရဖူးပါ။ နေထိုင်ပုံကမူ ဆန်းပြားပါ၏ တစ်ယောက်တည်းနေလေ့ရှိပေသည်။ စိတ်၏ နက်ရှိုင်းဆန်းကျယ်ခြင်းသဘောကို ကျွန်မ မတွေးတောတတ်ပါချေ။

စားပွဲအံဆွဲများကို ဖွင့်၍လည်းကောင်း၊ ပွင့်နေသော သေတ္တာနှင့် စာဖိုင်တွဲများကို လှန်လှော၍လည်းကောင်း၊ ရှာကြံပြီး နောက်ဆုံး ဒေါ်စိမ်းညို၏ အိပ်ယာကို ကျွန်မအသေးစိတ် ရှာဖွေမိရာ ခေါင်းအုံးနှင့် ခေါင်းအုံးစွပ်ကြားတွင် ထည့်ထားပါသော စာများနှင့် ဒိုင်ယာရီစာအုပ်ကို တွေ့ရပါသဖြင့် ကုတင်ဘေးရှိ ကြမ်းပြင်ပေါ်တွင်ပင် တင်ပလ္လင်ခွေလိုက်ရင်း စာများနှင့် ဒိုင်ယာရီစာအုပ်များကို လက်နှိပ်ဓာတ်မီးငယ်ဖြင့်ထိုး၍ ဖတ်ကြည့်ရပါ၏။

အောက်ခြေတွင်ထိုင်၍ မီးကိုလက်ဖြင့် အုပ်၍သာ အလင်းရောင်ယူပါ၍ အပြင်မှ မမြင်သာနိုင်ပါ၊ အခန်းတွင်း၌ လူရှိကြောင်း မသိသာနိုင်ပါ၊ ကျွန်မသိချင်သော ကျွန်မဆရာများ လိုချင်သော အကြောင်းအရာများ တွေ့နိုင်လေမလားဟူသော ဇောဖြင့် ပထမဆုံးစာကို ဖတ်ကြည့်လိုက်မိပါသည်။ မြတ်မဟာတွင် လာရောက် တည်းခိုလိုပါသဖြင့် အခန်းတစ်ခန်း သီးသန့်ချန်ထားပါရန် လိုချင်သော နေ့စွဲကိုပါ ဖော်ပြထားပါ၏။ အရေးမကြီးသောစာဖြစ်ပါ၍ အိတ်တွင်း ပြန်ထည့်လိုက်ပြီး ဒုတိယတွေ့ရသောစာကို ဖတ်ကြည့်မိပြန်သည်။

စာကို မီးရောင်မှုန်မှုန်လေးနှင့် ဖတ်နေရပါသော်လည်း နားကစွင့်ထားရပါသေးသည်…။ တစ်ယောက်ယောက်များ ဘွားခနဲဝင်လာလျှင် ကျွန်မ၏အကြံအစည်အားလုံး ပျက်ကာ သည်အိမ်မှ ထွက်ပြေးဖို့သာ ရှိပါတော့သည်။ ဒုတိယစာမှာ အညာဒေသဆီမှ မြတ်မဟာ စဖိုခန်းသုံးရန်အတွက် ပဲဆီတင်သွင်းရောင်းချလိုပါကြောင်း ပွဲရုံတစ်ခုမှ ရေးထားသောစာ ဖြစ်ပေသည်။







www.burmeseclassic.com

www.burmeseclassic.com

ကျွန်မမှာ နောက်ထပ်တွေ့ရပါသော စာသုံးစောင်ကိုလည်း လုံးစေ့ပါတ်စေ့ ဖတ်မနေတော့ပါ၊ ကျွန်မ်နှင့် မသက်ဆိုင်ပါ၍ သဘောလောက်သာဖတ်ပြီး သူ့စာအိတ်များအတွင်း နေသားတကျ ပြန်ထည့်ထားလိုက်ရပါသည်။

ဒေါ်စိမ်းညို၏ ဒိုင်ယာရီကို တစ်ရွက်ချင်း လှန်လှောရှာဖွေကြည့်မိရာ ကိုယ်ရေးကိုယ်တာကိစ္စများကို အသေးစိတ် မှတ်သားထားခြင်း မတွေ့ရပါ၊ နေ့စဉ်မှတ်တမ်းဆိုသော်လည်း နေ့စဉ်မှတ်သားခြင်း မဟုတ်ပါ၊ စာရင်းစာအုပ်သဘောလောက်သာ ဖြစ်နေပါသည်။

"မောင်လွန်းတင် ငွေတစ်သောင်းထုတ်ယူသည်..."

"မောင်လွန်းတင် လချုပ်စာရင်းရှင်းသည်..."

"မောင်လွန်းတင် ငွေပေါင်း ၂၄၅၂ကို -၄၅ါး...သွင်းသည်"

စသည့် မြတ်မဟာ၏... ဝင်ငွေထွက်ငွေများကို... အကြမ်းအားဖြင့်သာ ဖော်ပြထားကြောင်း စာအုပ်အစ၌ တွေ့ရပါသည်။ မြတ်မဟာ၏ တည်းခိုခန်း စားသောက်ခန်း၊ အားလုံးအတွက် ဦးလွန်းတင် တစ်ယောက်တည်းက တာဝန်ယူ ဖြေရှင်းပေးနေရကြောင်း ကျွန်မသိရပါပြီ။ ဒေါ်စိမ်းညိုသည် ဦးလွန်းတင်ကို များစွာ ယုံကြည်စိတ်ချပုံရပါသည်။ အလုံးစုံလည်း ပုံအပ်ထားဟန် တူပါသည်။ ကိုမြတ်နောင်းအနေနှင့် တာဝန်ယူသင့်ပါလျက် အဘယ်ကြောင့် ပျက်ကွက်နေရပါလေသနည်း။





ဦးလွန်းတင်ကမူ ငွေရေးကြေးရေးနှင့် ပတ်သက်၍ ဖြောင့်မတ်တည်ကြည်ပုံရပါ၏။ စောစောပိုင်းက ကိုမြတ်နောင်းနှင့် မနုထွေးတို့ ပြောစကားများအရဆိုပါလျှင် မိန်းမနှင့် ပတ်သက်၍ စည်းစောင့်မည့်သူ မဟုတ်ကြောင်း ပေါ်လွင်နေပါသည်။ မနုထွေးနှင့် နီးစပ်လွန်း လွတ်လပ်လွန်း၍လည်း ဖြစ်ကောင်းဖြစ်ပါမည်။ နေ့စဉ်မှတ်တမ်းများကို ကျွန်မ အသေအချာဆက်၍ ဖတ်ကြည့်မိရာ...။

"ဝိဉာဉ်စံအိမ်အတွက် ဒေါ်အိုဇာကို ငွေသုံးရာပေးလိုက်သည်..."

"ဝိဉာဉ်စံအိမ်တွင် ဘာသုံးစရာများ ရှိပါလေမည်နည်း" ဟူသော အတွေးဖြင့် ကျွန်မ တခဏ စဉ်းစားပြီးမှ နောက်ပိုင်းစာရွက်များကို ဆက်လက်ဖတ်ကြည့်သည့်အခါ...

"ဦးညွန့်တင်(အ မ ခ)ကို ငွေတစ်သောင်းပေးသည်"

အ မ ခ ဆိုသည်မှာ ဦးညွန့်တင်၏ ဘယ်သို့သော ဘွဲ့ထူးများ ပါလိမ့်ဟူ၍ တွေး၍ ဆက်ဖတ်ကြည့်မိရာ နောက်စာရွက်များတွင်...

"စာရင်း ပြင်ဆင်ရေးသွင်းသည့် အော်ဒစ်တာ မောင်ကြွယ်ကို ငွေ ၅၀၀ ကျပ် ပေးရသည်..."

"ဝိရိသော စာရင်းသစ်ကြောင့် ပိုထွက်လာသော ငွေများထဲမှ ငွေ ၃၀၀၀ ကျပ်ကို မောင်လွန်းတင်အား ပေးလိုက်သည်။

ယင်းမှတ်တမ်းများကြောင့် ဒေါ်စိမ်းညို၏ ဒုစရိုက်မှု တစ်ခုကို ကျွန်မ မှန်းဆလာနိုင်ပါပြီ...။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်စိမ်းညိုသည် အမြတ်တော်ကြေး စာရင်းလိမ်များကို တင်သွင်းနေသူသာဖြစ်ရပါမည်။ ဦးညွန့်တင်(အမခ) ဆိုသည်ကိုလည်း ကျွန်မ မှန်းမိနိုင်ပါပြီ၊ အမခ ဆိုသည်မှာ အမြတ်ခွန်ဖြစ်ရမည်… ဝန်ထောက်အဆင့်လောက် ရှိပေမည်။ မြတ်မဟာနှင့် တိုက်ရိုက်သက်ဆိုင်သော ဝန်ထောက်ဖြစ်၍သာ သည်မျှငွေတစ်သောင်း လာဘ်ပေးနိုင်ရကြောင်း သိသာနိုင်ပါသည်။ ဝန်ထောက်ကိုပင် ငွေတစ်သောင်းပေးနိုင်လောက်သော အခြေအနေရှိပါလျှင် မြတ်မဟာ၏ ဝင်ငွေမှာ တစ်နှစ်လျှင် သိန်းဂဏန်းလောက် ရှိမည်မှာ သေချာပါသည်။ တိကျသော အခွန်ဘဏ္ဍာမဆောင်လိုပါဘဲ ကွယ်ဝှက်ဖုံးကွယ်နေသော ဒေါ်စိမ်းညို၏ လောဘသဏ္ဍာရများကို တွေးတောရင်းနောက်တစ်ရွက် လှန်ကြည့်မိသည့်အခါ…။

ဒေါ်စိမ်းညို၏ ရင်ဖွင့်သံကိုပါ တွဲရေးထားသည်ကို သည်စာအုပ်၏ နောက်ဆုံးနားတွင် မြင်တွေ့လိုက်ရပါသည်။ ဒေါက်တာငွေထွန်းဆိုသည့် စိတ်ငြိမ်ဆေးစာများရေးပေးနေသော ဆရာဝန်သည် ဒေါ်စိမ်းညိုထံမှ အဘယ်ကြောင့် ငွေညှစ်နေသည်ကို တွေးတော မရနိုင်အောင် ရှိရပါသည်။ ဒေါ်စိမ်းညိုသည် ဆေးပညာရှင် တစ်ယောက်နှင့် ပူးပေါင်းကာ အဘယ်သို့သော အကြံအစည် ပြုခဲ့လေသနည်း၊ ဒေါ်စိမ်းညို၏ လုပ်ဆောင်ချက်သည် ကောင်းသော အလားအလာ ဖြစ်နိုင်စရာ မရှိပါ။ အသပြာ ဆရာဝန်နှင့် ပူးပေါင်း၍ မကောင်းသော ကောက်ကျစ်သော အကြံအစည်တစ်ခုခု ပြုလုပ်ခဲ့ကြ





ကြောင်း ယုံမှားစရာ မရှိနိုင်ပါ။ ယင်းအမှုအတွက် နှုတ်ပိတ်ခအနေနှင့်များ ဆရာဝန်က ငွေတောင်းနေလေသလား။

သည် သံသယစိတ်များကို အသာထား၍ သူမှတ်သားထားသည်များကို ဆက်၍ ဖတ်ကြည့်နေမိပါသည်။ နေ့စဉ် မှတ်တမ်း ဆိုသော်လည်း နေ့စဉ် လုပ်ဆောင်ချက်များကို ရေးသားထားခြင်း မဟုတ်ပါဘဲ အရေးကြီးသော အကြောင်းအရာများသာ မှတ်သားထားကြောင်း မြင်တွေ့ရပါသည်။ ယင်းအကြောင်းအရာများကို စာအုပ်ပါ နေ့စွဲနှင့်တိုက်၍ ရေးထားပါသဖြင့် မှတ်ရလွယ်ကူစေရန် ဖန်တည်းထားခြင်းဖြစ်ပေသည်။ စာတစ်အုပ်လုံး စာရေးသားထားသည့် နေရာထက် စာရွက်လွတ်က ပိုမိုများပြားပါသည်။ စာရွက်၏ နောက်ဆုံးနားတွင်…

"ခင်ချစ်ခန့် ရောက်လာပြီး…"

"ငါဆင်သော အကွက်တွင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာချေပြီ"

"ဘုရား…ဘုရား… ငါဆင်သော အကွက်အတွင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာချေပြီဆိုပါကလား… သူဘာတွေ အကွက်ဆင်ပါလိမ့်၊ သူဘာတွေများ အကွက်ဆင်ပါလိမ့်…"

တစ်ယောက်တည်းတွေးရင်း ကျွန်မ ယောက်ယက်ခတ်သွားမိပါသည်။ ကျွန်မစိတ်ထင်က ဒေါ်စိမ်းညို အနေနှင့် သူ့ဘာမှ တစ်ယောက်တည်း ဖြစ်နေရခြင်းအတွက် သနားသဖြင့် ရိုးရိုးသားသား



www.burmeseclassic.com

www.burmeseclassic.com

မှာယူခေါ်ဆောင်ခြင်း ဖြစ်သည်ဟု ထင်ခဲ့မိပါသည်။ သည့်အတွက်ကို နင်း၍ ကျွန်မတို့ဘက်က တိတ်တခိုး အကြံအစည်ဖြင့် ဝင်ရောက်လာခြင်းကို သူမသိနိုင်ဟု ကျွန်မထင်ခဲ့မိပါသည်။ ယခုမူ ကျွန်မတို့အတွက် တန်ပြန် ထောင်ချောက်များ ဆင်နေလေပြီလား...။

ကျွန်မ သည်အိမ်သို့ရောက်စ အကြောင်းအရာများကို မှတ်သားထားခြင်း တွေ့ရပါသည်။

"ခင်ချစ်ခန့်သည် ဖျတ်လတ် သွက်လက်လျက် ကွက်ကျော်မြင်နိုင်ပုံရသည်..."

သား ကိုမြတ်နောင်းနှင့် အမြန်ပေးစားလိုက်လျှင်လည်း နှမွေးရန်က အေးပေမည်..."

ကျွန်မနှင့်ပတ်သက်သော အကြောင်းအရာများပါဝင်လာပါသဖြင့် ကျွန်မအထူးဂရုတစိုက်ဖြင့် ဖတ်ကြည့်လေ့လာနေမိပါသည်။ ဒေါ်စိမ်းညို၏ နောက်ပိုင်းစာရွက်ကို စိတ်အားထက်သန်စွာဖြင့် ဆက်လှန်ကြည့်မိသည့်အခါ...။

"သားကိုမြတ်နောင်းက လက်ထပ်ဖို့ငြင်းသည်၊ ဟိုမိန်းကလေးက ဘာမှမပြောရှာ၊ တော်ပါသေးသည်၊ ငါ့ဆန္ဒကို နာခံမည့်ပုံမျိုးပါပင်..."

"သားတို့သည်... ငါ့အား စိတ်ဒုက္ခကို အစဉ်သဖြင့် ပေးခဲ့သည်"

သည်စာရွက်တွင် သည်မျှသာ ရေးသားထားပြီး နောက်ထပ်





စာတစ်ရွက်၌...

"မြတ်မဟာမိသားစုသုံးယောက်သာ ကျွန်သဖြင့် ပူးပေါင်းနေလိုကြောင်း၊ ပစ္စည်းများ မခွဲဝေစေလိုကြောင်း၊ စုစည်းနေလိုကြောင်း ပြောသော်လည်း မရ၊ ကလေးမ လာနေသည်က တော်လှသည်၊ ငါ့သားသမီးက ငါ့ကို အစဉ်စိတ်နှလုံး ဆင်းရဲစေသည်"

ဒေါ်စိမ်းညို၏ဆန္ဒကို ကျွန်မ ယခုမှ တိတိကျကျ မှန်းဆနိုင်ပါပြီ မြတ်မဟာ၏ သွေးသားသုံးယောက် ပြန့်ကျဲမနေစေလိုခြင်းမှာ ပစ္စည်းများလည်း မခွဲဝေလို၍ ဖြစ်ပါမည်။ ခင်ချစ်ခန့်တို့၏ အဘိုး ဦးမြတ်ဘော် စီစဉ်ခဲ့သည်ဆိုခြင်းမှာလည်း ဒေါ်စိမ်းညို၏ ဖန်တည်းထားသော ဇာတ်လမ်းသာ ဖြစ်ရပါမည်။ ဦးမြတ်ဘော်အနေနှင့် သမီးမစိမ်းနွဲ့အပေါ်တွင် သံယောဇဉ် ကြီးမားစွာဖြင့် အကျိုးခံစားခွင့်များကိုလည်း ချန်ထားခဲ့ဟန်တူပါသည်။ သည့်အတွက် ခင်ချစ်ခန့်ကို ခေါ်ယူ၍ ကိုမြတ်နောင်းနှင့် အကြောင်းဆက်၍ ပေါင်းဖက်စေရမည်ဟူသော စီမံကိန်းကို ဒေါ်စိမ်းညို ချမှတ်လိုက်ခြင်းဖြစ်ပေမည်။

ကျွန်မဆတ်ခနဲ တွန့်သွားမိပါသည်...။

ဖွင့်ထားသော ကျွန်မနားက ပါးလိုက်သည့်ဖြစ်ခြင်း၊ ဝေးဝေးဆီမှ ခြေသံတဖျတ်ဖျတ် ကြားလိုက်ရခြင်းကြောင့်ပါပင်၊ ကျွန်မ အမြန်မတ်တတ်ရပ်ကာ စာနှင့် ဒိုင်ယာရီစာအုပ်ကို သူ့နေရာအတိုင်းထားပြီး အိပ်ယာဖုံးကိုပြန်၍ သူ့အတိုင်း ဖြစ်စေရန် ဆန့်နေမိစဉ် ခြေသံများစွာ နီးကပ်လာပြီး ကျွန်မရှိနေရာ ဒေါ်စိမ်းညို၏ အခန်းထဲသို့

www.burmeseclassic.com

www.burmeseclassic.com

ရပ်လိုက်ပါ၍…

“ဒုက္ခပါပဲ…ဒေါ်စိမ်းညိုများ ပြန်လာပြီလား ငါဘာလုပ်ရပါ့မလဲ…”

ရုတ်တရက် ကျွန်မတွေးတို့ ဖြာဝေသွားမိပါသည်။ သော့ဖွင့်သံကြားလိုက်ရသဖြင့် ကျွန်မမှာ ဆောက်တည်ရာမရနိုင်လောက်အောင်ပင် ချောက်ချားသွားမိပါပြီ…။

အချိန်က စက္ကန့်ပိုင်းလေးမျှ နောက်ကျ၍မဖြစ်တော့ပါ…။

ကျွန်မ… ကိုယ်ကို ဝပ်ချလိုက်ပြီး… ကုတင်အောက်သို့ လိုမ့်… ဝင်လိုက်ရပါသည်။ အခန်းတွင်းသို့ ဒေါ်စိမ်းညို လုံးလုံးလျားလျား ဝင်လာခဲ့ပါချေပြီ။ သူမီးမဖွင့်မီ ကျွန်မမှာ အိပ်ယာဖုံးစကို အနည်းငယ် ဆွဲချလိုက်ရပါသည်။

မီးခလုတ်သံကြားပြီး တဆက်တည်း တစ်ခန်းလုံး ထိန်ထိန်လင်းသွားတော့သည်။ ကျွန်မမှာ အသက်မရှူဝံ့လောက်အောင်ပင် ငြိမ်နေရပါသည်။ သော့တွဲသံကြားရပြီး ဗီရိုတံခါးကို သော့နှင့် ဖွင့်နေပေသည်။ တစ်စုံတစ်ခုယူပြီး ခဏအကြာ ပြန်ပိတ်သံ ကြားလိုက်ရပါ၍ အိပ်ယာဖုံးစလေးကို ကြွရုံလေး လှပ်ကြည့်လိုက်မိရာ…

“ဒေါ်အိုဇာ…ပါလား”

ယင်းအသိကြောင့် စိတ်တွင် အနည်းငယ် သက်သာရာ ရခဲ့ပါသည်။ ဒေါ်အိုဇာဆိုပါလျှင် ဤအခန်း၌ ကြာရှည်စွာ နေမည်မဟုတ်ပါ၊ သူ့လက်တွင် အနွေးထည်တစ်ထပ်ကို ဖက်ပွေ့ထားပေ





သည်။ ဒေါ်အိုဇာမှာ ပွဲခင်းတွင်းမှ ဒေါ်စိမ်းညိုအတွက် အနွေးထည်လာယူခြင်းဖြစ်ရပါမည်။ ဒေါ်အိုဇာက သံသယဟူ၍ မြူတစ်မှုန်မျှ မရှိပါဘဲနှင့် အခန်းတွင်းမှ ပြန်လည်ထွက်ခွာသွားပါတော့သည်။ ယခုမှပင် ကျွန်မသက်ပြင်းရှည် တစ်ချက်ကို ချလိုက်နိုင်ပါတော့သည်။

ကုတင်အောက်မှ လိုမ့်၍ပင် ထွက်ခဲ့ရပါသည်။ အရောင်နုသော အဝတ်သစ်တို့သည် ဖုံဖြင့် အလိမ်းလိမ်း ပေကျံကုန်ပြီထင်ပါ၏။ ကိစ္စမရှိပါ ကျွန်မသည် အခန်းတွင်းမှ သတင်းထူးများရပါပြီ။ အမြတ်တော်ကြေး သတင်းလိမ်များနှင့် ဒေါ်စိမ်းညို မှိုဝဲနေရသော စိတ်ငြိမ်ဆေးများ အကြောင်းနှင့် ခင်ချစ်ခန့်ကို ခေါ်ယူခြင်း အကြောင်းများကို သိလာနိုင်ခဲ့ပါ၏။

အဝင်တုန်းကလောက် ခက်ခဲခြင်းမရှိပါဘဲနှင့် ဒေါ်စိမ်းညို အခန်းမှ ပြန်လည်ထွက်ခွာလာနိုင်ခဲ့ပါပြီ။

ကျွန်မ အနွေးထည်ယူစရာ မလိုတော့ပါ။ ကျွန်မတစ်ကိုယ်လုံး ချွေးစေးများနှင့် ဖုံများလိမ်းကျံပေလူးနေပါပြီ။

အချိန်မှာ ညဥ့်တစ်နာရီကျော်နေပြီ ဖြစ်သော်လည်း ကျွန်မ အိပ်ချင်စိတ် မရှိသေးပါ။

“ငါပွဲခင်းထဲ ပြန်သွားရကောင်းမလား…”

“ငါအခန်းပဲ ပြန်ရကောင်းမလား…”

ရွေးထားသော ဆိုဖာကို နေသားတကျ ပြန်[illegible] ကျွန်မစဉ်းစားရပါသည်။ ကျွန်မကိုယ်တွင်လည်း [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာပါ၍ အဝတ်များ လဲလှယ်ချင်မိပါသည်။ ပွဲလည်း ကြည့်ချင်စိတ် မရှိပါ၍ ကျွန်မအခန်းသို့သာ ပြန်ရန် ဆုံးဖြတ်ပြီး အလယ်ခန်းမမှ တစ်ဆင့် ကျွန်မအခန်းရှိရာသို့ ချိုးကွေ့လိုက်ရပါသည်။ ကျွန်မစိတ်ကပင် ထင်၍လားမသိပါ အလင်းရောင် ရဲ့ရဲ့လေးမျှသာ ရှိသော မှောင်ရိပ်ထဲတွင် မည်းမည်းအရိပ်တစ်ခု ဖျတ်ခနဲ ပြေးသွားသည်ကို မြင်လိုက်ရပါသည်။

တစပြင်က သည့်ထက်ပို၍ တိတ်ဆိတ်မည်မထင်ပါ၊ မြတ်မဟာ အပေါ်တစ်ထပ်လုံး ကျွန်မတစ်ယောက်တည်းသာ ရှိပါမည်။ ညဦးသန်းခေါင်ကျော်အချိန်တွင် ကျယ်ဝန်းလှန်းသော အိမ်ကြီးအတွင်း ကျွန်မတစ်ယောက်တည်း ရှိနေသည်မှာ ချောက်ချားစရာ ကောင်းလှပါသည်။

မကြောက်တတ်သော ကျွန်မမှာ စိတ်ကိုတင်းလိုက်ကာမှ မားဒဏ်ရာဖြင့်… သွေးအိုင်တွင်းမှ မျက်လုံးပွင့်လျက် သေနေပါသော မတင်အုံး၏ မျက်နှာက အတွေးအာရုံတွင်းဝယ် ပြန်ပေါ်လာပါတော့သည်။

"မကြောက်စဖူး ငါ့စိတ်တွေ ချောက်ချားလိုက်တာ ငါ ပွဲခင်းထဲ ပြန်သွားရကောင်းမလား"

အားငယ်ကြောက်ရွံ့စိတ်ကြောင့် ရှေ့သို့ပင် တစ်လှမ်းမျှ မတိုးဝံ့လောက်အောင် သည်နေရာမှာပင် ကျွန်မ ကြောင်၍ ရပ်နေသည်။ ကျွန်မရင်တို့ တထိတ်ထိတ် ခုန်နေသလို ကျွန်မမျက်လုံးများလည်း





ပြူးကျယ်နေလိမ့်မည် ထင်ပါသည်။ ကျွန်မရင်ကို လက်နှင့်အုပ်ရင်း အံတစ်ချက်ကြိတ်ကာ စိတ်ကိုတင်း၍…

"အို… ငါဘာလုပ်ကြောက်ရမှာလဲ ငါ့မှာလည်း သေနတ်ရှိနေသားပဲ၊ ငါ့အလုပ်က ကြောက်စရာနဲ့ တွေ့ခဲ့ရတာချည်းပဲ… ရိုးနေပါပြီ… ငါရင်ဆိုင်မယ် ဘာမဆို ငါရင်ဆိုင်မယ်" ကျွန်မ၏ ကိုယ်မှ တစ်ခုတည်းသော စိတ်သည်ပင်လျှင် ဆန်းကျယ်လှပေစွ… အားငယ်စိတ်ကို ဖိုးထားပါလျှင် ပိုမို၍ အားငယ်လာတတ်ပါသည်။ စိတ်ကို သတ္တိစိတ်က တွန်းထုတ်ပါလျှင် အားငယ်စိတ်တို့ လွင့်ပျယ်ရမည်သာ၊ ဘာမဆို အင်အားကြီးမားသော အရာက နိုင်စမြဲပါပင် ကျွန်မကိုယ်မှ အားငယ်စိတ်နေရာတွင် သတ္တိစိတ်တို့ အစားထိုးလိုက်ရပါ၏။

တံခါးကို သော့နှင့်ဖွင့်ကာ အတွင်းဝင်၍ မီးဖွင့်လိုက်ပြီးမှ တံခါးကို အသေအချာ ပြန်ပိတ်လိုက်ရပါသည်။ မီးရောင်နှင့် မှန်တင်ခုံရှေ့တွင် ကျွန်မကိုယ်ကျွန်မ ကြည့်လိုက်မိရာ–

"အမလေးဟဲ့…ဟင်းခိုးစားထားတဲ့ကြောင် ကျနေတာပဲ၊ ပါးတွေရော၊ [illegible]:စပ်တွေရော ပေကျံးလို့… ရွံ့လိုက်တာ"

တစ်ယောက်တည်း ရေရွတ်မိရင်းက… အဝတ်များ ချွတ်လိုက်ပြီး တစ်ခါတည်း ရေချိုးခန်းသို့ တန်းသွားမိပါတော့သည်။ အပြင်တွင် နှင်းတို့ သိပ်သည်းကာ ခိုက်ခိုက်တုန်မျှ [illegible]

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ကျွန်မမှာမူ ကျွန်မ၏ မဟာစွန့်စားခန်းကြောင့် ရေချိုးရန် ဝန်မလေးနိုင်တော့ပါ…

ရေချိုးပြီးသည့်အခါမှ နှုတ်ခမ်းများ ပြာနှမ်းလာအောင် ချမ်းလာပါ၍ ရေစင်စင်သုပ်၍ ညဝတ်အင်္ကျီရှည်ကြီးကို ဝတ်ဆင်ပြီး စောင်ထူထူခြုံကာ ကုတင်တွင် ထွေးနွေးနေမိပါသည်။ ကိုယ်ခန္ဓာရော စိတ်ပါ ငြိမ်သက်လာသည့်အခါ မျက်တောင်တို့ မေးစင်းလာပါသည်။ အိပ်ချိန်ထက် လွန်နေပြီဖြစ်ပါ၍ ကျွန်မတစ်ချက် သန်းဝေကာ မီးထပိတ်ပြီး အိပ်ယာဆီသို့ ပြန်လာခဲ့ပါတော့သည်။

ကျွန်မအိပ်ပျော်သွားလေပြီလား အိပ်ပျော်လုအချိန်ပိုင်းလေးလား မဝေခွဲတတ်ပါ… မသိစိတ်တစ်ဝက် သိစိတ်တစ်ဝက် ရောယှက်နေသည့် အချိန်ပိုင်းလေးအတွင်း၌ပင် နားထဲ၌ အသံတစ်ခု ကြားလာသဖြင့် ကျွန်မ ဖျတ်ခနဲ ခေါင်းထောင်ထလိုက်မိပါသည်။အသံမှာ ခြေဖော့နင်း၍ ပြေးလွှားသံဖြစ်ပြီး ဒေါ်အိုဇာ၏ တံခါးကို လက်သဲ စောင်းနှင့် တို့ရုံလေး ခေါက်လိုက်သလို စိတ်ကထင်လိုက်မိပါသည်။ အိပ်ပျော်ပုံမရသေးသော ဒေါ်အိုဇာက ချက်ချင်း တံခါးဖွင့်သံ ပြန်ပိတ်သံတို့ ကြားရပြီး ပြန်ပြေးသွားသံများကိုပါ ကြားလိုက်ရပါသည်။ အိပ်ချင်စိတ်တို့ ပျောက်ပြယ်သွားပါ၍ ကျွန်မ ကုတင်ပေါ်တွင် ထ၍ ထိုင်လိုက်မိပါသည်။

အလယ်ခန်းမဆီလောက်မှ တွန်းထိုးသံ ဆွဲငင်သံ ရှန်းသည့် အသံများကို ကြားလာရသဖြင့် ကျွန်မ မတ်တတ်ရပ်၍ ထွက်ကြည့်ရ





ကောင်းနိုး၊ သည်တိုင်း နေရကောင်းနိုးဖြင့် စဉ်းစားနေမိစဉ်မှာပင် ကျွန်မအခန်းနားသို့ ညင်သာပြီး မညီညာသည့် ခြေသံများ ကြားရပါသဖြင့် ကျွန်မ ကြောင် ထွက်ကြည့်၍ မဖြစ်ပါ။ အရင်တုန်းကအတိုင်းပင် ဆင့်များမှ တွယ်တက်ပြီး အပေါ်မှန်တံခါးမှ ကြည့်ရန် ကျွန်မကြိုးစားနေစဉ်၌ပင် ကျွန်မအခန်းရှေ့မှ ဖြတ်သန်းသွားကြသံများကို ကြားလိုက်ရပါတော့သည်။ အပေါ်ရောက်သည့်အခါ ကျွန်မကြည့်ရန် မမီလိုက်တော့ပါ။ ကျွန်မအခန်းမှ ကျော်လွန်သွားကြပေပြီ၊ ပကတိ ပိန်းပိတ်အောင် မှောင်နေသည်ကိုသာ မြင်ရပါသဖြင့် ကျွန်မ ပြန်ဆင်းလာခဲ့ရပါတော့သည်။ ကုတင်ဆီသို့ ပြန်လာ၍အပြန် ခြေသံကို ဆယ်မိနစ်တာမျှ စောင့်ဆိုင်းနေပါသော်လည်း ဘာမှမထူးခြားတော့ပါ။ မျက်တောင်စင်း၍ ငိုက်မည်းခြင်းဒဏ်ကိုလည်း မခံမရပ်နိုင်ပါတော့သဖြင့် အိပ်ယာထက်တွင် ပြန်လှဲကာ နှစ်ခြိုက်စွာ အိပ်ပျော်သွားပါတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

### အခန်း ။ ၁၀ ။

အားလုံး မျက်နှာမကောင်းကြပါ။

နံနက်ဦးစာ လက်ဖက်ရည်ပွဲလာပို့သော မအေးမိသည်ပင် ငိုထားသလို ထင်လိုက်မိပါသည်။ နေ့ခင်းလာ၍ ညပြန်ရသော အိမ်ဖော်မိန်းကလေးနှစ်ယောက်မှာလည်း ကြမ်းတိုက်ရင်း ဖုံသုတ်ရင်းက မျက်လုံးများ ဝိုင်းဝိုင်းလည်နေကြသည်။ ကြောက်ရွံ့နေကြပုံ ပါပင်…။ အစဉ် ငြိမ်းအေးစွာ လှုပ်ရှားနေပါသော ဒေါ်အိုဇာပင်လျှင် ယောက်ယက်ခတ်နေကြောင်း မြင်တွေ့ရပါသည်။ ကျွန်မစာကြည့်ခန်းမှ ထွက်ပြီး တစ်အိမ်လုံးအနှံ့ လျှောက်ကြည့်ရင်း အားလုံးကို အကဲခတ်နေမိပါသည်။ ထမင်းစားခန်းဝတွင် ရပ်၍ ဒေါ်အိုဇာကို မေးမည့်ဟန် ပြင်နေသော ကျွန်မနားသို့ မအေးမိ ရောက်လာ၍ တီးတိုးလေသံဖြင့်

"မမခန့်အတွက် တယ်လီဖုန်းလာနေပါတယ်"

"ဘယ်ကလဲ…"

"မြင့်နွယ်လို့ ပြောပါတယ်"



"ဟင်…ကြီးကြီးစိမ်းက ခေါ်ခိုင်းထားလား၊ တယ်လီဖုန်း ဘယ်သူကိုင်သလဲ မအေးမိ"

"ကျွန်မကိုင်တာပါ မမ… ကြီးကြီးစိမ်းရော၊ အစ်ကိုလေးရော၊ ဟို…ဟို…"

"အပြင်သွားကြတယ်…"

မအေးမိ ထစ်ငေါ့နေသော စကားကို ဒေါ်အိုဇာက အသံမာမာဖြင့် ဝင်ထောက်လိုက်ပါသည်။ အကြောင်းတစ်ခုခုတော့ ရှိနေကြလေပြီ၊ ဘာပဲဖြစ်ဖြစ် ကြီးကြီးစိမ်းနှင့် ကိုမြတ်နေဝင်းတို့ မရှိခိုက် မောင့်ထံမှ တယ်လီဖုန်းလာ၍ တော်ပါသေးသည်။ သည်အတွေးဖြင့် အိမ်ရှေ့ထက်သို့ ကျွန်မ ထွက်ခဲ့ပါသည်။

"ခင်ချစ်ခန့် စကားပြောနေပါတယ်"

"မြတ်ရေ…မောင်ပါ…"

"အင်း… ဘာအရေးကြီးလို့လဲ…"

"ညက ကိစ္စကို မြတ်များ ကြောက်နေသလားလို့ပါ… မောင် မြတ်အတွက် သိပ်စိတ်ပူတာပဲမြတ်"

"နေပါဦး… ဘာမှ မသိရသေးပါလား… ခုသူ ဘယ်က ပြောနေတာလဲမောင်"

"မြို့ထဲဘက်ကပါ၊ တမင်အိပ်(က်စ်)တာနယ် တယ်လီဖုန်းက ပြောချင်လို့ပါမြတ်… မြတ်နဲ့ တိုက်ရိုက်ဆက်သွယ်ချင်လို့ မြတ်ဘော က မပြောဘဲ အော်တိုဖုန်းက ပြောတာပါ…"



www.burmeseclassic.com

www.burmeseclassic.com



"အင်း… ဘာအရေးကြီးလို့လဲဟင်"

"ဟော… မြတ်ဘာမှ မသိသေးဘူးထင်တယ်၊ ခု ဒေါ်စိမ်းညိုနဲ့ ကိုမြတ်နောင်းတော့ ရဲဌာနမှာ အစစ်ခံနေကြရတယ်"

"ဟောတော့… ဘာဖြစ်လို့"

"မနေ့ထွေး… မြတ်တို့အိမ်နောက်ဖေးက ကြောင်လိန်လှေကားမှာ ညက ဓားထိုးခံရလို့လေ…"

"ဟိုက်… မြတ်… အို… ကျွန်မဘာမှ မသိသေးဘူး၊ ခုသူ… သူ… ဆုံးပြီလား… ဟင်"

"ဆေးရုံကြီးမှာ မြတ်… သေတမ်းစစ်ချက် ယူထားရတယ်"

"အို… ဒုက္ခပါပဲလား… ဖြစ်မှဖြစ်ရလေ…"

"အဲ… ဒါကြောင့် ပြောတာပေါ့၊ မြတ်ကို မောင်စိတ်မချနိုင်တော့ဘူး၊ မောင်မြတ်နဲ့ တွေ့ချင်တယ်…"

"ကောင်းပြီလေ ကိုမြင့်နွယ် မြို့ထဲမှာဆိုရင် စားတော်ဆက်စားသောက်ဆိုင်ရှေ့က စောင့်နေပါ၊ ဒီကနာရီဝက်အတွင်း အရောက်လာခဲ့ပါ့မယ်…"

ကျွန်မစကားကို အတိုဆုံးနိုင်ဆုံးပြော၍ တယ်လီဖုန်းချလိုက်ရပါသည်။ တယ်လီဖုန်းထဲတွင် "မြတ်" "မောင်" ဆိုသော အသုံးနှုန်းမျိုး ကျွန်မ ရှောင်လိုက်ရပါသည်။ ကျွန်မအခန်းပြန်၍ အဝတ်အစားအမြန်လဲလှယ်လိုက်ရပါသည်။ ဆံပင်ကိုသာ သပ်ယပ်စွာဖီးပြီး ဖီးလိမ်းခြယ်သခြင်းလည်း မပြုမိတော့ပါ၊ နံနက်စာကိုလည်း မစားတော့ပါ





ကျွန်မအခန်းတံခါးကို အသေအချာ ပိတ်လိုက်ပြီး ကျွန်မ၏ ပခုံးလွယ်သားရေအိတ်ကိုသာ လွယ်လျက် အခန်းထဲမှ ထွက်လာခဲ့ပါသည်။ လှေခါးဆင်းရန် အကွေ့လိုက်တွင် အလယ်ခန်းမ ထိပ်၌ ဒေါ်အိုဇာက ရပ်လျက်…။

"ဒါ… ဘယ်လဲ ခင်ချစ်ခန့်…"

"မြို့ထဲကို…"

"ဒီအချိန်က ထွက်ရတဲ့အချိန်မှ မဟုတ်တာ ခင်ချစ်ခန့်ရဲ့"

"အို… ကျွန်မ ကိုယ်ရေးကိုယ်တာကိစ္စရှိလို့ပါ…"

"မြတ်မဟာအိမ်သားတိုင်းဟာ ကိုယ်ရေးကိုယ်တာဆိုတာ မရှိဘူး၊ အားလုံး မြတ်မဟာအတွက်သာ လှုပ်ရှားကြရတယ်၊ အခု မစိမ်းညိုတို့လည်း မရှိလို့ ခင်ချစ်ခန့် အပြင်သွားဖို့ ဒေါ်ကြီး ခွင့်မပြုနိုင်ဘူး…"

ဒေါ်အိုဇာက မျက်နှာထားတင်းတင်းဖြင့် ကျွန်မကို ပြောပါသည်။ ရုပ်ရည်အသက်အရွယ်နှင့် မလိုက်ဖက်အောင် အသံကပြတ်သားတင်းမာနေပါ၏။ ကျွန်မလက်လျှော့၍မဖြစ်ပါ၊ ကျွန်မမသွားချင်၍လည်း မဖြစ်ပါ…၊

"ဒီမှာ… ဒေါ်အိုဇာ… ကျွန်မဟာ မြတ်မဟာရဲ့ သွေးသားရင်းပါ၊ မြတ်မဟာအတွက် ပူပန်သောကဖြစ်ရမယ်ဆိုရင် ဒေါ်အိုဇာထက် ကျွန်မက ပိုတော့မပေါ့၊ ပြီးတော့ ကျွန်မဟာ သူငယ်နှပ်စားအစေခံမဟုတ်ပါဘူး၊ ဒေါ်အိုဇာတို့ အရေးကြီးနေသလို ကျွန်မလည်း အရေး



www.burmeseclassic.com

www.burmeseclassic.com



ကြီးနေတာပါပဲ... ကဲ... ကျွန်မသွားမယ်..."

ကျွန်မက စကားကို တဆက်တည်း တင်းမာသော လေသံဖြင့် ပြောရင်း လှေကားဝတွင် ရပ်နေသော ဒေါ်အိုဇာကို တွန်းဖယ်၍ လှေကားမှ ပြေးဆင်းခဲ့ပါသည်။ ဒေါ်အိုဇာထံမှ ဘာစကားမှ ပြန်သံ မကြားရပါသော်လည်း သူ၏ တင်းမာခက်ထရော်လွန်းသော မျက်နှာထားကို ကျွန်မအသက်နှင့်အမျှ မေ့နိုင်တော့မည် မဟုတ်ပါချေ။

မြတ်မဟာ၏ ညွှန့်သည်များကို ဟိုတစ်စု သည်တစ်စုဖြင့် တီးတိုးပြောဆိုကာ ထင်မြင်ချက်ပေးနေကြသည်ကို... မြင်တွေ့ရပါ၏။ မတင်အုံး အသတ်ခံရသည့်နောက်နေ့မနက်က အဖြစ်အပျက်များကို ပြန်လည် မြင်ယောင်လာမိပါသည်။

မြတ်မဟာ၏ တက္ကစီကိုပင် ငှားရမ်း၍ စီးလိုက်ရတော့သည်။ အမြင်အငှားကားစောင့်နေရန် အချိန်မရတော့ပါ၊ ကားစီးလာရင်း မနုထွေး၏အကြောင်းကို အသေးစိတ် တွေးလာခဲ့မိပါသည်။

"မနုထွေးလေး အသက်ချမ်းသာရာ ရပါစေ..."

ကျွန်မစိတ်တွင် သည်ဆန္ဒတစ်ခုသာ ကြီးစိုးနေမိပါသည်။ ညက ကျွန်မနှစ်ခြိုက်စွာ အိပ်ပျော်သွားမိသည်ကိုပင် ကိုယ့်ကိုယ်ကို ကျိန်ဆဲချင်လောက်အောင် နောင်တရနေမိပါသည်။ သူများနောက်မှ သိရခြင်းအတွက် တစ်ကွက်နောက်ကျရပါပြီ...။

စားတော်ဆက် ရှေ့တည့်တည့်တွင် ကားကို မရပ်ခိုင်းပါဘဲ မရောက်မီ လမ်းချိုးကွေ့တွင်သာ ရပ်ခိုင်းလိုက်ရပါသည်။ ကျသင့်





ငွေကို ရှင်းပေးပြီး ကားထွက်သွားမှ ကျွန်မခြေလျှင်ပင် မောင်ရှိရာသို့ အမြန်လာခဲ့ပါသည်။

အင်္ကျီအဖြူလက်ရှည် ဘောင်းဘီရှည်အနက်ဖြင့် ခန့်ငြားစွာ ရပ်စောင့်နေပါသော မောင့်ကိုမြင်ရပါပြီ...။

"မြတ်... မြန်သားပဲ... ဆယ့်ငါးမိနစ်နဲ့ ရောက်လာတယ်"

မောင်က လက်မှနာရီကြည့်ရင်း ပြောလိုက်ပါသည်။

"မောင်... မြတ်ကို အရေးတကြီး ပြောစရာ ဘာရှိလဲ... ဟင်"

"အဲဒီ မြတ်မဟာမှာ... မြတ်ကို မနေစေချင်ဘူး၊ မနေသင့်တော့ဘူးဆိုတာ ပြောချင်လို့ပါ၊ မိန်းကလေးတွေကိုမှ ရွေးသတ်နေတဲ့ မြတ်မဟာမှာ မြတ်ကို မောင်စိတ်ချနိုင်ပါတော့မလားကွယ်"

"ဒီအကြောင်းပဲမှတ်လား မောင်ပြောချင်တာ၊ ဒါက ဆွေးနွေးတဲ့အပိုင်းပဲမောင်၊ မောင်နဲ့မြတ် အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့နော်၊ ခုလောလောဆယ်တော့ မြတ်ဆေးရုံကြီးကို သွားချင်တယ်၊ မနုထွေးကို သွားကြည့်ချင်တယ်"

"သွားလေမြတ်... မောင်အားနေတာပဲ၊ နီးသားပဲ မောင်တို့ လမ်းလျှောက်ပြီး သွားကြရအောင်ပါ..."

"ဟင့်အင်းကွယ် မြတ်မှာ အချိန်သိပ်မရှိဘူး၊ ကားတစ်စင်းသာ ခေါ်ပါ၊ နီးတယ်ဆိုပေမယ့် တစ်မိုင်လောက်တော့ လျှောက်ရမှာ မောင်..."



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မစကားကြောင့် မောင်က လည်ပင်းဆန့်ရင်း ဟိုဟို သည်သည် ကြည့်ကာ အငှားကားရှာနေပါသည်။ ဝေးဝေးဆီမှ အဝါရောင် တက္ကစီကားတစ်စင်း လာနေသည်ကို မြင်ရလျှင်ပင် မောင်က ကြို၍ လက်တားလိုက်ပါသည်။ ကျွန်မက ကားမလာမီ မောင့်နားတိုးကပ်ရင်း…

"လူရှေ့သူရှေ့မှာ မောင်တို့ မြတ်တို့ လုပ်မနေနဲ့ဦးနော်… ကိုမြင့်ခွယ်နဲ့ မခင်ချစ်ခန့် ရှင့် မှတ်ထားဦး…"

မောင်က… ကျွန်မကို ရွှန်းရွှန်းစားစားပြုံး၍ ကြည့်ရင်းက မျက်စေ့တစ်ဘက် မှိတ်ပြလိုက်ပါသည်။

မကြာမီမှာပင် ဆေးရုံကြီးရှေ့သို့ ရောက်ခဲ့ပါပြီ၊ ရာဇဝတ်မှုခင်း ဆိုင်ရာ လူနာများထားသော ပထမထပ်ကိုတက်၍ လက်ျာဘက်တို ချိုးကွေ့ကာ အခန်းအမှတ် ၃ သို့ လာခဲ့ရပါသည်…။

မနုထွေးကို တွေ့ရပါပြီလေ…

သွေးပုလင်းမှ သွေးတို့က တစ်စက်ချင်း မနုထွေး၏ ကိုယ်ခန္ဓာ တွင်းသို့ သက်ဆင်းနေကြပေသည်။ ပက်လက်အနေအထားနှင့် ရှိနေသော မနုထွေးမှာ အသက်ကို ခက်ခဲပင်ပန်းစွာ ရှူနေရပုံဖြင့် ရင်အုံအစုံက နိမ့်တုံမြင့်တုံ ဖြစ်နေပါသည်။ နှုတ်ခမ်း မျက်နှာနှင့် ခြေလက်တို့မှာ သွေးမရှိတော့သော လူသေတစ်ယောက်ပမာ ဖြူဖျော့ နေပါသည်။

မနုထွေး၏ အခြေအနေမှာ အားရစရာမကောင်းလှပါ…။





မနုထွေး၏ဘေးတွင် ဦးလွန်းတင်က မတ်တတ်ရပ်နေပေသည်။ အသက်ငါးဆယ်ကျော်… ခြောက်ဆယ်ကျော်အရွယ် အမျိုးသမီးကြီး နှစ်ယောက်ကလည်း မျက်ရည်စက်လက်ဖြင့် ကျိတ်၍ ငိုနေကြပါ၏။ မနုထွေး၏ သွေးသားများပင် ဖြစ်မည်ထင်ပါသည်။

"အခြေနေ ဘယ်နှယ့်တဲ့လဲ… ဦးလွန်းတင်…"

"ဒါ… ဆရာဝန်မှ… သိမှာပေါ့…"

ဦးလွန်းတင်၏ စကားသံနှင့် မျက်နှာထားများကြောင့် ကျွန်မပါ အံ့အားသင့်သွားရပါသည်။ ဦးလွန်းတင်သည် ကျွန်မနှင့် ဘယ်သို့သော နောက်ကြောင်းမှ မရှိပါဘဲလျက်၊ သည့်မျှ ခက်ထန်စွာ ဆက်ဆံခြင်းကို ကျွန်မ အံ့ဩမိရပါပြီ၊ ကျွန်မကို ပြောလိုက်သည့် လေသံနှင့် မျက်နှာထားများကြောင့် မောင့်မျက်နှာ တင်းမာသွားကြောင်း ကျွန်မ သတိထားလိုက်မိပါတော့သည်။

ကျွန်မကို စိုက်ကြည့်နေသော ဦးလွန်းတင်ကို ကျွန်မက ခပ်တည်တည်နှင့် ပြန်ကြည့်လိုက်သည့်အခါ သူက မျက်နှာလွှဲသွားပါ တော့သည်။ ဦးလွန်းတင်၏ မျက်နှာထားကို ကျွန်မ အကဲမရပါ၊ သူသည်… မယားပါသမီး ဖြစ်စေကာမူ သူနှင့် လွန်ကျူးနေကြောင်း ကျွန်မသိထားရပြီးပါပြီ၊ ယင်းသို့ဆိုလျှင် ဦးလွန်းတင်အနေနှင့်… ဝမ်းနည်းကြေကွဲသင့်လှပါသည်။ စိုးရိမ်တကြီးဖြင့် နှမြောတသသော အသွင်ကို ဆောင်နေထိုက်ပါသော်လည်း ဦးလွန်းတင်၏ မျက်နှာ တွင်… စိတ်အားငယ်စေသည့် ဝမ်းနည်းမှုအငိုင်းတွင် ပေါ်ဝင်…



www.burmeseclassic.com

www.burmeseclassic.com

ခက်ထန်ခြင်း ကြမ်းတမ်းရက်စက်ခြင်း စသည့်သဘောမျိုးပင် သက်ဝင်နေကြောင်းကို မြင်တွေ့ရပါသဖြင့် ကျွန်မ မစဉ်းစားတတ်အောင် ဖြစ်ရပါပြီ။

သူ့အနေနှင့် မနုထွေး သေဆုံးသွားမည်ကို နှမြောတသခြင်းထက် မနုထွေး မသေဆုံးဖြစ်မည်ကို စိုးရိမ်နေသောအသွင် သဏ္ဌာန်များလားဟူသော သံသယစိတ်တို့က ကျွန်မရင်တွင် ခိုဝင်နေမိပါပြီ။

ဦးလွန်းတင်နှင့် စကားအရှေ့အတင်ပြောနေလျှင် ပြေလည်နိုင်မည်မဟုတ်ကြောင်း သိသော ကျွန်မက ဘာစကားမှစ၍ မမေးတော့ပါဘဲ မနုထွေး ကုတင်နားမှ ထွက်လာခဲ့ပါသည်။ သက်ဆိုင်ရာတာဝန်ကျ ဆရာဝန်၏အခန်းရှေ့တွင် ကျွန်မရပ်လိုက်ပြီး ကျွန်မနောက်မှ လိုက်ပါလာပါသော မောင့်ကို-

"မောင် အပြင်က ခဏစောင့်နေပါဦးနော်...မြတ် ဆရာဝန်နဲ့ဝင်တွေ့ပြီး မနုထွေး အခြေအနေကို မေးလိုက်ဦးမယ်"

မောင်က ခေါင်းတစ်ချက်ညိမ့်ပြပြီး... ဆရာဝန်အခန်းရှေ့မှ ခုံတန်းလျားလေးပေါ်တွင် ထိုင်ရင်း ကျန်ရစ်ခဲ့ပါတော့သည်။

❖





"မြတ်...မနုထွေးအခြေအနေ၊ မောင့်ကိုများ ပြောပြပါဦးတဲ့ကွာ... ခုနဟာ ဘယ်ကလူလဲ...ဟင်"

"သြော်... အဲဒါက မှူခင်းသတင်းထောက်ပါ၊ သူက သတင်းလာယူတဲ့လူဆိုတော့ စေ့စေ့စုံစုံသိမှာပဲဆိုပြီး မေးကြည့်မိတာ"

"ဆရာဝန်ကရော... ဘာပြောလိုက်လဲ"

စိတ်အားထက်သန်စွာ မေးရှာပါသော မောင့်ကို ကျွန်မမော့ကြည့်လိုက်မိပါသည်။ ဒေါက်တာမြင့်ကျော်အခန်းမှ ထွက်လာသော်လည်း ကျွန်မစကားမပြောမိခဲ့ပါ၊ ယခုသတင်းထောက်ကိုအေးဆင့် ဆိုသူကို စေ့စုံစွာမေးပြီး ပြန်လာခဲ့သော်လည်း... ကျွန်မအတွေးနှင့်ကျွန်မ ဖြစ်နေပါ၍ မောင့်ကို ဘာစကားမှ ပြန်လည်မပြောကြားမိပါ။ မောင်ကမေးလာမှ မောင့်ကိုသတိရကာ အားနာသွားမိသလိုလို ဖြစ်ရပါပြီ။

"မောင်စိတ်ပူသလို မြတ်စိတ်မှာလည်း ထိတ်နေရပါတယ်မောင်၊ မြတ်အတွေးလွန်သွားလို့ မောင့်ကို လျစ်လျူရှုမိသလို ဖြစ်သွားရတာပါ... မောင်မြတ်ကို ခွင့်လွှတ်နော်"

"အရေးရေးတိုင်းကို ခွင့်လွှတ်ပြီးသားပါမြတ်ရယ်၊ ကဲ မနုထွေးအကြောင်း မောင့်ကို ပြောပါဦး"

"ဒေါက်တာမြင့်ကျော်ရဲ့အဆိုအရတော့...မနုထွေး တံကြမ္မာလမ်းကြောင်းပေါ်မှာ ရှိနေတယ်တဲ့... သူ့ရဲ့ အခြေ ငါးဆယ်ရာခိုင်နှုန်းပဲ အားရစရာရှိတယ်လို့ ဆိုပါတယ်မောင်၊ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



သေတမ်းစစ်ချက်ယူဖို့ မေးမြန်းစစ်ဆေးတဲ့အခါမှာ ကိုကို… ဆိုတဲ့ စကားလုံးပဲ ပြောနိုင်တယ်လို့ ဆိုပါတယ်''

''သေဆုံးကာနီး ဝေဒနာခံစားနေရသူတစ်ယောက်ဟာ သူ့ကို သတ်တဲ့လူ၊ သတ်ဖို့ ကြိုးစားတဲ့လူကို အတတ်နိုင်ဆုံးနည်းနဲ့ ဖွင့်ပြောလေ့ရှိကြတယ်တဲ့မြတ်… ဒီတော့ မနုထွေးကိုသတ်တာ၊ ကိုကို ဆိုတဲ့လူများလားပဲ… မနုထွေးက ဘယ်သူ့ကို ကိုကိုလို့ခေါ်လဲ မြတ် သိလားဟင်''

''သိပါတယ်မောင်… မြတ်လည်း ဒါကိုပဲ ဖြစ်နိုင် မဖြစ်နိုင် စဉ်းစားနေမိတာပါ…မနုထွေးက ကိုကိုလို့ခေါ်တဲ့လူဟာ ကိုမြတ်နောင် ပါ''

''ဟင်… ကိုမြတ်နောင်း''

မောင်က တအံ့တဩ ရွတ်ဆိုရင်း ကျွန်မဘက်သို့ လှည့်ကြည့် လာပါသည်။ ကျွန်မမျက်နှာသည်လည်း အတွေးပေါင်းစုံကြောင့် မျက်တောင်ပင် မခပ်နိုင်လောက်အောင် တည်ငြိမ်နေလိမ့်မည်ထင် သည်။

အခင်းဖြစ်တဲ့ညက ကိုမြတ်နောင်နှင့် မနုထွေးတို့ ပြော နေပုံများနှင့် ကျွန်မမြင်တွေ့လိုက်ရပါသော ကိုမြတ်နောင်၏ အမူအယာ များကို ကျွန်မ တစ်စချင်းတွေးယူပြီး၊ မူခင်းသတင်းထော ကိုအေးဆင့် ပြောကြားလိုက်သော စကားများနှင့် ဆက်စပ်ယူလိုက်



သဖြင့်…မောင့်ကိုတစ်ဆင့် ကျွန်မက ပြန်လည် ပြောကြားလိုက်ရ ပါသည်။

''အဲဒီညက… ပထမစတွေ့တာ မအေးမိတဲ့မောင်… သူက ပွဲသိပ်မကြိုက်တဲ့လူဆိုတော့ အိပ်ငိုက်လာတာနဲ့ ပွဲခင်းထဲက ပြန် အလာ… နောက်ဖေးကြောင်လိန်လှေကားအောက်မှ တအင်းအင်း ငြီးရင်း… မားဒဏ်ရာနဲ့ လဲနေတဲ့ မနုထွေးကို တွေ့တော့… သူက ကြောက်အားလန့်အားနဲ့ ဒေါ်အိုဇာကို ပြေးခေါ်တယ်တဲ့၊ ဒီနေရာမှာ ဒေါ်အိုဇာက သိပ်ပြီးပါးနပ်လို့ ပွဲမပျက်သွားတာပေါ့၊ သိပ်ပြီး ရုတ်ရုတ် သဲသဲ ဖြစ်မသွားရတာပေါ့''

''ဒေါ်အိုဇာက ဘာလုပ်သလဲ…ဟင် မြတ်''

''ကိုမြတ်နောင်နဲ့ တိုင်ပင်ပြီး… မြတ်မဟာရဲ့ ခြံဘေးတံခါးကို ဖွင့်… မနုထွေးကို ကားပေါ်တင် ဒေါ်အိုဇာကိုယ်တိုင် လိုက်ပြီး ဆေးရုံလိုက်ပို့ပေးလိုက်တယ်ဆိုပဲ''

''ရဲကလာပြီးစစ်လား… ဆေးလား မလုပ်ဘူးတဲ့လား''

''လာပါတယ်တဲ့… ပွဲသိမ်းပြီးမှလာတော့ လူသိပ်မသိလိုက် တော့ဘူးပေါ့၊ မောင်တောင် ဘာမှ မကြားလိုက်ဘူးမှတ်လား၊ မနက် မိုးလင်းမှသိတယ်ဆို''

''ဟုတ်တယ်မြတ်… မြတ်လည်း မောင်ပြောမှသိတာနော်''

''အင်းပေါ့၊ မြတ်ကိုယ်မြတ်လည်း အအိပ်လွန်သွားမိ… ဖြစ်နေရပါတယ်မောင်၊ အင်းလေ မြတ်မသိတာလည်း…



www.burmeseclassic.com

ကောင်းပါပဲလေ၊ ဒီကိစ္စမှာ သိနေ ပါဝင်နေမိရင် မြတ်ပါ… ကိုမြတ်နှောင်းတို့ ဒေါ်စိမ်းညိုတို့လို အချောင်ရဲ့ဌာန လိုက်နေရဦးမှာ''

''ကဲ… မြတ်… ဒါတွေက သူများကိစ္စတွေပါ… မောင်ပြောချင်တာလေးလည်း ပြောစမ်းပါရစေဦး''

''ပြောပါမောင်… ပြောပါ''

''မြတ်ကို၊ ဒီမြတ်မဟာမှာ မောင်စိတ်မချနိုင်တော့ဘူး။ မိန်းကလေးတွေကိုမှ ရွေးသတ်နေတဲ့ လူသတ်သမားဟာ မြတ်မဟာမှာ တကယ်ရှိနေပြီမြတ်၊ ဘယ်သူဘယ်ဝါရယ်လို့သာ မသိတာ ဒီနေရာမှာ မြတ်ကို မောင်မထားချင်တော့ဘူး…၊ မြတ်နဲ့မောင်က တစ်အိမ်တည်းမှာလို ဖြစ်ပေမယ့် တစ်ယောက်နဲ့တစ်ယောက်က တစ်တိုင်းပြည်ဆီလို ကွာဝေးနေတာပါမြတ်၊ မောင်မြတ်ကို သိပ်ချစ်တယ်။ ချစ်လွန်းတော့လည်း ချစ်ရသူအတွက် စိတ်မချနိုင်အောင် ဖြစ်ရပါတယ်၊ မြတ်နဲ့မောင် အရေးလည်း ထည့်တွေးပါဦးတော့ အချစ်ရယ်…''

''ဟုတ်ပါတယ်မောင်…၊ မြတ်…မြတ်မဟာမှာ ကြာကြာနေလို့ မဖြစ်တော့ဘူးဆိုတာ မြတ်ကိုယ်တိုင်လည်း သိပါတယ်၊ ဒီတော့ မြတ်ရဲ့ လာရင်းကိစ္စကို အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်ပြီး မြတ်မဟာက ထွက်သွားဖို့ မြတ်ဆုံးဖြတ်ပြီးပါပြီ၊ မြတ်…မြတ်မဟာက ထွက်လာရင် မြတ်ရဲ့ ခိုနားစရာ နေရာဟာ မောင့်ရင်ခွင်ပါပဲအချစ်ရယ်''

❖





သည်ညနေစာထမင်းဝိုင်းတွင် စကားသံတို့ တိတ်ဆိတ်နေပါ၏။ ဘယ်သူကမှ စကားတစ်ခွန်းမျှ မစဖြစ် ကြပါပေ။ ကျွန်မကလည်း သားအမိနှစ်ယောက်၏ အရိပ်အကဲကိုကြည့်ရင်း ဗွန်းခက်ရင်းကိုပင် ဖြည်းညင်းညွှင်သာစွာ ကိုင်တွယ်၍ စားသောက်နေရပါသည်။ သူတို့သားအမိနှစ်ယောက်လုံး၏ မျက်နှာများမှာ ခက်ထရော် တင်းမာလွန်းနေကြပါသည်။ ကျွန်မကို ခင်ချစ်ခန့် အစစ်ပင် ထင်မှတ်နေဆဲ ရှိပါသော်လည်း ကျွန်မကို မြတ်မဟာသို့ ခေါ်ဆောင်မိခြင်းအတွက် ဒေါ်စိမ်းညိုကိုယ်တိုင် နှောင်တရနေဟန် ရှိပါသည်။ သူက ကျွန်မကို…

''ဒေါ်အိုဇာ တားပါရက်နဲ့ မနက်ပိုင်းက ဖွတ်ထွက်သွားတယ်ဆို''

''မနုတွေးကို သွားကြည့်တာပါ ကြီးကြီးစိမ်း''

''မင်းနဲ့ဘာဆိုင်လို့လဲ ခင်ချစ်ခန့်၊ မင်းအနေနဲ့ မြတ်မဟာရဲ့ အတွင်းအပြင် ကိစ္စတွေကို ဘာမှဝင်ပါဖို့ မသင့်ဘူး။ စည်းစိမ်နဲ့နေပြီး စိမ်နဲ့စားနေရတာပဲ မတော်သေးဘူးလား၊ သိပ်ကို စပ်စုချင်တဲ့ မိန်းကလေးပဲ။ မင်းကို ခေါ်မိတာ ငါတော့ ဒုက္ခဖြစ်ရလိမ့်မယ် ထင်ပါရဲ့''

ကျွန်မ… ရင်မှာ ပြန်လှန်ချေပချင်သော စကားတို့နှင့် အပြည့် ရှိနေပါသော်လည်း ကြိတ်မှိတ်၍သာ ခံစားနေရပါသည်။

www.burmeseclassic.com



ကိုမြတ်နှောင်းက စားလက်စခက်ရင်းကို ပန်းကန်ပေါ်သို့ ခပ်ပြင်းပြင်း လွှတ်ချရင်း ထမင်းစားခန်းမှ ထွက်သွားပါတော့သည်။ ဒေါ်စိမ်းညိုသည်လည်း ထမင်းကို ဆက်လက်မစားနိုင်တော့ပါဘဲ သားထွက်သွားရာ အပေါက်သို့သာ ငေးနေပေသည်။ သူတို့သားအမိသည် ပြဿနာကြီးတစ်ခုနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီဖြစ်ကြောင်း ယုံမှားစရာမရှိပါပေ။

ကျွန်မရောက်သည်မှ ဒေါ်စိမ်းညိုတစ်ယောက် သည်လောက်မျက်နှာပျက်နေသည်ကို မမြင်ဘူးခဲ့ပါပေ။ ကျွန်မ ဒေါ်စိမ်းညိုကို ကြည့်နေပါသော်လည်း ဒေါ်စိမ်းညိုက ကျွန်မကို မြင်ပုံမရပါပေ။ ဒေါ်စိမ်းညိုသည် အခန်းပေါက်ဝကို ငေးနေရာမှ အတွေးလွန်ကဲသွားဟန် ရှိပါသည်။ ကျွန်မကလည်း သူ့ကို ငေးကြည့်နေမိစဉ် သူက ဖျတ်ခနဲ ကျွန်မဘက်သို့လှည့်လာပါ၍ ကျွန်မမှာ ရှောင်ချိန်တိမ်းချိန် မရလိုက်တော့ပါဘဲနှင့် သူနှင့် အကြည့်ချင်းဆုံသွားမိရပါသည်။ ဒေါ်စိမ်းညိုက ခက်ထန်သောအကြည့်ဖြင့် ကျွန်မကိုကြည့်ရင်း…

"စားပြီးပြီမှတ်လား… ခင်ချစ်ခန့်၊ မင်းအခန်း မင်းပြန်နိုင်ပြီ…"

သူ့စကားဆုံးလျှင်ပင် ကိုင်ထားနေမိဆဲဖြစ်သော ဇွန်းခရင်းကို အသာချထားခဲ့ပြီး ကျွန်မအခန်းပြင်သို့ ထွက်လာခဲ့ပါသည်။ ကျွန်မအခန်းဘက်သို့ ပြန်မသွားသေးပါဘဲ ပန်းခြံရှိရာ အပြင်ဘက်သို့ ကျွန်မထွက်ခဲ့မိပါသည်။





ဒေါ်စိမ်းညိုနှင့် ကိုမြတ်နှောင်းတို့သည်သာ စိတ်ဆင်းရဲခြင်းကြီးစွာဖြင့် ပြဿနာကို ရင်ဆိုင်နေရသည်မဟုတ်ပါ။ ကျွန်မကိုယ်တိုင်လည်း သောကကြီးမားနေရပါပြီ။ သူတို့ပြဿနာ တက်နေပါသဖြင့် ကျွန်မ၏ အကြံအစည်လည်း ပျက်ရမလို ဖြစ်နေပါသည်။

ပန်းခြံ၏ အရှေ့ပိုင်းဝရံတာမှ ကျွန်မထွက်၍ အောက်ခြေသို့ ဆီးကြည့်နေမိရာ ကိုမြတ်နှောင်း၏ လှင့်ရှိဗာကားက တစ်နာရီလျှင် မိုင်ခြောက်ဆယ်နှုန်းမျှလောက်သော အရှိန်ဖြင့် မြတ်မဟာမှ ထွက်ခွာသွားပါသည်။ သူ၏ ကားရှိန် မြန်လွန်းမှုမှာ ကြောက်ခမန်းလိလိပါပင်။ ထမင်းဝိုင်းမှ ထွက်သွားစဉ်က အစီအစဉ်ရှိဟန် မတူပါ။ ရုတ်တရက် အကြောင်းပေါ်လာ၍ပင် ဖြစ်ရမည်၊ ကိုမြတ်နှောင်းတစ်ယောက် ကားကိုသည်မျှ လျှင်မြန်စွာ မောင်းသွားရခြင်း၏ အကြောင်းရင်းကို ကျွန်မလိုက်၍ပင် မေးချင်မိပါသည်။

ကျွန်မသည် စံပယ်ရုံလေး နဘေးတွင် ရပ်မိသည့်အခါ မနုထွေး တင်စားခဲ့သော စံပယ်ပွင့်နှင့် ခံပွင့်အကြောင်းကို တွေးမိလာပါသဖြင့် မနုထွေးအတွက် ရင်နင့်လှပါသည်၊ မနုထွေး၏ အခြေအနေကို ဘွားမိလာသည့်အခါတွင်လည်း ရင်မှာ ပူလောင်လာမိအောင်ပင် စိုးရိမ်မိပါတော့သည်။ ဒေါက်တာမြင့်ကျော် ပြောလိုက်သော စကားများကိုလည်း နားထဲတွင် ပြန်လည် ကြားယောင်လာမိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မနုထွေးရဲ့ အခြေအနေကတော့ အားရစရာ မကောင်းလှသေးပါဘူးခင်ဗျာ။ ဒဏ်ရာက ကြီးကျယ်ရတဲ့အထဲ လှေကားပေါ်ကလည်း လိမ့်ပြီးကျခဲ့ဟန်တူပါတယ်၊ ကလေးလည်း ပျက်ကျသွားပါတယ်၊ သူ့သန္ဓေကတော့ သိပ်မရင့်သေးပါဘူး၊ နှစ်လလောက်ပဲ ရှိပါဦးမယ်"

သိမ်မွေ့နူးညံ့စွာ စကားဆိုရှာပါသော ဆရာဝန်၏ အသံသည် ကျွန်မနားနားကပ်၍ မိုးခြိမ်းလိုက်သံနှင့် ကျွန်မရင်ဝယ် လန့်ထိတ်သွားခဲ့ရပါသည်။ မနည်း ဣန္ဒြေဆောင်ကာ ဆရာဝန်အခန်းမှ ထွက်လာခဲ့ပြီး မောင့်ကိုလည်း ဘာမှမပြောဖြစ်ပါဘဲ သင့်တင့်စွာသာ ရင်ဆိုင်ခဲ့ရပါတော့သည်။

မနုထွေး၏ရင်မှ ကိုယ်ဝန်သည် ကိုမြတ်နှောင်းနှင့်လည်းကောင်း ဦးလွန်းတင်နှင့်လည်းကောင်း ဖြစ်ရမည်မှာ တွေးစရာပင် မလိုပါချေ။ မနုထွေး၏ အသက်အန္တရာယ်ကို ရန်ရှာသူမှာ ထိုနှစ်ယောက်အနက်မှ တစ်ယောက်ဖြစ်နေလေမလားဟု ကျွန်မ တွေးကြည့်မိပါသည်။ ပိုမိုဖြစ်နိုင်သူက ကိုမြတ်နှောင်းပေါ့ပင်။

"သူတို့ချင်း ဘယ်လိုရန်ညှိုးနဲ့ ဘယ်လိုအတိတ်မျိုးပဲရှိရှိ ငါလည်း သတိနဲ့ နေမှပါပဲ။ မိန်းကလေးတွေမှ ရွေးသတ်နေတဲ့ ဒီအိမ်က ငါ့ကိစ္စပြီးပြတ်အောင် ဆောင်ရွက်ပြီး အမြန်ထွက်ခွာနိုင်ပါမှ ငါဟာ အန္တရာယ်က လွတ်နိုင်တော့မှာပါ"

ကျွန်မသည် တွေးရင်း စိတ်တင်းကြပ်လာမိပါသည်။ ယခင်နှင့် စာလျှင် ကျွန်မအဖို့ အန္တရာယ်နှင့် ပိုမိုနီးကပ်လာပြီဖြစ်ကြောင်း



စိတ်တွင် အလိုလိုသိလာမိပါသည်။ သည် သောကများကြောင့် ရင်မှာ လေးလံသော ခံစားမှုများကို သယ်ဆောင်ရင်း ကျွန်မ အခန်းတွင်းသို့ ဝင်လာခဲ့ရပါတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၁၁ ။

ပိန်းပိတ်နေသော အသိအာရုံတွင်းသို့ တစ်ကွက်ချင်း လင်းလက်လာသလို သိစိတ်က မသိစိတ်တွင်းသို့ ထိုးဖောက်ဖြို့ခွဲ နေပါသည်။

နားထဲတွင် ကြီးမားသော ကြွက်တစ်ကောင်က သစ်သားစတစ်ခုကို ကိုက်ဖြတ်နေသလို စိတ်ကထင်နေမိပါ၏။ ကြွက်မောင်းရန် ကြိုးထလိုလုပ်ပါသော်လည်း မျက်စေ့က ဖွင့်မရ အာရုံကြောပေါင်းစုံက နှေးကွေးထုံထိုင်းနေပါသည်။ ညဥ့်ကညနက်မှ အိပ်ပျော်သွားမိပါ၍ ကျွန်မအိပ်ရေးမဝပါ၊ အသံက အဆက်မပြတ် မြည်နေပါ၍ ကျွန်မ အိပ်ချင်လျက်နှင့် တဘက်စောင်းခါ အသံကို နားစွင့်လိုက်မိပါသည်။

သည်အခါ အိပ်ချင်စိတ်တို့ လွင့်ပျယ်သွားပါ၍ ကျွန်မ ခေါင်းထောင်ထလိုက်မိပါသည်။ အသံက တံခါးဆီမှ ဖြစ်ပါသည်။ တခါးပျဉ်ချပ်ကို ဖောက်ထွင်းကိုက်ဖျက်နေသည့်အသံ ဖြစ်နေသဖြင့် ကျွန်မ ဖျတ်ခနဲထ၍ ထိုင်လိုက်မိပါတော့သည်။ ခေါင်းအုံးအောက်မှ





ကျွန်မ၏ ပစ္စတိုသေနတ်ပြားလေးကို ယူ၍ တံခါးဆီသို့ ချိန်ရွယ်လိုက်ရင်း ကုတင်ပေါ်မှ ခြေသံမကြားရအောင် ကျွန်မ ဆင်းလာမိပါတော့သည်။

မှန်ပါသည်။ တံခါးဆီမှ လွှငယ်နှင့် တိုက်ဖြတ်နေသံ ဖြစ်၏။ ကျွန်မ ခေါင်းကြီးသွားသလို ထင်မိကာ တစ်ကိုယ်လုံး ပူခနဲနေအောင် ခံစားလိုက်ရပါသည်။ ကြောက်လန့်သော စိတ်လှုပ်ရှားမှုကြောင့် သွေးလည်ပတ်နှုန်းမြန်ဆန်ကာ ကျွန်မ၏ ရင်သည် တဒိတ်ဒိတ် ခုန်နေပါတော့သည်။

"ငါ့အခန်းကို ချိုးဖျက်ဝင်တော့မယ်၊ ငါ့ကို အန္တရာယ်ပေးတော့မယ်၊ ငါဘယ်သူ့ကို အကူအညီတောင်းရပါ့မလဲ၊ ငါဘာလုပ်ရပါ့မလဲ၊ ငါဘာလုပ်ရပါ့မလဲ၊ ငါဘယ်လို ရင်ဆိုင်ရပါ့မလဲ..."

အတွေးတသီကြီးဖြင့် သေနတ်ကို မျဉ်းဖြောင့်နှင့် တဖြောင့်တည်းညီအောင် တည့်မတ်စွာ ချိန်ရွယ်၍ ကိုင်တွယ်ရင်း တစ်လှမ်းချင်း တံခါးဆီသို့ တိုးကပ်လာမိပါသည်။ တံခါးက အတော့်လေး ပေါက်နေပေပြီ။ လက်တနှိုက်စာမရသေးပါသော်လည်း လက်ညှိုး၊ လက်ခလယ်နှစ်ချောင်းက တံခါးတွင်းသို့ ထိုးသွင်း၍ အပေါ်တင်ထားသော ယေးလ် သော့ဘုလေးကို နှိပ်ချ၍ တံခါးလှည့်ဖွင့်ရန် ကြိုးစားနေကြောင်း ကျွန်မသိလျှင်ပင် လျှင်မြန်သော သတိဖြင့် သေနတ်ဒင်နှင့် လက်နှစ်ချောင်းကို အားပါးတရ ရိုက်ချလိုက်သဖြင့်...

"အ...အား..."



www.burmeseclassic.com

www.burmeseclassic.com



ဟူသော မပီမသသံနှင့် ညီးတွားရင်း ကျွန်မအခန်း၏ လက်ျာဘက်ဆီသို့ ပြေးသွားသော ခြေသံများကြောင့် ကျွန်မက အသံကုန်ကြိုးဟစ်လိုက်မိပါတော့သည်။

"ဒေါ်အိုဇာ...ဒေါ်အိုဇာ...ဒေါ်အိုဇာ"

ကျွန်မတစ်ကိုယ်လုံး တဆတ်ဆတ် တုန်ခါ၍ နေပါသည်။ ကျွန်မ၏ ကျယ်လောင်အောင်မြင်သော အသံကြောင့်...

"ဟင်...ဟင်...လာပြီ လာပြီ... ခင်ချစ်ခန့် ဘာ... ဘာဖြစ်လို့လဲ...ဟင်...တံခါးဖွင့်လေ..."

ဒေါ်အိုဇာက တံခါးကိုထုမှ ကျွန်မသတိရ၍ ကျွန်မ၏ ညဝတ်အင်္ကျီ၏ဘေးအိတ်တွင်းသို့ သေနတ်ပါသောလက်ကို ထည့်လိုက်ပြီးမှ တံခါးကို ဖွင့်လိုက်ရပါတော့သည်။

"ဘာဖြစ်လို့လဲ ခင်ချစ်ခန့် ဟင်...ဟင်"

ဒေါ်အိုဇာ၏အသံနှင့် အပြုအမူက ရေးကြီးသုတ်ပြာ နိုင်လှပါသော်လည်း သူ့အမူအရာကို ကျွန်မ မနှစ်သက်ပါ။ ဒေါ်အိုဇာ၏ အခန်းတံခါးဖွင့်သံ၊ ပြေးလာသံများကို မကြားရပါဘဲနှင့် ကျွန်မအခန်းနား လွယ်လွယ်ကူကူ ရောက်လာပါသော ဒေါ်အိုဇာကို မြင်သာရန် မီးဖွင့်လိုက်ပြီး ကျွန်မလေသံပြတ်ဖြင့်ပင်...

"ဘာဖြစ်ရမလဲ ဒေါ်အိုဇာရဲ့ ကျွန်မအခန်းဖောက်ဖို့ ကြိုးစားနေတာပေါ့၊ ကြည့်ပါလား ဒီမှာ ကျွန်းတံခါးကြီးတောင် ပေါက်နေပြီ"

ကျွန်မ၏ အော်သံ၊ တံခါးဖွင့် ရိုက်ပုတ်ပြသံတို့က အပေါ်





တစ်ထပ်လုံး ကြားသာနိုင်မည်ထင်ပါသည်။

သိုးမွေးစောင်ကို ပခုံးစွန်းနှစ်ဘက်ပတ်၍ ခြုံလျက် စိပ်ပုတီးနက်တစ်ကုံး လက်ကဆွဲကိုင်ရင်း ကျွန်မတို့ရှိရာသို့ ရောက်လာပါသော ဒေါ်စိမ်းညို။

အချိန်က ညဉ့်နှစ်နာရီကျော်နေပြီ ဖြစ်သော်လည်း ဒေါ်စိမ်းညိုသည် အိပ်ယာကထလာသည့်ပုံစံမျိုးလို သူ့မျက်ခွံများ အင်ခြင်း၊ စကားပြောသံ လေးခြင်း၊ ဆံပင်များ ပွယောင်ခြင်း ရှိမနေပါ။ အိပ်နေရာမှ ထလာခြင်းမဟုတ်ပါဘဲ။ ထိုင်နေရာမှ ထလာခြင်းဖြစ်ကြောင်း သိသာလှပါသည်။

"ဘာဖြစ်ကြတာလဲ...ဒေါ်အိုဇာ"

"ခင်ချစ်ခန့်အခန်း လူဖောက်လို့ မစိမ်းညို ဒီမှာ တံခါးကြီးတောင် ပေါက်နေပြီ..."

"အို... သူခိုးကလည်း ရဲတင်းလှချည့်လား"

စိပ်ပုတီးကိုင်ထားသော လက်က ရင်ဘတ်ကိုဖိရင်း ဒေါ်စိမ်းညိုက အံ့ဩသလို ဆိုပါသည်။ ကျွန်မက ဒေါ်စိမ်းညို၏ မျက်နှာကို ရဲရင့်စွာကြည့်ရင်း...

"သူခိုးမဖြစ်နိုင်ပါဘူး၊ ကြီးကြီးစိမ်း သူခိုးသာဆိုရင် ဘာအတွင်းပစ္စည်းမှမရှိတဲ့ ကျွန်မအခန်းဖောက်ပါ့မလား ဖောက်ခြင်း ဖောက်ရင် ကြီးကြီးစိမ်းအခန်း ဖောက်မှာပေါ့..."

"ဒါဖြင့်... မင်းက ဘယ်လိုထင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိမ်းညို၏ အောင်မြင်ခန့်ငြားသော အသံက မြတ်မဟာ တစ်ထပ်လုံး ဟိန်း၍ထွက်လာပါသည်။ သူ၏ စူးရှသော အကြည့်နှင့် တင်းမာလွန်းသောလေသံကြောင့် ကျွန်မပင် လန့်သွားမိသလို…ဘာကို ပြန်ပြောရမှန်း မသိတတ်နိုင်အောင် ဖြစ်သွားရပါသည်။ ယင်းအခိုက် တွင် အနောက်ဘက်မှ ခြေသံလို ကြားရပါသဖြင့် ကျွန်မ လှည့်ကြည့် လိုက်ရာ ကျွန်မအခန်း၏ တောင်ဘက် စင်္ကြံလမ်းဆီမှ လျှောက်လာ သော ကိုမြတ်နှောင်းကို မြင်လိုက်ရပါသဖြင့်… ကျွန်မ အံ့သြလွန်းစွာ သူ့ကို ငေးကြည့်နေမိပါသည်။

သူ၏အခန်းသည်… ကျွန်မအခန်း၏ မြောက်ဘက်ပိုင်းကျရာ အရပ်တွင်ရှိပါလျက် အချိန်မတော် တောင်ဘက်မှ ထွက်လာသည့် အတွက်… ကြောင်မိနေသော ကြွက်သူငယ်၏ မျက်လုံးများလို ပြူးကျယ်ဝိုင်းစက်ပြီး စိုးကြောက်ရွံ့ထိတ်ခြင်းအသွင် ဆောင်နေရာမှ ကျွန်မတို့တစ်စုကိုမြင်မှ ရင်အေးသွားသလို တိတ်တခိုး သက်ပြင်းချ လိုက်ရင်း ကျွန်မတို့အနားသို့ ကပ်လာပါပြီး…

“ဘာဖြစ်နေကြတာလဲ မေမေ”

“ဒီမှာလေ ခင်ချစ်ခန့်အခန်း သူခိုးဝင်ဖောက်လို့ တံခါးတောင် နည်းနည်းပေါက်သွားတယ်… ဒါကို သူက သူခိုးမဟုတ်နိုင်ပါဘူး လေး ဘာလေးနဲ့ ဆင်ခြေတက်နေသေးတယ်… မခဲက်လား ကိုမြတ်နှောင်း…”

ဒေါ်စိမ်းညို၏စကားကို ကိုမြတ်နှောင်းက ဘာမှမပြန်ကြား





မည်သို့သော ထင်မြင်ချက်မှလည်း မပေးပါဘဲနှင့် ကျွန်မတစ်ကိုယ် လုံးကို ခြုံ၍ စူးစိုက်စွာ ကြည့်နေပါသည်။ သူ့အကြည့်က ကျွန်မကို အသေအချာ လေ့လာနေသည့်ဟန်မျိုး စူးစမ်းနေသည့်အသွင်မျိုးဖြင့် သူကပင် တစ်ပြန် ကျွန်မကို… မသင်္ကာသလို ကြည့်နေပြန်ပါသည်။ သူ့အကြည့်က အိပ်နိုက်ထားသော ကျွန်မလက်ဆီသို့ အတန်ကြာ အသေအချာ လေ့လာစိုက်ကြည့်နေပါသည်။

ကျွန်မမှာ သူတို့သုံးယောက်အလယ်တွင် ရောက်ရှိနေရခြင်းကို လူသားများအလယ်၌ ရပ်နေရသည်မျိုး မမြင်နိုင်တော့ပါ၊ တစ္ဆေ၊ သူရဲ စသည့် ဝိညာဉ်ကောင်များ၏အလယ်တွင် အန္တရာယ်ပြုအံ့ဆဲဆဲ အချိန်မျိုးလို စိတ်က ထင်မြင်နေမိပါသည်။ သူတို့သုံးဦးလုံး၏ အကြည့် နှင့် ကျွန်မပေါ် အမြင်များက နှစ်သက်စရာ တစ်ကွက်မှ မရှိနိုင်ပါ၊ ယခု ညတွင်းချင်းပင် ကျွန်မ၏ အခွင့်အရေးများကို အပြီးတိုင် စွန့်လွှတ်ကာ မြတ်မဟာမှ ထွက်ခွာသွားချင်မိပါပြီ… တစ်ယောက်နှင့် တစ်ယောက် မျက်ခြေမပြတ် ကြည့်နေကြပါသဖြင့် တင်းမာနေသော အခြေအနေကို ဒေါ်စိမ်းညိုက ထိန်းသိမ်းလိုက်ပါသည်။

“ကဲပါလေ…သူခိုးပဲဖြစ်ဖြစ်၊ ဓားပြပဲဖြစ်ဖြစ်၊ အန္တရာယ်ကတော့ ပြီးဆုံးသွားပြီပဲ၊ ညဉ့်နက်လှပြီ… ကိုယ့်အခန်းသာ ကိုယ်ပြန် အိပ်ကြတော့”

“အိပ်ကြပါလေ… ကျွန်မကတော့ ထိုင်နေရမှာပဲ [illegible] စိမ်း ဒီတံခါးအပေါက်ကြီးနဲ့လည်း ကျွန်မ တမေ့တမော [illegible] ရဲဘူး”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိမ်းညိုက ကျွန်မကို စိတ်ညစ်သလို မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်ရင်းက

''ဒါဖြင့်လည်း... ငါ့အခန်းလိုက်ခဲ့လေ...''

''အို... မေမေက ဘယ်သွားအိပ်မလဲ... သူ့ကို ဒေါ်ကြီးနဲ့ သိပ်လိုက်ပေါ့... ဒေါ်ကြီးသူ့အခန်းမှာ ပြောင်းအိပ် ပေးလိုက်ပါ''

သူတို့စကားများက လက်ရှိအခြေအနေနှင့် များစွာ လျော်ကန်သင့်မြတ်လှပါသော်လည်း သူတို့သုံးယောက်လုံးကို ကျွန်မ မယုံရဲပါ... အန္တရာယ်သည် သူတို့သုံးယောက်ဆီမှ လာသည်ဟု အထင်ရှိနေပါသော ကျွန်မမှာ ဘယ်သူ့ကိုမှ စိတ်မချနိုင်ပါ၍...

''ကိစ္စမရှိပါဘူးလေ အစ်ကို... ကြီးကြီးစိမ်း ပြောသလို အန္တရာယ်ဟာ ပြီးဆုံးသွားပြီလို့ ထင်ပါတယ်... ဒေါ်အိုဇာသာ သတိနှင့်ထားပေးပါ။ ကျွန်မအခန်းမှာပဲ ကျွန်မ ပြန်အိပ်ပါမယ်၊ ဒါ အစ်ကိုနဲ့ ကြီးကြီးစိမ်းတို့လည်း အိပ်ပျက်နေကြပါမယ်... ပြန်သာ အိပ်ကြပါတော့နော်''

ကျွန်မက မျက်နှာကို အတတ်နိုင်ဆုံးပြုံး၍ ချိုသာစွာပြောပါသော်လည်း... သူတို့ထံမှ ကျွန်မနှင့်တူညီသော တုန့်ပြန်မှုကို မရခဲ့ပါ၊ သုံးယောက်လုံး၏မျက်နှာမှာ အပြုံးနှင့် အလှမ်းကွာဝေးလှပါဘိ၊ မျက်စေ့ရော၊ မျက်နှာရော ဟန်အမူအရာပါ ပျက်နေကြပါသည်... ဟန်ဆောင်နိုင်ခြင်း အလျဉ်းမရှိလောက်အောင်ပင် ချောက်ချားနေပါကြောင်းလည်း မြင်တွေ့ရပါ၏။ သုံးယောက်လုံးတွင် တူညီသော ခံစားမှုများ ရှိနေကြောင်းလည်း မြင်ရပါ၍... တကြိတ်ကြိတ်တည်း တဘုဏ်တည်းများ ဖောက်ပြန်နေကြလေသလား... အခြေအနေကို ကျွန်မကပင် ပြန်လည်ရုပ်သိမ်းလိုပါ၍...

''ကျွန်မအိပ်ပျက်ရင် ခေါင်းမူးတတ်ပါတယ်... အိပ်ခွင့်ပြုပါတော့နော်၊ ကျွန်မအတွက်လည်း မစိုးရိမ်ကြပါနဲ့ စိတ်ချလက်ချသာ ပြန်အိပ်ကြပါတော့''

သူတို့အားလုံးကို ထားခဲ့ကာ ကျွန်မအခန်းတွင်းသို့ ဝင်လာခဲ့ပါတော့သည်။ ကျွန်မတံခါးချပ်ကို ပြန်ပိတ်ရန် သူတို့ဘက် မျက်နှာလှည့်လိုက်သည့်အချိန်ထိ၊ သူတို့က ကျွန်မကိုရပ်၍ ကြည့်နေကြဆဲ... ကျွန်မက တံခါးချပ်ကို ဖြည်းညင်းစွာ ပိတ်လိုက်သည့်အခါမှ ကျွန်မမြင်ကွင်းတွင်းမှ သူတို့ ပျောက်ကွယ်သွားရပါတော့သည်။

သဲကွဲပီပြင်ခြင်းမရှိသော တီးတိုးစကားသံများကို ကြားရပြီး သူတို့သုံးယောက်လုံး စင်္ကြံလမ်းရှိရာ ကျွန်မအခန်း တောင်ဘက်သို့ ထွက်ခွာသွားသည့် ခြေသံများကို ကြားလိုက်ရပါတော့သည်။

ကျွန်မက ဂျပန်ပြက္ခဒိန်အဖုံးတစ်ခုကို ကပ်ကြေးဖြင့် ညှပ်ပြီး ဆေါက်နေသည့် တံခါးရွက်နေရာတွင် ပိတ်၍ စယ်လိုတိပ်(ဝ)ဖြင့် အကြည်ပြားလေးကို ခွေမှဖြတ်၍ လေးဘက်လေးတန် ကပ်လိုက်ပါသည်။ လုံလဲခြင်း ခိုင်ခံ့ခြင်း မရှိပါသော်လည်း အမြင်မှ ကာဆီးသည့် ယာယီဖန်တီးထားရခြင်းသာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ ပြန်မအိပ်နိုင်တော့ပါ၊ ပြန်မအိပ်ရဲတော့ပါ။ သူတို့ အထင်၌ အိပ်သွားသည့် သဏ္ဍာန်မျိုး ဖြစ်စေရန် မီးပိတ်ထားလိုက်[illegible] ပါသည်။ ကျွန်မ အိပ်ယာထက်တွင် ပြန်လှဲနေမိပါလျှင် အိပ်ချင်စိတ်[illegible] ဝင်သွားမှာစိုးပါ၍ ကုတင်ပေါ်၌ပင် ငုတ်တုတ်ထိုင်ရင်း စဉ်းစားရ[illegible] သည်။ လက်ရှိ တင်းကြပ်လာသော အခြေအနေကို သုံးသပ်ရပါ[illegible]

"ဩော် မောင် စိတ်မချဘူးဆိုလည်း မချစရာပါပဲ၊ အန္တရာယ် ကတော့ ငါနဲ့ သိပ်နီးနေပြီ တံခါးသာ သူဖွင့်လို့ ရသွားရင် ငါ့အဖြစ်[illegible] မတွေးဝံ့စရာပါပဲလား၊ ငါဒီအိမ်မှာ ကြာရှည်မနေသင့်တော့ဘူး၊ မောင်[illegible] တိုင်ပင်မယ်… မောင်နဲ့လည်း မခွဲချင်တော့ဘူး… မနက်ဖန်[illegible] ငါ့လုပ်ငန်းအသေးစိတ် စီစဉ်မယ်၊ ငါ့အတွက် ရောင်ခြည်လက်လာ[illegible] ငါစဉ်းစားလို့ရပြီ၊ ငါ့ရဲ့ ထွက်ရပ်လမ်း တွေ့နိုင်ပြီ၊ ငါမနက်ဖန်[illegible] အားလုံး အင်တိုက်အားတိုက် ဆောင်ရွက်တော့မယ်… မိုးသာ မြန်မြန်လင်းစမ်းပါတော့ကွယ်…"

❖



အိပ်ပျက်သည့်ဒဏ်ကြောင့် နုံးခွေနေသည်ကို [illegible] ချမ်းလျက်နှင့်ပင် ကျွန်မရေချိုးလိုက်ရပါတော့သည်။ ရေချိုး[illegible] သည် လူ၏ကိုယ်ခန္ဓာရော စိတ်ပါ လန်းဆန်းသစ်လွင်မှုကို [illegible] ပါသည်။ နံနက်စာ လက်ဖက်ရည်ပွဲလာမပို့မီပင် ကျွန်မမှာ [illegible] သားရေအိတ်လေးကို ယူဆောင်၍ မြတ်မဟာအိမ်သားများ[illegible] အိမ်ပေါ်မှ ဆင်းခဲ့ရပါသည်။

ပထမထပ်အရောက်တွင် သွားတိုက်ဆေး သွားပွတ်[illegible] ဆပ်ပြာခွက်ကိုကိုင်လျက် ပခုံးထက်တွင် မျက်နှာသုတ်ပဝါ [illegible] တစ်ထည်ကို လွှားတင်ရင်း ရေချိုးခန်းဘက်သို့ လာနေသော ဦးလွန်းတင်နှင့် လှေကားမှ ဆင်းလာသော ကျွန်မတို့ ပက်ပင်း[illegible] ကြသည်။ သူက ကျွန်မကို မကောင်းဆိုးဝါး သတ္တဝါတစ်ကောင်ကို မြင်လိုက်ရသည်သို့ပင် အလန့်လန့် အထိတ်ထိတ်ဖြင့်…။

"ဟင်…မ…မခင်ချစ်ခန့်…ဒါ…ဒါ ဘယ်လဲ [illegible] ချည့်လား…"

"လမ်းလျှောက်ထွက်မလို့ပါ၊ ဦးလွန်းတင်…ဒါနဲ့… ဦးလွန်း တင်က ဒီမှာအိပ်သလား… မနေ့တွေးရော… ဘယ်လို[illegible] လဲဟင်…"

ကျွန်မအမေးများကို ဦးလွန်းတင်က ရုတ်တရက် [illegible] ပါဘဲ ကျွန်မကို အံ့ဩလွန်းသလို စိုက်ကြည့်နေမိပြီးမှ…

"သမီးအခြေအနေက… စိတ်မချရသေးပါဘူး…[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဒီမှာ အိပ်တာကြာပါပြီ… နေစမ်းပါဦး…ခုလို မခင်ချစ်ခန့် အစောကြီး လမ်းထွက်လျှောက်မှာကို ဒေါ်စိမ်းညိုက ခွင့်ပြုထားသလား''

''ကျွန်မက ဆယ့်သုံးနှစ်တစ်ရက်လျှော့လေးမှ မဟုတ်တာပဲ ဦးလွန်းတင်ရယ်၊ အညောင်းပြေ အညာပြေ လမ်းလေးမှ လျှောက်ခွင့်မရှိရတော့ဘူးတဲ့လား…ကဲ… ကျွန်မသွားလိုက်ပါဦးမယ်''

ဦးလွန်းတင်ကို ခပ်တည်တည်ပင် ရင်ဆိုင်လိုက်ရင်း ကျွန်မ လှေကားမှဆင်းခဲ့ရပါသည်။ လှေကားသုံးလေးထစ်မျှ နင်းမိလျှင်ပင် ကျွန်မစိတ်တွင် အသိတစ်ခု ဝင်လာခဲ့ပါပြီ။ လှေကားပေါ်သို့ ပြန်လှည့်တက်ခဲ့ပြီး ကြည့်လိုက်မိရာ တည်းခိုနေသည့် ဧည့်သည် တစ်ယောက်တလေမှ မမြင်ရသည့်ပြင် ဦးလွန်းတင်လည်း မရှိတော့ပါ၊ ရေချိုးခန်းသို့ ဝင်သွားပြီထင်ပါသည်။ သန့်ရှင်းရေး အလုပ်သမားလေး နှစ်ယောက်သာ ကြမ်းတိုက်နေကြပေသည်။ ကျွန်မက လျှင်မြန် ဖျတ်လပ်စွာပင် မောင့်အခန်းရှိရာသို့ လာခဲ့ပြီး တံခါးကို ခေါက်လိုက်မိပါတော့သည်။ ချက်ချင်းလိုပင် တံခါးကပွင့်လာပြီး…မောင်က…

''ဟင်… မြတ်… မြတ်ပါလား… ဘာအရေးကြီးလို့လဲ… ဟင်…''

''ဖယ်မောင်… သူများမြင်ရင် မကောင်းဘူး… မြတ်အထဲဝင်လိုက်မယ်…''

မောင်က ဖယ်ပေးသဖြင့် ကျွန်မ မောင့်အခန်းတွင်းသို့ ရဲဝင့်စွာ ဝင်လိုက်မိရာ မောင်က…လှမ်းထားသော အင်္ကျီများ လွှားထားသော





အဝတ်များကို အမြန်လိုက်၍ ရုပ်သိမ်းပြီး လုံးထွေးကာ ကုတင်ပေါ် ပစ်တင်လိုက်ပြီးမှ…

''ထိုင်လေမြတ်… ဘာကိစ္စရှိလို့လဲ… အချစ်…''

''မြတ်ဒီမှာ… မနေချင်တော့ဘူးမောင်… မြတ် မြတ်[illegible] အပြီးတိုင် ထွက်ခွာသွားဖို့ စိတ်ကူးပြီးပါပြီ…''

''တကယ်လားမြတ်… ဟင်… ဘယ်တော့ သွားမှာ လဲ…''

''မနက်ဖန်…''

''ဟာ… မြန်လှချည့်လားမြတ်ရယ်… ဒီတော့ [illegible] ဘာလုပ်ပေးရမလဲ…''

''အကူအညီလာတောင်းတာ မဟုတ်ပါဘူး ကိုမြင့်[illegible] အကြောင်းလာကြားတာပါရှင်…''

''ဟာ… မြတ် စိတ်ဆိုးသွားပြီကွာ''

''စိတ်မဆိုးပါဘူး စိတ်ဆိုးစရာ အကြောင်းမှမရှိတာ''

''မြတ်ရယ်…ဟောဒီလို မျက်နှာထားတည်တည်နဲ့ [illegible] စကားမပြောလိုက်ပါနဲ့၊ ဒီမြတ်မဟာမှာ မြတ်မရှိရင် မောင်[illegible] ဘာအကြောင်းထူးတော့မှာမို့လဲ၊ မြတ်မရှိတဲ့နေ့ဟာ မောင်[illegible] မြတ်မဟာက ထွက်ခွာသွားရမယ့်နေ့ပါ မြတ်… ဒါနဲ့ မြတ်[illegible] အစကပြောခဲ့တယ်လေ၊ မြတ်… မြတ်မဟာကထွက်လာ[illegible] ခိုနားစရာနေရာဟာ မောင့်ရင်ခွင်ပါပဲ… ဆို၊ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုအစီအစဉ်တွေများ ရှိနေလို့ မောင့်ကို လာအကြောင်းကြားတာပါဆိုတဲ့ စိမ်းစိမ်းကားကား စကားကို ဆိုခဲ့ရတာလဲကွယ်"

"မြတ်မဟာက ပြန်ရင် ဘယ်ကိုသွားမယ်ဆိုတာ သူ့ကိုပြောပြီးမှပဲ…တစ်ခါတည်း…"

"ဟား…ဟား…မောင်က တော်တော်ကြောင်တဲ့ကောင်ကွာ ဘာတွေပြောမိမှန်း မသိပါဘူးဗျာ၊ စိတ်ဆိုးသွားတဲ့ မျက်နှာလေးက ပိုတောင်လှသေးတယ်၊ မြတ်… မြတ်မဟာက ပြန်ရင် နိုဝင်မယ့်နေရာဟာ ဟောဒီက မောင့်ရင်ခွင်…မောင့်ရင်…"

"အို…လွှတ်စမ်းပါ။ မြတ်မှာ အရေးသိပ်ကြီးနေတယ်၊ သွားစရာ ရှိနေပါသေးတယ်၊ မြတ်ကိစ္စတွေကို ဒီနေ့နဲ့ ဒီည အပြတ်စီစဉ်ရမှာ မောင်ရဲ့… နက်ဖြန်မနက်အာရုံတက်လောက်ကို မြတ်မြတ်မဟာက ထွက်မယ်မောင်"

"မောင်လည်းလိုက်မှာပေါ့…"

"အင်းဟင်…ဒါဖြင့် မောင်ကားတစ်စင်းစင်းကို စင်းလုံးငှားသွားနိုင်ဖို့ စီစဉ်ထားလေ၊ မြတ်ပါမယ်လို့ လေသံမှ မဟ,လိုက်ပါနဲ့နော်… ခြံထဲကသာ စောင့်နေ၊ မြတ်ဆင်းလာခဲ့မယ်… သိလားမောင်…"

"ဘယ်ကိုသွားကြမှာလဲမြတ်"

"စည်ပင်သာမြို့ကိုပေါ့"

"ဟင့်အင်းကွာ…မောင်အဲဒီမြို့ကို မပြန်ချင်သေးဘူး၊ ခုလို





တောင်ပေါ်မြို့တွေမှာပဲ မြတ်နဲ့အပမ်းဖြေ…အချမ်းပြေ နေချင်တယ်… အချစ်ရယ်"

"ဒီလိုအချောင်သုတ်ချင်လို့ ဘာရမလဲ ဆရာကြီးရယ်… စည်ပင်သာမှာ ပုဆိုးတန်းတင်ရဦးမှာပေါ့ရှင်…"

"အို…ပုဆိုးတွေရော၊ အင်္ကျီတွေရော၊ ထမိန်တွေရော တန်းတင်ပြီးကို တောင်းရမ်းယူပါမယ်ဗျာ၊ မြတ်နဲ့မောင်နဲ့ လက်ထပ်ဖို့ကိစ္စမှာ အားလုံး မြတ်သဘော မောင်လိုက်လျောဖို့ ဆုံးဖြတ်ပြီးသားပါမြတ်"

"ကောင်းပြီလေ…မောင်။ မြတ်အတွက် ဒါက ဒုတိယပိုင်းပါ၊ မနက်ဖန်မနက် ငါးနာရီလောက်အရောက်သာ ကားမှာထားပါနော်… မြတ်သွားမယ်"

"ဟာ…မောင်လည်းလိုက်မှာပေါ့ မြတ်ရဲ့"

"မဖြစ်ဘူးမောင်၊ မောင်လိုက်လို့ မဖြစ်တဲ့ နေရာမျိုးမို့ပါကွယ်၊ ကဲ… မြတ်သွားမယ်၊ မြတ်အတွက် ကံကောင်းပါစေလို့သာ မောင်ဆုတောင်းပေးနေပါ၊ နေခဲ့လေ မောင်ထွက်မလိုက်နဲ့တော့ သူများမြင်လို့မကောင်းဘူးကွယ်…၊ မောင့်ကားသာ စီစဉ်ထား၊ မြတ်သွားတော့မယ်နော် မောင်"

❖

www.burmeseclassic.com

www.burmeseclassic.com

တမနက်လုံး ကျွန်မတစ်ယောက်တည်း အလုပ်ရှုပ်နေမိပါသည်။ စခမ်းကြီးတစ်မြို့လုံး နှံ့သွားခဲ့ပါပြီ။

သွားရသည့်အိမ်က ငါးအိမ်ထက်မနည်း တွေ့ရသည့် လူက ဆယ်ယောက်ကျော်ပါလိမ့်မည်။ ချလိုက်ရသည့် အစီအစဉ်တွေကလည်း စာတစ်ရွက်အပြည့်မတတ်ပါပင်။ မွန်းတည့် ဆယ့်နှစ်နာရီထိုးသည်အထိ ကျွန်မ လက်ဖက်ရည်နှစ်ခွက်သာ ဝင်သေးသည်။ အရေးအခင်းပြီးပြတ်ရန်သာ ပထမဖြစ်ပါသည်။

ကျွန်မ မြတ်မဟာသို့ ပြန်လည်ရောက်ရှိလာချိန်မှာ ညနေသုံးနာရီ ထိုးပါပြီ။ ဒေါ်အိုဇာနှင့် ဒေါ်စိမ်းညိုကို တွေ့ရပါသော်လည်း ကျွန်မကို ဘယ်ကလာသလဲ… ဘာကြောင့်သွားရသလဲ စသည့် မေးခွန်းမျိုးကို မမေးကြပါချေ။ မဆိုင်သလို မသိသလိုသာ ဘာသာနေကြပါသည်။ ဥပေက္ခာပြုလေသည်လား၊ တစ်ခုခုအကြံရှိလေသည်လား မသိနိုင်ပါ။ သူတို့စကားမဟသဖြင့် ကျွန်မကလည်း ဘာမှမပြောတော့ပါဘဲ ကျွန်မအခန်းသို့သာ တန်း၍ ဝင်လာခဲ့မိပါတော့သည်။





တိကျစွာ မှတ်သားထားခဲ့ပါသော ကျွန်မမှာ ခြေရာလက်ရာပျက်နေသည်ကို ချက်ချင်း သိလာရပါတော့သည်။ ကျွန်မ၏ အခန်းသို့ သူတို့ဝင်ရှာသွားကြပြီဖြစ်ကြောင်း ယုံမှားစရာ မရှိပါပေ အရေးမကြီးပါ။ သူတို့ မသင်္ကာစရာ စာတစ်ရွက်သော်မှ မထားရစ်ခဲ့ပါ။ အခန်းကို လုံခြုံစွာ ပိတ်လိုက်ပြီး အဝတ်ဘီရိုကို ဖွင့်၍ ပါလာရင်း အဝတ်အစားများနှင့် မြတ်မဟာ လက်ထက်ပွား အဝတ်အစားများကို တစ်ကန့်စီခွဲထုတ်လိုက်ရပါ၏။ ကျွန်မ၏ သားရေသေတ္တာလေးတွင်းသို့ မထည့်ဖြစ်သေးပါဘဲ ပစ္စည်းများကိုသာ ခွဲခြားထားပြီး မအေးမိထံ စားစရာတောင်းလိုက်ရတော့သည်။

အစာမရှိ အူချည်းသာ ကျန်နေပါသော ကျွန်မ၏ ဝမ်းဗိုက်တွင်းသို့ မအေးမိ ပို့လာပါသော လက်ဖက်ရည်တစ်ကရား ပေါင်မုန့်နှစ်ချပ် ထောပတ်နှင့် ကြက်ဥကျော်၊ ငှက်ပျောသီးတစ်လုံးတို့ကိုပါ ဝတ်လာသည့်သူပမာ အားလုံးစားပစ်လိုက်မိပါတော့သည်။ ပြီးမှ ခြေလျှင်တစ်လှည့် ကုန်းကြောင်းတစ်ခါ သွားခဲ့ရပါသော ကိုယ်ခန္ဓာကို ရေမိုးသန့်စင်လိုပါ၍ ရေချိုးဖြစ်ရန် ပြန်ပါပြီ…

ကျွန်မ ရေချိုးခန်းမှ အထွက်တွင် တံခါးခေါက်သံကို ကြားလိုက်ရပါတော့သည်။ ရင်လျားလျက်က မျက်နှာသုတ်ပဝါကို သိုင်းခြုံရင်း ကျွန်မတံခါးနားကပ်၍…

“ဘယ်သူလဲ”

“ဒေါ်ကြီးပါ… မိန်းကလေး၊ ဒေါ်အိုဇာပါ”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ တံခါးကို ဖွင့်လိုက်လျှင်ပင် တံခါးဝ၌ ရပ်နေသော ဒေါ်အိုဇာ၏ ထူးခြားသည့်အသွင်ကို မြင်လိုက်ရပါသည်။ သူကပင် စတင်၍

"မစိမ်းညို...က ခေါ်ခိုင်းလိုက်လို့ပါ ခင်ချစ်ခန့်"

"သြော်...ဟုတ်ကဲ့...ကျွန်မ...ခုပဲ လာခဲ့မယ်လို့ ပြောလိုက်ပါ"

"မဟုတ်ဘူး ခင်ချစ်ခန့် သူတော်တော် နေမကောင်းဖြစ်နေတယ်၊ ကိုမြတ်နှောင်းလည်း အပြင်သွားနေတယ်... ဆရာဝန်ဆီ ဖုန်းဆက်ချင်လို့တဲ့၊ ဒေါ်ကြီးကလည်း မဆက်တတ်ဘူး၊ အခုလိုက်ခဲ့ပေးပါ သနပ်ခါးလိမ်းဦးမလား ဒေါ်ကြီးသွေးလိုက်မယ်လေ"

"ဟာ နေပါစေ... ကြီးကြီးစိမ်းက...အတော်နေမကောင်းသလား၊ ဘာဖြစ်တာလဲ...ဟင်"

"တော်တော်ဖျားနေရာက ခုပဲမူးတယ်၊ မူးတယ်ဆိုပြီး ခင်ချစ်ခန့်ကို ခေါ်ပေးပါဆိုလို့ ခဏထားပြီး လာခေါ်တာပါ၊ လာပါ ဒေါ်ကြီးနဲ့ တစ်ခါတည်းလိုက်ခဲ့ပါ"

ဒေါ်အိုဇာ၏စကားကြောင့် ကျွန်မမှာ လွဲရှောင်နေရစ်၍ မဖြစ်တော့ပါပေ၊ ရေစိုလုံချည်ကို လဲလှယ်ပြီး အပေါ်မှ ဘလောက်(စ) အင်္ကျီကိုသာ ထပ်ဝတ်ရပါတော့သည်။ မျက်နှာကိုလည်း ဘာမှ မခြယ်သမိတော့ပါ၊ အသားဖြူ၍ မျက်ခုံးကောင်း နှာတံပေါ်သော ကျွန်မမှာ မပြင်ဆင်လျှင်လည်း သဘာဝအတိုင်းက သင့်လျော်နေတတ်





ပါသည်။ ဆံပင်ရင်းမှ သားရေကွင်း စည်းထားပြီး ဆံပင်လုံးကို ခေါင်းထိပ်တွင်တင်၍ ဆံညှပ်များနှင့် တွယ်ထားသည်ကိုပင် အောက်သို့ ပြန်ချ၍ ဖီးသင်ခြင်းမပြုနိုင်တော့ပါဘဲ ဒေါ်အိုဇာနောက်မှ လိုက်ခဲ့ရပါသည်။

အခန်းတံခါး ပိတ်အံဆဲဆဲ အချိန်တွင် ကျွန်မ စိတ်ထင့်သွားမိပါသည်။ ဘီရိုတွင်းရှိ ကျွန်မလက်ကိုင်အိတ်ထဲမှ ပစ္စတိုသေနတ်ပြားလေးကို စိတ်မချနိုင်အောင် ဖြစ်ရပါပြီ...ရေချိုးပြီးစနှင့် တိုက်တိုက်ဆိုင်ဆိုင် ရောက်ပါ၍ သေနတ်ကို ကျွန်မကိုယ်တွင် စည်းနှောင်ချိန်မရလိုက်ပါ၊ အပေါ်ထပ်ချင်း ဟိုအခန်းသည်အခန်း ကူးသည်ကိုပင် လက်ကိုင်အိတ်ကြီး ယူဆောင်သွားရမှာလည်း သဘာဝမကျလှပါ၍ ကျွန်မမှာ စိတ်ထင့်လျက်ကပင် ထားရစ်ခဲ့ရပြီး ဒေါ်အိုဇာ၏နောက်မှ လိုက်ခဲ့ရပါတော့သည်...

ဒေါ်စိမ်းညို အခန်းရောက်သည့်အခါ...ဒေါ်အိုဇာ ပြောသလို ဒေါ်စိမ်းညိုမှာ အိပ်ရာထဲ လဲလျောင်းနေပါ၏ သူကိုင်နေကျ ပက်လက်ကုလားထိုင်တွင် ထိုင်ရင်းက ကျွန်မကို စူးစူးစိုက်စိုက် လှမ်းကြည့်နေပါသည်။ သူ့အခြေအနေက နေမကောင်းသည့်လက္ခဏာတော့ ဆံချည်မျှင်မျှ မရှိပါ၊ ကျွန်မ အံ့သြသလို ငေးကြည့်နေမိစဉ်... ကျွန်မ၏နောက်ဆီမှ အရိပ်သဏ္ဌာန်လို မြင်လိုက်ရပါသဖြင့် လှည့်ကြည့်လိုက်မိရာ...

"အို...ကိုမြတ်နှောင်း...ပါလား"

စိတ်ကတွေးထင်ရင်း ကျွန်မ လန့်သွားမိပါပြီ၊ အခြေနေကို



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ အကဲခတ်နိုင်စွမ်းရှိပါပြီ၊ ကိုမြတ်နောင်းက ခြေကို ခပ်ကားကား ရပ်ရင်း ဘယ်လက်က ခါးထောက်လျှက် ညာလက်က နောက်ကျွင်း ဝှက်ထားပေသည်။ သူ့မျက်နှာက ခက်ထန်မာကြောလွန်းလှ ပါသည်၊ ကျွန်မ ဒေါ်စိမ်းညိုဘက်သို့ ပြန်လှည့်ကြည့်မိသည့်အခါ ပါးစပ်ပိတ် လျှက် အပြုံးလေလား၊ အမဲ့လေလား ခွဲခြားမရအောင်… ဒေါ်စိမ်းညိုက သူ့နှုတ်ခမ်းကို ကွေးညွှတ်ထားပေသည်။ မျက်လုံးများက ရှား တောက်ပြောင်နေပေသည်…

ယင်းအချိန်တွင် ကျွန်မ၏ ဘေးတိုက်နေရာ တံခါးမကြီးဆီ ကျိုင်းခနဲ အသံတစ်ခု ကြားလိုက်ရပါသည်။ ဒေါ်အိုဇာ တံခါးပိတ်လိုက် လေပြီ၊ ကျွန်မမှာ ကျားသုံးကောင်အလယ်မှ သမင်ငယ် တစ်ကောင် ပမာ အခြေအနေက ကျွန်မဘက်မှ တစ်ကွက်မှ သာနိုင်စရာ မရှိ ကြောင်း သိလာရသော်လည်း ကိုယ့်ဘက်က မသိသယောင်… နားမလည်ဟန်မျိုးဖြင့်…

''ကြီးကြီးစိမ်း…နေမကောင်းလို့ ကျွန်မကို ခေါ်ခိုင်းလို့ဆို''

''အဲဒီမှာထိုင်စမ်း''

ဒေါ်စိမ်းညို၏ ခက်ထန်လွန်းသော အသံကြောင့် ကျွန်မမှာ ကြောက်သွားမိပါကြောင်း ဝန်ခံလိုပါသည်… ကျွန်မက နာခံသလို သူညွှန်ပြရာ သူ့ရှေ့မှ ကုလားထိုင်တွင် ထိုင်ရင်း ကျွန်မ၏ ထွက်ရပ် လမ်းကို အပြေးအလွှား ရှာဖွေစဉ်းစားရပါသည်။ ဒေါ်စိမ်းညို၏ နောက်အက်ဆီ၌ မှန်ပြတင်းတစ်ခု ရှိပါသည်။ ယင်းပြတင်းတံခါးကို





ဖွင့်ခွဲထွက်သွားနိုင်ပါလျှင် စကြီလမ်းသို့ ရောက်ပါမည်။ ထိုနောက် လူသူလေးပါးကြားအောင် အော်ဟစ်နိုင်ပါလျှင်…

''ဒီမှာ ခင်ချစ်ခန့်…မင်းဒီကိုရောက်လာပြီး အောင်မြင်စွာ ပြန်သွားနိုင်ရင်…မင်းအတွက် ဘယ်လိုအကျိုးထူးမျိုး ရနိုင်မလဲ ဆိုတာ ငွေကြေးပမာဏ ဘယ်လောက်ရမလဲဆိုတာ သိချင်တယ်''

''ရှင်''

ကျွန်မအသည်းနှလုံးတို့ မြောက်တက်သွားပြီထင်မှုပါသည်…

''ခက်ချေပြီ… သူတို့ငါ့ကို ခင်ချစ်ခန့် မဟုတ်မှန်း သိသွား ကြပြီ''

''မေးနေတာ…ဖြေစမ်းပါ''

''ကျွန်မ ဘာကို ဖြေရမှာလဲရှင့်''

''မင်းအလုပ်က အင်မတန် ပါးနပ်ရတဲ့အလုပ်ပါ သူငယ်မ ငါဘာကို ဆိုလိုတယ်ဆိုတာ မင်းသိပြီးပါပြီ၊ ဒီတော့ တိုတို ပြောမယ်…''

ဒေါ်စိမ်းညိုက ကုလားထိုင်နောက်ကို မှီနေရာမှ မတ်၍ ထိုင်လိုက်ပြီး ကိုမြတ်နောင်းဘက် တစ်ချက် လှမ်းကြည့်လိုက်ရင်း–

''မင်းရမယ့် အခွင့်အရေးထက် ငါက နှစ်ဆပေးမယ်… မင်းတို့အဖွဲ့ကို သစ္စာဖောက်လိုက်ပါ…ဘယ်နှယ့်လဲ''

''ကြီးကြီးစိမ်း ဘာတွေပြောနေတာလဲရှင်''

တတ်ကျွမ်းထားပါသော ကိုယ်ခံပညာပေါင်းစုံကို စိတ်မှ



www.burmeseclassic.com

www.burmeseclassic.com



တွေးဆသတိရရင်း သူတို့ကို အလစ်မပေးပါဘဲ သတိအနေအထားနှင့် နေရပါသော်လည်း ဟန်အမူအရာက ဘာမှမသိ နားမလည်သော ကလေးငယ်တစ်ယောက်၏ ကြောင်အမ်းနေသော အသွင်မျိုးကို ဆောင်ထားရပါသည်။

ကျွန်မကိုယ်ကျွန်မမူ ပိရိလှပါပြီ၊ လည်ပတ်လှပါသည်ဟု ထင်ထားမိခဲ့ရာမှ ကိုမြတ်နှောင်း၏ စကားကြောင့် လေဟာနယ်တွင် ဦးဆောက်ထွမ်းပြန်ကျသွားသည့်သဏ္ဍာန်မျိုးဖြင့် ရင်မှာ ကြီးစွာသော ထိတ်လန့်မှုကို ကြုံကြိုက်လိုက်ရပါပြီ။

"ဒီမှာ ဒေါ်တင်တင်မြတ်ရဲ့"

"အို…"

"အံ့သြသွားသလား… ထပ်ပြောလိုက်မယ်၊ အထူးထောက်လှမ်းရေးက ရဲအရာရှိ ဒေါ်တင်တင်မြတ်ရဲ့ ခင်ဗျားဟာ…"

သူ့စကားမဆုံးမီ ကျွန်မ၏ လှုပ်ရှားမှုက မြန်ဆန်လွန်းလှပါသည်။ လက်နက်မဲ့သော ကျွန်မမှာ ကိုယ်ခန္ဓာစွမ်းအားကိုသာ အားကိုးရပါတော့မည်။

ကုလားထိုင်မှာ ရုတ်ချည်း ခုန်ထ၍ ဒေါ်စိမ်းညို၏ ခြေထောက်ပိုင်းကို လွှားကျော်ကာ ပြတင်းတံခါးကို ရိုက်ဖွင့်ခဲ့ပြီး ဘောင်ပေါ်သို့ လက်ထောက်ပြီး ခုန်တက်လိုက်ပါသည်။

ကျွန်မ၏ လှုပ်ရှားမှုက စက္ကန့်ပိုင်းအတွင်း လျှင်မြန်လွန်းလှပါ၍ သူတို့ကြောင်သွားမည်။ လှုပ်ရှားမှုက နောက်ကျသွားမည်ထင်ပါသည်။





အကယ်၍သာ ပြတင်းတံခါးဖွင့်ပြီးသားရှိပါလျှင် ကျွန်မမှာ စကြီလမ်းရှိသည့် လသာဆောင်သို့ ချက်ချင်းရောက်ရှိသွားနိုင်မည် ဖြစ်ပြီး လသာဆောင်မှတစ်ဆင့် ပိုက်လုံးကို တွယ်ဆင်း၍ လည်းကောင်း၊ ဟစ်အော်အကူအညီတောင်း၍ လည်းကောင်း၊ သူတို့လက်မှ လွတ်ထွက်နိုင်လိမ့်မည်ဖြစ်သော်လည်း…

တံခါးဖွင့်နေချိန်က ကိုမြတ်နှောင်းကို ဖိတ်ခေါ်နေရသလို ကြန့်ကြာသွားခဲ့ရပါပြီ…

တံခါးဘောင်ပေါ်မှ ကျွန်မကို ကိုမြတ်နှောင်းက လှမ်းဆွဲလိုက်ရာ ကျွန်မ၏ ဆံပင်ကို ဆုပ်ကိုင်မိသွားပါသည်။ ဆံညှပ်မှ ပြုတ်ထွက်သွားသော ဆံပင်လုံးကို ကိုမြတ်နှောင်းက မိမိရရ လှမ်းဆွဲလိုက်နိုင်ပါသဖြင့် ကျွန်မနောက်သို့ လန်ကျသွားရပါသည်။

"ကယ်ကြပါ… ကယ်ကြ…"

ကျွန်မအော်သံ မဆုံးဖြစ်တော့ပါ၊ ကိုမြတ်နှောင်းက ကြမ်းတမ်းစွာ ဆောင့်ဆွဲလိုက်ရင်း ကျွန်မပါးစပ်ကို နောက်မှ သိမ်းဖက်ကာ ပိတ်လိုက်ပါသည်။ ပြတင်းဘောင်ပေါ်မှ အရှိန်နှင့်ကျလာရပါသဖြင့် နာကျင်လွန်းသောဒဏ်ကြောင့် သတိမေ့မတတ် ဖြစ်သွားရပါသော်လည်း ကြီးစွာသောသတိဖြင့် ကျွန်မ၌ ရှိသမျှသော ခွန်အားအလုံးစုံကို အသုံးချ၍ ဆောင့်ကန်ရုန်းလိုက်ရပါသည်။ ကိုယ်ခံပညာ ဘာမှ မရှိပါသော ကိုမြတ်နှောင်း၏လက်မှ ကျွန်မ လွတ်ထွက်သွားသည်ပင် သူက ချောက်ခနဲနေအောင် သေနတ်မောင်းကို တင်လိုက်ရင်း–

www.burmeseclassic.com

www.burmeseclassic.com



"ဟော့…လက်မြောက်စမ်း… ငြိမ်ငြိမ်နေ"

သူ့လက်မှ ပစ္စည်းနက်လေးကြောင့် ကျွန်မလှုပ်ရှားဖို့ ရွံ့သွားရပါသည်။ ဒေါ်သလေလား ခံစားမှုသစ်ကြောင့် လေလားမသိ ကိုမြတ်နောင်းက တုန်တုန်ရီရီ ဖြစ်နေပါသည်။ သူ့ ပျော့ကွက်ကို ဖမ်းရင်း ကျွန်မဘယ်လိုနေရာမျိုးမှ နေ၍ လှုပ်ရှားရမည်ကို တွေးတော နေခိုက်မှာပင်–

ဒေါ်အိုဇာနှင့် ဒေါ်စိမ်းညိုက တိုင်ပင်ထားသလို ပြိုင်တူထ၍ ကျွန်မနားပြေးကပ်လာကြပါသည်။ အဘွားကြီးနှစ်ယောက်၏ အင်အားကို စုစည်းလိုက်ပြန်တော့လည်း ယောက်ျားကြီးတစ်ယောက် အားမျှ သန်မာကြပါသည်။ ဒေါ်စိမ်းညိုထက် ပိုမိုဖျတ်လတ်သွက်လက် သော ဒေါ်အိုဇာက ဦးဆောင်သည်။ ကျွန်မကို နောက်ပြန်ဆွဲခေါ်ကာ ကုလားထိုင်ပေါ်သို့ တွန်းလှဲလိုက်ကြပါသည်။

"ကောင်မ– မလှုပ်နဲ့နော် မသတ်ဝံ့ဘူးများ ထင်နေသလား လုပ်တာနဲ့ အပစ်ပဲ"

"ကောင်းပါပြီတဲ့ရှင်…ရှင်တို့ဘက်ချည်း အမြဲတမ်း တရားက ဦးညွှတ်မနေပါဘူးလေ၊ လူသတ်သမား မိသားစုကိုလည်း တရားဥပဒေက လက်ပိုက်ကြည့်မနေပါဘူး"

"ဖျန်း…"

ကျွန်မစကားအဆုံးတွင် မြည်သံနှင့်အတူ ကျွန်မနားတစ်ခြမ်း လုံး ပူသွားကာ မျက်စေ့များပင် ပြာဝေသွားရပါတော့သည်။ ကျွန်မ



၏ ဘယ်ဘက်ပါးတစ်ခြမ်းလုံး ပူထူသွားပြီးမှ ကိုန်းစပ်နာကျင်လွန်း သောဝေဒနာကို ခံစားလိုက်ရပါသည်။ ကျွန်မ၏ပါးကို လက်ဖြင့် ဖိစမ်းရင်း ကျွန်မကို ပါးရိုက်လိုက်သည့် ဒေါ်စိမ်းညိုကို ရွံ့ရှာနာကျည်း စွာ ကျွန်မ မော့ကြည့်လိုက်ပါ၏။ ကိုမြတ်နောင်းက သေနတ်တစ်ဖက် ကိုင်ထားရင်း ကျွန်မ ကုလားထိုင်နား တိုးကပ်လာကာ အဘွားကြီး နှစ်ယောက်နှင့်အတူ ကုလားထိုင်နှင့် ကျွန်မကို ဖိကပ်ထားကြပြီး

"ဒေါ်ကြီး…ဒေါ်ကြီး…ကြိုး…ကြိုးနဲ့တုပ်စမ်းပါ…"

သုံးယောက်အင်အားနှင့် တစ်ယောက်အင်အားချင်း ဘယ်လိုမှ ယှဉ်ပြိုင်တိုက်ခိုက်၍ မနိုင်နိုင်သည့်ပြင် သူတို့တွင် လက်နက်ကလည်း ရှိနေပါသဖြင့် ကျွန်မမှာ စိတ်လျှော့လိုက်ရပါပြီ ကိုယ်ကို ပျော့ချ လိုက်ရပါတော့သည်။

ကုလားထိုင်နှင့်ကျွန်မတစ်ကိုယ်လုံး ခိုင်မြဲစွာ တုပ်နှောင်ပြီးသည့် အခါ ဒေါ်စိမ်းညိုက ကျွန်မရှေ့တည့်တည့်မှရပ်ရင်း မီးလျှံတောက်နေ သည့်မျက်လုံး ခက်ထန်လွန်းသောအသံများနှင့်…။

"ငါပြောတာ လိုက်နာစမ်းပါ၊ ညီးတို့အဖွဲ့ကို ဒီအိမ်က အကြောင်း ကျွန်မဘာမှမသိခဲ့ပါဘူး၊ ဘာမှ မသင်္ကာစရာ မတွေ့ခဲ့ ပါဘူးလို့ ပြောပေးရင် ငါညီးကို ငွေနှစ်သောင်းပေးမယ်၊ ဘယ်နဲ့ လဲ…"

"ဟုတ်လိုက်လေ…ဒေါ်စိမ်းညိုရယ်…နှစ်သောင်း မပြောနဲ့ ဘူး နှစ်သိန်းပေးတောင် မရပါဘူးရှင်၊ တာဝန်သိပြည်သူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်တောင်… ရှင်တို့လို ယုတ်ယုတ်မာမာ လူသတ်နေကြတာ သိရရင် ရေငုံမနေတတ်ကြပါဘူး၊ ကျွန်မဟာ ပြည်သူတွေရဲ့ ငွေကြေးနဲ့ ခိုင်းစေထားတဲ့ ပြည်သူ့ဝန်ထမ်းတစ်ယောက်ပါရှင့်၊ ငွေနဲ့ပတ်သက်တဲ့ စကားမျိုး လာပြောမနေစမ်းပါနဲ့…”

“ဟော့…ဒါ…ဈေးရောင်းဝယ်နေတာ မဟုတ်ဘူး၊ တို့ကို ကြီးကြီးကျယ်ကျယ် လာပြောမနေစမ်းပါနဲ့၊ ဒီမှာမေမေ… မေမေ ပြောသလို သူက ငွေလက်ခံပြီးသွားပါပြီတဲ့၊ ကျွန်တော်တို့လက်က လွတ်ထွက်သွားမှ သူသဘောပေါ့၊ သူ့ယုံလို့ ဖြစ်မလား…ဒီကလည်း ငွေယူမယ်… ကျွန်တော်တို့ ဒုက္ခရောက်အောင်လည်း ဟိုမှာသွားပြောမှာပဲ၊ သူ့ကို ဘယ်လိုယုံလို့ဖြစ်မလဲ မေမေအသာနေစမ်းပါ၊ ကျွန်တော်တို့ကို ဒုက္ခပေးဖို့ ရောက်လာတဲ့သူကို ဘယ်နည်းနဲ့မှ ပြန်ပြီး မလွှတ်နိုင်ဘူး မေမေ…”

ကိုမြတ်နှောင်းက ဒေါသသံနှောနေ၍ မာကြောလွန်းသော အသံနှင့် ဆိုပါသည်။

ကျွန်မ အလုပ်ဝင်သည်မှ ယနေ့အထိ မှုခင်းပေါင်းများစွာကို လိုက်လံဖြေရှင်းခဲ့ရဖူးပါသော်လည်း ယခုအမှုလောက် ကျယ်ဝန်းနက်ရှိုင်းသော ကိစ္စမျိုးကို မကြုံခဲ့ရဖူးပါ၊ ပိယိသေသပ်အောင် ဆောင်ရွက်ကြိုးပမ်းခဲ့ပါသော်လည်း ကျွန်မ၏ခြေလှမ်းမှာ နာရီပိုင်းမျှ နောက်ကျခဲ့ရပါပြီ…

သည်အလုပ်မှာ သည်သို့သော အန္တရာယ်မျိုးဖြင့် ကြုံဆုံတိုးဝင်ရလိမ့်မည်ဖြစ်ကြောင်းရှေးမဆွကပင် သိခဲ့ပြီးပါပြီ၊ အပစ်မဲ့သော





ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်ကို မသမာသူများ၏ နှောင့်ယှက်ဖျက်ဆီးမည့်ရန်မှ ထိုက်တန်စွာ ကာကွယ်ပေးရမည်မှာ ကျွန်မတို့ရဲတပ်ဖွဲ့၏ ဝတ္တရားပါ၊ ရဲသည် ပြည်သူ၏ အားထားရာ မှီခိုရာ ရန်အပေါင်းတို့၏ရှေ့မှ မားမားရပ်ကာ ကာကွယ်ပေးမည့်သူသာ ဖြစ်စေရပါမည်။ ယင်းသဘောတရားများကို ကြေညက်စွာ နားလည်ခံယူပြီးဖြစ်ပါသော ကျွန်မမှာ ကိုယ်ပိုင်အန္တရာယ်ထက် မသမာသူသားအမိ ဥပဒေလက်မှလွတ်ထွက်သွားမည်ကို ပိုမိုစိုးရိမ်နေမိပါပြီ၊ ကျွန်မအတွေးကို ဒေါ်စိမ်းညို၏စကားသံက ချေဖျက်လိုက်ပါသည်။

“ဒါဖြင့်… ဘယ်လိုစီစဉ်ကြမလဲ ဒီကောင်မ့အကြောင်း ဒီနေ့မှသိရတော့ ဘာစီစဉ်ရမှန်းကို မသိအောင် ဖြစ်နေရတာပဲ။ ဒင်းဒီနေ့ ရဲဌာနလည်းသွားတယ်လို့ မောင်လွန်းတင်က ပြောတာပဲ၊ ရဲများ အကြောင်းကြားပြီးပြီလားပဲ၊ သူ့မေးကြည့်စမ်းပါဦး၊ ငါ့သားတော့ ရဲလက်မအပ်နိုင်ဘူး…”

“သူ့မေးလို့ သူဘာပြောမှာလဲ၊ ရော့ မေမေသာ သေနတ်ကိုင်ပြီး သူ့ကိုစောင့်နေ၊ ကျွန်တော် စာတစ်စောင် ရေးလိုက်ဦးမယ်”

ကိုမြတ်နှောင်းက…သေနတ်ကို ဒေါ်စိမ်းညိုလက် အပ်ကာ စာရေးစားပွဲဆီသို့သွားပြီး စာရေးနေပေသည်…။

ကျွန်မ ဒေါ်စိမ်းညိုကိုလည်း မျက်ခြေမပြတ်ဝံ့ပါ၊ သေနတ်မှာ ကိုမြတ်နှောင်းလက်တွင် ရှိစဉ်ကထက် အန္တရာယ်ပိုမိုများနိုင်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မသိပါသည်။ ကြောက်လန့်တတ်သော၊ သတ္တိနည်းသော သူများသည် နားကျည်းမှုအရှိန် ဒေါသအဟုန်နှင့် ကြီးစွာသော ကြောက်လန့်ခြင်းတို့ ရှိလာပါလျှင် သူတို့မှာ လူသတ်ဖို့ ဝန်မလေးကြပါ၊ နူးညံ့သော မထင်မှတ်သော အမျိုးသမီးများ လူသတ်မှု ကျူးလွန်ကြသည်မှာ သည်သဘောမျိုးသာ ဖြစ်ပါသည်···။

ကိုမြတ်နောင်းက စာတစ်ရွက်ယူလာကာ ကျွန်မကို ပြပါသည်။ စာပေအဓိပ္ပာယ်မှာ ကျွန်မသည် ဆရာများခိုင်းစေသည့် ကိစ္စကို ကြိုးစားလိုပါသော်လည်း ဒေါ်စိမ်းညိုပေးလိုက်သော အမွေများကြောင့် ဒေါ်စိမ်းညိုအိမ်မှ အပြီးထွက်ပြေးပါပြီ။ ဒေါ်စိမ်းညိုတို့ သားအမိတွင်လည်း အပြစ်တစ်စုံတစ်ရာ မတွေ့ပါ၍ ကျွန်မကို ခွင့်လွှတ်ပါမည့် အကြောင်းများကို ကိုမြတ်နောင်း၏ လက်ရေးနှင့် ရေးသားထားပေသည်။ အောက်တွင် ကျွန်မက လက်မှတ်ရေးထိုးရပါမည်။

ကျွန်မ လွယ်ကူစွာပင် လက်မှတ်ရေးထိုးပေးလိုက်ပါသည်။ ရဲအပေါ်တွင် အထင်မြင်သေးလွန်းပါသော ရဲ၏ဆောင်ရွက်ချက်များကို နားမလည်လွန်းပါသော ကိုမြတ်နောင်းကို မထေမဲ့မြင် ပြုံးပြလိုက်ရင်း ကျွန်မ လွယ်ကူစွာပင် လက်မှတ်ရေးထိုးပေးလိုက်မိပါသည်။

ရဲမှူးများအနေနှင့် ကျွန်မကို ယုံကြည်စိတ်ချစွာ လွှတ်ထားပြီးဖြစ်နေ၍ ကျွန်မထွက်ပြေးသွားသည်ဟူသော ကိုမြတ်နောင်း၏ လက်ရေးနှင့်စာမှာ ရယ်ဖွယ်ရာသာ ဖြစ်ပါမည်။

''ကဲ···မမေ သူ့ကို··· ခုလောလောဆယ်··· ဒီမှာထားလို့





မဖြစ်ဘူးထင်တယ်၊ သူက···အပါးအနပ်···တစ်ခုခုထကြံရင် မမေ တစ်ယောက်တည်း ခက်နေလိမ့်မယ်''

''ဒါဖြင့် ဘယ်နဲ့ လုပ်မလဲ''

''ဝိဥာဉ်စံအိမ်မှာ သွားထားလိုက်မယ်''

'ဟဲ့···ဟိုမှာ···ဖြစ်ပါ့မလား''

''မဖြစ်လို့သေလည်း အေးတာပဲ''

''ဟိုမှာ တစ်မှုထပ်ပတ်နေပါဦးမယ်ကွယ်···ဩော် ဒေါ်အိုဇာ အေးမိ··· ဝင်လာပါဦးမယ်''

''သော့ဖေးတံခါးပိတ်ထားပြီးပါပြီ၊ ဟုတ်တယ် သူ့ကို ဝိဥာဉ်စံအိမ်မှာ သွားထားတာပဲ ရန်ရှင်းမယ်''

သူတို့အဆိုကို အတည်ပြုပြီးလျှင်ပင် သူတို့အလုပ် ရှုပ်ကုန်ကြတော့သည်။ ကုလားထိုင်နှင့် ပတ်ထားသောကြိုးကို ပြန်ဖြေ···။ ကျွန်မကို ပြန်စီးနှောင်ပြီး ဒေါ်စိမ်းညိုနှင့် ဒေါ်အိုဇာတို့က ကျွန်မကို ရာဇဝတ်သားတစ်ယောက်လို တဘက်စီတွဲ၍ ခေါ်ဆောင်ကြပြီး ကိုမြတ်နောင်းက နောက်မှ သေနတ်နှင့်ထောက်ရင်း အလယ်ခန်းမမှ တစ်ဆင့် ကျွန်မအခန်းရှေ့မှ ဖြတ်သန်း၍ စင်္ကြံလမ်းအတိုင်း ကျွန်မကို ခေါ်ဆောင်သွားကြပါသည်။ အနိမ့်ပိုင်းလှေခါးဆင်းပြီး ဝိဥာဉ်စံအိမ်ဆီသို့ ခေါ်ဆောင်သွားကြပါတော့သည်။

ဝိဥာဉ်စံအိမ်၏ တံခါးမှသော့ခလောက်ကြီးကို ဒေါ်အိုဇာက ဖွင့်လိုက်ပြီး ကျွန်မတို့အားလုံးအတွင်းသို့ ဝင်သွားကြသည့်အခါ



www.burmeseclassic.com

www.burmeseclassic.com



မြင်ရသော မြင်ကွင်းကြောင့် လှမ်းနေသော ခြေလှမ်းကို မချဖြစ်ပါဘဲ။ ကျွန်မမှာ အံ့သြခြင်းထိတ်လန့်ခြင်းတို့ အထွဋ်သို့ ရောက်ရပါပြီ၊ နှုတ်မှလည်း…

"ကို ကိုမြတ်ဦးပါလား… သူ…သူ…မသေသေးဘူးလား"

ကိုမြတ်ဦးဆိုသော ဒေါ်စိမ်းညို၏သား ခတ်ပုံနှင့် ယှဉ်၍ ထိုင်နေခြင်းကြောင့် ကျွန်မ လွယ်ကူစွာ သိမှတ်နိုင်ပါ၍ လွှတ်ခနဲ ပြောလိုက်မိပါသဖြင့်…

"ဟုတ်တယ်…ဒါ…ငါ့အစ်ကို…ကိုမြတ်ဦးပဲ၊ လူတွေ လိုက်သတ်နေတာသူပဲ၊ ငါ့အစ်ကိုရဲ့ နောက်ဆုံးသားကောင်ဟာ နင်ပဲ ဖြစ်မှာပဲ"

"ဘုရား…ဘုရား…"

ကျွန်မနှုတ်မှ ဘုရားတလိုက်မိပါသည်။ ကျွန်မကိုယ်တိုင်လည်း အမှန်ပင် ကြောက်စိတ်ဝင်သွားမိပါပြီ။ ကိုမြတ်ဦးမှာ ရှည်လျားလွန်းသော ဆံပင်မုတ်ဆိတ်ကျင်စွယ်နှင့် အသားအရေက မစိုပြေပါ၍ ခတ်ပုံထဲကနှင့်စာလျှင် ပိုမိုအိုမင်းရင့်ရော်နေပါသည်။ ကျွန်မ အကဲမရဆုံးက သူမျက်လုံးများပါပင်၊ သူသည် လူကောင်းတစ်ယောက် မဟုတ်နိုင်ပါ။ သူရူးတစ်ယောက်ဖြစ်ရမည်မှာ မုချပါ။

သူ့အရူးက ရိုးရိုးတန်းတန်း ဦးနှောက်ရောဂါသမားလည်း မဟုတ်နိုင်ပါ။

စိတ္တဇ…လူသတ်သမားသာ…

❖

တံခါးပိတ်သံက မိုးကြိုးပစ်လိုက်သည့်ပမာ ကျွန်မတစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားရပါသည်…

သူတို့အားလုံး ပြန်လည်ထွက်ခွာသွားကြပါပြီ… ကျွန်မကို ကြိုးနှင့် စည်းနှောင်ခြင်းမှ ဖြေပေးသွားကြသော်လည်း…

တံခါးအလုံပိတ်…သော့အသေအချာခတ်ထားပါသော ဝိဉာဉ်စံအိမ် အခန်းကျဉ်းလေးထဲတွင်…

ကျွန်မနှင့် စိတ္တဇလူသတ်သမား ကိုမြတ်ဦး နှစ်ယောက်တည်းသာ…

သူက တည်တည်ငြိမ်ငြိမ် ထိုင်နေရင်းက ကျွန်မကို အသေအချာ စူးစိုက်ကြည့်နေပါသည်။ ခြေကို လိမ်ယှက်ထားပြီး တစ်တောင်နှစ်ဘက်က ကုလားထိုင်လက်တံပေါ်တွင်တင်၍ ဘယ်ညာ လက်ချောင်းများ၏ ထိပ်ကလေးချင်း ထိစပ်ထားပေသည်…

ရောမခေတ်က ရာဇဝတ်သားများကို ကျားခြသေ့ စသည့် လှောင်အိမ်တွင်း အစာအဖြစ် သွင်းထားသည့် ရာဇဝင်ကို ကျွန်မ





www.burmeseclassic.com

www.burmeseclassic.com



တွေးမိလာပါသည်။ ကျွန်မမှာ တီရှပ်ထွာန့်ထက် ကြောက်စရာကောင်းလှပါသော လူသတ်သမားနှင့် အခန်းကျဉ်းလေးအတွင်း နှစ်ယောက်တည်းနေရခြင်းမှာ… ကိုးဆယ့်ကိုးရာခိုင်နှုန်း…သေဖို့ ရှိနေပါပြီ…

"မင်း… မတင်အုံး လား"

"မ…မ…ဟုတ်…ပါဘူး"

ကျွန်မအသံက လည်ချောင်းဝတွင် တစ်ဆို့နေပါသဖြင့် မနည်းဖြစ်ညှစ်ထုတ်လိုက်ရပါ၍…မှုမှန်စွာ ထွက်မလာခဲ့ပါ…

ယောက်ျားရင့်မကြီးများနှင့် ယှဉ်ပြိုင်တိုက်ခိုက်ဖူးပါသော်လည်း ကျွန်မသည်မှု မကြောက်လန့်ခဲ့ဘူးပါ၊ လူအသိဉာဏ်အပြည့်ရှိသူချင်း ယှဉ်ရပါလျှင် လက်ရုံးရည်မသာလျှင်သာရှိရမည် နှလုံးရည်က သာနိုင်စရာရှိပါသေးသည်။ ယခုမူ…ကျွန်မမှာ ကြိုးစင်တင်အံ့ဆဲဆဲ လူသားတစ်ယောက်၏ ခံစားမှုမျိုး ကြောက်လန့်မှုမျိုးနှင့် မခွဲခြားနိုင်အောင် ရှိနေရပါပြီတည်။

သူထလာပါပြီ…

ကျွန်မနှလုံးက အမြန်ဆုံးနှုန်းနှင့် ခုန်နေပါသည်။ ကျွန်မတစ်ကိုယ်လုံး ချွေးစေးများပြန်ကာ နဖူးနှင့် နှုတ်ခမ်းပတ်လည် တစ်ဝိုက်ချွေးပေါက်များ သီးခိုနေကြောင်း ကျွန်မကိုယ်ကျွန်မ သိလာပါသည်။ သူက ကျွန်မထိုင်နေရာ ကုလားထိုင်ရှေ့တည့်တည့်တွင် ရပ်ကြည့်နေရာမှ ဖြုန်းခနဲ ကိုယ်ကိုကုန်းလိုက်ရင်း… သူ့လက်နှစ်ဖက်က ကျွန်မထိုင်နေရာ ကုလားထိုင် လက်တံနှစ်ဖက်ကို ထောက်လိုက်ပါသည်။



ကုလားထိုင်နှင့် သူ့ကိုယ်လုံးကြားတွင် ကျွန်မမှာ တဆတ်ဆတ်တုန်လျက်…သူက ကျွန်မကိုကြည့်ရင်း…

"မင်း တယ်လှပါလား မတင်အုံးထက်…ချောတယ် ငါ့ယူမလား…ဟား…ဟား…ဟင်… ငါနဲ့နေမလား"

"ဟင်…ဟင်…ဟင့် အင်း"

"အရင်တုန်းက စားသုံးတော့ သွေးမြင်ရတယ်… ငါရွံတယ်… ခုတော့ လက်ပဲအားကိုးမယ်…မော့စမ်း လည်ပင်းညှစ်ရအောင်"

"အ… အမယ်လေး… အ… အား"

ကျွန်မလည်ပင်းပေါ် သူ့လက်တင်လိုက်ပြီးသည်နောက်တွင်၊ ကျွန်မ မပီမသ ရွတ်ဆိုလိုက်မိရင်း၊ ကျွန်မမျက်စေ့ မြင်ကွင်းတွင် ပိန်းပိတ်အောင် မဲမှောင်သွားခဲ့ပါချေပြီ…

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ॥ ၁၂ ॥

ညွှန်ကြားရေးမှူး ဦးမောင်မောင်ဖေသည် ဒေါ်စိမ်းညို၏ စာကို အပြန်ပြန်အလှန်လှန်ဖတ်ကာ…အသေးစိတ် လေ့လာနေပြီး-

"စခမ်းကြီးက မြတ်မဟာမှာ လူသတ်မှုတွေဖြစ်နေလို့ ဟိုက ရဲတွေအနေနဲ့ ဘယ်လိုမှ ခြေရာခံလို့မရလို့… ဒီကို အကူအညီတောင်းထားတာကြာပြီ… ဘယ်လိုနေရာကဝင်ပြီး ပူးပေါင်းထောက်လှမ်းရပါ့မလဲလို့ စိတ်ကူးနေတာ ခုတော့ အကွက်ဝင်ပြီ ဦးထွန်းမြင့်ရေ… ခင်ဗျားက ဖမ်းမိထားတဲ့ လှထွန်းနဲ့… အုံးမောင်ကို… အသေအချာ စစ်ဆေးပါ၊ ဒေါ်စိမ်းညိုနဲ့ ဘယ်လိုပတ်သက်ခဲ့သလဲဆိုတာတွေ စုံစမ်းပါ"

"ကျွန်တော် စုံစမ်းပြီးပါပြီ၊ သူတို့ဟာ သာမာန်ခရီးသွားတွေပါ၊ မြတ်မဟာမှာတည်းခိုကြရင်း စည်ပင်သာကို သွားမယ်ဆိုလို့ စာနဲ့ အကျိုကို လူကြုံနဲ့ပေးလိုက်တာပါ၊ ဘယ်လိုမှ မပတ်သက်ကြပါဘူး"





ဦးထွန်းမြင့်နှင့် ဦးမောင်မောင်ဖေတို့ ဆွေးနွေးအပြီး တစ်ပါတ်အကြာတွင်… ကြီးကျယ်သော စီမံကိန်းတစ်ခုကို ချမှတ်လိုက်ကြပါတော့သည်။

စခမ်းကြီးမြို့မှ သူဌေးဦးစိုင်းထွန်းအိမ် ဝင်စီးပြီး ငွေနှစ်သိန်းကျော် လုယူတိုက်ခိုက်မှုကို သွားရောက်ထောက်လှမ်းရဖူး ပါသော ရဲမှူးဦးထွန်းမြင့်နှင့် သည်လုမ်းကို ကားမောင်းကျွမ်းကျင်သော ရဲမှူးဦးတင်မောင်တို့နှင့်အတူ ရဲအထူးထောက်လှမ်းရေးမှ ရဲအရာရှိ တင်တင်မြတ်တို့ကိုလွှတ်ရန် အသေးစိပ် စီစဉ်ပြီးပါလေပြီ…

ပွဲမဝင်ခင်…အပြင်က ကျနစွာ စီစဉ်ရပါသည်… **ကွယ်လွန်လေပြီးသော ခင်ချစ်ခန့်**၏ နေထိုင်မှု သွားလာလှုပ်ရှားမှုက အစ စုံစမ်းမေးမြန်းပေးသူတို့ထံမှ မှတ်သားနာယူကာ တင်တင်မြတ်မှာ လေ့ကျင့်ရပါသေးသည်။ သူတို့အနေနှင့် ခင်ချစ်ခန့်ကြီးမှ မမြင်ဘူးကြသေးပါ ဆိုသော်လည်း ကိုယ့်တက်က သေချာစေရန် လေ့လာထားရပါဦးမည်။

စခမ်းကြီးမြို့အကြောင်းကို လည်းကောင်း၊ မြတ်မဟာစံအိမ်တည်နေပုံနှင့် အခန်းဖွဲ့စည်းပုံကိုလည်းကောင်း၊ ကိုမြတ်နှောင်းနှင့် ဒေါ်စိမ်းညိုတို့၏ စရိုက်သဘာဝကို အသေးစိတ် လေ့လာ၍ လည်းကောင်း၊ ဦးလွန်းတင်လို၊ မနုထွေးလို၊ ဒေါ်အိုဇာလို မြတ်မဟာ၏ အရေးပါအရာရောက်သူများ အကြောင်းကိုလည်းကောင်း၊ အသေအချာ



www.burmeseclassic.com

www.burmeseclassic.com



မှတ်သားရပါသေးသည်။ သို့သော်လည်း ဆရာများနှင့် တင်တင်မြတ်တို့မှာ ဝိညာဉ်စံအိမ်အကြောင်း တစေ့တစောင်းမှ မသိခဲ့ရှာကြပါ။

ဆရာဦးမောင်မောင်ဇံက တင်တင်မြတ်သွားကာနီး အသေအချာမှာလိုက်ပုံမှာ…

“ဒီစည်ပင်သာမှာ ခင်ချစ်ခန့်တို့ သားအမိဟာ ဆွေမရှိ မျိုးမရှိဆင်းတောင့်ဆင်းရဲ နေခဲ့ကြရတယ်။ မကြာခင်က ခင်ချစ်ခန့် အမေဒေါ်စိမ်းနွဲ့ဆုံးလို့ ငွေသုံးထောင် ပို့လိုက်တယ်ဆိုတာလည်း ခင်ချစ်ခန့်တကယ်ရ မရ မသိနိုင်ကြဘူး… သူ့ အမေဆုံးပြီး ကျောင်းပိတ်ရက်မှာ အနီးပတ်ဝန်းကျင် ဘယ်သူမှ မသိကြဘဲ သူဟာ သူငယ်ချင်းရှိရာတောရွာတစ်ရွာကို သွားလည်ရင်း ကားမှောက်ပြီး သေဆုံးသွားရှာတယ်၊ ဒါကို ဘယ်သူမှ မသိလိုက်ကြလို့ ဒေါ်စိမ်းညို့လည်း ဒီသတင်းမကြားဘဲ ဖြစ်သွားရတာနဲ့တူပါတယ်။ ကျွန်တော်တို့ အဖွဲ့အတွက် အကွက်ဝင်ဖို့ ကံဖန်ဖြစ်လာရတယ်လို့ ဆိုရမှာပေါ့လေ…။

ဒီမြတ်မဟာမှာ လူသတ်မှုဖြစ်တာ သုံးကြိမ်ရှိပါပြီ။ ပထမတောရွာက စခမ်းကြီးမြို့ကို ဈေးဝယ်တက်လာတဲ့ အမျိုးသမီးတစ်ယောက် မြတ်မဟာခြံရှေ့မှာ အသတ်ခံရသေးတယ်၊ ဒါကိုတော့မြတ်မဟာနဲ့ ပတ်သက်တယ်လို့ မထင်ခဲ့ကြဘူး၊ ဒုတိယအကြိမ်မဂ်လာဦး ခရီးထွက်တဲ့ ဇနီးမောင်နှံက မိန်းကလေးတစ်ယောက်ကိုသတ်လိုက်ပြီ။ တတိယအကြိမ် မနွေးထွေးရဲ့ မိခင် ဒေါ်တင်မေသိန်းအသတ်ခံရပြန်တယ်။ ဒါတွေကို ဘယ်သူမှ စုံစမ်းထောက်လှမ်းလို့မရနိုင်အောင် ဖြစ်နေတယ်။

ခုတော့ တင်တင်မြတ်က ခင်ချစ်ခန့်အဖြစ်နဲ့ မြတ်မဟာမိသားစုအတွင်းဝင်ပြီး သတင်းကို တိတိကျကျ နိုက်ယူပါ။ တရားခံအစစ်ကို ဖော်ထုတ်နိုင်အောင် ကြိုးစားပါ။ တင်တင်မြတ်တစ်ယောက်ရဲ့ ကြိုးပမ်းချက်နဲ့ ကျွန်တော်တို့အဖွဲ့ရဲ့သိက္ခာကို တင်ပါရစေ၊ ပြည်သူ့ဝန်ထမ်း တာဝန်ကျေပါစေ…ဟုတ်လား…။ ကဲ…အခု ဦးတင်မောင်နဲ့ ဦးထွန်းမြင့်တို့ လိုက်ပို့ကြပါလိမ့်မယ်…။ ဟိုက တာဝန်ရှိတဲ့လူကြီးပိုင်းကိုလည်း ခင်ချစ်ခန့် လိုအပ်တဲ့အချိန်မှ အကူအညီပေးပါလို့ အကြောင်းကြားထားပြီးပါပြီ။ ကိုညိုကြီးနဲ့ ကိုထွန်းလွင်လည်းဟိုမှာ ပို့ထားပေးမယ်။ အကြောင်းအရာလည်း အစီရင်ခံပါ တင်တင်မြတ်၊ ကဲ… အားလုံးအသင့်ပဲ… အထူးကြိုးစားနိုင်ပါစေ အောင်မြင်ပါစေ…”

သို့နှင့်ပင် တင်တင်မြတ်တစ်ယောက် စခမ်းကြီးမြို့သို့ ရောက်လာ ခဲ့ရပါတော့သည်။ မြတ်မဟာစံအိမ်ကြီးမှလည်း ကောင်းမွန်စွာဆီးကြိုကာ သူတို့၏ ဆွေ၊သားရင်းချာ ခင်ချစ်ခန့် အဖြစ်နှင့်လက်ခံခဲ့ကြပေသည်။

သည်နေရာတွင် မြတ်မဟာမိသားစုအကြောင်းကို တင်ပြလိုပါသည်။ ဒေါ်စိမ်းညိုမှာ ခင်မွန်းသည် သေဆုံးပြီး သားတစ်ယောက်





ကြောင်နစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



နှင့် စည်းစည်းလုံးလုံး နေခဲ့ရာမှ ကိုမြတ်ဦးအတွက် ရတက်ပွေခဲ့ရလေပါပြီ…။

မျက်ရည်စက်လက်နှင့် ကျန်ရစ်ခဲ့ပါသော ဒေါ်စိမ်းညိုကို လှည့်၍ပင်မကြည့်ပါဘဲ… သူငယ်ချင်းတစ်စုနှင့် ကိုမြတ်ဦး တောခိုခဲ့ပေပြီ…

တောတွင်းရောက်သည့်အခါ ဆရာများ ပေးအပ်သည့် တာဝန်ကို ရှုပ်ရှုပ်ချွံချွံ ထမ်းဆောင်ခဲ့ပေသည်။ သူ့ဝါဒရေးရာ ဆရာများနှင့်စေလျှင် ကိုမြတ်ဦးမှာ တောင်ကိုကျော်၍ တောကို ဖြတ်သည်။ လူသတ်ရဲသည်။ လက်နက်ဆွဲ၍ ဘာမဆိုခုခံရဲပါသည်၊ ဆရာ့ဆရာကြီးများအတွက် ဆိုပါလျှင် အသက်ကို ပေးဆက်ပြီး ကိုယ်ခန္ဓာကို ဒါနပြုပြီး ဖြစ်ပေသည်။

ဆရာကြီးများဘက်ကမူ သည်သို့မဟုတ်ပါချေ။ ရရှိသော အခွင့်အရေးကို သူတို့ချည်းသာ အခွင့်ထူးယူသည်။ နောက်ဆုံး အရက်တစ်ပုလင်း ကြက်တစ်ကောင်လောက်သာ ဆက်ကြေးရပါလျှင်… ချက်ပေးသော တပည့်များရှေ့တွင်ပင် မြိန်ရေယှက်ရေ စားသုံးပစ်ကြသည်၊ တပည့်များအတွက် အရိုးတစ်ချောင်းသော်မှ ကိုက်ခွင့်မရကြပါ။

ကိုမြတ်ဦးမှာ တောတွင်းမှ စက်ဆုပ်ဖွယ်များကို မြင်တွေ့လာခဲ့ရပါပြီ ဖြစ်ပါသော်လည်း အလင်းသို့ ပြန်မရောက်နိုင်၊ အမှောင်ကို မစွန့်ခွာနိုင်သေးသည့် တစ်ခုတည်းသော အကြောင်းအရာမှာ ''မတင်အုံး''ကြောင့်သာ…။



မိခင်မရှိသော မတင်အုံးသည် သူ့ဖခင်ကို ဖမ်းထားသဖြင့် အစိုးရကို စိတ်နာသည်ဟုဆိုကာ သူဦးလေးရှိရာ တောတွင်းသို့ တောခိုခဲ့ပါသည်။ မတင်အုံးမှာ သူကိုယ်သူ စနေသမီးဖြစ်သည်ကို ဂုဏ်ယူသည်ဟုဆိုကာ အရာရာတွင် ထက်မြက်စွာ ဆောင်ရွက်လေ့ရှိပေသည်။ ဦးလေးဖြစ်သူ သူပုန်ဗိုလ်၏လေကိုဝင်ကာ ဝါဒမျိုးတို အသေအချာမိနေသူလည်းဖြစ်ပါ၍ သူတို့အဖွဲ့ငယ်လေး၏ စီမံကိန်းကို အထူးလိုက်နာဆောင်ရွက်နေသော ရဲနီမေဖြစ်ပေသည်။

မျက်နှာမလှ, လှသော်လည်း မျက်လုံးဝိုင်းဝိုင်း မျက်ခုံးထူထူနှင့် တောင့်တင်းကြံ့ခိုင်သော ကိုယ်လုံးတွင် အနည်းငယ် ခါးက တုတ်နိုင်သော်လည်း တင်းပြည့်လှပသောရင်နှင့် ပြည့်ဖြိုးတင်းကားသော တင်ကျပုံတို့က အမျိုးသမီးများအတွင်း ရှားမှရှားလှသော အလှပိုင်ရှင်ဖြစ်ပေသည်။

ကိုမြတ်ဦးနှင့် မတင်အုံးတို့မှာ မကြာမီမှာပင် ချစ်သူနှစ်ဦးအဆင့်သို့ ရောက်ရှိသွားခဲ့ကြတော့သည်။ ကိုမြတ်ဦးက မတင်အုံးကို အသဲနှင့်အမျှ ချစ်လှပါသလို မတင်အုံးကလည်း ကိုမြတ်ဦးကို အသက်ပမာ ချစ်မြတ်နိုးရှာပါသည်။

ချမ်းသာသောမိသားစုမှ ပေါက်ဖွားလာသော ကိုမြတ်ဦးမှာ တောတွင်းဒါဏ်ကို မခံနိုင်သည့်ပြင် အာဏာရှင်ဆန်သော တောတွင်းခေါင်းဆောင်ဝါဒကိုလည်း မယုံကြည်တော့ပါ၊ ချစ်သူမတင်အုံးနှင့်လည်း တရားမျှတသော ဥပဒေဘောင်အတွင်းဝယ် အတူလက်တွဲချင်ပါသဖြင့် တိတ်တဆိတ် အလင်းဝင်ရန် မတင်အုံးကို ဖွင့်ပြောခဲ့ပေသည်။

www.burmeseclassic.com



မတင်အုံးက ဝါဒစွဲကြီးလွန်းသူဖြစ်ပါသဖြင့် အချစ်ကိုသာ စွန့်လွှတ်နိုင်သည်။ ဝါဒကို မစွန့်လွှတ်နိုင်ခဲ့ပါ၊ သူတို့အဖွဲ့ကို သစ္စာဖောက်မည့် ချစ်သူကိုမြတ်ဦးကို လက်ပူးလက်ကြပ် ဖွဲ့ချက်တင်နိုင်ရန် အစီအစဉ်များ ချမှတ်ကာ သက်ဆိုင်ရာကို တိုင်တန်းပြီး ကိုမြတ်ဦးနှင့် ထွက်ပြေးဟန်ဆောင်ပြီးမှ ဖမ်းမိစေလေသည်။ ရန်းရင်းကြမ်းတမ်းသော ဆရာများက ကိုမြတ်ဦးကို အမဲဖျက်သလို ဝိုင်းနှိပ်စက်ကြပေသည်။ ကိုယ်ခန္ဓာညှင်းပမ်းမှု စိတ်ဓာတ်ညှင်းပမ်းမှု အမျိုးမျိုးကို ရက်ရက်စက်စက် ပြုလုပ်ပြီးကာမှ သေဒဏ်ပေးခံရသည်။

ပထမတွင်...မတင်အုံးမှာ...အောင်နိုင်သူ တစ်ယောက်အသွင် ဝံ့ကြွားနိုင်ခဲ့ပါသော်လည်း ကိုမြတ်ဦး...မရှိမဆဲ့ ခံစားနေရကြောင်း မြင်လာရသည့်အခါ ရင်မှာကြီးစွာသော ဂရုဏာတို့ လွှမ်းလာခဲ့ရှေပါပြီ။

"ကဲ...ဒီလောက်ညှင်းပန်းရရင် တော်လောက်ပါပြီ သူ့ကို ကျွန်မကိုယ်တိုင် သတ်ပါရစေ..."

"ကောင်းပြီ မတင်အုံး... သူ့အလောင်းကို သူ့အိမ်က မြင်သာအောင် သွားပေးလိုက်ပါ၊ သစ္စာဖောက်တစ်ယောက်ရဲ့ အပြစ်လမ်းလို့လည်း ကြေညာလိုက်ပေါ့..."

မတင်အုံးနှင့် အရင်းနှီးဆုံး ရဲဘော်လှဖေနှင့်အတူ ကိုမြတ်ဦးကို ခေါ်ဆောင်လာကြပေသည်။ မတင်အုံးက ယုယစွာ ပြုစုခဲ့ပါသော်လည်း အချိန်က လွန်ခဲ့လေပြီ၊ နှောင်းခဲ့ပါပြီ၊ သတိမရသော ကိုမြတ်ဦးကို ခက်ခဲစွာ သယ်ဆောင်ရင်း မြတ်မဟာအရောက် လာရောက်ပို့အပ်ကြလေသည်။ မြတ်မဟာခြံဝန်းထိပ်တွင် ကိုမြတ်ဦးကို ချထားပြီး မြို့ပြင်တစ်နေရာမှ တယ်လီဖုန်းဖြင့် ဒေါ်စိမ်းညိုနှင့် စကားပြောခွင့်တောင်းပြီး...။

"ကိုမြတ်ဦးတပ်ဖွဲ့က ရဲမေတစ်ယောက်ပါရှင်၊ ကိုမြတ်ဦးကို ရန်သူတွေလက်က ကယ်ပြီးပို့ထားခဲ့ပါပြီ၊ မြတ်မဟာရဲ့ ဘေးဘက် ကားဂိုထောင်တွေရှိရာ ခြံထိပ်မှာပါ၊ သူ့ကိုကောက်ယူပြီး ဆေးကုသပေးကြပါ၊ ပြီးတော့ သူဒီပြန်ရောက်လာပြီဆိုတာ ဘယ်သူမှ မသိပါစေနဲ့လို့ ကျွန်မအထူးတောင်းပန်ပါရစေ...သိသွားရင် သူ့ကို လာသတ်ကြလိမ့်မယ်၊ သူ့ကို အသေအချာ ဂရုစိုက်ထားပါနော် ဒေါ်ဒေါ်...ဒါပါပဲ..."

တယ်လီဖုန်းချပြီးလျှင်ပင် ဒေါ်စိမ်းညိုနှင့် ကိုမြတ်နှောင်းတို့ အပြေးအလွှားသွားကာ မေ့မြောနေသော ကိုမြတ်ဦးကို ပွေ့ယူခဲ့ကြပါသည်။ နောက်ဖေးလှေကားအတက်တွင် မနိုင်ကြပါ၍ ဒေါ်အိုဇာ့ အကူအညီဖြင့် ဒေါ်စိမ်းညိုအခန်းသို့ သယ်ဆောင်ခဲ့ကြပေသည်။ မအေးမိမသိစေရန် အပြင်သို့ နှိုင်းထားလိုက်ကြပါသည်။ ချက်ချင်းပင် ဒေါက်တာငွေထွန်းကိုခေါ်ပြီး... ပြသခဲ့ကြပါ၏။ ဒေါက်တာမှာလည်း အသပြာဆရာဖြစ်ပါ၍ ကိုမြတ်ဦးကို ကုသနေပါကြောင်း မပြောရန် သဘောတူခဲ့ပေသည်။ ကတိပေးခဲ့လေသည်... ဒေါ်စိမ်းညို၏ ငွေတစ်ထောင်မျက်နှာက ကြီးလှပါဘိ၏။







www.burmeseclassic.com

www.burmeseclassic.com

ကိုမြတ်ဦးမှာ သတိကောင်းစွာရခဲ့ပါသည်။ ထိခိုက်လာသော ဒဏ်ရာများလည်း ပျောက်ပေပြီ…အဖျားဒီဂရီ ၁၀၆ အထိ တက်နေပါသော ကိုယ်အပူရှိန်လည်း ကျခဲ့ပါပြီ…

သို့သော်လည်း ရိုက်ပုတ်ညှင်းဆဲခြင်းခံရသဖြင့် နာကျင်လွန်းသော ခံစားမှုကို ခံယူခဲ့ရရုံမျှမက သေဒဏ်ချမှတ်လိုက်သဖြင့် သူကြောက်လန့်ခြင်း အဟုန်ကလည်း ကြီးမားလွန်းခဲ့ရသည်။ ချစ်ဦးသူ မတင်အုံးအပေါ်လည်း နာကျည်းလွန်းခဲ့ရပေသည်။ မတင်အုံး လာပို့ချိန်၌ အအေးပါတ်ကာ အဖျားကလည်း မတန်တဆ တက်နေပါသဖြင့် အပူကြီးလွန်းသော ဒါဏ် စသည့် ဒုက္ခပေါင်းစုံကို ခံစားခဲ့ရရှာသော ကိုမြတ်ဦးမှာ လူကျန်းမာပါသော်လည်း စိတ်ဓာတ်ချို့ယွင်းသွားရှာပေပြီ၊ ဦးနှောက် ပျက်ခဲ့လေပြီ… လူကောင်းပကတိ တစ်ယောက်အဖြစ် ဤလောကတွင် မရပ်တည်နိုင်ရှာတော့ပါ။

ကိုမြတ်ဦးမှာ လူကြောက်လှသည်၊ အထူးသဖြင့် ယောက်ျားများ^ို မတွေ့ဝံ့ မတွေ့ရဲသဖြင့် ပုန်းအောင်းနေသော်လည်း သူ့အသိဉာဏ်တွင် မတင်အုံးကို စွဲနေဆဲရှိသည်။ ချစ်မေတ္တာကြောင့် စွဲလန်းနေခြင်းမဟုတ်၊ လက်စားချေလိုသောစိတ်ဖြင့်သာ ရှာလိုပါသည်။ အသိဉာဏ်ချို့ယွင်းနေသော ကိုမြတ်ဦးမှာ အမျိုးသမီးတိုင်းကို မတင်အုံးချည်း ထင်နေပြီး အခွင့်သင့်တိုင်း သတ်ဖြတ်နေမိခြင်းသာဖြစ်ပါ၏။

ဒေါက်တာငွေထွန်းကလည်း သာမာန်အယ်(လ်)အမ်(မ)ဒီ ဆရာဝန်ဘွဲ့သာ ရထားသူဖြစ်ပါ၍ ဦးနှောက်ရောဂါကု မကျွမ်းကျင်ပါပေ… သည့်အတွက် ရောဂါနှင့် တိုက်ရိုက်သက်ဆိုင်သော ဆေးများကို မညွှန်ကြားတတ်ပါသဖြင့်… လီဗရီယမ် ဗေလီယမ်း စသည့် စိတ်ငြိမ်ဆေးများကိုသာ ကျွေးထားနိုင်ပေသည်…





မိခင်ကိုပင် မိခင်မှန်းမသိတော့၊ တစ်ယောက်တည်းလည်း နေလိုလှသော ကိုမြတ်ဦးအတွက် ဝိညာဉ်စံအိမ်ကို ဒေါ်စိမ်းညို့က ဖန်တည်းပေးခဲ့ရရှာသည်။ တင်တင်မြတ်လို မအေးမိလို လက်ရေတပြင်တည်း နေကြသူများကို ဝိဉာဉ်ကိုးကွယ်သံယောင် ထင်မှတ်မှားစေခဲ့သည်။ ရောက်လာသော တင်တင်မြတ်က ညစဉ် သွားတွေ့လေ့ရှိသော ဒေါ်စိမ်းညို့တို့ကို မြင်တွေ့ရပါသဖြင့် သံသယ မဝင်ရစေရန် တည်ဦးက ဒေါ်စိမ်းညို့ကိုယ်တိုင် ဝိညာဉ်စံအိမ်သို့ တင်တင်မြတ်ကို ခေါ်ဆောင်သွားခဲ့ရပေသည်။

ထမင်းဟင်းများ ချောက်လိမ်နေအောင် ရေချိုးခန်းအိမ်သာ ချောက်စေပြီး ဖုံများလိမ်းကျံ၍ ပစ်ထားသဏ္ဌာန်ပြုကာ ကိုမြတ်ဦးကိုမူ ကြီးမားသော ဘီရိုကြီးနောက်မှ အံဝှက်အတွင်း ဝင်ပုန်းနေစေခဲ့ပါသည်။

အကယ်၍ မသင်္ကာသူများ လာရှာခဲ့ပါလျှင် ကိုမြတ်ဦးပုန်းသာစေရန် အုတ်ကိုထွင်း၍ ဆောက်လုပ်ခဲ့ရပါ၏။ တင်တင်မြတ်လိုက်လာမည့် ညဦးမရောက်မီ ဒေါ်အိုဇာက အသေးစိတ် စီစဉ်ကာ တောတွင်းမှလူများ လာရှာမည်ဖြစ်ပါ၍ ခေတ္တပုန်းနေပါဟူသော စကားကို ကိုမြတ်ဦးက ယုံကြည်စွာ လက်ခံပါသဖြင့် ခင်ချစ်ခန့် ဝိဉာဉ်စံအိမ်သို့ အလည်ရောက်သည့်ညက အစစ အဆင်ပြေခဲ့ရလေသည်…



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိမ်းညိုမှာ သားအကြီးအတွက်လည်း ရင့်မီးတောက်နေရသည့်အပြင် သားငယ်ကိုမြတ်နှောင်းကလည်း အလုပ်ကို ဖိဖိစီးစီး မလုပ်ပါဘဲ အတ္တစွဲနှင့် သမထဆရာ ဦးသော်ကောင်း၏ ပုတီးဂိုဏ်းကို ယုံကြည်လိုက်စားနေပေသည်။ သူ့အညွှန်းကြောင့် ဒေါ်စိမ်းညိုပင်လျှင် ပွဲပြင်ရသည့်ဘဝသို့ ရောက်ခဲ့ရသေးသည်။

သားနှစ်ယောက်ကို အားမကိုးရသော ဒေါ်စိမ်းညိုမှာ မန်နေဂျာ ဦးလွန်းတင်ကို ပူးပေါင်းရတော့သည်။ လောဘ သဏ္ဍာရ ကြီးလွန်းသော ဒေါ်စိမ်းညိုမှာ တိကျသော အခွန်ဘဏ္ဍာကို မပေးဆောင်လိုပါ၍ ဦးလွန်းတင်နှင့် တိုင်ပင်ကာ အမြတ်တော်ကြေး စာရင်းလ်မဲများကို သက်ဆိုင်ရာသို့ တင်သွင်းခဲ့ပေသည်။

ကိုယ်ခန္ဓာဖွံ့ထွားလွန်းသော မနုထွေးကို ကိုမြတ်နှောင်းက မျက်စေ့ကျခဲ့သည်။ သမထဆရာ ‹ချွန်လျှောခဲ့သော်လည်း မနုထွေးကို ကိုမြတ်နှောင်းက လက်ထပ်ရန် မရည်ရွယ်ခဲ့ပါ။ ကိုမြတ်နှောင်းရင်မှ ဆန္ဒကို မသိပါဘဲနှင့် သားဖြစ်သူ မနုထွေးအား အရေးတယူ တွဲနေသည်ကို မနှစ်သက်နိုင်၊ မနုထွေးနှင့် လက်ထပ်ဖြစ်မှာကို ကြီးစွာသော စိုးရိမ်ခြင်းဖြင့် ဒေါ်စိမ်းညိုက သားနှင့်တူမကို နေရာချရန် မဟာ စီမံကိန်းတစ်ခုကို ချခဲ့လေသည်။

ခင်ချစ်ခန့်ဆိုပြီး တင်တင်မြတ် ရောက်လာခြင်းကို အနည်းငယ် မသင်္ကာသဖြင့် မှတ်ပုံတင်တောင်းကြည့်ပါသော်လည်း အသေအချာ စီစဉ်ပေးလိုက်ကြသော မှတ်ပုံတင်တုကြောင့် ဒေါ်စိမ်းညို ယုံကြည်သွားခဲ့ရပေသည်။

ကိုမြတ်ဦးမှာ စိတ်ဖောက်ပြန်လာသည့်အခါများတွင် ဝရံတာမှ ကျော်ဆင်းကာ ဘယ်အချိန်က ဇုက်ထားမှန်း မသိပါသော ဓားနှင့် ထိုးသတ်ပါသဖြင့် တည်းခိုခန်းတွင်း၌ တစ်ယောက်၊ မြတ်မဟာအပြင်တွင် နှစ်ယောက် သေဆုံးသွားခဲ့ရရှာပေသည်။

ထို့နောက်တွင် မတင်အုန်းတစ်ယောက် ရောက်လာခဲ့ပါ၏။ မတင်အုန်းမှာ တပ်မတော်၏ ထိုးစစ်တွင် ဖမ်းမိကာ ထောင်ကျနေရာမှ အမှားမြင်၍ ပြင်လိုပါကြောင်း ဝန်ခံချက်ဖြင့် ထောင်မှ ထွက်ခွင့်ရခဲ့ပေသည်။ ထောင်မှထွက်လျှင် ထွက်ချင်း ချစ်သူရှိရာ စခမ်းကြီးမြို့သို့ ပြေးလာခဲ့ရှာပေသည်။ သူ့ဦးလေးအဖွဲ့၏ ပက်စက် ယုတ်မာပုံများကို စက်ဆုတ်ဖွယ်ရာ တွေ့မြင်လာပြီးကာမှ ချစ်သူကို သူတို့လက်သို့ အပ်မိခြင်းအတွက် မှားလေခြင်းဟူသော နောင်တဖြင့် ချစ်သူကြေနပ်သည်အထိ တောင်းပန်ရန် လိုက်လာခဲ့ခြင်းဖြစ်ပါသည်။

ပထမ ကိုမြတ်နှောင်းကို ခွင့်ပန်၍ အကျိုးအကြောင်း ပြောပြသော်လည်း ကိုမြတ်နှောင်းက ကိုမြတ်ဦးနှင့် တွေ့ခွင့်မပေးပါချေ။ မန်နေဂျာ ဦးလွန်းတင်မှတစ်ဆင့် ဒေါ်စိမ်းညိုနှင့် တွေ့ခွင့်တောင်းသော်လည်း ငြင်းပယ်ခြင်းခံခဲ့ရပေသည်။ ထိုညနေစောင်းက ခင်ချစ်ခန့် အမည်ခံ တင်တင်မြတ် ကြည့်ခဲ့သော မှန်ဘီလူးမှာ ကိုမြတ်နှောင်း







www.burmeseclassic.com

www.burmeseclassic.com

နိုင်းစေချက်ဖြင့် ဒေါ်အိုဇာ ဝှက်ထားခဲ့ခြင်း ဖြစ်ပါ၏။

ဦးလွန်းတင်မှတစ်ဆင့် ကိုမြတ်နောင်းမှတစ်ဆင့် မတင်အုန်း ဆက်သွယ်သည့်အကြောင်း သိပြီးဖြစ်ပါသော ဒေါ်စိမ်းညိုမှာ သားနှင့်တွေ့ပေးရန် ဆုံးဖြတ်လိုက်တော့သည်။ မတင်အုန်းလာလျှင် ကိုမြတ်ဦးတစ်ယောက် သတိပြန်လည်လာလေမလားဟူသော မျှော်လင့်ချက်တို့မှာ တက်တက်စင် လွဲခဲ့ရပါချေပြီ။ ထိုနေ့ညက ဒေါ်အိုဇာအား မတင်အုန်း အလာကို စောင့်ခိုင်းထားသည်။

လွတ်လပ်စွာ တွေ့ခွင့်တောင်းသော မတင်အုန်းကို ဝိညာဉ်စံအိမ်တွင် ပို့ပေးလိုက်ခြင်းက သေတွင်းတူးပေးလိုက်သလို ဖြစ်ရချေပြီ။ မတင်အုန်း ပြန်ထွက်မလာ မလာနှင့် သွားကြည့်မိကြသည့်အခါ သွေးအိုင်တွင်း၌ မျက်လုံးအပြူးသားနှင့် သေဆုံးနေသော မတင်အုန်း အလောင်းကိုသာ တွေ့ရတော့သည်။ အမှားကျူးလွန်မိကြောင်း ယခုမှ သိရသော ဒေါ်အိုဇာ၊ ဒေါ်စိမ်းညို၊ ကိုမြတ်နောင်းတို့မှာ ဘာလုပ်ရမှန်းမှသိတတ်နိုင်အောင် ချောက်ချား ခဲ့ကြရပေသည်။

တင်တင်မြတ်ကလည်း ရှိနေသဖြင့် မတင်အုန်းအလောင်းကို ဖျောက်ဖျက်ရန် ဝိညာဉ်စံအိမ်မှ ခက်ခဲစွာ သယ်ယူခဲ့ကြပြီး နောက်ဖေးကြောင်လိမ်လှေကားမှ တစ်ဆင့်ဆင်းပြီး ခြံထဲမှဖြတ်၍ ကားဂိုထောင်ရှိရာသို့အသွား၌ မြတ်မဟာ၏ညည့်သည်နှစ်ဦး လမ်းလျှောက်လာသည်ကို တွေ့ရပါသဖြင့် ဖြစ်ချင်ရာဖြစ် ထားခဲ့ကြရတော့သည်။ ထိုသူများက မတွေ့သော်လည်း လူဆက်က မပြတ်၍ မလှုပ်ရှားသာ





ကြပါ။ မနက်စောစော လမ်းထပြီးလျှောက်သူများက အလင်းရောင်ဖြင့် အလောင်းကို တွေ့ကြမှ မြတ်မဟာပရဝိုဏ်အတွင်း ရုတ်ရုတ်သဲသဲ ဖြစ်ကြရပေတော့သည်။

မနုထွေးနှင့် ပတ်သက်၍လည်း တင်ပြလိုပါသေးသည်။ အသိဉာဏ်နည်းပါးသော ဆင်ခြင်တိုင်းထွာနိုင်စွမ်းအား မရှိပါသော မနုထွေးမှာ ကိုမြတ်နောင်းကို အသည်းနင့်အောင် ချစ်နေပါလျက်နှင့် ပထွေးဖြစ်သူ၏ ရမ္မက်ဇောအတွင်း သူပါ အလိုတူအလိုပါ နစ်မြော ခဲ့ပါသည်။ သာယာခဲ့လေသည်။ ယင်းအကြောင်းကို ရိပ်မိသိရှိသော ကိုမြတ်နောင်းက ခွာတော့သည်။

မြတ်မဟာ၏ နှစ်လည်နေ့ ပွဲခင်းညက ကိုမြတ်နောင်း အပေါ်ထပ်သို့ တက်သွားသည်ကို မနုထွေးက မြင်လိုက်သဖြင့် လိုက်တက်သွားပြီး တင်တင်မြတ်မည်သော ခင်ချစ်ခန်းနှင့် လက်ထပ်ရတော့မည့်အကြောင်း ဒေါ်စိမ်းညို၏ ကြေညာချက်ကို ငိုယိုရင်း ကန့်ကွက်ခဲ့သည်။ ပယ်ဖျက်လိုခဲ့သည်။ ကိုမြတ်နောင်း၏ အခန်းတွင်း၌ပင် မပြေမလည်ဖြစ်ရင်း မနုထွေးက ကြောင်လိမ်လှေခါးမှ ဆင်းသည်။ ကိုမြတ်နောင်းက အိမ်ရှေ့လှေကားမှ ဆင်းသွားခဲ့သည်။ ကိုမြတ်နောင်းသည် မနုထွေးကို မကြေနပ်ခြင်းကြောင့် မနုထွေးသူကို လက်ထပ်မည့်ကြောင်း ဦးလွန်းတင်ကို ဖွင့်ဟပြောပြတော့မည်ဟူသော ဆုံးဖြတ်ချက်ဖြင့် ထွက်သွားခဲ့သော်လည်း ဦးလွန်းတင်ကို မတွေ့ရ၍

www.burmeseclassic.com



မပြောဖြစ်သေးခဲ့ပါ။ ထိုညက တစ်ခုခုဆုံးဖြတ်လျက် ထွက်သွားကြောင်း တင်တင်မြတ် မြင်ခဲ့ရပေသည်။

မနုထွေးသည် ပွဲခင်းအတွင်း ချက်ချင်း မသွားသေးပါဘဲ ကြောင်လိမ်လှေကားအလယ်နားတွင် ထိုင်ရင်း ငိုနေရှာပေသည်။

ဝိဉာဉ်စံအိမ်၏ တံခါးများကို ချိုးဖျက်ထွက်လာခဲ့သော ကိုမြတ်ဦးက မနုထွေးကို နောက်ခိုင်းအနေအထားနှင့် တွေ့လိုက်ရသဖြင့် မီးဖိုတွင်းမှ သားလှီးဓားကိုယူကာ လှေကားမှ ဆင်း၍ ထိုးလိုက်သဖြင့် မနုထွေး ဒလိမ့်ခေါက်ခွေး ကျသွားခဲ့ရခြင်း ဖြစ်သည်ဟု ယူဆရပေသည်။ ယင်းအချိန်တွင် ပွဲခင်းဆီမှ ခေါင်းဆောင်မင်းသမီး မြတ်သင်္ကြီထွက်နေ၍ အုံးအုံးကျွတ်ကျွတ် ဖြစ်နေပါသဖြင့် ဘယ်သူမှ မကြားသိလိုက်ကြပါပေ။

ဒဏ်ရာက ပွဲချင်းပြီးမသေနိုင်ပါသော်လည်း အချိန်လွန်မှ တွေ့ရသည်က တစ်ကြောင်းနှင့် လှေကားမှကျသည့် ဒဏ်ရာအပြင် ဦးလွန်းတင်၏ရင်သွေး ပျက်ကျရသည့် ဝေဒနာပေါင်းစုတို့ကြောင့် ဆရာဝန်များ အထူးကြိုးပမ်း၍ ခက်ခဲစွာ အသက်လုပွဲကို ငါးရက်တိတိ ဆင်နွှဲပြီးသည့်နောက် ဆရာဝန်များ လက်မြှောက်ကာ မနုထွေး၏ အသက်ကို သေမင်းလက်သို့ ပေးဆက်လိုက်ရရှာပါတော့သည်။

နောက်ညတွင် တင်တင်မြတ် ရောက်နေကြောင်း သိသွားသော ကိုမြတ်ဦးက အခန်းတံခါး လာဖောက်လိုက်သေးသည်။





မနုထွေး အသတ်ခံရသည့်ညက အပြင်မှ ခြေသံများကို တင်တင်မြတ် ကြားရခြင်းမှာ မနုထွေးကို သတ်ခဲ့ပြီး ဝိဉာဉ်စံအိမ်သို့ မပြန်သေးသော ကိုမြတ်ဦးကို ပြန်ပို့ရန် ဒေါ်စိမ်းညို့က ဒေါ်အိုးဝေအား တိုးတိုးတိတ်စွာ တံခါးခေါက်၍ အားလုံး ဖျောင်းဖျကာ ကိုမြတ်ဦးကို ပြန်ခေါ်သွားကြခြင်း ဖြစ်လေသည်။

တင်တင်မြတ် ရောက်လာခြင်းကို ပထမဆုံး စတင်သိသယဝင်သူက ဦးလွန်းတင်ပါပင်၊ မနုထွေး ဆေးရုံတွင် ကုသနေဆဲဖြစ်သော တစ်နံနက်ခင်းက တင်တင်မြတ် စောစီးစွာ ဆင်းလာသည်ကို အံ့သြနေမိသဖြင့် ချောင်းမြောင်းကြည့်ရှုနေပါသော ဦးလွန်းတင်မှာ ကိုမြင့်နွယ် အခန်းတွင်း၌ တင်တင်မြတ် ပြောကြားသွားသော စကားများကို မှတ်သားပြီး ဒေါ်စိမ်းညို၊ ကိုမြတ်နောင်းတို့နှင့် ချက်ချင်းတိုင်ပင်ကာ သူလျှိုများဖြန့်၍ တင်တင်မြတ်နောက်မှ မျက်ခြေမပြတ်လိုက်ခဲ့ကြပေသည်။

အလုပ်ကိစ္စတွင် ချစ်ရေးချစ်ရာဝင်နှော မိပါသော တင်တင်မြတ်၏ ပျော့ညံ့ချက် ဟာကွက်ပါပင်။

ရဲအရာရှိများ၊ မှုခင်း သတင်းထောက်များ ကိုထွန်းလွင်နှင့် ကိုညိုကြီးတို့တိုပါ တွေ့ဆုံတိုင်ပင်ပြီး အစီအစဉ်များ အသေးစိတ်ချမှတ်ကြသည်။

ရဲအရာရှိ တင်တင်မြတ်က အန္တရာယ်သည့် ဝိဉာဉ်စံအိမ်တွင်းမှ လာကြောင်း မှန်းဆတွေးထင်နိုင်ပါသဖြင့် ဝိဉာဉ်စံအိမ်ကို အဓိက

www.burmeseclassic.com

www.burmeseclassic.com



ထားပြီး ဝင်ရှာရန် မှာကြားခဲ့ပေသည်။ တာဝန်ကျ သက်သေခံ ကတ်ပြားပြ၍ ဒေါက်တာငွေထွန်းကိုဝင်၍ မေးမြန်းပါသော်လည်း ဒေါ်စိမ်းညိုကို ဆေးကုသခဲ့ရကြောင်း ထွက်ဆိုခဲ့ပေသည်။ ဖုံးဖိထားသည်ဟု ယူဆမိခဲ့ပါသော်လည်း ဘာမျှမတတ်နိုင်ပါ။

အန္တရာယ်နီးကပ်လာပြီဖြစ်ကြောင်း သိလာရသော တင်တင်မြတ်မှာ ခုညချက်ချင်းပင် မြတ်မဟာကို ရုတ်တရက် ဝင်ရှာကြရန် ဝရမ်းပါ အသင့်ထုတ်ခိုင်းသည်။ ဝိဥာဉ်စံအိမ်တွင် တစ်ခုခု ထူးခြားမှု တွေ့ရမည်ဟုလည်း အခိုင်အမာ ယုံကြည်ခဲ့ပါသည်။ ယုတ်စွအဆုံး ဒေါ်စိမ်းညို လိမ်ညာနေသည့် အမြတ်တော်ကြေးတင်ရန် စာရင်း အစစ်အမှန်လောက်ကို ဖော်ထုတ်နိုင်စွမ်းဖြင့် ရှိကြပါလေမည်။

မြို့ခံလူလယ်များ၏ ပူးပေါင်းကူညီမှုကြောင့် တင်တင်မြတ်မှာ အထူးရဲအရာရှိတစ်ယောက်ဖြစ်မှန်း သိကြရပြီဖြစ်သော ဒေါ်စိမ်းညိုနှင့် ကိုမြတ်နောင်းတို့မှာ တင်တင်မြတ်အခန်းကိုလည်း ဝင်ရှာဖွေခဲ့ပြီးပါပြီ။ သူတွင် သေနတ်လက်နက်များ ရှိခဲ့ပါလျှင်တမင်ယူဆောင်မလာနိုင်စေရန် ရေချိုးပြီးစ အချိန်ကိုက် တံခါးခေါက်သဖြင့် တင်တင်မြတ် ပါလာခဲ့ရပေသည်။ သူတို့အကွက်ဆင်သည့်အတိုင်း ဝင်ပါသည်။ တင်တင်မြတ်မှာ ဘာလက်နက်မှ ပါမလာနိုင်ခဲ့ပါ။

သူတို့အနေနှင့် တင်တင်မြတ်မှာ ရဲအရာရှိ တစ်ယောက် ဖြစ်ကြောင်းသာ သိရှိခဲ့ကြသည်။ ယနေ့ညနေ ခုနစ်နာရီတွင် မြတ်မဟာ ဝင်ရှာမည်ဟု သူတို့မသိရှိခဲ့ကြပါ။





တင်တင်မြတ်စီစဉ်ခဲ့သည်က သူ မဖြစ် ဖြစ်သည့်နည်းနှင့် တယ်လီဖုန်းဆက်ပါဦးမည်။ ချက်ချင်းမှာကြားက လာနိုင်ရန် အသင့်ပြင်ထားပါ။ အကယ်၍ တယ်လီဖုန်းဆက်ခွင့်မရလျှင် ခုနစ်နာရီမှာ လာရန်နှင့် ရဲဌာနမှလည်း တယ်လီဖုန်း ဆက်ကြည့်ပါ၊ သူတို့ကိုင်လျှင် တခြားသင့်တော်ရာစကား မေးမြန်းပြီး တင်တင်မြတ် ကိုင်ပါလျှင် ပြောင်းလွှဲမည့် အစီအစဉ်ကို စကားဝှက်ဖြင့် ပြောကြပါမည်။

ခြောက်နာရီတွင် တယ်လီဖုန်းဆက်သော်လည်း ကိုင်မည့်သူပင် မရှိပါ၍ မသင်္ကာသဖြင့် တစ်နာရီစော၍ လာကာ စစ်တပ် အကူညီပါယူ၍ မြတ်မဟာကို ဝိုင်း၍ရှာတော့သည်။

သူတို့မလာခင် တင်တင်မြတ်မှာ ကြောက်လန့်လွန်းပါ၍ မေ့မြောသွားသည်ကို ကိုမြတ်ဦးက ကြည့်နေပေတော့သည်။ တင်တင်မြတ်၏အလှသည် သူ့ရူးကိုပင် တိမ်းမူး မေ့နိုင်ပါသည်ဟု ရဲမှူးက မှတ်ချက်ချပေသည်။ တင်တင်မြတ်ကို အသေချာ ထိုင်ကြည့်နေသည်ကို ဒေါ်အိုအာ မြင်ရသဖြင့် ရင်အေးရပါသေးသည်။ ဒေါ်အိုအာမှာ မြတ်မဟာမိသားစုပေါ်တွင် သံယောဇဉ်ကြီးလွန်းပါသော်လည်း လူသတ်နေသည်ကိုမူ ရွံကြောက်ရှာသည်။ အထူးသဖြင့် ခင်ချစ်ခန့်ဟု သူထင်ခဲ့ဖူးပါသော တင်တင်မြတ်ကို မသတ်ဖြတ်စေလိုပါ။ သည့်အတွက် သူပါ လာစောင့်နေပါသည်။

ကိုမြတ်နောင်းနှင့် ဒေါ်စိမ်းညိုတို့ကမူ စိန်တွေရွှေတွေ ထည့်ထားတန်သည် ကွယ်ဝှက် စာရင်းမှန်များအား မီးရှို့တန်သည်ကို မီး၍

www.burmeseclassic.com



နှင့် သွက်သွက်လည်အောင် အလုပ်ရှုပ်နေကြပေတော့သည်။

သူတို့မပြီးပြတ်ခင်မှာပင် ကျယ်လောင်သော တံခါးခေါက်သံက ပေါ်ခဲ့ပေတော့သည်။ ရဲနှင့် ပက်ပင်းတွေ့လိုက်ရသဖြင့် မရှောင်မတိမ်း သာကြတော့ပါ။

တင်တင်မြွတ်၏ သတင်းပေးချက်အတိုင်း ဝိဉာဉ်စံအိမ်ကို အရှင်ဖိုင်း၍ ရှာကြသည့်အခါ သတိရစ တင်တင်မြတ်နှင့်အတူ ဒေါ်အိုစာရော ကိုမြတ်ဦးကိုပါ တွေ့လိုက်ကြရသည်။ ပြန်လှန်ခုခံ နေသော ကိုမြတ်ဦးကို ခက်ခဲစွာ ဖမ်းဆီးလိုက်ကြရတော့သည်။

ကိုမြတ်ဦးမှာ လူသတ်သမားပင် ဖြစ်လင့်ကစား စိတ္တဇဝေဒနာ ရှင် ဖြစ်ပါ၍ သူ့က တရားဥပဒေအရ စီရင်၍ မဖြစ်ပါပေ။ သူ့က စိတ်ရောဂါအထူးကုဆေးရုံသို့ ပို့အပ်ကာ ရောဂါကိုပင် ကုသပေးရပါ ဦးမည်။

ဒေါ်စိမ်းညို၏သား ကိုမြတ်ဦး၊လက်ချက်ဖြင့် ဦးလွန်းတင်က သူ့ဇနီး တင်မေသန်းနှင့် မယားပါသမီး သို့မဟုတ် ဇနီးမြွောက်ရှု တော်ကောက်ထားသော မနုဆွေးတို့ သေဆုံးသွားရပါသဖြင့် မြတ်မဟာ မိသားစုကို စိတ်အနာကြီးနာကာ သူလိမ်ခဲ့ရသော စာရင်းမှန်များကို ဖွင့်ချလိုက်ပါတော့သည်။

ကိုမြတ်နောင်းနှင့် ဒေါ်စိမ်းညိုတို့မှာ အမြတ်တော်ကြေး စာရင်းလိမ်မှု လူသတ်မှုကို အမျိုးမျိုးသောနည်းတို့ဖြင့် ဖုံးကွယ်





ထိန်ချန်မှု စသော စွဲချက်များကို ရင်ဆိုင်ကြရပါဦးမည်။ ဒေါ်အိုစာ သည်သာ အချုပ်လွတ်ထုချေခွင့် ရှိရပါလေမည်။

ခင်ချစ်ခန့် အစစ်အမှန်လည်း မရှိတော့ပြီဖြစ်ပါ၍ တရားဥပဒေ ၏ ဆုံးဖြတ်ချက်ကို ဆောင်ရွက်နာခံပြီးကြသည့်နောက်ပိုင်း မြတ်မဟာပိုင်ဆိုင်ခွင့်အားလုံးကို သားအမိနှစ်ယောက်သာ ပိုင်ဆိုင်ရပါ တော့မည်။ ဦးလွန်းတင်တစ်ယောက်သာ မြတ်မဟာနှင့် ဝေးရာသို့ ရှောင်ကွင်းသွားမည်မှာ အသေအချာပင်။

❖

www.burmeseclassic.com

www.burmeseclassic.com



"သည်မှတ်တမ်းကလည်း မပြီးတော့ဘူးတဲ့လား၊ ကွယ်၊ ကျမ်းစောင်များပြုစုဖို့ ရည်ရွယ်လို့လား"

"ရွှဲမပြောပါနဲ့ သူလိုနိုင်ငံကျော် စာရေးဆရာကြီး မှတ်ပါဘူး၊ ကိုယ့်အတွေ့အကြုံလေးကို ရေးပြီးလို့ သူတို့လှူပ်ရှားခဲ့ကြတဲ့ အပိုင်းတွေကို ပြန်ပြီး တင်ပြနေတာပါ၊ ပြီးတော့မယ် မောင်အစအဆုံး ပြင်ပေးနော်... မြတ်နိုး သိပ်မရေးတတ်တာ"

"မပြင်ချင်ဖူးဗျာ မောင့်အကြောင်းမှမပါတာ မောင်က ဘယ်လိုချစ်ခဲ့ပုံတွေ မြတ်နဲ့ပတ်သက်လို့ ဘယ်လိုပူပင်သောက ရောက်ရပုံတွေမှ ဖော်ပြမထားတာ မောင့်ကို တင်စားပြီး ရေးမထားလို့ ပြင်မပေးဘူးကွာ"

"ကဲ ပြင်မပေးချင်နဲ့ဦး"





ကျွန်မက မောင့်လက်မောင်းကြွက်သားကြီးများကို နာအောင် လိမ်ဆွဲပစ်လိုက်မိပါသည်။ မှန်ပါသည်။ ကျွန်မဝတ္ထုနောက်ပိုင်း၌ မောင်နှင့်ဆက်သွယ်မိပုံ မပါရှိပါပေ။

ရဲမျှားဝိုင်းထားပါသဖြင့် မြတ်မဟာသို့ တက်ခွင့်မရသော မောင်မှာ ရိုးရိမ်ခြင်းကြီးစွာဖြင့် စောင့်စားနေရင်း ကျွန်မသတင်းကြားရသည့်အခါ ယောက်ျားကြီးတန်မဲ့ ဟန်မဆောင်နိုင်လောက်အောင်ပင် ယောက်ယက်ခတ်သွားရရှာသည်။ ကျွန်မနှင့် ရင်ဆိုင်တွေ့ရသည့်အခါတွင်မူ တုန်တုန်ရီရီဖြင့် ပြေးဖက်ရှာပါသည်။အသက်ဘေးမှ သီသီလေး လွတ်ခဲ့ရပါသော ကျွန်မမှာ ချစ်သူ့ရင်ခွင်တွင် ခေါင်းဝင်ရင်း ဝမ်းသာလွန်းသော မျက်ရည်များပင် ဖြိုင်ဖြိုင်ကျခဲ့ရပါပြီ...

နောက်မနက် အရုဏ်အတက်တွင်ပင် မောင်စီစဉ်ထားခဲ့သော ဂျစ်ကားနှင့် ကျွန်မတို့ စခမ်းကြီးမြို့ကို ကျောခိုင်းထွက်လာခဲ့ကြပါတော့သည်...။

ကျွန်မမှာ တာဝန်ကျေပြွန်စွာ ထမ်းဆောင်ခဲ့ပြီးဖြစ်ပါ၍ သက်ဆိုင်ရာကို အဆေးစိတ် အစီအရင်ခံပြီး ပြန်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ အပြန်လမ်းကြောင်း ကျွန်မက မောင့်နားနား တိုးကပ်ရင်း...

"မြတ်ခေတ်ရှက်တဲ့အမှု အောင်မြင်သွားလို့ မြတ်ဆုရခဲ့တယ် မောင်ရဲ့"

"ညာတာပါ...ချက်ချင်းကြီး ဘယ်ကဆုရမှာလဲ"

"ဩော်...တကယ်ပါ...ဒီဆုကလေ မြတ်အတွက်တစ်သက်

www.burmeseclassic.com



တာ အသုံးချရမယ့် အားကိုးအားထား ပြုရမယ့်ဆု မောင်ရဲ့… မောင်သိလား”

“ဘာလဲ”

“ဟောဒီ စာရေးဆရာကြီးကို ရခဲ့လို့ပေါ့…”

မောင်…က…ကျွန်မကို အရိုးကြေမတတ် ဖြစ်ညှစ်လိုက်ပါသည်။

ညနေပိုင်းတွင် စည်ပင်သာနှင့် ခြောက်မိုင်မျှ ကွာဝေးသော မြို့နယ်ရှိ ကျွန်မတို့အိမ်ရှေ့သို့ ကားထိုးဆိုက်လျှင်ပင် ကျွန်မဖေဖေမေမေနှင့်အတူ ဂုဏ်သရေရှိလူကြီးပိုင်းကဟု မှတ်ယူရသော မျက်နှာစိမ်းစုံတွဲတို့ကပါ ဆီးကြိုကြပြီး… ကျွန်မ ဖေဖေက…

“သမီးတို့ မရောက်ခင်တည်းက ဒီကဖေဖေတို့က သတင်းစုံရပြီးခဲ့ပါပြီကွယ်၊ ညွှန်ကြားရေးမှူး ဦးမောင်မောင်ဇံက သမီးအကြောင်း ညတွင်းချင်း ဟိုက သူ့ဆီ တယ်လီဖုန်းဆက်လို့ အကြောင်းစုံသိရပြီးပြီမို့ မနက်ကပဲ လာအကြောင်းကြားတယ်… သမီးကိုလည်း သိပ်ပြီး ချီးမွမ်းကြပါတယ်… သမီးရဲ့ ဝတ္ထုရေး ဆောင်ရွက်ပုံအပြင် ချစ်ကြင်သူပါ ပါလာမယ့်အကြောင်းလည်း သိပြီးကြပါပြီ…”

ကျွန်မက အံ့သြလွန်းသလို ကြောင်ငေးငေး ကြည့်ရင်းက မောင်ပါလာပါသဖြင့် ဖေဖေ့ကို မျက်နှာပူလှပါ၍ ခေါင်းငုံ့ပစ်လိုက်စဉ် မျက်နှာစိမ်းအမျိုးသားကြီးက…။

“ဦးက သားမောင်မြင့်နွယ်ရဲ့ ဖေဖေပါ၊ ဒါကတော့ ဦးနဲ့





ဒီကမြတ်တို့ ဖေဖေတရားသူကြီး ဦးမြတ်မင်းနဲ့ ဦးတို့က အင်မတန်မှ ရင်းနှီးကြတဲ့ မိတ်ဆွေတွေပါ၊ လူငယ်ချင်းသာ မဆုံဖြစ်ကြတာ ဒီနေ့တော့ ကိုမြတ်မင်းကိုယ်တိုင် အကြောင်းစုံ ပြောပြခဲ့လို့ ဦးတာဝမ်းပမ်းတသာနဲ့ သားနဲ့သမီးကို ကြိုရအောင် လာစောင့်နေတာပါကွယ်… သမီးတို့ မင်္ဂလာကိစ္စလည်း ခုပဲဒီက မြတ်တို့မေမေနဲ့ တိုင်ပင်ဆွေးနွေးနေကြပါတယ်၊ သားတို့ကြိုက်သလို ဆုံးဖြတ်တာကို ဖေဖေတို့က လိုက်လျောဖို့ အသင့်ပါပဲ…”

“သမီး မြတ် အလုပ်နဲ့နီးအောင် ဆိုပြီး မြို့ထဲမှာ အိမ်ခန်းငှား နေခဲ့တာ မေမေမကျေနပ်ဘဲ လိုက်ရောခဲ့ရတယ်၊ ခုသမီးကို မေမေ ကတော့ တစ်ခုပဲပြောမယ်၊ သမီးကြိုးပမ်းလို့ အောင်မြင်ခဲ့ပေါင်းလည်း များပြီပဲ… ဒီအလုပ်က အပြီးမထွက်နိုင်ရင်လည်း ခဏဖြစ်ဖြစ် အနားယူပါဦးကွယ်…မေမေရင်တုန်လွန်းလို့ပါ၊ ပြီးတော့ သမီးရွေးလာတဲ့ ချစ်သူဟာ မေမေတို့ ကြည်ဖြူနိုင်စရာဖြစ်လို့ အားလုံး စိတ်ချမ်းသာရပါပြီ၊ သမီးလည်း ဝမ်းသာတော့နော်”

“ဟုတ်တာပေါ့လေ မင်းကတော်တို့ကလည်း တစ်ဦးတည်းသောသမီးဆိုတော့…သိပ်မြတ်နိုးကြမှာပါ… မြတ်ကလည်း တကယ်တော်တဲ့ မိန်းကလေးပါပဲလေ…”

မောင့်ဒုတိယမေမေက ဝင်ထောက်ခံပါတော့သည်။

ကျွန်မ၏ ဘဝမှန်ကို ယခုမှ သိရှိခွင့်ရရှာသော မောင်က ချစ်ဒေါသဖြင့် ကျွန်မကို ပြုံးရင်း အံကြိတ်ပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်အဖြစ်အပျက်အပြီးတွင် ကျွန်မ ခွင့်ရက်ရှည်ယူလိုက်ပါသည်၊ အရက်နှစ်ဆယ်အတွင်းပင်… ကျွန်မတို့ မင်္ဂလာကိစ္စ ပြီးမြောက်ခဲ့ပါလေပြီ…

ချစ်ရလွန်းသော မောင့်ရင်ခွင်တွင် ခိုနားခွင့်ရခြင်းမှာ မွေးမြူသော ပွင့်ဖတ်မွေ့ယာပေါ်တွင် လဲလျောင်းရသည်ပမာ ရင်မှာ ချမ်းမြေ့ အေးချမ်းလွန်းလှပါဘိ…

ကြိုးစားမှုရော၊ ဝါသနာပါ ရောယှက်နေသည့်အပြင် သူ့စာဖတ် ပရိသတ်ကို အစဉ်လေးစားလျက်ရှိပါသော မောင်က ကျွန်မနှင့် လက်ထပ်ပြီးစတွင်ပင် သူ့ဝတ္ထု၏ “မျက်ဝန်းမှသည် နှလုံးသားဆီသို့”ဆိုသော ဇာတ်သိမ်းပိုင်းကို ညဉ့်နက်သည်အထိ ဆက်လက် ရေးသားနေရှာပါသည်။

ကျွန်မအိမ်တွင် လာနေရှာပါသော မောင့်ကို ကျွန်မက အစစအရာရာ လိုက်လျောနေခဲ့ပါသည်။ ညဉ့်နက်သည့်တိုင်အောင် စာရေးလေ့ရှိပါသော မောင့်ကို ထိုင်စောင့်ရင်း ကျွန်မလည်း ကျွန်မ အဖြစ်အပျက်များကို တင်ပြလိုပါ၍… မောင့်ဘေးက စာထိုင်ရေး နေမိစဉ်၊ မောင်နှင့် အခြေအတင် စကားပြောနေမိခြင်းပါပင်။

“ဘယ့်နှဲ့လဲ… မြတ်ဝတ္ထုပြီးပြီလား”

“ပြီးတော့မယ် မောင်ရဲ့၊ မောင့်အကြောင်းလည်း ပါပါတယ် ဇာတ်သိမ်းလိုက်ရုံပဲ ရှိတော့တယ်… မောင်ဖတ်ကြည့်ဦးလေ”



“နေဦး မြတ်ရဲ့ဇာတ်သိမ်းပိုင်း မရေးနဲ့ဦး…ဇာတ်ပေါင်းခန်းဟာ အရေးကြီးတယ်… ခံစားမှုပါမှ ဖတ်ရတဲ့သူတွေ စွဲရစ်မယ်… သိရဲ့လား၊ ဇာတ်သိမ်းခန်းအကြောင်း အချစ်ကို မောင်လက်တွေ့ သင်ပြရဦးမယ်၊ လာခဲ့ မောင့်နားကို”

✻

ပြီးပါပြီ။

✻

ကလျာ (ဝိဇ္ဇာ-သိပ္ပံ)
၁၉၇၃ ခု၊ ဧပြီလ ၁၃ ရက်

www.burmeseclassic.com